www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## လောကလေးရဲ့ပင်လယ်



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ဒုတိယအကြိမ်၊ ၂၀၁၄၊ မတ်။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

ကြယ်စင်မှူးဝေ စ၉၅.၈၃

လောကလေးရဲ့ပင်လယ် / ကြယ်စင်မှူးဝေ။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၄ ။

၃၁၈ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) လောကလေးရဲ့ပင်လယ်

ကြယ်စင်မှူးဝေ

# လောကလေးရဲ့ ပင်လယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဘဝဆိုတာ ဒီ့ထက် အဓိပ္ပာယ်ရှိပါတယ် မေဒါရီ။ ဘဝရဲ့နေနည်းထိုင်နည်းတွေကို မင်းတွေ့အောင်ရှာပါ။ မင်း ဘဝရဲ့ သက်တမ်းရှေ့မှာ အမှားတွေ စွန်းပေခဲ့တယ်ဆို ရင်လည်း ပေးဆပ်ခြင်းနဲ့ ဖြူစင်စွာ တုံ့ပြန်ပါ။ မင်းကို ငါ ကူညီစောင့်ရှောက်နိုင်ကောင်းပါရဲ့ မေဒါရီ။

အောင်ခေတ်

မိန်းမဆိုတာ တစ်နေ့မှာ လက်ထပ်ကြရမှာပဲဗျ။ ဒါများ ဘာအိုင်တင်ခံနေစရာ လိုသလဲ။ ကိုယ့်ကို သေမတတ်ချစ်တဲ့ကောင်လေးတစ်ယောက်ကို ဘာ လို့ မချစ်နိုင်ရမှာလဲ။ 'မ'ကို သူများလက် အပါမခံ နိုင်ဘူး။ ကျွန်တော့်ရည်းစားအဖြစ် သေသေဝပ်ဝပ် နေရမယ်။

ရဲသွင်အောင်

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်မှာ....

ဝုံးဝုံးမြုပ်မတက်....

မိုးကုပ်စက်ဝိုင်းကြီးမကျ

အမြောကျယ်သလား ....

မုန်တိုင်းတွေ လှိုင်းတွေ တမွှားမွှား ....

ကြွေဝဋ္ဋာကြီးလည်း ဒေါင်ဘင်ခတ် ....

မရပ်မနား ....

လှေကလေးတော့

ကြံ့ခိုင် ကြေကွဲခံနေဆဲလေ .....

လူမှာ အရေးကြီးတာ ကိုယ်ကျင့်တရားပဲ သိက္ခာပဲ တစ်ချိန်လုံး ကျွန်မ ဒီလိုယုံကြည်ခဲ့တယ်.. ကြည့်စမ်း! ကျွန်မ ဘယ်တုန်းကမှ ကိုယ်ကျင့်တရား မပျက်ခဲ့ဘဲနဲ့၊ မလော်လီ မဖျော့ပေါ်ရဘဲနဲ့ ကံကြမ္မာကြီးက တစ်မျိုးကြီးဖြစ်ခဲ့တယ်.... ဆရာတို့အမြင်မှာ ကျွန်မဟာ ရှုတ်ချစား ဖြားယောင်းတတ်တဲ့ ဖျော်ဖြေမကြီးပေါ့...

ဟေဒါရီ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

## အခန်း (၁)

ပညာရွှေခေတ် ရောက်ပြီလား. . .

ကျောင်းဆရာတွေထဲမှာလည်း စုန်းပြူးတွေက အများကြီး. . .။ ရှေးရှေးတုန်းက အမျိုးသားကျောင်းဆရာကြီးတွေကို အောင်ခေတ် လွမ်းလိုက်ပါဘိ။ ကိုယ်ငယ်ငယ်တုန်းက ဆရာကြီး၊ ဆရာမကြီးများကိုလည်း လွမ်းသည်။ စေတနာ ဝါသနာ အနစ်နာ ဆိုသည့် နာသုံးနာဖြင့် ပြည့်စုံကြပါသည့် ငယ်ဆရာ၊ ဆရာမကြီးများလေ။

ရှေးရှေးက အမျိုးသားကျောင်းဆရာကြီးများကို မမီနိုင်စေကာမူ တတ်နိုင်သမျှ စံထားပြီး ကြိုးစားမည်။ ကိုယ်က ကျောင်းဆရာအလုပ်ဆိုတာကို လုပ်နေတာကိုက ကိုယ့်ခံယူချက်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာကြောင့်မဟုတ်လား။ တကယ်ဆို ဘာမှမလုပ်လည်း မိဘထားခဲ့သည့် အမွေအနှစ်များနှင့်ပင် အောင်ခေတ်တစ်သက် သုံးမကုန် စားမကုန်။

ကျောင်းသို့အသစ်ရောက်လာမည့်ဆရာမကို ကြိုဆိုရန် ပြင်ဆင်နေကြသည့် ဆရာမများအဖွဲ့ကိုကြည့်ရင်း အောင်ခေတ် ပြုံးမိသည်။ မိန်းမဆိုတာ အပေါက်အစ တယ်များတာပဲ။ ဘယ်တော့ ရန်ထပြစ်ကြမလဲ။ ဆရာမကြီးတွေဖြစ်နေလည်း အထက်တန်းကျောင်းသူများလို ထမသတ်ရင်သာ ရှိရမည်။ ကလေးစိတ်မကုန်သည့်ဆရာမတွေလည်း ရှိကြပါပေသည်။

အောင်ခေတ်တို့မြို့မှာ စည်ကားသော တောင်ပေါ်မြို့ ပီပီ အထက်တန်းကျောင်းနှစ်ကျောင်းရှိသည်။ စိန်ပန်းပြာတွေဖြင့် လုပဝေဆာနေသည့်ကျောင်းကြီးကို အောင်ခေတ် မြတ်နိုးသည်။ ကိုယ်ငယ်စဉ်ကတည်းက တက်ခဲ့ရသည့် အထက်တန်းကျောင်းကြီး။ ငယ်ဘဝ ငယ်ပုံရိပ်တို့ တဖျပ်ဖျပ် ပြန်လည်မြင်ယောင် ကြည်နူးစေသည့် ကျောင်းတော်ကြီး။

"ဆရာ. . . အခု အသစ်ရောက်လာမယ့် ဆရာမနာမည် သိလား"

နားနေခန်းထဲမှာ ထိုင်နေသည့်အောင်ခေတ်သို့ ဆရာမ





ဒေါ်မြင့်သီတာက လာမေးသည်။ သူမရုပ်က ပြုံးစိစိ။ ဒေါ်မြင့်သီတာသည် ရန်ကုန်သူပီပီ ချောလည်းချော သွက်လည်းသွက်သူဖြစ်သည်။

"ဘယ်သိမှာလဲဗျာ၊ ကြိုသိစရာလည်း မလိုပါဘူး။ နောက်တော့ တစ်ကျောင်းတည်းအတူလုပ်ကြရမှာပဲ"

"ဘယ်ဟုတ်မလဲ ဆရာရဲ့။ ဒီသတင်းခေတ်ကြီးထဲမှာ သတင်းဆိုတာ အရာရာကြိုဦးနိုင်လေ၊ ကောင်းလေပဲ သိလား။ ဟင်းနော်. . . နောက်ကျမှ ဆရာလူပျိုကြီး အမေကယ်ပါ အဘကယ်ပါ မလုပ်နဲ့"

အသားလွတ် အပြောခံနေရသည်မို့ အောင်ခေတ် စိတ်တိုချင်လာသည်။ ဘယ့်နှယ်ဗျာ. . . စောစောစီးစီး။ တကယ်ဆို သူတို့ရန်ကုန်သူတွေအပြုံလိုက် ရောက်လာတုန်းကတောင် မတုန်မလှုပ် ကျောက်ဆစ်ရုပ်နှယ် နေခဲ့သူပဲ။

အောင်ခေတ်က မိန်းမတွေကို သိပ်စိတ်ဝင်စားတတ်သူ မဟုတ်။ နဂိုနေ အရုက်အကြောက်ကြီးရသည့်ကြားထဲ ကျောင်းဆရာက ဖြစ်နေရသေးသည်။ မြီးကောင်ပေါက်တို့ကိုအုပ်ချုပ်ရသောဆရာသည် ကျောင်းထိုင်ဆရာတော်ကြီးလောက် ကြွေပြိုသိက္ခာအပြည့်ရှိရမည်ဟု အောင်ခေတ်က ယူဆထားသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့! သီတာ. . . ပြောမှာဖြင့်လည်း ပြောလိုက်ကွာ။ နာမည်လေး တစ်ခါပြောမယ့်အရေး ဈေးကိုင်နေလိုက်တာ၊ နော် ဆရာ။ သူမပြောရင် ခိုင်ပြောမယ်၊ ဆရာမအသစ်လေးရဲ့နာမည် က ပေဒါရီတဲ့။ ကဲ! မလှဘူးလား၊ ဆန်းတယ်နော်. . . ဒဏ္ဍာရီ လိုလိုဘာလိုလို"

ခိုင်ပြည့်စုံစကားကြောင့် အောင်ခေတ် နည်းနည်းတော့ စိတ်ပင်စားသွား၏။ ပေဒါရီ. . . ပေဒါရီ၊ နည်းနည်းတော့ ဆန်း သည်။

"အေးနော်. . . တို့ကျောင်းမှာလည်း ဒဏ္ဍာရီတွေ ပုံပြင် တွေများ ဖြစ်လာလေမလား၊ စောင့်ကြည့်ရတောပေ့ါ။ ဟီဟိ. . . ကြိုတင်ရင်ခုန်လိုက်တာ"

ဆရာမ ဒေါ်ထူးထက်ထက်သို့ သူ မသက်သာစွာ ဖျတ် ခနဲလှမ်းကြည့်တော့ သူ့ကိုမျက်စပစ်ပြီး ပြောနေတာ တွေ့လိုက် ရသည်။ အတော်ဆိုးသည့် ကောင်မလေးတွေ. . . အဲ! ဆရာမ တွေ။ ဆရာမတွေဆိုပေမယ့် ယခုမှဖြစ်ခါစတွေမို့ အသက်တွေ က နှစ်ဆယ်ကျော်၊ သည်ကြားထဲ အဖွဲ့က တောင့်သဖြင့် ကလေး တွေရှေ့မှာသာ မျက်နှာပိုးသတ်ချင်သတ်မည်၊ ကွယ်ရာမှာတော့ ခပ်ဆိုးဆိုးကလေးတွေဖြစ်သည်။





"ကဲ! ထ. . . ထ၊ ဆရာကြီးက ကျွန်မတို့အဖွဲ့ကို ကြို ဆိုရေးတာဝန်ပေးထားတာနော်။ နောက်ကျနေလို့ ခမျာလေး တစ်ယောက်တည်း မျက်စိသူငယ်နားသူငယ် ဖြစ်နေရှာဦးမယ်။ သွားစို့"

"သူ့မှာ အမေတွေ အဖေတွေ လိုက်ပို့ချင်လည်း ပို့မှာ ပေါ့"

"ဘယ်သူပို့ပို့ မပို့ပို့လေ၊ ကြိုရမှာ ကျွန်မတို့ဘာဝန်ပဲ မဟုတ်လား။ ကြိုပြီးရင် ဆရာကြီးက ကျွန်မတို့ပါ ထမင်းစား ဖိတ်ထားတာ၊ ဆင်ဖြူတော်မှီပြီး ကြံစုတ်ရဦးမှာ။ ရင်ခုန်လိုက် တာ"

ခက်တော့နေပါပြီ။ အောင်ခေတ်မှာ မချောသုံးယောက် ကိုယ်တစ်ယောက်ဖြစ်နေပြီ။ သူတို့စဖို့နောက်ဖို့လူ ဖြစ်နေရသည့် နှယ်။ ဝဋ်ရှိသရွေ့တော့ ခံနေရပေဦးမည်။ ရေများရေနိုင် မီးများ မီးနိုင်ပေ့ါ။ အလကားနေရင်း ရင်ခုန်နေရသည့် ထူးထက်ထက် ကို ခိုင်ပြည့်စုံက မျက်စောင်းထိုး၏။ တကယ်တမ်းတော့ အချိတ် အဆက်မိမိဖြင့် အောင်ခေတ်ကို စနေကြခြင်းသာဖြစ်သည်။ ဘော လုံးကန်နေကြသည့်နှယ်ပေါ့။

"ထမင်းစားရမှာများ ရင်ခုန်နေရသတဲ့. . . ဒါလိုသာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစား ရေသောက်ကိစ္စတွေကို ရင်ခုန်နေရရင် နှင်တော့ တစ်သက်လုံး ရင်ခုန်နေရတာနဲ့ပဲ နှလုံးရောဂါမြန်မြန်ရမယ်''

''ကဲပါ. . . သွားကြပါစို့ဗျာ''

စားပွဲပေါ်မှကားသော့ကို ကောက်ယူရင်း အောင်ခေတ် ဦးဆောင်ထွက်လိုက်သည်။ အသက်နှစ်ဆယ့်ရှစ်ဆိုတာ အဘိုးကြီးတော့ မဟုတ်သေးဘူး၊ သို့ပေမယ့် မိန်းကလေးတွေနှင့် လုံးလားထွေးလားနေရတာ အောင်ခေတ် စိတ်မပါ။ ကိုယ်တကယ်ချစ်မိခင်မိသူနှင့်ဆိုလျှင်တော့ ဘယ်လိုနေမည်မသိ။ မွေးကတည်းက ထီးတည်းနေခဲ့ရသည်မို့ ကေစာကျင့်သည့်ရဟန်းတော်လို အေးအေးနေ့ချင်စိတ် ပိုများခဲ့သည်။

''ကျွန်မ ရှေ့မှာထိုင်မယ်''

ထူးထက်ထက်က သွက်လက်စွာ နေရာလုရင်း အောင်ခေတ်ဘေးသို့ စွေ့ခနဲရောက်လာသည်။ စိန်ပန်းပြာတန်းမှ ကားလေး မောင်းထွက်ဆဲ၊ ကားပေါ်မှာ အသံလေးတွေက ညီုးညီုး ညံညံ။

''ထိုင်ပေါ့၊ နှင့်ကို တော်ကြာ မြို့ထဲက ဆရာ့ရည်းစား မှတ်နေဦးမယ်။ ဒါ ရန်ကုန်မဟုတ်ဘူး. . . တော. . . တော''

''ထင်ရုံလောက်ကတော့ ရပါတယ်၊ ကိုယ်မဟုတ် ပြီး





တာပဲ''

''အထင်ခံရလည်း နာစရာတော့ မရှိပါဘူးဟာ။ ဆရာက လူချောပဲ။ အရပ်ကလည်း မြင့်မြင့်၊ ကိုယ်ဟန်ကလည်း စမတ်ကျကျ။ မင်းသားလုပ်စားလို့ရတဲ့ရုပ်''

''ထူးကလည်း ချောပါတယ်ဟ၊ အရပ်ကလေး နည်းနည်းပုတာလောက်တော့ ဒေါက်ဖိနပ်နဲ့ ခုလိုက်ပေါ့။ ရှေ့သွားနောက်လိုက် ညီပါတယ်''

အောင်ခေတ်ကိုများ အရုပ်ကြီးထင်နေကြသလား မသိကြ။ အပြောင်အပျက် စနောက်နေလိုက်ကြပုံက ခပ်တည်တည်။ ကားဂိတ်ရောက်တော့ ရန်ကုန်ကား မရောက်သေးသဖြင့် သူတို့အဖွဲ့ ကားပေါ်မှထိုင်စောင့်ကြ၏။ အဖွဲ့ဟုသာ ဆိုရသည်၊ ထုံးစံအတိုင်းပင် မချောသုံးယောက်က ကားပေါ်မှဆင်းပြီး ဟိုဟိုဒီဒီ လျှောက်လှမ်းစုံစမ်းကြသည်။

''ဆရာရေ၊ ကားနည်းနည်းနောက်ကျမယ်တဲ့။ ခါတိုင်း သုံးနာရီဝင်တဲ့ဥစ္စာ၊ ဒီနေ့ကျမှ ဒုက္ခပါပဲ။ ကဲ! ဆင်း. . . လက်ဖက်ရည်သောက်ရင်း စောင့်ရအောင်''

မြင့်သီတာ ဆွဲခေါ်သဖြင့် အောင်ခေတ် လိုက်သွား[illegible]သည်။ ကားဂိတ်နားမှ လက်ဖက်ရည်ဆိုင်မို့ လူကတော့[illegible]ပ်စည်



www.burmeseclassic.com

www.burmeseclassic.com



စည်။ သူတို့လေးယောက်မှာ ဆရာ၊ ဆရာမတွေမှ လူသိတွေများသည်။ အထူးသဖြင့် အောင်ခေတ်က ဒေသခံ သည်မြို့သားပေမို့ ပိုပြီးနှုတ်ဆက်ပြောဆိုနေရသည်။

"ဟော! ကားဝင်လာပြီ ဆရာ"

"အနားသွားရပ်မယ်ဟေ့၊ ဒါမှ လာတဲ့လူ အားရှိသွားအောင်"

မြင့်သီတာနှင့် နိုင်ပြည့်စုံ ထွက်ကြိုရာသို့ အောင်ခေတ် လှမ်းကြည့်သည်။ ထူးထက်ထက်က သူ့အနားမှာ ကျန်ခဲ့၏။

"ဆရာမလည်း သွားလေ. . . ကျွန်တော် ကားပေါ်က စောင့်မယ်။ ဆရာမတို့ မနိုင်တော့မှ လာကူသယ်မယ်"

"ရတယ် ဆရာ၊ ဟိုမှာ လာနေကြပြီ။ အိတ်တစ်လုံးနဲ့ အိပ်ရာလိပ်ပဲ ပါတယ်"

ထူးထက်ထက် ညွှန်ပြရာသို့ အောင်ခေတ် လှမ်းကြည့်တော့ ပစ္စည်းများကို နိုင်နိုင်နင်းနင်းသယ်လာတာ တွေ့ရသည်။ အိပ်ရာလိပ်သေးသေးကို နိုင်ပြည့်စုံက ပိုက်ပြီး၊ ခရီးဆောင်အိတ်ကို မြင့်သီတာနှင့် ဆရာမအသစ်တို့ လုနေတာတွေ့ရ၏။ ခပ်လှမ်းလှမ်းမှကြည့်ရသည်ပင် အတော်အဆင်ပြေနေသည့်ဆရာမအသစ်သို့ အောင်ခေတ် မျက်နှာလွှဲလိုက်သည်။





ခရီးဝေး စီးလာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေသည့်ကြားမှ လတစ်စင်းနှယ် ဝင်းပနေသူလေးသည် အသက်နှစ်ဆယ်ပင်ပြည့်ပါလေစ။ မြင့်မားရှည်သွယ်သောအလှက ပိုင်းပင်တစ်ပင်နှယ်။

"ဟင်!"

သူတို့ရှိရာသို့ သွားဖို့ပြင်စဉ် နောက်မှ ထူးထက်ထက်၏ အလန့်တကြား အာမေဋိတ်သံကြောင့် အောင်ခေတ် လှည့်ကြည့်မိ၏။

"အို! သူ. . . သူ"

ထူးထက်ထက်ပုံစံက သရဲတစ္ဆေတစ်ကောင်နှင့် ထိပ်တိုက်ရင်ဆိုင်တိုးသည့်နှယ်။ အောင်ခေတ် စိတ်ညစ်သွား၏။ ဘာလဲ. . . ဘာဖြစ်တာလဲ။ သူက စပ်စုလိုစိတ်မရှိသည့် ယောကျ်ားတစ်ဦးဖြစ်သော်လည်း ယခုကိစ္စမှာတော့ စိတ်ဝင်စားမိသည်။

"ဟေ့လူတွေ. . . လာကြလေ၊ ဒီမှာ လာကူသယ်ကြဦး။ အောင်မယ်! သူတို့ကိုယ်သူတို့ မင်းသားနဲ့မင်းသမီးများ မှတ်နေကြသလား။ မင်းသမီးအစစ်က ဒီမှာ"

မြင့်သီတာ လှမ်းအော်သံကြောင့် အောင်ခေတ် ရှေ့ခန်းရောက်သွားပြီး၊ သူတို့လုနေသည့် ရောမအိတ်ကြီးကို[illegible]လေး



www.burmeseclassic.com

www.burmeseclassic.com



ကစားစရာလေးတစ်ခုနှယ် ဆွဲယူလိုက်သည်။

''အို! နေပါစေ. . . အဲဒီမှာ ထဘီတွေနဲ့''

ပြန်ဆွဲလုသော လက်ကလေးနှင့် ထွေးထွေးယှက်ယှက် ဆုံမိသည်။ ထွက်ပေါ်လာသည့်အသံလေးက ကရဝိတ်သံလား၊ ကြိုးကြာသံလား၊ စမ်းရေစီးသံမျိုးလား။ မုဒုလက္ခဏာရဲ့ ရသေ့ကြီး ဈာန်လျှောခါနီးမှာ ဘယ်လိုနေပါသလဲ။ အင်တာမဗျူးလိုက်ရတာ နာသည်။ သို့သော် အောင်ခေတ်မျက်နှာကြီးက စည်မျက်နှာပြင်လို တည်တည်တင်းတင်းကြီးဖြစ်နေပါလိမ့်မည်။ မီးတောင်ဆိုတာ ရင်ထဲမှာသာ ပူတာ၊ မပေါက်ကွဲခင်မှာတော့ အားလုံးအေးအေးချမ်းချမ်းပဲမဟုတ်လား။ နိုင်ပြည့်စုံက ဝင်ပြောသည်။

''မိန်းကလေးပဲကွ၊ ထဘီမပါလို့ ပုဆိုးပါရမလား။ ယူပစေ''

ရယ်သံချိုချိုများကို ကျောခိုင်းပြီး၊ ငှက်ကြီးဝန်ပိုခြေလှမ်းများဖြင့် အောင်ခေတ် ကားဆီသို့ရောက်တော့ ထူးထက်ထက်ကို ကားရှေ့ခန်းမှစောင့်လျက် တွေ့ရသည်။ သူမမျက်နှာက တည်တင်းနေသလိုလို။ ပြဿနာပဲ. . . ဂျက်လက်စီတွေဘာတွေ ဝင်ရအောင်လည်း သူမနှင့်မိမိသည် ဘာမျှမဟုတ်။ တွေးပြီးမှ ကိုယ့်အတွေးကိုယ် ကမောက်ကမနိုင်နေမှန်း သတိရသည်။





ယောက်ျားဆိုတာ ကိုယ့်ဘက်ကိုယ်ယက်ပြီး တွေးတတ်လေသလား။ ခရီးဆောင်အိတ်ကြီးကို ကားဝမ်းခေါင်းထဲသို့ သူထည့်လိုက်သည်။ မဗေဒါတို့သုံးယောက်ကတော့ ခပ်လှမ်းလှမ်းမှာပင် ရှိသေး၏။ တောင်ပေါ်မြို့ကလေး၏မြေနီလမ်းတွေမှာ စမ်းတဝါးဝါး လျှောက်နေလေဆဲ။

''သူ့ကို ကျွန်မသိတယ်''

''ဗုဒ္ဓေါ!''

ထူးထက်ထက်စကားကြောင့် အောင်ခေတ် ဘုရားတမိသည်။ မြေပြန့်ဆိုတာ အကျယ်ကြီးမဟုတ်ဘူးလား။ တစ်နိုင်ငံလုံးကလူတွေ အချင်းချင်းသိကြလေသလား။ ဗေဒါရီက ဘယ်မြို့ကာလဲ။

''သူ့အမေက သူများရဲ့အငယ်အနှောင်း. . . အပျက်မ''

''ဗျာ!''

သည်တစ်ခါတော့ အောင်ခေတ် လိပ်ပြာလွင့်ချင်သွားသည်။ သူတစ်ပါးပြောတိုင်းလည်း မယုံတတ်ပါဘူး၊ စွပ်စွပ်စွဲစွဲ။ ပြစ်မျိုးမဲ့မထင် ကောင်မလေးကို သူအားနာစွာ လှမ်းကြည့်မိ၏။

''ဆရာ မယုံဘူးမဟုတ်လား၊ တချို့က ဟန်ဆောင်ကောင်းကြတယ်၊ မှင်မောင်းကောင်းကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေတ် ဘာမှဝင်မပြောမိ။ ကားမောင်းသည့်နေရာမှာ ဝင်ထိုင်လိုက်သည်။ ရင်ထဲမှာ လှိုင်းထနေ၏။ ဗေဒါရီတို့အဖွဲ့ နီးကပ်လာခဲ့ပြီ။ သူ မကြည့်ရဲစွာ ခေါင်းငုံ့ချလိုက်လည်း ကဗျာလေးတစ်ပုဒ်နှယ် ရှုမျှော်ခင်းက ရင်ထဲမှာ စွဲသည်။ အားနာပါတယ် မိန်းကလေးရယ်၊ ငါ ဘာဖြစ်သွားတာပါလိမ့်။ အပြောကြီးသူတွေဟာ သည်လိုပဲ ပရမ်းပတာ ကျဆုံးတတ်သလား။

လူတွေအမြင်မှာ အိုးနင်းခွက်နင်းတော့ မဖြစ်စေရ။

"ဆရာ မယုံဘူးမဟုတ်လား၊ ကျွန်မ ပြောလိုက်မယ်။ အဲဒါ ကျွန်မဦးလေးရဲ့မယားငယ်တွေလေ။ ကျွန်မအဒေါ်အရင်း ခေါက်ခေါက် နေ့တိုင်း မျက်ရည်ကျနေရတဲ့ကိစ္စကြီးပဲ။ ကျွန်မ သူတို့ကို မုန်းတယ်"

သည်တစ်ခါတော့ အောင်ခေတ် တကယ်ရှုးချင်သွားသည်။ ဗေဒါရီ ကံမကောင်းပါလား။ ရောက်ရောက်ချင်းပဲ သူမမှာ ရန်သူတော်တစ်ယောက် ရှိနေခဲ့တာ ဗေဒါရီကတော့ သိမည်မထင်။

"ဆရာမတို့ တစ်မြို့တည်းလား"

"မဟုတ်ဘူး. . . ဒါပေမဲ့ ဦးလေးက အဲဒီသားအမိရဲ့မြို့က မပြန်ဘူးလေ။ အပြုအစု အညှာအတ္တကောင်းလို့နေမှာပေါ့"





"ဒါဆို မယားပြိုင်ပေါ့၊ မယားငယ် ဘယ်ဟုတ်ပါ့မလဲ"

"အတိအလင်း လူသိရှင်ကြား လက်ထပ်ကြတာမျိုးမှ မဟုတ်ဘဲ။ ပေါက်လွှတ်ပဲစား အောက်တန်းစား ကလေကချေတွေလို နေကြတာပဲ"

သည်ဆွေးနွေးခန်းကို အောင်ခေတ် ရပ်ထားလိုက်၏။ စကားလုံးတွေက ရင့်သီးသလို၊ ဗေဒါရီတို့အဖွဲ့ကလည်း ကားနားရောက်လာလို့ဖြစ်သည်။ သူ. . . ကားတံခါးဖွင့်ပေးလိုက်မိပုံက တက္ကစီမောင်းသမားတစ်ယောက်နှယ် ကျိုးကျိုးနွံနွံ။

"အဟဲ. . . တို့ဆရာ လူပျိုကြီးက ကျောင်းအားချိန်မှာ တက္ကစီလည်း ဆွဲတယ်ထင်တယ်။ ခေါက်ရိုးကို ကျိုးနေတာပဲ"

မြင့်သီတာစကားကြောင့် မဗေဒါက အားတုံ့အားနာ အပြုံးလေးဖြင့် မော့ကြည့်လာသည်။ အောင်ခေတ်က သူမထက် အရပ်ပိုရှည်သည်။

"ဆရာတို့နှစ်ယောက် ကြည့်ရဘာလည်း ဂျိမ်းစဘွန်းကား ကြည့်နေရတာ ကျနေတာပဲ။ အဲ! တလွဲ မတွေးနဲ့ဦးနော်၊ အရပ်ကြီးတွေ ရှည်လွန်းလို့ပြောတာ"

ခိုင်ပြည့်စုံက ငါးပေပဲရှိသည့်မို့ ကြိတ်မနိုင်ခဲမရ မှတ်[illegible] ချက်ချပေမယ့် အောင်ခေတ် မရယ်နိုင်။ ရင်ထဲမှာ နိုးလို့[illegible]ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထူးထက်ထက်အပြောတွေက ပက်စက်လှပါကလား။ အောင်ခေတ် ကားကို ဖြည်းညင်းစွာ မောင်းထွက်ခဲ့သည်။ ကားနောက်ခန်းမှာ စကားတွေ ဖောင်နေကြသော်လည်း သူ့နံဘေးမှ ထူးထက်ထက်မှာ မတုန်မလှုပ် ကျောက်ဆစ်ရုပ်။ အလို! အသေအချာကြည့်မှ ကျောက်ဆစ်ရုပ်မှာ မျက်ရည်တွေ ဝဲလို့ပါလား။

''ကျွန်မ အဒေါ့်လက်ပေါ်မှာ ကြီးပြင်းလာရတာ။ အဒေါ် မုန်းတဲ့သူတွေကို ကျွန်မ မုန်းတယ်။ ကျွန်မအဒေါ်မှာ ရောဂါရနေပြီ။ အဲဒါ သူတို့သားအမိတွေကြောင့်''

ငြိမ်သက်ခြင်းဟာ အကောင်းဆုံးပါပဲ။ မဟာပုရိသမင်းယောက်ျားတစ်ဦးမှာ တိတ်ဆိတ်စွာလည်း နေတတ်ရပေမည်။ ထူးထက်ထက် ရင်ဖွင့်ပေါက်ကွဲနေမှုက တိတ်တိတ်ဆိတ်ဆိတ်မို့ အောင်ခေတ် ကျေးဇူးတင်နေရသေးသည်။ နို့မို့မလွယ်။ မိန်းကလေးတွေရဲ့နပန်းသတ်ပွဲမှာ ဒိုင်လူကြီးလုပ်နေရလျှင် မကောင်း။ သို့သော် သူတို့နှစ်ဦး၏ရှေ့ အရှည်ကိုကြည့်ပြီး အောင်ခေတ် စိတ်ပျက်နေမိတာတော့ အမှန်။

အံ့သြစရာတစ်ခုက ထူးထက်ထက် ဤမျှပြောနေသည့်ကြားမှ သူ ဗေဒါရီ့အပေါ် အထင်သေးလို့မရခြင်းဖြစ်သည်။ ဘဝဘဝက အထုံပါရမီရေစက်ကြောင့်လား၊ ဒါမှမဟုတ် နှစ်ဆယ့်





ရှစ်နှစ်အတွင်း သူကြုံတွေ့ကြားသိခဲ့ရသည့် ကမ္ဘာကြီးကပဲ သည့်ထက် ပိုမိုစုတ်ပြတ် ရူးသွပ်သွားခဲ့လို့ပေပဲလား။ သေချာတာကတော့ သူ ဗေဒါရီ့အပေါ် အထင်မသေးမိခြင်းပဲဖြစ်သည်။

''ကျီးအာသီးလို မိန်းမတွေ။ အပြင်လှပြီး အထဲမှာ ပုပ်နေတဲ့မိန်းမတွေ''

ထူးထက်ထက် ရေရွတ်နေသည့်စကားတွေက အောင်ခေတ်နားထဲသို့ မဝင်တစ်ချက် ဝင်တစ်ချက်။ ကျီးအာသီးဆိုတာ ဘယ်လိုမျိုးပါလိမ့်။ ရှမ်းပြည်နယ်မှာ မရှိသည့်အသီးမို့ သည်နိမိတ်ပုံက မထိရှ။ သူငယ်ချင်းတစ်ယောက် ပြောဖူးတာကတော့ ကျီးအာသီးဆိုတာ အပြင်က နီနီရဲရဲလှလှပပလေးပေမယ့် ခွဲကြည့်လိုက်တော့ အထဲမှာ ပုပ်သိုးနံစော်နေပြီး သုံးစားမရသည့် အသီးတစ်မျိုးဆိုလား။ သည်တစ်ခေါက် ထူးထက်ထက် ရန်ကုန်ပြန်လျှင် ကျီးအာသီးတစ်လုံးလောက် ရှာဖွေယူခဲ့ပါရန် မှာလိုက်ရမည်။ နောက်ခန်းမှ စကားပြောသံတွေက အကျယ်ကြီးမို့ ရှေ့ခန်းသို့ ပျံ့လွင့်လာကြသည်။

''ဒီလောက် ခရီးဝေးကြီးကို တစ်ယောက်တည်း လာရဲတယ်နော်။ ညီမက သတ္တိကောင်းပဲ''

''တောင်ကြီးအထိ အဖော်ပါလာတယ် မမရဲ့။ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ကျမှ အဖော်မရှိတော့တာ။ ညက တောင်ကြီးမှာ တစ်ညအိပ်လိုက်တယ်လေ။ အန်ကယ်ကြီးက တောင်ကြီးတစ်မြို့လုံး သူ့ကားနဲ့ အနှံ့လျှောက်မောင်းပြတယ်။ ဒီနေ့မှ ဒီဘက်ဆက်ခဲ့တာ''

''ဪ. . . ညီမမှာ မိဘတွေ မရှိတော့ဘူးလား''

နောက်စကားတွေ အောင်ခေတ်နားထဲသို့ မဝင်တော့။ ထူးထက်ထက်၏ မဲ့လိုက်သည့်နှုတ်ခမ်းကို ငဲ့စောင်းကြည့်ရင်း၊ ရင်ထဲမှာ တင်းကျပ်နေသလိုလို။ အန်ကယ်ကြီး. . . တဲ့။ ဘယ်လို အန်ကယ်ကြီးလဲ ဗေဒါရီရယ်။ ဒါ ဖြူစင်စွာ ပြောလိုက်တဲ့စကားလား။ လွှတ်ခနဲပြောမိတဲ့ ဖြောင့်ချက်ကောက်ကြောင်းလား။ မင်းဘဝရဲ့ပုံရိပ်လွှာလား။

''သူ့ရင်ဘတ်က စိန်လော့ကက်က ဒေါ်လေးမေမေရဲ့ မင်္ဂလာဦးပစ္စည်း။ တွေ့လား. . . အသည်းပုံစိန်စီထားပြီး ရွှေမြားလေး ခွင်းနေတဲ့ပုံ။ အဲဒီလော့ကက်သီးလေး ပျောက်သွားတုန်းက ဒေါ်လေးမေမေ ဒီလောက်မခံစားရဘူး၊ သူ့အမေ ဒေါ်စိန်စိန်ရီရင်ဘတ်မှာ သွားတွေ့တော့မှ အိပ်ရာထဲ ဗုန်းဗုန်းလဲတော့တာ။ ဒေါ်လေးမေမေမှာ ဦးလေးကိုပြောလည်း မပြောရက်၊ အဲဒီမိန်းမကိုပဲ နေ့တိုင်း မေတ္တာပို့နေရတယ်''

ပြဿနာက သူထင်တာထက် ပိုမိုနက်ရှိုင်းနေမှန်း တစ်စ





တစ်စ သိလာရသဖြင့် အောင်ခေတ် ထိတ်လန့်လာမိသည်။ ဗေဒါရီ့အတွက် ရင်လေးတာပဲဖြစ်မည်။ မိန်းကလေးတစ်ယောက်၏ ပါးစပ်တစ်ပေါက်ကြောင့် ဗေဒါရီ ဘာဖြစ်သွားနိုင်သလဲ။ သည်စိန်လော့ကက်ကို ဘာလို့ဆွဲထားရသလဲမိန်းကလေးရယ်၊ အောင်ခေတ် တုန်လှုပ်လာရသည်။ ကားမောင်းနေရတာလည်း စိတ်မပါနိုင်တော့။ ရှည်လျားလှသည့်ခရီးဝေးကြီးက ဘယ်သောအခါဆုံးမှာလဲ။ ဆရာကြီးအိမ်က ကျောင်းနှင့်မနီးမဝေးမို့ သူတို့ကျောင်းရှေ့မှ ဖြတ်သွားရသည်။

''အဲဒါ တို့ကျောင်းလေ၊ ဒီမြို့ရဲ့ပထမဦးဆုံးကျောင်း။ ဒီမြို့မှာ အထက်တန်းကျောင်းနှစ်ကျောင်းရှိတယ်''

နောက်မှ ဂိုက်လုပ်လာသည့် နိုင်ပြည့်စုံ၏အသံစာစာက ကားရှေ့ခန်းသို့ ပျံ့လွင့်လာသည်။

''ဟော! ရောက်ပြီ၊ ရှေ့က တိုက်ပဲ။ ဆရာကြီးက ဒီမြို့သူနဲ့ အိမ်ထောင်ကျတာလေ။ ဗေဒါရီလည်း ဒီမြို့သား ရွာယူပေါ့၊ ဒီမြို့မှာ သူဌေးတွေ အများကြီး။ ရှေ့ကဆရာလည်း ဒီမြို့သားပဲ။ တိုက်တွေခြံတွေ ကားတွေနဲ့ သူဌေး. . . သိလား။ ဒါပေမဲ့ ကပ်စေးနဲ့တယ်၊ ဆင်းရဲသားလိုပဲနေတယ်''

မြင့်သီတာ၏စကားကြောင့် ရယ်သံလေးများ ဆူညံသွား



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ အောင်ခေတ် မသက်မသာ နောက်ကြည့်မှန်မှ ခိုးကြည့်စဉ် ပေဒါရီရဲ့အရှက်မျက်နှာ ပန်းနုရောင်လေးကို လှမ်းမြင်လိုက်ရသည်။

ကားလေးက ဆရာကြီးတိုက်ရှေ့သို့ ရောက်လာသဖြင့် သူတို့အားလုံး ဆင်းလိုက်သည်။

⛵ ⛵ ⛵



## အခန်း (၂)

''လာကြ. . . လာကြ၊ ဒီနေ့မှ ကားကလည်း နည်းနည်းနောက်ကျတယ်။ လမ်းမှာ အဆင်ပြေရဲ့လား သမီး''

ဆရာကြီး ဦးထွန်းအောင်၏ လိုက်လှဲစွာ ဆီးကြိုမှုက နွေးထွေးသဖြင့် အားလုံးအမောပြေသွား၏။

''အမေတွေ အဖေတွေ လိုက်ပို့မယ်မှတ်တာ၊ ရှမ်းပြည်နယ်အထိ တစ်ယောက်တည်းတက်လာရဲတဲ့ သူရဲကောင်းပဲဟေ့။ သတ္တိကတော့ အပြည့်ပဲ''

''သတ္တိရှိတယ်တော့ မဟုတ်ပါဘူး ဆရာကြီးရယ်၊ လူဆိုတာ ကိုယ့်ဘဝပေးအခြေအနေအရ လှုပ်ရှားရတာပါပဲ''

သည်တစ်ခါတော့ အန်ကယ်ကြီးနှင့်အတူလာတာ တွေ့



www.burmeseclassic.com

www.burmeseclassic.com

မပြော။ အောင်ခေတ် မှတ်မှတ်ထင်ထင်ရှိမိ၏။ ရင်ထဲမှာ မွန်းကျပ်ချင်သလိုလိုမို့ သူ ညေ့ခန်းထဲ ထိုင်နေရာမှထပြီး ဆရာကြီးကတော် ထမင်းပွဲပြင်နေရာသို့ လျှောက်ခဲ့သည်။

"လာ. . . ဆရာလေး၊ ပြင်လို့ဆင်လို့ပြီးပါတော့မယ်။ ဟင်းတွေ အေးနေလို့ နွေးရသေးတယ်။ ဒီနေ့မှ သားကလည်း ဘယ်ရောက်နေတယ်မသိ၊ အန်တို့မှာ သမီးမိန်းကလေး မပါတာ ကံဆိုးတာပဲ"

ရှမ်းသံဝဲဝဲလေးနှင့် အန်တီကြီးက ဆီးကြိုရှာသည်၊ ဆရာကြီးကတော်သည် တောင်ပေါ်သူပီပီ စိတ်နှလုံးဖြူစင်လှပေ၏။ မိဘအမွေအနှစ်များဖြင့် ကိုယ်တိုင်ချမ်းသာသူဖြစ်ပေမယ့် မာနမရှိ၊ လင်ယောကျ်ားအပေါ် ကျိုးကျိုးနွံနွံ ချစ်ခင်ရှာသည့် တကယ့်တော်လေးဝဝင် မိန်းမတစ်ဦးဖြစ်သည်။

"ဖယ်. . . အန်တီ. . . ဖယ်၊ ကျွန်တော် ဆက်ပြင်မယ်။ ဟုတ်တာပေါ့. . . အန်တို့ဗလကြီးနဲ့ တစ်ယောက်တည်းလုပ်နေရတာ ဘယ်စားသာမလဲ၊ သမီးမပါလည်း ကံမဆိုးပါဘူး အန်တီရယ်၊ ရှိတဲ့သားပဲ သမီးမိန်းကလေးလို အကူအညီရအောင် ပုံသွင်းထားပေါ့။ ကဲ! ကျွန်တော်လုပ်တာ အန်တီက ကြည့်၊ လိုအပ်တာ ညွှန်ကြား၊ အန်တီက ဒီကုလားထိုင်မှာ ထိုင်"





ခွေးပြန်နေသည့်အန်တီ့ကို ကုလားထိုင်မှာ ထိုင်ခိုင်းပြီး အောင်ခေတ် ထမင်းပွဲဆက်ပြင်သည်။ အန်တီက ခပ်ဝဝမို့ စောစောက ချက်ပြုတ်နေကတည်းက ခွေးပြန်နေခဲ့တာဖြစ်မည်။ အန်တီနန်းရွှေကြည်ခမျာ အောင်ခေတ် လုပ်ပုံကိုင်ပုံများကိုကြည့်ပြီး သဘောကျလို့မဆုံး။

"အေးကွယ်. . . အန်တို့သားကတော့ အိမ်မှုကိစ္စတွေ ဘာတွေ စိတ်မဝင်စားဘူး။ သူ့အဖေလိုပဲ အိမ်ဦးခန်းမှာပဲ အခန့်သားထိုင်မယ့်အစားမျိုး။ ခါတိုင်းတော့ နန်းထွေးရှိပါတယ်ကွယ်၊ ဒီနေ့မှ ကလေးမလည်း သူ့မအေ နေမကောင်းလို့ ခဏပြန်သွားတယ်"

စားပွဲပေါ်မှာ ကြက်သားဆီပြန်ဟင်း၊ ပန်းဂေါ်ဖီနှင့် ဝက်သား၊ ဂျူးမြစ်ချဉ်ရည်၊ ဂေါ်ရခါးသီးကြော်၊ ပဲငါးပိကြော်တို့ဖြင့် မြိုင်ဆိုင်နေခဲ့ပြီ။ ဟင်းများက အငွေ့တထောင်းထောင်းဖြင့် မွှေးမွှေးပျံ့ပျံ့။

"အန်တီ ရေချိုးဦးမလား၊ ချိုးလေ. . . ကျွန်တော် ထမင်းစားခန်းထဲက စောင့်ပေးနေမယ်"

"ဘာဖြစ်လို့လဲ ဆရာလေးရဲ့၊ အန်တို့ပုံစံက ခွေးတွေ သိပ်ထွက်နေသလား။ ရေတော့ ချိုးပြီးသားပါ။ အခေါ်တည်း

www.burmeseclassic.com

www.burmeseclassic.com



စားလိုက်ကြရအောင်။ အန်တီ ခေါ်လိုက်တော့မယ်နော်''

အန်တီက အလှအပကို ဂရုစိုက်သူမဟုတ်။ ပင်ကိုအလှကို အားကိုးသူဖြစ်မည်။ ခပ်ဝဝပုံစံကြားမှ လှလို့နေတုန်း။ ပေါ့ပါးစွာပင် အပြင်သို့ထွက်သွားတော့ အောင်ခေတ် ထမင်းစားခန်းထဲမှာ ကျန်ခဲ့သည်။ မကြာမီ အသံစာစာလေးများ ဧည့်ခန်းမှ ထမင်းစားခန်းသို့ ရောက်လာ၏။ ထူးထက်ထက်ကတော့ သည်ကနေ့အသံသိပ်မထွက်၊ အခြားသူများ သတိမထားမိသော်လည်း အောင်ခေတ် သိနေသည်။

''ခေတ်ကာလကြီးကတော့ ပြောင်းပြန်ပါပဲလားနော်၊ တကယ်ဆို အန်တီ့ကို ကျွန်မတို့က ကူရမှာ''

''ရပါတယ်ကွယ်၊ သမီးတို့က ဧည့်သည်ကြိုရလို့ မောလာခဲ့တာပဲ''

''အဲဒါမှားတယ် အန်တီရဲ့၊ ကားမောင်းရတဲ့လူက ဆရာလေ။ မောချင်းမောရင် ဆရာက မောရမှာပေါ့''

''ရပါတယ်ဗျာ. . . ကျွန်တော်တို့က ဒေသခံ အကြမ်းခံတွေပဲ၊ ဒီလောက်နဲ့ မမောပါဘူး။ ဆရာကြီးတောင် အခု မမောတတ်တော့ဘူးဗျ။ ပြီးခဲ့တဲ့စနေက သူ့လီမွှော်ခြံမှာ ကိုယ်တိုင်သစ်သီးခူးနေတာ တွေ့ခဲ့ရတယ်''





အောင်ခေတ်၏စကားကြောင့် အားလုံး ပွဲကျသွား၏။ အန်တီကတော့ တပြုံးပြုံးဖြင့် သူ့ခင်ပွန်းကို မြတ်နိုးစွာ လှမ်းကြည့်သည်။

''အမယ်! ဆရာက ဗေဒါရီ့ရှေ့မှာ အမှတ်ယူနေပြန်ပါပြီ။ အိမ်တွင်းမှုပါ နိုင်နင်းကြောင်း ပြနေတာပေါ့လေ''

မြင့်သီတာစကားကြောင့် ဗေဒါရီ ခေါင်းလေး ငုံ့သွား၏။ အောင်ခေတ် စကားဆက်မပြောတတ်တော့။ ငြိမ်နေရမှာလား၊ ဘာပြန်ပြောရမှန်းလည်းမသိ။

''ကဲ! ဝင်ကြပါ. . . ဝင်ကြပါ၊ ထမင်းတွေ အေးကုန်ပါတော့မယ်။ ဟင်းတွေလည်း အေးကုန်ရင် စားလို့မကောင်းဘူး။ ရှမ်းပြည်နယ်ဆောင်းက ဟင်းတွေ မြန်မြန်အေးစေတယ်ဗျ။ ပြီးတော့ နှင်းတွေ တအားကျလာရင် ကားမောင်းရတာ အဆင်မပြေဘူး''

''ဆရာပါ လာလေ၊ လာ. . . ဒီမှာထိုင်''

''နေနေ. . . ကျွန်တော် အိမ်ကျမှစားမယ် ဆရာကြီး။ အန်တီ ဝင်ပါ. . . အန်တီ တစ်ခါတည်းဝင်စား၊ ကျွန်တော် ဆောင်လုပ်မယ်''

''မဟုတ်တာကွယ်၊ အန်တီက သွားပြန်လာမှ စားမှာ။



www.burmeseclassic.com

www.burmeseclassic.com



လာ. . . ဆရာလေး ဝင်စား၊ ဆရာလေးအိမ်မှာ ဒီလိုဖွယ်ဖွယ်ရာရာ မချက်ဖြစ်ပါဘူး၊ အန်တီသိပါတယ်။ မောင်ပု ချက်ထားခဲ့တဲ့ ထမင်းအေးအေး ဟင်းအေးအေးတွေ စားရမှာပါ။ လာ. . . လာ. . . သား ဝင်စား''

အန်တီ့အကြင်နာတွေကြောင့် အောင်ခေတ် အသိအမှတ်ပြုစွာ ဝင်စားဖြစ်သည်။ သူ ထိုင်မိထိုင်ရာ ဝင်ထိုင်လိုက်သည်က ပေဒါရီ့ဘေးမှာ ဖြစ်လို့နေသည်။

''ကဲ! အားပါးတရသာ စားကြကွယ့်၊ မင်းတို့အန်တီက ဟင်းချက်သိပ်ကောင်းဘာ''

''ဒီလိုနဲ့ ဆရာကြီး စားလာတာပေါ့နော်၊ အန်တီအညှာမိနေတာပေါ့''

ထူးထက်ထက်က ဝင်ပြောသည်။ ဆရာကြီးက သဘောကောင်းသူမို့ သားအဖတွေ တူဝရီးတွေနှယ်။ ဆရာကြီးတို့ဇနီးမောင်နှံက စေတနာကောင်းသော်လည်း လောကွတ်စကား သိပ်ပြီး ရွှန်းရွှန်းဝေဝေ မပြောတတ်ကြ။ ထမင်းစားပွဲမှာ စကားသံတွေတိတ်ဆိတ်ပြီး ခေါင်းငုံ့စားနေကြသည်။

အောင်ခေတ် ထမင်းစားရင်း ကိုယ့်ဘေးမှ ပေဒါရီ့သို့ မသိမသာကြည့်၏။ လှပသောလက်ချောင်းလေးများမှာ လက်





ဝတ်တန်ဆာ မရှိ။ လက်မှာလည်း နာရီသေးသေးလေးတစ်လုံးပဲ ပတ်ထား၏။ ဟင်! သူမ ထမင်းအဖြူထည့်တွေချည်းပဲ စားနေသလား။ ကိုယ့်ထမင်းကိုယ် ငုံ့စားနေသည်မို့ သူမ ဘယ်လိုစားနေမှန်း သတိမထားမိကြဘူးထင်သည်။ အောင်ခေတ် အရဲစွန့်ပြီး ကြက်သားပန်းကန်ထဲမှ ဟင်းတစ်ဖတ် ဆယ်ထည့်ပေးလိုက်၏။

''ရတယ် ဆရာ''

''ဘာရတာလဲ၊ အဖြူထည့်ချည်း စားနေပြီးတော့''

အောင်ခေတ်အသံက ဘုဆတ်ဆတ်။ တကယ်လည်း သူ မိန်းကလေးများနှင့် ပြေပြစ်အောင် စကားမပြောတတ်သေး။ ရိုးရိုးဆိုလျှင် တော်သေး၏။ ကိုယ်ရင်ခုန်မိသူနှင့်ဆိုလျှင် ပိုလို့တောင် စကားမပြောတတ်သေး။ မထူးတော့ပါဘူး. . . လက်စနှင့် ထမင်းစားပွဲမှာ ရှိသမျှဟင်းများကို ပေဒါရီ့ပန်းကန်ထဲသို့ တစ်ဇွန်းစီ ခပ်ထည့်ပေးလိုက်၏။ နွံခနဲ့ရယ်သံများကို သူ လက်ဆောင်ရလိုက်သည်။ မည်သူ့ထံမှလဲ။ ပေဒါရီ့ခမျာလည်း ရှက်ကိုးရှက်ကန်း။

''စား. . .''

တစ်လုံးတည်းပေမယ့် သူ့စကားက အားပါလှသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ဘယ်သူတွေ ဘယ်လိုကြည့်မလဲ၊ ဘယ်သူတွေ ဘယ်လိုပြောမလဲ၊ အောင်ခေတ် မမှုတော့။ ကိုယ့်ထမင်းကိုယ် အားပါးတရ ဆက်စားပစ်လိုက်သည်။

''ပေဒါရီ. . .နေဖို့ ဘယ်လိုစီစဥ်ချင်သလဲ။ သမီးမှာ ဒီမြို့မှာ အသိမိတ်ဆွေတွေ ရှိသလား''

ထမင်းစားလို့ ပြီးခါနီးမှာ ဆရာကြီးက နေရေးထိုင်ရေး အတွက် စတင်ဆွေးနွေးသည်။

''မရှိပါဘူး ဆရာကြီး၊ ဆရာကြီးတို့ပဲ စီစဥ်ပေးပါ''

''ဒါဆို ကောင်းပြီ၊ မြင့်သီတာတို့နေတဲ့အိမ်မှာ အတူ လိုက်နေမလား''

ဆရာကြီးမေးခွန်းကို ပေဒါရီဖြေရန်ပြင်စဥ် ကန့်ကွက် သံ ထွက်လာ၏။

''ဟူးတို့အိမ်က ကျဥ်းတယ် ဆရာကြီး၊ အိမ်ရှင်မိသားစု နဲ့ တစ်ခြမ်းနေရတာ။ လက်ခံလို့မဖြစ်ဘူး''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ပေဒါရီကို ပြည့်စုံတို့ ခင် ပါတယ်။ ဒါပေမဲ့ ပြည့်စုံတို့နေရတာတောင် ခပ်ကျပ်ကျပ် ဆရာ ကြီး''

ငြင်းဆိုမှုများကြောင့် ပေဒါရီ မျက်နှာငယ်သွားရသည်။





သူမကို အဘယ်သူမျှ လက်မခံချင်ကြတော့ဘူးလား။ ဘုရားရေ! သူမရဲ့သတင်းကို မည်သူတွေက ဖြန့်ဖြူးပို့ချနေပြီလဲကွယ်။

''ဒါဆို ဒီလိုလုပ်၊ အန်တီတို့အိမ်မှာပဲနေ။ အန်တီတို့ မှာ သားရှိတယ်ဆိုပေမယ့် သားက ကျောင်းဖွင့်ရင်ပြန်မှာ''

အန်တီက ပေဒါရီကို မြင်မြင်ချင်း ချစ်သွားသည့်ထင် သည်။ သူတို့အိမ်မှာ လက်ခံဖို့ တိုက်တွန်း၏။

''ကျွန်မကိုလက်ခံတာ ကျေးဇူးတင်ပါတယ် အန်တီ။ ဒါပေမဲ့ အခန်းလေးတစ်ခုခုပဲ စီစဥ်ပေးပါနော်။ ကျွန်မက အေး အေးနေတတ်လို့ပါ''

''ဒါဆို မြို့စွန်က သင်္ချိုင်းဇရပ်ဆို မကောင်းဘူးလား''

ထူးထက်ထက်စကားကြောင့် အားလုံး အံ့အားသင့်သွား ကြသည်။ သည်တော့လည်း ထူးထက်ထက်က ပက်ခနဲ ရယ် လိုက်၏။

''အေးအေးနေတတ်တယ်ဆိုလို့ပါ၊ ဆရာကြီးတို့အိမ်က ဘယ်သူ့မှ လက်ခံတာမဟုတ်ဘူးနော်။ ပေဒါရီ့ကို စေတနာရှိ လို့ လက်ခံတာ၊ ဒါကိုငြင်းနေတာ အားမနာဘူးလား''

''အားနာပါတယ်၊ ပေဒါရီက အားနာလို့ ငြင်းတာ[illegible]။ ပြီးတော့ ကျွန်မက ဆင်းရဲစွာ ကြီးပြင်းခဲ့ရသူဆိုတော့ [illegible]အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ မနေတတ်ပါဘူး။ ဒါ ကျွန်မ ရိုးရိုးသားသားဝန်ခံတာပါ။ ထမင်းနဲ့ ဆားနဲ့ပဲ စားချင်စားရပါစေ၊ ကျွန်မ ကြောင့်ကြမဲ့ အပူအပင်မဲ့စွာ နေလိုပါတယ်''

''အလွဲ. . .''

ထူးထက်ထက်နှင့်ဖေဒါရီကို ကျွန်လူများက နားမလည်နိုင်စွာ ကြည့်နေကြ၏။ အောင်ခေတ်ကတော့ နားလည်သည်။ သူက ဇာတ်လမ်း၏လျှို့ဝှက်ချက်ကို သိပြီးသူဖြစ်သည်။

''ဒီမြို့မှာ အခန်းခတွေက ဈေးကြီးတယ်ကွယ့်၊ သမီးရမယ့်လစာနဲ့ မလောက်မင ဖြစ်နေလိမ့်မယ်''

''ရပါတယ် အန်တီ၊ သူများတွေလည်း ဒီလိုပဲ နေကြတာမဟုတ်လား''

''သူတို့တွေက သူဌေးသမီးတွေလေ၊ မလောက်ရင် အိမ်ကို မှာတယ်''

ဖေဒါရီနှင့် အန်တီ၏စကားဝိုင်းထဲသို့ မြင့်သီတာ ဝင်ပါလာသည်။

''သူလည်း သူဌေးပေါ့ အန်တီရဲ့၊ ရင်ဘတ်က စိန်လော့ကက်ကိုကြည့်ပါလား။ ဒီတစ်ခုတည်းနဲ့တင် ပွဲက ပြီးသွားပြီ''

မြင့်သီတာ၏စကားကြောင့် ဖေဒါရီ သူ့ရင်ဘတ်ကို





ယောင်ရမ်း အုပ်လိုက်သည်။ သည်စဉ် အောင်ခေတ် ထမင်းပိုင်းမှထ၏။ သူ စားလို့ပြီးသွားပြီ၊ ဆက်စားလည်း မဝင်တော့၊ မျိုမကျတော့။ သူ့လည်ချောင်းမှာ တစ်ခုခုခံနေသလို၊ ပန်းကန်ကို နောက်ဘက် ရေစင်ထိ တောက်လျှောက်သွားဆေးလိုက်သည်။ စကားဝိုင်းက မပြီးသေး။

''ကျွန်မကို အခန်းလေးတစ်ခုသာ စီစဉ်ပေးပါ ဆရာကြီး၊ မြို့လယ်ခေါင်မှာ ဈေးကြီးရင် မြို့စွန်မှာ နေရလည်းဖြစ်ပါတယ်''

''ကောင်းပြီး သမီး၊ ဒီကတစ်ရက်နှစ်ရက်တော့ ဆရာကြီးတို့ဆီမှာပဲ နေလိုက်၊ နောက်နေ့တွေကျ ဆရာကြီး စီစဉ်ပေးပါ့မယ်''

ထိုနေ့က အောင်ခေတ် ဆရာမသုံးဦးကို လိုက်ပို့ပြီးအိမ်ပြန်ခဲ့သည်။ ရင်ထဲမှာတော့ ခပ်လေးလေး။ စကားပုံလည်းကြားဖူးပါရဲ့၊ ဘူးတစ်ရာအပေါက်သာ ပိတ်လို့ရမည်၊ ပါးစပ်တစ်ပေါက်ကို ပိတ်လို့မရတဲ့၊ တစ်ယောက်မှ တစ်ရာ၊ တစ်ရာမှသည်တစ်သောင်း။

အဆင်းလှပေမယ့် အချင်းက မလှဘူးတဲ့လား. . .
မင်းတို့မြေပြန့်မှာ ကျိုးအာသီးတွေ သိပ်ပေါသလား။
ဇစ်မြစ်ကိုမသိဘဲ မည်သူ့ကိုမျှ သူ အထင်မသေးမိပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လောကကြီးမှာတော့ သူ့လိုလူစား ရှားပေမည်။ လောကကြီးထဲမှာက ပြောတိုင်းယုံသည့် ပုတ်သင်ညိုတွေသာ အများအပြားမဟုတ်လား။

မင်း ကံကောင်းပါစေ ပေဒါရီရယ်. . .



## အခန်း (၃)

သည့်နေ့ တနလ်ာနေ့ . . .

ကျောင်းနှစ်ရက်ပိတ်ခဲ့သည်မို့ အောင်ခေတ် ပေဒါရီကို ဆရာကြီးအိမ်ပို့ပြီးကတည်းက မဆုံဖြစ်သေး။ သူက ကျောင်းပိတ်ရက်များမှာ မိမိ၏သစ်သီးခြံများသို့ သွားရောက်ကြပ်မတ်လုပ်ကိုင်ရသေးသည်။ သည်နှစ်ရက်အတွင်းမှာ သူမ ဘာတွေ ဖြစ်သေးလဲ။ ဘယ်လိုတွေ ပြောင်းလဲသွားသေးသလဲ။ အနာတရတွေ ကင်းစင်ပြီး မင်းဘဝ ငြိမ်းချမ်းပါစေ ပေဒါရီ။

အောင်ခေတ်၏ ပင်ကိုဗီဇစိတ်ကိုက အားနည်းသူဘက်မှ ရပ်တည်တတ်သူမို့ ပေဒါရီသည် သူ ဖေးမရမည့်သတ္တဝါလေးအဖြစ် ခံယူပြီးသားဖြစ်သည်။ အောင်ခေတ် ကျောင်းပင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကားလေး ချိုးဝင်လိုက်သည်။ အောင်ခေတ်က ကားကို နေ့တိုင်း ကျောင်းသို့ယူလေ့မရှိ၊ အလုပ်သိပ်များသည့်နေ့များတွင်သာ အိမ်က ကားနှင့် လာလေ့ရှိသည်။

ကျောင်းရုံးခန်းသို့ သူလျှောက်လာစဉ် ရုံးခန်းအဝမှာ ကျောင်းသားကျောင်းသူများ ရုတ်စိရုတ်စိ တွေ့လိုက်ရသဖြင့် သူ ကျောင်းသားများကို နှင်ထုတ်လိုက်သည်။

''ဟေ့ကောင်တွေ ဘာလုပ်နေကြတာလဲ။ ကိုယ့်အခန်း ကိုယ်သွားကြတာမဟုတ်ဘူး။ ဒီနေ့ Assembly ရှိတယ်ဆိုတာလည်း သတိရကြဦး။ သွားကြ. . . သွားကြ. . . အလံတိုင်ရှေ့မှာ သွားတန်းစီကြ''

''ဟာ. . . ဆရာ၊ အသစ်ရောက်လာတဲ့ဆရာမကို ဝိုင်းကြည့်ကြတာဗျ။ ဆရာ မမြင်ဖူးသေးဘူးမဟုတ်လား။ ကြွေသွားမယ် ဆရာ၊ ရုပ်ရှင်မင်းသမီးတွေထက် ချောသေး။ ကြွေရုပ်လေး ကျနေတာပဲ။ ဆရာမြင်ရင် အရည်ပျော်သွားမယ်. . . သိလား''

''ခွေးကောင်တွေ၊ အဲဒါ မင်းတို့ကိုသင်မယ့် ဆရာမဆိုတာလည်း သတိရကြဦး။ အစီစီချိုးကပ်မယ့်ကောင်တွေ''

''ဟာ! ဆရာကလည်း။ ကျွန်တော်တို့က ဆရာ အရည်ပျော်ဖို့ သတင်းပေးတာပါ။ ကျွန်တော်တို့ အရည်မပျော်ပါဘူး။





ကိတ်ဝင်းစလက်လောက် ချောလည်း၊ ကိုယ့်ဆရာမဆိုတာ သိပါတယ် ဆရာရဲ့. . . ကြည့်ရုံနဲ့တော့ အဝီစိမကျလောက်ပါဘူး။ မသကာ. . . ရောယုဝလောက်''

''ဟာကွာ. . . တယ်လျှာရှည်တဲ့ မိချောင်းသားတွေပဲ''

အောင်ခေတ် လှမ်းကန်လိုက်တော့မှ ကျောင်းသားများ တဟားဟားနှင့် ရှဲသွားကြတော့၏။ ပြောမနာ ဆိုမနာ တပည့်ကြီးများပါပေ။ အောင်ခေတ် ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

အားပါးပါး. . . ရုံးခန်းထဲမှာ လကလေး သာနေပါလား။

ဦးပုညလို တေးထပ်တွေဘာတွေ စပ်ချင်စိတ်မပေါက်သော်လည်း တေးထပ်တစ်ခုကိုတော့ သတိရသွားသည်။ ဘာတဲ့. . . 'လမင်းထက် နုစ်လေးသာသည်၊ ရွှေမျက်နှာကြည်လွန်းလို့လေး' ဆိုလား။

ဘဝမှာ ဘာဒဏ်ရာဒဏ်ချက်မှ မခံစားဖူးရသေးသည့် နှယ် ကြည်လင်ဝင်းပသူလေးသည် အကျိုးပေးကောင်းလို့ ဖြစ်ရမည်။ တကယ်ဆို ထူးထက်ထက် ပြောသည့်အတိုင်းဆိုပါက သူကလေးသည် မီးအဟပ်ခံရဖူးသည့် မီးလောင်မြေမှ ပန်းတစ်ပွင့်သာ။ ယခုတော့ သူမအသွင်က ယနေ့မနက်မှ ဖူးပွင့်သည့် အသစ်စက်စက် နှင်းသောက်ပန်းတစ်ပွင့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမပီပီ လှပစွာ ထုံးနှောင်ရစ်ခွေထားသည့် ဆံကေသာမှာ နှင်းဆီတစ်ပွင့်က နေရာယူထားသည်။ ကျော့ရှင်းသော ကိုယ်နေဟန်က အဖြူလက်ရှည်၊ လုံချည်စိမ်းဖြင့် ယမင်းရုပ်သွင်၊ ဒုက္ခပါပဲ. . . ကျောင်းတွေမှာ ဒီလောက်ချောသည့် ဆရာမတွေကို ခန့်လို့မကောင်း။ ကျောင်းသားတွေ စာမကြည့်ဘဲ ဆရာမချည်း ကြည့်နေပါရော့မည်။ အိုလေ. . . တစ်ရက်နှစ်ရက်ကျတော့လည်း ကြည့်မှာမဟုတ်တော့ပါဘူး။ ကိုယ်တွေ ငယ်ငယ်တုန်းကလည်း ဆရာမချောချောတွေနှင့် ကြုံဖူးသားပဲ။ ဒီလိုနဲ့ ပြီးသွားမှာပါ။

"ဩော်. . . ဆရာ ခုမှလာသလား"

"အေးဗျာ. . . ထမင်းစောင့်နေရတာနဲ့"

ပေဒါရီ၏စကားကို သင့်သလို တုံ့ပြန်လိုက်စဉ်၊ အနားမှ ခိုင်ပြည့်စုံက မော့ကြည့်၏။ အလို! သူတို့ ပေဒါရီကို စကားမပြောကြတော့ဘူးလား။ မနောက်ကြ မပြောင်ကြတော့ဘူးလား။ ယူးထက်ထက်ထံမှ အကြောင်းစုံသိသွားကြပြီဖြစ်မည်၊ သူတို့အကြည့်တွေက စိမ်းစိမ်းတောက်တောက်။ ကြောက်စရာ။

"ဆရာ့ကို ကျွန်မ အကူအညီတစ်ခု တောင်းပါရစေ"

"ဟုတ်ကဲ့. . . ပြောပါ၊ ကျွန်တော်ကူညီပါ့မယ်"





သူ ပေဒါရီ့ရှေ့ ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ ဆက်တီစားပွဲသေးသေးလေးက သူတို့နှစ်ယောက်ကြားမှာ ခြားသွား၏။ သူတို့နှစ်ယောက်စကားကို ရောက်နှင့်နေသည့် ဆရာဆရာမများက နားစွင့်၏။

"ဆရာကြီးအိမ်မှာနေရတာ အဆင်ပြေပါတယ်။ ဒါပေမဲ့. . . ကျွန်မ အားနာတယ်။ ဆရာက နယ်ခံဆိုတော့ သင့်လျော်မယ့် အိမ်ခန်းလေးတစ်ခုခုများ ရှာပေးနိုင်မလားလို့ပါ"

သည်စဉ် မြင့်သီတာက အောင်ခေတ်သို့ စကားလှမ်းပြောသည်။

"ဆရာရေ. . . ညိုမြဆိုတာ ဆရာတက်တိုး ရေးတာလား၊ သိန်းဖေမြင့်ရေးတဲ့ ဇာတ်လိုက်လား။ ကျွန်မမေ့နေလို့"

ပေဒါရီ့အစား အောင်ခေတ် အားနာသွားသည်။ အစစ စည်းလုံးခဲ့သည့် သူတို့ကျောင်းမှာ အက်ကြောင်းတစ်ခုလည်း မြင်ယောင်သွား၏။ အားလုံးအတွက် မကောင်းသော အလားအလာ။ သူ ပေဒါရီ့ကို မကြည့်ရက်စွာ ကြည့်ရ၏။ မျက်နှာလေး ရုတ်ချည်းညှိုးသွားပုံက ကရုဏာသက်စဖွယ်။

"မာယာတွေ. . . မာယာတွေ. . . ဩော်. . . ဆရာ၊ မာယာဘုံဆိုတာလည်း ဘယ်သူရေးတာလဲ၊ ဆရာက စာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေးသမားဆိုတော့ အားကိုးတကြီးမေးရတာပါ။ ပြည့်စုံက မြန်မာစာသင်နေရပေမယ့် ဆရာ့လောက် Language မကျွမ်းဘူးဆရာရဲ့။ ဆရာကြီးက သင်ခိုင်းလို့သာ သင်နေရတာ။ ပြည့်စုံက အင်္ဂလိပ်စာမှ သင်ချင်တာ။ ဒါပေမဲ့ ဆရာကြီးက ဘယ်ပေးမလဲ၊ သူနဲ့အလွမ်းသင့်တဲ့လူသာ ပေးမှာပေါ့''

အောင်ခေတ် တော်တော်စိတ်ဆင်းရဲသွားသည်။ သည်အနားလည်း ဆက်ထိုင်ချင်စိတ်မရှိတော့။ ဗေဒါရီတစ်ယောက်တည်း ထားခဲ့ရမှာလည်း သနားစရာ။

သူမ ဘယ်လောက် ဒဏ်ခံရပြီးပြီလဲ။ အရေပါးလျှင်တော့ မလွယ်။ အရေထူမည့်ဝတ်စုံတစ်စုံလောက် သူ ဗေဒါရီကို ချုပ်ပေးချင်သည်။ အောင်ခေတ် ဆရာကြီးစားပွဲသို့သွားရန် မတ်တပ်ရပ်လိုက်တော့၊ ဗေဒါရီက ညှိုးဖျော့စွာဖြင့် မော့ကြည့်သည်။

''ညနေကျ အကြောင်းပြန်ပါ့မယ် ဆရာမ၊ ကျွန်တော် စီစဉ်ပေးနိုင်ပါလိမ့်မယ်''

သူ ထိုစားပွဲမှ ထလာခဲ့စဉ် နောက်မှလှမ်းပြောသံများ ကြားနေရသေးသည်။

''ဆရာ. . . ကျွန်မတို့ကိုလည်း အိမ်ရှာပေးပါဦး။ လက်





ရှိအိမ်က ပူပူဆူဆူမို့ပါ ဆရာ။ ကျွန်မတို့လည်း အေးအေးကြိုက်တယ်''

ဩော်. . . လောကကြီးမှာ မြေနိမ့်ရာလှံစိုက်၊ နှုတ်ခမ်းပဲ့သူကို မေးငေါ့ချင်ကြတာ ဓမ္မတာပေပဲလား။ ပညာတတ်တွေဖြစ်ပေမယ့်လည်း မိန်းမဆိုတာ သဘောထားမကြီးနိုင်ကြဘူးတဲ့လား။ ဗေဒါရီကတော့ သူတို့သုံးယောက်ရှေ့မှာ မျက်စိသူငယ်နားသူငယ်။ တရားသူကြီးရှေ့မှောက်မှ တရားခံမလေးနှင့်တော့ သူ မနှိုင်းရက်။

ဘဝဆိုတာ ဒီ့ထက် အဓိပ္ပာယ်ရှိပါတယ် ဗေဒါရီ။
ဘဝရဲ့နေနည်းထိုင်နည်းတွေကို မင်းတွေ့အောင် ရှာပါ။
မင်းဘဝရဲ့သက်တမ်းရှေ့မှာ အမှားတွေ စွန်းပေးခဲ့တယ်
ဆိုရင်လည်း ပေးဆပ်ခြင်းနဲ့ ဖြူစင်စွာ တုံ့ပြန်ပါ။
မင်းကို ငါ ကူညီစောင့်ရှောက်နိုင်ကောင်းပါရဲ့ ဗေဒါရီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မနက်က ပြောင်းရွှေ့လာခဲ့သည့်အိမ်ကလေးကို လှည့်ပတ်ကြည့်ရင်း ဗေဒါရီ စိတ်အနည်းငယ် ချမ်းသာနေမိသည်။ အပြည့်အဝပျော်ရွှင်ဖို့ဆိုတာကတော့ သူမဘဝမှာ မဖြစ်နိုင်တော့ပါဘူး။

ဗေဒါရီ အောင်ခေတ်ကို ကျေးဇူးတင်ရသည်။ သူပို့ပေးသည့်အိမ်ကလေးသည် ဗေဒါရီ့အတွက် ငြိမ်းချမ်း တိတ်ဆိတ်သော နိဗ္ဗာန်ဘုံလေးပါပဲ။ သူမက လူတွေကိုကြောက်သည်။ လူအများနှင့် ဆက်ဆံပေါင်းသင်းရမှာ ကြောက်ရွံ့သူဖြစ်သည်။

ထူးထက်ထက်က ပြောခဲ့သည်။ 'မြို့စွန်က ချိုင်းဇရပ်မှာ သွားနေပါလား' တဲ့။ လူတွေကသာ ထပ်ဆင့်ကဲ့ရဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုလျှင် တကယ်ပဲ သူမ သချိုင်းဇရပ်မှာ သွားနေချင်ကြောင်း ထူးထက်ထက်ကို ပြောပြချင်စမ်းလှပါသည်။

သူမ ကံမကောင်းဘူး။ သူမ ကံမကောင်းခဲ့ပါ။ ဘုရားရှင်ကတော့ ဟောကြားခဲ့ဖူးပါ၏။ ကံကိုချည်း ပစ်ချယုံကြည်လွန်းသူဟာလည်း ဒိဋ္ဌိတဲ့။ သို့သော် သူဘဝတစ်လျှောက်လုံး ကံအဆိုးတွေနှင့် လုံးထွေးမွန်းကျပ်ခဲ့ရတာပဲမို့ မယုံကြည်လို့လည်း မဖြစ်နိုင်ပါချေ။ ကံဆိုတာ ယခု ပစ္စုပ္ပန်ဘဝရဲ့အလုပ်ဆိုလျှင်ဖြင့် ဗေဒါရီဟာ ပစ္စုပ္ပန်မှာ အကောင်းဆုံးဖြစ်အောင် လှုပ်ရှားနေထိုင်ပြုမူနေသူပင်။

ကိုယ် မသိမမီခင်က လူမှုရေးပြဿနာများကိုတော့ သူမ မည်သို့မျှ မတတ်နိုင်ခဲ့ပါချေ။ သူမက တန်ခိုးရှင်၊ ဖန်ဆင်းရှင်ကြီးတစ်ယောက်မဟုတ်သည်မို့ ရေမြေတောတောင်တွေကို ဖန်ဆင်းလို့ မတတ်နိုင်သလို ဖြစ်ပြီးသားကိစ္စများကိုလည်း အကောင်းပကတိဖြစ်အောင် ပြင်ဆင်ပေးဖို့ မတတ်နိုင်ခဲ့ပါ။

လူတွေကို ကြောက်တယ်၊ လူသားတွေမှာ စာနာတတ်တဲ့၊ နားလည်တတ်တဲ့နှလုံးသားတွေ မရှိကြတော့ဘူးလား။ မွန်မြတ် ကောင်းသန့် ဆေးဖက်ဝင်တဲ့နှလုံးသားတွေ မရှိကြတော့ဘူးလား။ ကမ္ဘာကြီးမှာ နှလုံးသားတွေအားလုံး ခါးသည်း မာ





တောက်ကုန်ကြပြီဖြစ်မည်။

အို. . . မြတ်စွာဘုရားအရှင်. . .

သေလွန်သူတို့မှ နိဗ္ဗာန်ကို အိပ်မက်ခွင့် မပေးပါနဲ့။

ရှင်လျက်နှင့် သေဆုံးနေကြသည့် တစ်ဝက်သေ လူသားများကိုလည်း အရှင်လတ်လတ် နိဗ္ဗာန်သို့ မျှော်လင့်ခွင့်ပေးတော်မူပါ။

ယောက်ယက်ခတ်အတွေးများကို လက်စသတ်ရင်းနှင့် မီးဖိုဆောင်လေးဆီသို့ ကူးခဲ့ပြန်သည်။ တောင့်တောင့်တင်းတင်း သစ်သားအိမ်လေးက သူမအတွက် စပယ်ရှယ်ဆောက်ထားသည့်အတိုင်း စိတ်တိုင်းကျလှသည်။ ဗေဒါရီကိုယ်တိုင်ကိုက အလိုဆန္ဒနည်းပါးသူမို့လည်း ဖြစ်လိမ့်မည်။ အိမ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ စာဖတ်ခန်းတို့က နေချင့်စဖွယ်ရှိသည့်အပြင် ဘုရားခန်းကလည်း ခမ်းနားတင့်တယ်သည်။ ကျောက်ဆင်းတုတော်တစ်ဆူနှင့် မှန်ကျောင်းဆောင်က တကယ်ပဲ သပ္ပာယ်လှသည်။ ရင်အေးလှပါဘိ။ သည်အိမ်ကလေးဟာ အဘယ်သူ နေသွားခဲ့တာတဲ့လဲ။ အဘယ်သို့သောအိမ်ရှင်မျိုးက စွန့်ခွာသွားခဲ့တာတဲ့လဲ။

မနက်က နံနက်ရှစ်နာရီခန့်မှာ အောင်ခေတ် လာခေါ်ပြီး အိမ်ကလေး၏အပေါက်ဝမှာ ချပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့! ဒါ အိမ်သော့၊ တစ်ယောက်တည်းမနေရဲရင် ခေါင်းရင်းခြံက အဘွားကြီးခေါ်အိပ်။ ပြောထားပေးမယ်"

သူမ ဘာမှပြန်မပြောရသေးခင်ဘဲ အောင်ခေတ် ထွက်ခွာသွားခဲ့သည်။ ပေဒါရီထင်ထားသည်က သူမ၏ပစ္စည်းပစ္စယလေးများကို အိမ်ကလေးထဲသို့ ကူသွင်း၊ ကူပြီး နေရာချထား၊ ပြီးတော့ အိမ်လခတို့ဘာတို့လည်း ရှင်းပြမည်ထင်ခဲ့သည်။ အင်းလေ. . . သူလည်း ပျံ့နှံ့နေတဲ့လေထုထဲမှ ပေဒါရီ မလုပ်ခဲ့သည့် အပုပ်နံ့များကို ရှိုက်ရှူရှိုက်နေမှာပေါ့။ ပေဒါရီ့အတွက်တော့ သည်လိုအရိပ်ဆိုးဖုံးအုပ်ခံရသည့်အဖြစ်မှာ နေသားကျမတတ် ရှိခဲ့ပြီမို့ သိပ်ပြီးမထူးဆန်းတော့။ ခံတော့ ခံစားရတာပေါ့လေ။ သူမမှာ နှလုံးသားရှိသည်မို့။

သည်နေ့ ဒေဝါလီနေ့။ ကျောင်းပိတ်ရက်မို့ အေးအေးဆေးဆေးတော့ ရှိသည်။ ပေဒါရီက ကိုယ့်အားကိုယ်ကိုးတတ်သူမို့ အိမ်ကလေး၏သော့ကို ကိုယ့်ဘာသာဖွင့်ပြီး မများပြားလှသည့် သူမ၏ပစ္စည်းလေးများကို သယ်ပို့လိုက်သည်။ မီးဖိုထဲမှာ အိုးခွက်ပန်းကန်အစုံအလင်နှင့် ဗီရိုကြောင်အိမ်လေးတစ်ခု တွေ့ရသည်။ သူမမှာ ချက်စားစရာအိုးခွက် ဘာမှမရှိ၊ သို့သော် သည်ပစ္စည်းတွေက မည်သူ့ပစ္စည်းတွေလဲ။ ယူသုံးခွင့်ရှိမရှိလည်း မသိ။





ပေဒါရီ အံ့ဩနေမိပြန်သည်။ ကူညီရင်လည်း ဆရာရယ်၊ အစအဆုံးကူညီပါတော့လား။ ယခုတော့ သူ့ကားလေးကို ခြံထဲသို့တောင် မဝင်ဘဲ အပေါက်ဝမှာပဲ ချက်ချင်းလှည့်ပြန်သွားရသတဲ့။ ပေဒါရီနှင့်ပတ်သက်ရမှာ ဒီလောက်တောင် ကြောက်သလားကွယ်။

ကျောင်းတက်ခဲ့ရသည့်နှစ်ရက်အတွင်း သူမကို လာကြိုခဲ့ဖူးသည့် ထူးထက်ထက်တို့သုံးယောက်၏နှုတ်မှ ခပ်ရိရိစကားများကို ပေဒါရီကြားလိုက်ရကတည်းက သူမ၏သတင်းသည် သည်တောင်ပေါ်မြို့လေးဆီ ရောက်ရှိနေပြီမှန်း ကြေကွဲစွာ နားလည်လိုက်ရသည်။ ကံဆိုးမအတွက် နားခိုစရာနေရာ မရှိတော့ဘူးလား။

"သတိသာ ထားနေပေတော့ပေါ့၊ ငါးခုံးမတစ်ကောင်တော့ ရောက်လာပြီ"

"ရောက်လာလည်း ဖမ်းကြော်ပစ်လိုက်တာပေါ့ကွာ"

"မထင်နဲ့၊ တချို့က ငါးပိကောင်ဖြစ်တာတောင် အမြီးလှုပ်ချင်တုန်း"

"ဒီမြို့မှာ သူဌေးတွေ ပေါတာနဲ့တော့ အတော်ပဲပေါ့။ ယောက်ျားဆိုတာ ငါးစာလှုလှုမြင်ရင် ဟပ်မှာချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆွေဂုဏ်မျိုးဂုဏ် ထောက်စရာမရှိလည်း ကျောင်းဂုဏ်ကိုတော့ ထောက်မယ်ထင်ပါတယ်ကွာ"

ပေဒါရီနှင့်ထိပ်တိုက်တွေ့တိုင်း ခပ်လှောင်လှောင်စကားတွေ။ မကြာမီ တခြားသူတွေပါ သိသွားမှာပါပဲ။ ဘယ်လိုက ဘယ်လို မိုင်ပေါင်းရာထောင်ချီပြီး သူမအကြောင်း သိနေကြပါသလဲ။ သူမက တကယ်ပဲ ငါးခုံးမလား. . . ဟင့်အင်း. . . သူမသည် ရာနှုန်းပြည့်ဖြူစင်နေသည့် အပျိုစင်မလေးပဲဖြစ်သည်။ မေမေ. . . မေမေ့ကြောင့်. . .။ သူမ ခေါင်းခါလိုက်ပါသည်။ အတွေးများကိုလည်း သည်နေရာမှာပင် တိခနဲ ရပ်၊ ဖြတ်ပစ်လိုက်သည်။

ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်က ပြုစုပျိုးထောင်ပေးခဲ့ရသည့်မေမေ၊ ကိုးလလွယ် ဆယ်လဖွား၊ အာဝေနိက ဒုက္ခများကို ခံစားခဲ့ရသည့် မေမေ့၏ကျေးဇူးများအတွက် ပေဒါရီဘာတွေများ ပြန်လုပ်ပေးခဲ့သေးလို့လဲ။ ယခုလို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပြုလုပ်ပေးခဲ့တာလည်း မေမေထောက်ပံ့လို့ပဲမဟုတ်လား။ သူမ မျက်ရည်တစ်ပေါက်ကို တိခနဲဖြတ်ထုတ်ပစ်လိုက်သည်။ မီးဖိုထဲမှာ အိုးတွေခွက်တွေရှိပေမယ့် သူတစ်ပါးပစ္စည်းကို ပေဒါရီ သုံးခွင့်မရှိပါ။ လောဂေါဆယ် ထမင်းချက်





ားလို့ မရသေး။

ပါလာသည့် အိပ်ရာလိပ်ကလေးကို အိပ်ခန်းတစ်ခုမှာခင်းသည်။ ကုတင်တွေဘာတွေတော့ မရှိ။ ဧည့်ခန်းထဲမှာလည်း ဆက်တီတွေဘာတွေမရှိ၊ နေကာထိုင် သင်ဖြူးလေးတွေ ထပ်ထားတာတော့ တွေ့ရသည်။ ပေဒါရီ အိမ်ပြတင်းတစ်ခုမှ ခြံပေါက်စနလေးထဲသို့ ကဲကြည့်လိုက်၏။ အို! အိမ်ရှေ့မှာ ပန်းခင်းလေး။ အိမ်နောက်ဘက်နှင့် အိမ်ကလေးပတ်လည်မှာတော့ ဟင်းသီးဟင်းရွက်စိုက်ခင်းလေးတွေ။

ဒါဖြင့် ဒီခြံကလေးဟာ ဘယ်သူ့ခြံလဲ၊ ပဟေဠိပါလား။ ဗိုက်ကလည်း ဆာလိုက်တာ။ အူကြောင်ကြောင်ဖြစ်နေရတာနှင့် ဆယ်နာရီလည်း ကျော်သွားခဲ့ပါပြီ။ ယခုထိ ဘာမှမစားရသေး။ အကောင်းဆုံးကတော့ သစ်တော်သီးစားမည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ပြတင်းနှင့်အနီးဆုံးမှာ သစ်တော်ပင်လေးက ပွတ်ပွတ်ရိုက်အောင် သီးနေလို့ဖြစ်သည်။ တကယ့်ချစ်စရာအပင်လေးက သူမတို့မြေပြန့်မှာ မာလကာသီးတွေ သီးနေသည့်အတိုင်းပါပဲ။ အိမ်ကလေးပြတင်းမှနေ၍ သစ်တော်သီးအလုံးကြီးကြီးသုံးလုံးကို သူမ ခူးဆွတ်လိုက်သည်။ နောက် ရေတောင်မဆေးဘဲ သူမဝတ်ထားသည့် ပင်နီရှပ်အင်္ကျီလေးနှင့်သုတ်ပြီး မာလကာသီး



www.burmeseclassic.com

www.burmeseclassic.com



စားသလို တဂျွတ်ဂျွတ်ဝါးစားပစ်လိုက်သည်။ တော်တော်အဆာပြေသွား၏။

သူမ အိပ်ခန်းထဲမှာ ကုလားထိုင်လေးတစ်လုံး တွေ့ရသည်။ ကုလားထိုင်ကို ပြတင်းနံဘေးမှာချပြီး တစ်ဘဝစာလုံးအတွက် ပေဒါရီ အမောဖြေလိုက်သည်။ မေမေသာ လာနေလျှင် သိပ်ကောင်းမှာပဲ။ သူတစ်ပါးအမြင်မှာ မေမေဟာ မကောင်းတဲ့ မိန်းမပြစ်ပါစေ၊ ပေဒါရီ့အတွက်တော့ မေမေဟာ အနန္တကျေးဇူးရှင်။

သူမ ချိုရွှမ်းသော သစ်တော်သီးလတ်လတ်ဆတ်ဆတ်များကို ကိုက်ဝါးစားပစ်လိုက်ပြန်သည်။ ရှေးရှေးက သူတော်စင်တွေဟာ တောထဲမှာ သစ်သီးသစ်ဖုတွေကိုပဲစားပြီး တရားကျင့်သတဲ့။ သည်ကနေ့တော့ သစ်တော်သီးတွေပဲ ဝါးစားနေလိုက်တော့မည်။ သစ်တော်သီးမှာ အာဟာရဓာတ်တွေ ပြည့်စုံကုံလုံနေမှာပါလေ။

အိမ်ကလေး၏ခြေရင်းဘက်သို့ သူမ မျှော်ကြည့်မိပြန်သည်။ အိမ်ကလေးက ဆင်ခြေဖုံးရပ်ကွက်မှာ ရှိသည်ထင်သည်။ လူနေအိမ်ခြေတွေကတော့ ခပ်ပါးပါး။ သို့သော် ရိုးသားသော တောင်ပေါ်သူတောင်ပေါ်သားများသည် သူမကိုစောင့်ရှောက်ကြ





ပါလိမ့်မည်။ ကျောင်းသွားလျှင်တော့ မြေနိမ့်လမ်းတွေမှာ နာရီဝက်လောက် လျှောက်ရမည်လား။ ဒါလည်း ကောင်းတာပဲ။ ကျန်းမာရေးနှင့်ညီညွတ်ပြီး လေကောင်းလေသန့်များလည်း ရှူရှိုက်ရမည်။

ခပ်မှိုင်းမှိုင်းတောင်များ၊ တိမ်များက အိမ်ကလေးကို နွေးထွေးအောင် အုပ်ဆိုင်းထားသည့်နှယ်။ နှင်းတွေကျလျှင် သိပ်လှသည့်မြို့သို့ ပေဒါရီရောက်လာတာ ကံကောင်းပါသည်။ ပေဒါရီက ကမ္ဘာမြေကြီးပေါ်မှာ မနေချင်ဘဲ ကမ္ဘာမြေကြီးထဲမှာတောင် ပုန်းအောင်းနေလိုလှသူမို့ အမြဲလိုလို နှင်းများနှင့် ဝေဝါးနေသည့်မြို့ကို နှစ်သက်သည်။

"ဒေါက်! ဒေါက်! "

ဟော. . . တံခါးခေါက်သံ။ အိမ်ရှင် ပြန်လာတာလား၊ ဧည့်သည်လာတာလား။ အိပ်ခန်းထဲမှ သူမ ထွက်လာခဲ့သည်။ ဧည့်ခန်းသေးသေးလေးကိုဖြတ်ပြီး တံခါးဖွင့်လိုက်တော့ အောင်ခေတ်ကို တွေ့လိုက်ရသည်။

"ဩော်. . . ဆရာ၊ ကျွန်မလည်း အကျိုးအကြောင်းသိချင်နေတာ။ ဒီအိမ်ရှင်က ဘယ်သူ၊ အိမ်လခက ဘယ်လောက်ဆိုတာတွေလေ. . . ဟင်! "

အောင်ခေတ်က ဆွဲခြင်းကြီးတစ်လုံးနှင့် အထုပ်အပိုး



www.burmeseclassic.com

www.burmeseclassic.com



များကို အိမ်ထဲသို့သွင်းနေတော့ ပေဒါရီ သွေးဆုတ်မတတ် ခံစားလိုက်ရသည်။

"ဟင် ! ဒါ. . . ဒါ. . . ဘာတွေလဲ. . . ဘာလုပ်တာလဲ"

"ဆရာမအတွက်လေ၊ ပေဒါရီ့အတွက်လေ၊ စားစရာသောက်စရာတွေ။ မင်းမှာ အဝတ်တစ်ထည် ကိုယ်တစ်ခုသာသာမဟုတ်လား။ ဘာမှမရှိဘူးမဟုတ်လား။ အဲဒါ ဆန်၊ ဆီ၊ ငါးခြောက်၊ ပုစွန်ခြောက်နဲ့ ကုန်ခြောက်တွေ။ လကုန်အထိတော့ စားလို့ရကောင်းပါရဲ့"

အောင်ခေတ်၏စကားကြောင့် ပေဒါရီ့မျက်နှာ ဖွေးခနဲ ပျက်ကျသွား၏။ လောကမှာ ဇာတ်လမ်းတွေဟာ တစ်ထပ်တည်းကျတတ်သလား။ သူမ ဒုတိယ စိန်စိန်ရီဖြစ်ရမှာတဲ့လား။ ဆန်ဆီဆားနှင့် ဟင်းချက်စရာများ ထည့်ထားသည့်ဆွဲခြင်းကြီးကို ကြည့်ရင်း သူမဒူးများ ညွှတ်ကျတော့မတတ်။ လူက သောကဒေါသများဖြင့် ပူလောင်လာခဲ့သည်။ မျက်ရည်များကလည်း ဖြိုးဖြိုးစွေစွေ။

"ဟင်! ဘာဖြစ်တာလဲ ပေဒါရီ. . . ဘာဖြစ်လို့လဲ။ နေမကောင်းဘူးလား"





ပေဒါရီ့အဖြစ်ကို အောင်ခေတ် နားမလည်နိုင်။ သူမဘာဖြစ်သွားတာလဲ။ အံ့အားသင့်နေဆဲ. . . ပေဒါရီက သူ့ကို ဒေါသတကြီး ရန်တွေ့တော့သည်။

"ရှင်! ရှင်!. . . ကျွန်မကို ဘယ်လိုအစားမှတ်နေသလဲ။ ဘာအကြံအစည်နဲ့ ကျွန်မကို ဖြားယောင်းသိမ်းသွင်းလိုက်တာလဲ။ ရှင့်ပစ္စည်းတွေ ယူသွား. . . ယူသွား၊ ရှင် လူယုတ်မာ၊ ကျွန်မကို ကူညီတာနဲ့တန်အောင် ရှင်က ပြန်ယူချင်တာလား။ ကျွန်မကို ဒီအိမ်ရှင်နဲ့ပဲ တွေ့ပေးပါ။ ရှင်ပြန်ပါတော့"

ဗလုံးဗထွေး ဒေါကြီးမောကြီးစကားလုံးများကို အောင်ခေတ် နားမလည်နိုင်။ ဘာတွေမှားယွင်းခဲ့လို့လဲ။ သုံ့ ဘာများယုတ်မာခဲ့လို့လဲ။ အဓိပ္ပာယ်တွေ လွဲမှားကုန်ပါပြီ။ အောင်ခေတ်မှာ သူ ကြမ်းတမ်းစွာ အစွပ်စွဲခံရတာကို ရှက်ရ နားမလည်ရတာက တစ်ပိုင်း၊ ပေဒါရီ သည်းထန်စွာ ငိုကြွေးနေတာကို အံ့ဩရတာက တစ်ပိုင်း။

"ပေဒါရီ. . . မင်း ဘာတွေပြောနေတာလဲ။ မင်းပြောတာတွေ ငါ တစ်လုံးမှလည်း နားမလည်ပါလား။ ငါက မင်းကို ဘာများလုပ်ခဲ့လို့လဲ"

"ရှင် မသိချင်ယောင် မဆောင်ပါနဲ့။ ကျွန်မကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို အထင်တကြီး အားကိုးတကြီးနဲ့ အကူအညီတောင်းမိခဲ့တယ်။ ကျွန်မဟာ လူတွေနဲ့ရောထွေးပြီး မနေတတ်လို့ သီးသန့်အခန်းလေးနဲ့ တကယ်ရိုးရိုးသားသားနေချင်ခဲ့တာပါ''

''အေးလေ. . . အဲဒါကြောင့် ငါ မင်းကို လုံးချင်းအိမ်လေး ငှားပေးခဲ့တယ်လေ''

''ဒါပေမဲ့ ရှင် ရိုးမှမရိုးသားဘဲ။ အခု ကျွန်မကို ဖြားယောင်းခဲ့ပြီမဟုတ်လား။ ရှင် ဘာအကြံအစည်နဲ့ ဆန်တွေ ဆီတွေ ဝယ်လာပေးခဲ့တာလဲ။ ဒီလိုနဲ့ပဲ ရှင် ကျွန်မကိုသိမ်းသွင်းလိုက်မှာမဟုတ်လား။ ကျွန်မ မမွဲသေးဘူး၊ ကိုယ့်ဘာသာ ဝယ်စားနိုင်တယ်။ ရှင့်ပစ္စည်းတွေ ပြန်ယူသွား၊ အိမ်ရှာပေးတာတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီကျေးဇူးကို ဒီလိုနည်းနဲ့ ပြန်မဆပ်နိုင်ဘူး''

ဗေဒါရီရှင်းပြမှ အောင်ခေတ် နားလည်သွားသည်။ သူမကိုလည်း တော်တော်စိတ်ပျက်သွား၏။ လောကမှာ လူတချို့ဟာ စေတနာနဲ့မထိုက်တန်ကြပါလား။ မလိမ်မိုးမလိမ်မှာ မိန်းမတစ်ယောက်အပေါ် သူခွင့်လွှတ်ရပေမည်။

သို့သော် ကျွဲမြီးတို၏။ ကိုယ့်ကိုယ်ကျင့်ပရားကို ထိပါးစော်ကားသည်ကို ဂမ်းလည်းနည်း၏။ အောင်ခေတ် ဗေဒါရီ့





မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

''ဒီမှာ အမျိုးသမီး၊ မင်းဟာ သူတစ်ပါးရဲ့စေတနာကို တော်တော်စော်ကားတတ်ပါလား။ မင်းဘဝမှာ မသူတော်တွေနဲ့ချည်း ကြုံဖူးခဲ့တာနဲ့ လူဝိုင်းကို သံသယဝင်နေတယ်။ မင်းဟာ မိုးပြိုမှာကြောက်တဲ့ တစ်တီတူးလိုသတ္တဝါပဲ။ ငါကတော့ မင်းကို လူသားချင်းစာနာတဲ့စိတ်နဲ့ လိုအပ်မယ်ထင်တာ ဖြည့်ဆည်းပေးခဲ့တယ်''

''မလိုပါဘူး''

''အေး. . . လိုမယ်ထင်လို့လို့ ငါဝန်ခံခဲ့ပြီပဲ။ မလိုအပ်ဘူးဆိုရင်လည်း ရတယ်၊ ဒီလောက်ကလေးနဲ့ ငါဘာမှမဖြစ်ဘူး။ ငါ့ကို ဖြားယောင်းတယ်၊ သိမ်းသွင်းတယ်ဆိုတဲ့ စကားလုံးမျိုးနဲ့ မစော်ကားနဲ့။ ငါက မင်းတွေ့ခဲ့ကြုံခဲ့ဖူးတဲ့ ယောက်ျားမျိုးမဟုတ်ဘူး။ ပြီးတော့ မင်းသိထားဖို့က ငါဟာ မိန်းမခရေစီသမားမဟုတ်ဘူး''

''အေး. . . ဒါပေမဲ့ လူသားချင်းစာနာတတ်တဲ့ နှလုံးသားတော့ ငါ့မှာအပြည့်ရှိတယ်။ မင်းယုံထားပါ ဗေဒါရီ။ မင်းစိုးရိမ်တဲ့အဖြစ်မျိုး ငါ့ကြောင့် ဘယ်တော့မှဖြစ်မလာစေရဘူး။ ရော့! ဒီမှာ ငါ့ရဲ့ဖုန်းနံပါတ်၊ မင်းဒုက္ခရောက်တဲ့အခါ မင်းအကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းစရာလိုတဲ့အခါ ဆက်သွယ်ပါ။ ငါကတော့ မင်းဆီ ဘယ်တော့မှ မဆက်သွယ်ဘူး၊ မလာဘူး. . . စိတ်ချ။ ကဲ! ငါသွားပြီ''

အောင်ခေတ် ထွက်ခွာသွားရာသို့ ပေဒါရီ တုန်လှုပ်စွာ ငေးကြည့်ကျန်ခဲ့သည်။ သူမ မှားပြီလား။ အောင်ခေတ်ဟာ သူတော်စင်တစ်ဦးဆိုလျှင်ဖြင့် သူမ မှားသွားခဲ့ပြီ။ သို့သော် ပေဒါရီ ခေါင်းကို ဖြည်းညင်းစွာ ရမ်းခါနေမိသည်။ သူမရဲ့ဘဝက အရေထူလို့မဖြစ်ပါဘူး။ အရေပါးမှဖြစ်မယ်။ လူတိုင်းကို ယုံကြည်လို့ မဖြစ်ပါ။

သူဟာ လူဆိုးလား. . . လူကောင်းလား. . .

သူမက လက္ခဏာဆရာကြီးလည်း မဟုတ်သည်မို့ လူကဲမခတ်တတ်။ တချို့လူတွေဟာ ဟန်ဆောင်ကောင်းကြတယ်။

ဆရာရေ. . . ကျွန်မရဲ့မေမေဟာ ဒီလို ဆန်တွေ ဆီတွေအတွက်၊ ဒီလိုဟင်းချက်စရာတွေအတွက်၊ ဒီလို အသားငါး ဗိတာမင်တွေအတွက် သမိုးဦးဘုံမြေခေတ်ကလို၊ အချစ်ကို ပေးဆပ်ခဲ့ရတယ်။ ကိုယ်ခန္ဓာကို ပေးဆပ်ခဲ့ရတယ်။ ပစ္စည်းချင်း လဲလှယ်တဲ့စနစ်ကို ကျွန်မ မုန်းတယ်။ ကျွန်မကိုယ်ကျွန်မလည်း မုန်းတယ်။

မေမေ့ကိုတော့ ကျွန်မ ဘယ်တော့မှမမုန်းပါဘူး။ မေ





မေဟာ ကျွန်မရဲ့သူရဲကောင်း။ မေမေဟာ ချစ်ခြင်းမေတ္တာရဲ့ သင်္ကေတ။ ပြယုဂ်တစ်ခု။

ကျွန်မ မှားသွားတယ်ဆိုရင် ခွင့်လွှတ်ပါ. . .

ဆရာ. . . ကျွန်မဘဝကိုသိရင် စာနာနားလည်နိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

ခြံကလေး၏အနောက်ဘက်မှာ စမ်းရေပေါက်တစ်ခု တွေ့ရသည်။ စမ်းပေါက်ကို ရေပိုက်စွပ်ပေးထားသဖြင့် ထိုရေပိုက်မှ စမ်းရေများ တသွင်သွင်စီးကျပြီး ရေစီးမြောင်းလေး စီးဆင်းရစ်ခွေနေပုံက ချစ်စဖွယ်။ ခြံကလေးနှင့် အိမ်ကလေးကို နှစ်သက်မြတ်နိုးစိတ် ဝင်မိတော့ ဗေဒါရီ အောင်ခေတ်ကို သတိရသွားမိသည်။

ဒါ တော်တော်ဆိုးတာပဲ။ ကိုယ့်ကိုကူညီသူကိုမှ လူဆိုးသူခိုးထင်မိတယ်။ အေးလေ. . . ဒါကြုံခဲ့မြင်ခဲ့ရဖူးသူတွေကတော့ မသူတော်တွေချည်းပဲကိုး။

မည်သို့ပင်ဖြစ်စေ၊ ယခုတော့ သူဝယ်ပေးခဲ့သည့် ဟင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်စရာများကိုပင် ဗေဒါရီ ချက်ပြုတ်နေရပေတော့၏။ တကယ်ဆိုတော့လည်း နေရာဒေသအသစ်မှာ ဗေဒါရီအတွက် ဈေးဝယ်ရမှာကအစ ခက်ခဲနေပါလိမ့်မည်။ ဒီတောင်ပေါ်မြို့လေးမှာ နေ့တိုင်း ဈေးနေ့မရှိ။ ဒီနေ့ဟာ ဈေးနေ့မှန်းလည်း သူမ မသိခဲ့။ နောက်တော့ သိသွားမှာပေါ့လေ။ အောင်ခေတ်အပေါ် တသိမ့်သိမ့် စိတ်မကောင်းဖြစ်နေမှုကို ဗေဒါရီ ဖျောက်ရသည်။

မီးဖိုခန်းထဲမှာ ချက်ပြုတ်နေရင်းမှ ည့်ခန်းသို့ လှမ်းမြင်ရနေရသည်။ အိမ်ကလေးက ခပ်သေးသေးမို့ အခန်းတိုင်းကို မြင်နေရသည်။ ယခုမှ ည့်ခန်းထောင့်မှ တယ်လီဖုန်းလေးကို တွေ့မိ၏။ တော်တော်ပြည့်စုံတဲ့ အိမ်ပေါက်စနလေးပဲ။ သူဝယ်ပေးလာသည့် ဟင်းချက်စရာများထဲမှာ ကြက်သားနှင့် ငါးတစ်ကောင် ပါလာခဲ့သည်မို့ ဗေဒါရီ နေ့ဖို့ညစာ ကြော်ချက်ထားလိုက်သည်။ တစ်ယောက်တည်းမို့ တစ်ပတ်လောက်တော့ စားလောက်မည်။

ချက်ပြုတ်ပြီးတော့ ဗေဒါရီ စမ်းပေါက်မှာ ရေသွားချိုးသည်။ ကျောက်စက်ရေသဖွယ် အေးစက်ချိုမြနေသည့် စမ်းရေပေါက်လေးက သူမ၏ပူလောင်မှုများကို ကြင်နာစွာ ငြိမ်းသတ်ပေးခဲ့သည်။ ငြိမ်းချမ်းလှပါသည့်ခြံကလေးသည် ဗေဒါရီအား





အနိုက်အတန့် ချမ်းမြေ့မှုပေးသည်။

ရေချိုးပြီးတော့ သူမ အသင့်တွေ့ရသည့် ကျောက်ပြင်မှာ သနပ်ခါး သွေးလိမ်းသည်။ ဗေဒါရီ ထမင်းစားတော့ နေ့လယ်တစ်နာရီ။ သူမ မေမေ့ကိုသွားသတိရသည်။ မေမေ နေကောင်းရဲ့လား၊ မေမေ ကျန်းမာပါရဲ့လား။ မြင်ခဲ့ရသည့်မေမေသည် အနည်းငယ်များ ပိန်သွယ်နေပါသလား။ ချောင်းလေးတဟွတ်ဟွတ်နှင့်မေမေ့ကို ဒီတစ်ခါကျောင်းပိတ်လို့ ပြည်မသို့ပြန်ဆင်းလျှင် စနစ်တကျ ဆေးကုသပေးဦးမှပါ။

သူမ ထမင်းစားပြီးချိန်မှာ ခြံရှေ့သို့ ဆိုင်ကယ်တစ်စီး ထိုးရပ်လာခဲ့သည်။ ရဲသွင်အောင်။ ဆရာကြီးအိမ်မှာ လေးရက်မျှ နေခဲ့ရသည်မို့ သူမ ရဲသွင်အောင်နှင့်မသိမဖြစ် သိခဲ့ရသည်။ မကျွမ်းမဖြစ် ကျွမ်းခဲ့ရသည်။ ကောင်လေးက တက္ကသိုလ်ကျောင်းသားကြီးဖြစ်နေလည်း တစ်ဦးတည်းသောသားပီပီ အရာရာ မိုက်ရူးရဲ တစ်ဖောက်ကန်း။ ဗေဒါရီ စိတ်နည်းနည်းညစ်သွားသည်။ ရဲသွင်အောင် အိမ်ပေါ်သို့တက်လာခဲ့သည်။ မြင့်မားသောအရပ်နှင့် ဝတ်ထားသောစတိုင်လ်က ခေတ်လူငယ်ပီပီ လှလှပပ၊ ရှုပ်ရှုပ်ခတ်ခတ်။ ဆံပင်ကို စုစည်းထားလိုက်သေး၏။

"မ တစ်ယောက်တည်း ဖိမ်ကျနေတယ်ပေါ့လေ။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ငှား၍ ဘယ်လောက်ပေးရသလဲ၊ ဘာဟင်းချက်သလဲ၊ အိမ်မှာ ထမင်းစားမကောင်းလို့။ မေမေ့လက်ရာက မကောင်းပါဘူးဗျာ။ 'မ' ချက်ပေးတဲ့ လေးရက်စာဟင်းတွေကို လွမ်းတယ်''

ဆက်တီမရှိသည့်ဧည့်ခန်းလေးမှာ ရဲသွင်အောင်က တင်ပလ္လင်ခွေ ထိုင်ချလိုက်သည်။ အစ်မဝမ်းကွဲတွေ များစွာရှိလို့ပေလားမသိ၊ ရဲသွင်အောင်သည် ယက်ရဲဇက်ရဲ၊ ပူးပူးကပ်ကပ်နေတတ်လှသည်။ ယခုလည်း သူထိုင်ချလိုက်သည်က ပေဒါရီ့အနားမှာ ပူးပူးကပ်ကပ်။ ဒါကြောင့်လည်း ပေဒါရီ အိမ်အမြန်ဆုံး ရှာနိုင်းပြီး အမြန်ဆုံးပြောင်းပြေးလာခြင်းဖြစ်သည်။

''မ. . . လွမ်းတယ်ဗျာ''

ဘုရားရေ! ဘယ်လိုစကားတွေတဲ့လဲ။ ပေဒါရီမှာ မျက်လုံးပြူးပြီး ပြူးရင်း ဖြစ်နေရသည်။ သူ့အနားမှာ နေရတာလည်း နီးကပ်လွန်းသဖြင့် ဟိုလိုလိုဒီလိုလိုဖြင့် မတ်တပ်ရပ်ပစ်လိုက်၏။

''ထမင်းစားမယ်ဆို ထမင်းကျွေးမယ်။ အဲဒီမှာ ထိုင်နေ၊ ယူလာခဲ့မယ်''

''မီးဖိုထဲမှာ စားမယ်လေ၊ ကျွန်တော်လိုက်ခဲ့မယ်''

''မလိုက်နဲ့၊ လူတွေမြင်လို့မကောင်းဘူး။ ကျွန်မက တစ်ယောက်တည်းနေတာ။ အဲဒီမှာပဲ ထိုင်နေ''





အလိုက်ကမ်းဆိုးမသိသူမို့ သိအောင် ပိဘ်ပြောပစ်လိုက်ပြီး ပေဒါရီ ထမင်းနှင့်ဟင်းများကို ဗန်းကလေးနှင့် သယ်လာခဲ့သည်။ သူ့အိမ်မှာ သူ့ထမင်းကိုစားခဲ့ဖူးသည်မို့ ပြတ်တောက်စွာတော့ ဆက်ဆံလို့မဖြစ်။

''စား. . . ဟင်းကတော့ ရှင့်တို့အိမ်လို ဖွယ်ရာမှာတော့ မဟုတ်ဘူး''

ဟင်းက ကြက်သားဆီပြန်နှင့် မုန်ညင်းရွက်ချဉ်ရည်၊ နောက် ပန်းဂေါ်ဖီကြော်၊ ဒါပဲ။ နေ့ဖို့ညစာ စီစဉ်ထားသည့်ဟင်းတွေကို အကုန်ထည့်မကျွေး။ တော်ကြာ ကျွေးရတာက ကိစ္စမရှိ။ တစ်ယောက်တည်းနေသည့်အပျိုအိမ်ကို လူပျို ခဏခဏ လာမှာ ပေဒါရီမကြိုက်။ ရဲသွင်အောင်ကတော့ ထမင်းကို အားပါးတရ စားနေချေတော့သည်။

'' 'မ'က အိမ်မှာ ဘာလို့မနေတာလဲ၊ ဘာလဲ. . . ကျွန်တော် ရှိလို့လား။ ကျွန်တော်က ကျောင်းဖွင့်ရက်ဆို မန္တလေးမှာ နေတာပဲ။ မနက်က ကျွန်တော် အိပ်ရာထတော့ 'မ'မရှိတော့ဘူး။ 'မ' ရက်စက်တယ်ဗျာ''

ယခုခေတ်ကောင်လေးတွေသည် ဒီလိုပဲ ရိုပတ်၊ [illegible] ကတ်သည်ထင်သည်။ ရဲသွင်အောင်စကားတွေကို နားထောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပေဒါရီ အသက်ရှူကျပ်လာ၏။ စိတ်ညစ်လိုက်တာ၊ သူမက မယ်သီလရှင်တစ်ပါးလို လောကကို စိတ်ကုန်စိတ်ပျက်၊ ကြောက်ရွံ့နေသူမို့ ကောင်လေးချောချော၏ အချွဲအနွဲ့တွေကို ခံစားလို့မရဖြစ်နေသည်။

" 'မ'က ကျောက်ရုပ် ကျောက်ဆစ်ရုပ်ပဲ၊ မာကျောတယ်"

ထမင်းစားပြီးတော့ ရဲသွင်အောင်က သူမကို ထမင်းဖိုးအဖြစ် ထိုစကားကို လက်ဆောင်ပေးသည်။ ပေဒါရီ ပြေရှင်းချက်မပေးမိ။ ထင်လေ. . . မင်းထင်တာ မှန်သားပဲ။ ရဲသွင်အောင်စားပြီးသည့်ထမင်းပွဲကို သူမ သိမ်းဆည်းလိုက်သည်။ ရဲသွင်အောင်က သူမလုပ်ကိုင်နေသမျှ ငေးကြည့်နေခဲ့သည်။

တင်ပါးထိ ဖြာဝေအိစက်နေသည့် ဆံနွယ်ပိုးမျှင်များကလက်လက်တောက်ပ။ 'မ' ခေါင်းလျှော်ထားဟန်တူသည်။ အိမ်နေရင်း ဝတ်ထားသည့် စပန့်ဂါဝန်ကလေးကလည်း ချောချောပြေပြေ။ ပုံပြင်ထဲမှ စင်ဒရဲလားကို သတိရစဖွယ်၊ သိပ်သိပ်သည်းသည်း နေထိုင်တတ်သည့် 'မ'သည် ရက်ပိုင်းနာရီပိုင်းအတွင်းရဲသွင်အောင်ကို ချစ်တတ်အောင် သင်ပေးခဲ့ပြီ။

အကြင်သူသည် မိန်းမတစ်ယောက်ကို တစ်နေ့မမြင်ရ





လျှင် မနေတတ်အောင်ဘဲ ဆတ်စလူးခါနေပြီဆိုလျှင် အဲဒါအချစ်တဲ့လား။ ရဲသွင်အောင်သည် 'မ'၏ နုဖတ်လှပသော မျက်နှာလေးကို သစ်ကော်သီးစားသလို ဝါးစားပစ်ချင်သည်။ ဖွဖွလေးပေါ့နော်၊ တကယ်တော့ ဝါးစားမပစ်ပါဘူး။ တကယ် ဝါးစားလိုက်လျှင် သူ ဘီလူးကြီးဖြစ်သွားမှာပေါ့။

" 'မ'အသက် ဘယ်လောက်ရှိပြီလဲ"

"ဘာလုပ်မလို့လဲ၊ ရှင်က ဗေဒင်ဆရာလား။ ကျွန်မဗေဒင်ဝါသနာမပါဘူး"

"အာ. . . မဟုတ်ပါဘူး၊ ပြောစမ်းပါ၊ အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်နှစ်၊ လာမယ့်ဒီဇင်ဘာမှာ ပြည့်မယ်"

"ဟာ!"

"ဘာလဲ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော်နဲ့ နှစ်နှစ်တောင် မကွာဘူး၊ အိုကေ. . . အိုကေ"

"အောင်မယ်! ဘာ အိုကေတာလဲ"

"အိုဗျာ. . . အိုကေချင်တာ အိုကေတာပေါ့။ ကဲ! [illegible] 'မ'ကို မြို့ပတ်ပြမယ်။ ကျွန်တော်က ကျောင်းပြန်ရတော့မှာဗျ။



www.burmeseclassic.com

www.burmeseclassic.com



'မ'ကို နယ်မြေအနေအထားတွေ ကျွမ်းသွားအောင် လျှောက်ပို့မယ်။ ကျွန်တော့်သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးမယ်။ ဒါမှ ဒီကောင်တွေ မကဲအောင်''

ရဲသွင်အောင်စကားတွေကို ပေဒါရီ လိုက်မမီ။ ခြေမျက်စိထဲ ရှည်လျားသည့်ဂါဝန်လေးကိုသာ ခြေမျက်စိဖုံးအောင် ဆွဲဖုံးထိုင်နေမိသည်။

''ထလေ၊ ထဆို ထဗျာ။ သူ့ကိုယ်သူ အဘွားကြီးကျနေတာပဲ။ အဘွားကြီးဂိုက်ပေးလည်း အပျိုလေးဟာ အပျိုလေးပါပဲနော်။ ပုံမှားရိုက်လို့မရဘူး''

''ကလေးကလားစကားတွေ မပြောနဲ့ဟာ။ ကျွန်မက ကျောင်းဆရာမကြီး ဖြစ်နေပြီရှင့်။ ကလေးကလားအလုပ်တွေ မလုပ်ဘူး။ စားပြီးရင်လည်း ပြန်တော့၊ နောက်လည်း ခဏခဏ မလာနဲ့။ ကျွန်မက တစ်ယောက်တည်းနေတာ၊ လူများမြင်လို့ မကောင်းဘူး''

ပေဒါရီ့စကားကြောင့် ရဲသွင်အောင် ဝမ်းနည်းသွားမိသည်။ သို့သော် စိတ်ကို ချက်ချင်းအားပေးလိုက်သည်။ မိန်းမတစ်ယောက်ကို ရအောင်ပိုးတဲ့နေရာမှာ ဒီလောက်တော့ အရေထူရမှာပေါ့။





''လူများမြင်လို့မကောင်းရအောင် ကျွန်တော်က 'မ'ကို ဖက်နမ်းနေတာမှမဟုတ်ဘဲ။ ဒီမြို့ကကောင်တွေ 'မ'ကိုမှားပြီး ပိုးမှာစိုးလို့ ကျွန်တော့်ပစ္စည်းဖြစ်ကြောင်း၊ မဂ္ဂာဂ်တိုင်တက်ပြမလို့ဗျ. . . သိရဲ့လား။ ထ. . . ကျွန်တော့်ဆိုင်ကယ်နောက်က လိုက်ရမယ်''

ရဲသွင်အောင်စကားကြောင့် ပေဒါရီ လိပ်ပြာလွင့်မတတ် ခံစားလိုက်ရသည်။ အရှက်များကြောင့် လူက ထူပူသွားရသည်။ မြွေဟာ ငယ်ပေမယ့် အစွယ်နဲ့ အဆိပ်နဲ့ပါလား။ ဘယ်တုန်းက သူ့ပစ္စည်းဖြစ်သွားရတာတဲ့လဲ။ ငြိမ်နေမိလျှင်တော့ သူမ နေရင်းထိုင်ရင်း ရည်းစားတစ်ယောက် ကောက်ရပေတော့မည်။ ရှက်ပေမယ့် ဖြေရှင်း ထုချေရတော့၏။

''ရဲသွင်အောင်. . . စကားကို စည်းကမ်းမရှိပြောတာ ကျွန်မ မကြိုက်ဘူး။ ရှင်က ဆရာကြီးရဲ့သားပဲ၊ ကျွန်မ ကိုယ့်မောင်လေးလိုသဘောထားတယ်။ ပေါက်ကရတွေ မပြောပါနဲ့။ ရှင်တို့လူငယ်တွေရဲ့ အူကြောင်ကြောင် ပေါ့ပေါ့ပါးပါး၊ ခုကြိုက်ခုကွဲဇာတ်လမ်းတွေထဲမှာ ကျွန်မကို ဘေးမဲ့ပေးထားလိုက်ပါ။ ကျွန်မကို ကိုယ့်အစ်မတစ်ယောက်လိုပဲ သဘောထားပေးပါ။ ကဲ! ရှင်ပြန်တော့''



www.burmeseclassic.com

www.burmeseclassic.com



ပေဒါရီစကားကြောင့် ရဲသွင်အောင် ဟက်ခနဲ ရယ်လိုက်သည်။ တစ်ဖွတ်ထိုးလုပ်တော့မည့်ရုပ်က လူဆိုးကြီးဗိုလ်အောင်ဒင်သဖွယ်။

"ဘာလဲ၊ 'မ'က . . . 'မ'ကို ကျွန်တော် ပေါ့ပေါ့ပါးပါး သဘောထားတယ်မှတ်လို့လား။ ခုကြိုက်ခုကွဲဓာတ်လမ်းတွဲတွေမှာ ကျွန်တော် ဓာတ်လိုက်မဟုတ်ဘူးဗျ။ ကျွန်တော်က သေတပန်သက်တဆုံး၊ ရိုးမြေကျပေါင်းမှာ။ 'မ'မယုံဘူးလား၊ ဘွဲ့ရအောင် မစောင့်ချင်ရင် ခုပဲ လက်ထပ်လိုက်မယ်လေ။ . . ပြီးမှ ကျောင်းဆက်တက်မယ်"

အမိပ္ပာယ်တွေကတော့ လွဲချော်ပြီးရင်း လွဲချော်ရင်း။ ဘယ်တုန်းက ရေတွင်းတူးပြီး ဘယ်တုန်းက ရေကြည်ထွက်လိုက်ပါလိမ့်။ ပေဒါရီ့မှာ ရည်းစားစကားတွေလည်း အပြောခံရဖူးပါရဲ့။ စာတွေလည်း အပေးခံရဖူးပါရဲ့။ ဒါပေမဲ့ ရဲသွင်အောင်ကတော့ အဆင့်ကျော်လွန်းသည်။ ဘယ်တုန်းက ရည်းစားစကားပြောပြီး ဘယ်တုန်းက သူ့ချစ်သူလို့ သတ်မှတ်လိုက်သည်မသိ။ လူလည်ကျလွန်း၏။

"ပြောလေဆိုးလေပါလား ရဲသွင်အောင်၊ ရိုးမြေ[illegible] ဘာတွေ ပြောရအောင် ရှင်နဲ့ကျွန်မက ဘာမှမဟုတ်[illegible]





လည်း သတိရဦး"

"ဘာမှမဟုတ်ရင် အခု ဟုတ်ဗျာ၊ 'မ'ကို ကျွန်တော် ချစ်တယ်. . . အရမ်းအရမ်းကို ချစ်တယ်။ ကျွန်တော် လူလားမြောက်ရင် 'မ'ကို လက်ထပ်မယ်"

"အေး. . . အဲဒီစကားကို ကျွန်မ တစ်သိုင်တည်း ပယ်တယ်၊ ကျွန်မကို ဖွတ်တရွတ်လုပ်တာ မကြိုက်ဘူး။ ကျွန်မကို ဒါတွေလာပြောမနေနဲ့"

"မရဘူးဗျာ. . . 'မ'ဒီလိုလုပ်လို့ ဘယ်ရမလဲ။ ဘာဖြစ်လို့ ကျွန်တော့်ကို မချစ်နိုင်ရမှာလဲ။ ကျွန်တော့်မှာ ဘာပြစ်ချက်ရှိလို့လဲ။ 'မ'. . . ကျွန်တော့်ကို ချစ်ကိုချစ်ရမယ်"

"သေလိုက်ပါလား၊ ရဲသွင်အောင်နော်. . . ရှင်လွန်နေပြီ။ ရှင့်ကို ဆရာကြီးမျက်နှာနဲ့မို့ သည်းခံတာမှတ်ပါ။ ရှင့်ကို မောင်လေးတစ်ယောက်လိုပဲ သဘောထားတယ်"

" 'မ'တို့မိန်းမတွေဟာ မူယာမာယာ သိပ်များတာပဲ"

"အောင်မယ်. . ."

"ကိုယ့်ကို သေမတတ် ရူးမတတ်ချစ်တဲ့ ကောင်လေးတွေကို အရသာခံပြီး ကြည့်ချင်ကြတယ်။ မိန်းမဆိုတာ တစ်နေ့မှာ လက်ထပ်ကြရမှာပဲဗျ။ ဒါများ. . . ဘာအိုက်တင်ခံနေရ



www.burmeseclassic.com

www.burmeseclassic.com



လိုသလဲ။ ကိုယ့်ကိုသေမတတ်ချစ်တဲ့ ကောင်လေးတစ်ယောက်ကို ဘာလို့ မချစ်နိုင်ရမှာလဲ။ 'မ'ကို သူများလက် အပ်ပါမခံနိုင်ဘူး။ ကျွန်တော့်ရည်းစားအဖြစ် သေသေဝပ်ဝပ်နေရမယ်၊ သင့်တော်တဲ့အချိန်မှာ လက်ထပ်ရမယ်။ ယီးတီးယားတားတော့ လုပ်မယ်မကြံနဲ့''

''အောင်မယ်. . . ကြည့်စမ်း! လူပါးဝလို့''

ဗေဒါရီ့ရင်ထဲမှာ ဓွေ့ဓွေ့ခုန်သွားရသည်။ ကြုံဖူးပါဘူး၊ ဒီလောက်လက်ပေါက်ကပ်တဲ့သူ မရှိဘူး။

''ဒါပဲ. . . အခု ဆိုင်ကယ်နောက်က မလိုက်ချင်လည်းနေဦး။ ကျွန်တော်ကတော့ 'မ'ကို ကျွန်တော့်ရည်းစားအဖြစ် သတ်မှတ်လိုက်ပြီ။ ရော့. . . ဒီမှာ ဖလိုင်းကစ်စ်''

သူက သူ့လက်ချောင်းများကို အနမ်းပေးလိုက်ပြီး အိမ်ကလေးပေါ်မှ ဆင်းသွားခဲ့သည်။ ဗေဒါရီမှာ ဒေါသကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။ သူမ ဘာများမှားယွင်းခဲ့သလဲ၊ ရဲသွင်အောင် ပြောအားရှိအောင် ဘာများ အားပေးအားမြှောက်ပြုမိခဲ့သလဲ။

သူ့အိမ်မှာ လေးရက်လုံးလုံးနေခဲ့မိတာကိုက မှားသည်။ လေးရက်လုံးလုံး ရဲသွင်အောင်၏အချစ်သစ်ပင်ကို သူမက ရေ





လောင်း ပေါင်းသင်၊ မြေဩဇာကျွေး လုပ်မိခဲ့သလား။ သူ့အိမ်နေ၊ သူ့မိဘများအရိပ်ကို ခိုခဲ့ရသည်မို့ အလိုက်အထိုက်တော့ ဆက်ဆံမိခဲ့တာပေါ့။

ကိုယ့်ပေါင်ကိုယ်ထုရင်း ဗေဒါရီ စိတ်ကြီး၊ ဒေါသဖြစ်နေရ၏။ တော်ပြီ! နောက်ဆို အိမ်တံခါးကို အမြဲသော့ခလောက်ကြီးကြီး ခတ်ထားမယ်။ နောက်ဘက်ကပဲ တိတ်တိတ် ဝင်မယ်၊ ထွက်မယ်။ ဘယ်ညှို့သည်မှ လက်မခံတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သည့်ကနေ့ ကျောင်းတက်ရမည်။ ဗေဒါရီ မျက်နှာပူနေရ၏။ အောင်ခေတ်ရုပ်က တည့်ကြည့်သည့်မို့ သူမ အထင်လွဲခဲ့တာတွေ မှားပြီဖြစ်မည်။ တကယ်ဆို ဗေဒါရီသည် မပြည့်စုံသူမှန်း သူအကဲခတ်မိပါလိမ့်မည်၊ ဟုတ်လည်းဟုတ်တာပေ့ါ။ အဝတ်အိတ်လေးတစ်ခု၊ အိပ်ရာလိပ်ပါးပါးလေးတစ်ခုသာ သယ်နိုင်ခဲ့သူသည် ဆင်းရဲလို့ပေ့ါ။

ညကအဖြစ်ကို သူမ သွားသတိရမိပြန်သည်။ ရှမ်းပြည်နယ်ဆောင်းက အေးလိုက်တာနော်။ ရေခွက်ထဲမှာ ရေနည်းနည်းလေးထည့်ပြီး အိမ်ပြင်ချထားလျှင် ရေခဲချပ်တွေရအောင် [illegible] သည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူမကိုယ်တွေ့ဖြစ်ခဲ့ပြီ။ ဆရာကြီးအိမ်မှာတုန်းက ဂွမ်းကပ်ပုံထဲ ဝင်အိပ်ခဲ့ရပေမယ့် ညကတော့ ကိုယ့်အိပ်ရာလိပ်နှင့်ကိုယ် အိပ်ခဲ့ရသည်။ ချမ်းလိုက်တာဆိုတာ မပြောပါနှင့်တော့။ မေမေပေးလိုက်သည့် စောင်လေးနှစ်ထည်က ရယ်စရာတောင် ကောင်းနေသည်။ အိပ်ရာခင်း ဂွမ်းကပ်ပါးပါးလေးကလည်း ရှိတယ်လို့တောင် မထင်ရ။ ရှိသမျှအင်္ကျီတွေ၊ အနွေးထည်တွေ ထပ်ဝတ်၊ ခြေအိတ်တွေ စွပ်သည်။ အချမ်းက ရက်စက်သည်။ လစာကလည်း လကုန်မှရမည်။ မေမေပေးလိုက်သည့် ငွေကလေး ငါးထောင်ကလည်း လမ်းစရိတ် စားစရိတ်နှုတ်၊ အနွေးဘည်လေးတစ်ထည်ဝယ်တာ နှုတ်တော့ ပြောင်လုပြီ။

"သမီး. . . မေမေ့မှာ ပိုက်ဆံတော့မရှိဘူး။ ဒီဆွဲကြိုးလေး ယူသွား။ ရွှေရှိတော့ လူရှိသေ ရှင်ရှိသေ၊ မရှိရင်လည်း ခဏပေါင်သုံးလို့ ရတယ်"

သိပ်မကျန်းမာသဖြင့် ဖေဒါရီကို လိုက်မပို့နိုင်သော မေမေသည် အမြော်အမြင်ကြီးစွာ သူ့ဆွဲကြိုးလေးကို အတင်းထည့်ပေးရှာခဲ့သည်။ ယခုတော့ ဒီဆွဲကြိုးကိုပေါင်ပြီး ဂွမ်းကပ်တွေဝယ်ရမလား။ သည်လိုချမ်းနည်းမျိုးနှင့်တော့ သူမ သေလိမ့်မည်။





ညကဒဏ်ကြောင့် ဖေဒါရီ့အသံများ ခပ်အက်အက်ဖြစ်နေသည်။ ဒါတောင် ဆောင်းဝင်စမို့။

ကျောင်းခြင်းကလေးကိုဆွဲပြီး ဖေဒါရီ အိမ်မှထွက်လာသည်။ နှင်းထုမကွဲတကွဲလမ်းများက နီနီဇွေးဇွေး။ ဆွယ်တာထဲကိုဖောက်ပြီး အေးသောဆောင်းမှာ သူမ ခပ်သွက်သွက် လမ်းလျှောက်နေရသည်။ ရှေ့က ပလောင်မကြီး သင်တိုင်းကို ငှားဝတ်ရလျှင် ကောင်းမှာပဲ။ သူတို့တော့ အအေးဒဏ်ခံနိုင်နေကြသည်။

ကျယ်ဝန်းသောကျောင်းကြီးထဲမှာ ကျောင်းသားတွေကလည်း အများအပြား။ ဆရာတွေဆရာမတွေလည်း အများအပြား။ အောင်ခေတ်ကို မျက်နှာပူသဖြင့် နားနေခန်းသို့ မသွားဘဲ သူမကိုယ်တာဝန်ကျရာအခန်းမှာပဲ နေမိသည်။ ထူးထက်ထက်တို့နှင့်လည်း ရင်မဆိုင်ချင်။ ကြိုတုန်းက လာကြိုဖော်ရသော ဆရာမချောချောလေးများသည် စနေ တနင်္ဂနွေနှစ်ရက်ခြားသွားသည်နှင့် သူမကို မှန်းတီးသွားကြပေပြီ။ ဖေဒါရီ့အကြောင်း သိသူ၊ မစာနာတတ်သူများသည် ဒီလိုပဲဖြစ်ဖြစ်သွားတတ်ကြောင်း တစ်ဘဝလုံး ရင်ဆိုင်တွေ့မြင်ပြီးခဲ့ပြီမို့ သူမ နားလည်လိုက်ပါသည်။

ကျောင်းမှာ ဆရာဆရာမတွေ များလွန်းသဖြင့် ကိုယ့်အစုနှင့်ကိုယ်လို ဖြစ်နေကြသည်။ ဖေဒါရီကတော့ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောမိပေမယ့် မည်သည့်အစုသို့မျှ မပါချေ။ အေးအေးပဲ နေမိသည်။ သူမအကြောင်းကို သိပြီးကြသည့်အခါ ဖြစ်သွားကြမည့်ဆက်ဆံရေးများကို ရင်မဆိုင်ချင်။ ယခုကတည်းက အေးအေးနေလိုက်တော့ ထူးပြီး မခံစားရတော့ဘူးပေါ့။

သင်ကြားရေးအပိုင်းမှာ ဗေဒါရီ အောင်မြင်ပါသည်။ ကိုယ့်စေတနာ ဝါသနာကြောင့် ဆရာမလုပ်သည့်အပြင် သင်ပြရမည့်ဘာသာရပ်ကလည်း ကျွမ်းကျင်ပြီးသား။ ကလေးများ နားလည်သဘောပေါက်အောင် သူမ သင်ပြနိုင်ပါသည်။ ကလေးများကလည်း အထာမလုပ်၊ မျက်နှာမလိုက်တတ်သည့် ဖြူဖြူစင်စင် ချောချောမွေ့မွေ့ဆရာမကို နှစ်သက်ကြသည်မှာ ဓမ္မတာပင်။

နေ့လယ်မှာ ထမင်းစားပြီး ထိုင်နေမိဆဲ၊ ကျောင်းသားတစ်ယောက် လာခေါ်ခဲ့သည်။

"ဆရာမ၊ ဧည့်သည်တစ်ယောက် တွေ့ချင်လို့တဲ့။ နားနေခန်းကို ခဏလာပါတဲ့"

ဗေဒါရီ လန့်သွားသည်။ ဘယ်က ဧည့်သည်လဲ။ သူမမှာ ဘယ်ကဧည့်သည် ရှိရမှာလဲ။ ရဲသွင်အောင်လား။ သူ မပြန်ရသေးဘူးလား။ တထိတ်ထိတ်ဖြင့် ဆရာများ နားနေခန်းသို့ ဗေဒါရီ လာခဲ့ရသည်။

"မ. . ."

ထင်သည့်အတိုင်းပါပဲ. . . ရဲသွင်အောင်။ ဘာတွေများ စကားထွင်ဦးမည်မသိ။ သူ့နောက်မှာ သူငယ်ချင်းတစ်ယောက်လည်း ပါ၏။ ရဲသွင်အောင်ရှေ့မှာ အထုပ်တစ်ထုပ်။ ဖဲကြိုးဝါဝါနှင့် စည်းလျက်။ ဗေဒါရီ သူတို့ရှေ့မှာ ထိုင်လိုက်ရသည်။ နေ့လယ်ထမင်းစားချိန်မို့ နားနေခန်းထဲမှာ ဆရာဆရာမတွေ အများအပြားတွေ့ရသည်။ ထမင်းစားသူ စား၊ စကားပြောသူ ပြောနှင့်။

"ကျွန်တော် ဒီညနေကားနဲ့ မန္တလေးတက်ရမယ်၊ မနက်က အလုပ်ရှုပ်နေတာနဲ့ 'မ'ကိုလာပြီး နှုတ်မဆက်ဖြစ်လို့ အခုလာနှုတ်ဆက်တာ။ နှုတ်မဆက်ဘဲ ပြန်သွားမိရင် 'မ' ဝမ်းနည်းနေမှာစိုးလို့လေ"

တော်တော်အသားယူသည့် ရဲသွင်အောင်ပါပဲ။ လူရှေ့သူရှေ့မို့ ဗေဒါရီ ဟောက်ထုတ်လို့တော့ မဖြစ်နိုင်ပါ။ ပြီးတော့ ဒါ သူ့အဖေကျောင်းမဟုတ်လား။

"ရော့! ဒါ အမွှေးထည်လေး၊ 'မ'အတွက် ချစ်လက်ဆောင်။ ဒီအကျီလေးကိုဝတ်တိုင်း ကျွန်တော် ထွေးထားတယ်လို့ ခံစားလိုက်နော်"







www.burmeseclassic.com

www.burmeseclassic.com



ရဲသွင်အောင်က ခေါင်းငုံ့ပြီး တိုးတိုးပြောပေမယ့် ပေဒါရီ အလန့်တကြားဖြစ်နေသည်က အသတ်ခံရတော့မည့် သမင်ပေါက်လေးနှယ်။ အရှက်လွန့်နေသည့်မျက်နှာက ပန်းသီးရောင်ဖြစ်နေပြီး ဦးခေါင်းက ကျောက်ဆစ်ရုပ်နှယ် ဘယ်ကိုမျှ လှည့်မကြည့်ရဲတော့။ ရဲသွင်အောင်ကို ပက်ပက်စက်စက် ပြောလိုက်ချင်သည့်စကားများကလည်း အာစေးမိနေသလို ပါးစပ်ထဲမှ ခုန်ထွက်မလာ။

" 'မ'. . . မငိုပါနဲ့ဗျာ၊ ကျွန်တော် ကျောင်းပိတ်တိုင်း ပြန်ပြေးလာမှာပါ။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ။ နေ့တိုင်း ညတိုင်း သတိရ. . . သိလား။ ကျွန်တော် သွားမယ်"

လူအများ ဝိုင်းကြည့်နေမှာမို့ အရှက်လွန်၊ အငွေ့ပျံ ထူပူနေသဖြင့် ဘာတွေပြန်ပြောရမည်မသိသေးဆဲ၊ ရဲသွင်အောင်က အလွမ်းမင်းသားစတိုင်ဖြင့် နားနေခန်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားခဲ့သည်။ နောက်မှ ဆရာဆရာမများ၏နှုတ်ဆက်သံတွေက ညံစီစီ ကပ်ပါသွားကြ၏။

"ဟေ့ကောင်ကြီး! စိတ်ဖြောင့်ဖြောင့်နဲ့ စာကိုကြိုးစား"

"ကောင်လေးနော်၊ အန်တီ့ကို သွားတိုင်ပြောလိုက်မယ်"

"တို့ကတော့ ကလေးလေး အောက်ခမ့်နေတာ၊ ခွေးကောင်လေး"





ပေဒါရီမှာ နေရာတွင်ပင် မလှုပ်ရဲ မထရဲတော့ဘဲ ထိုင်လျက် အသက်ပျောက်လုမတတ် ဖြစ်နေတော့၏။ ရှေ့မှအထုပ်ကြီးကိုလည်း လွှင့်ပစ်ချင်မိသည်။ ခွေးကောင်. . . အလကား တစ်ဖွတ်ထိုး. . . တဖောက်ကန်း. . . မိုက်ရူးရဲ. . . ငါ့ဘဝကို သကြိုလ်ဖို့ သူမွေးဖွားလာတာ။

သည်စဉ် ကျောင်းတက်ခေါင်းလောင်းသံ ကြားလိုက်ရသည်။ ပေဒါရီစိတ်ကိုတင်းပြီး ဆတ်ခနဲ မတ်တပ်ရပ်တော့ မျက်ရည်တစ်ပွင့်က နားနေခန်းကြမ်းပြင်သို့ တောက်ခနဲ လွင့်ကျသွားသည်။

စာသင်ခန်းများသို့ ဝင်မည့် ဆရာဆရာမများက သူမ၏ မျက်ရည်ပွင့်ပေါ် နင်းလျှောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"အလုပ်ကတော့ စနေပြီဟေ့၊ ဘာတွေဖြစ်လာဦးမလဲ"

"ယနေ့အချိန်ကစပြီး လက်ဆောင်တွေကို လက်လီလက်ကား လက်ခံနေပါပြီ။ မည်သူမဆို ပေးနိုင်ပါတယ်"

ရုံးခန်းသို့ ကျောင်းတက်ကျောင်းဆင်း လက်မှတ်ထိုးရန် ပေဒါရီဝင်လာဆဲ၊ ထူးထက်ထက်နှင့် ခိုင်ပြည့်စုံထံမှ မကြားတကြားစကားသံများ ကြားလိုက်ရသဖြင့် ပေဒါရီ ထူပူသွားသည်။ ရဲသွင်အောင် ပေးခဲ့သည့်လက်ဆောင်ထုပ်ကို ရည်ညွှန်းပြောခြင်းဖြစ်သည်။ တကယ်က ထိုလက်ဆောင်ထုပ်ကို ဖောက်၊ ထွက်လာသည့် ယုန်မွေးသွယ်တာအဂါလေးကို မလိမ့်တပတ်ဖြင့် အခ်တီဒေါ်နန်းရွှေရည်ထံ သွားရောက်ကန်တော့ခဲ့ပြီးသား။ မည်သူမျှ



www.burmeseclassic.com

www.burmeseclassic.com



မသိလည်း သူမ ကိုယ့်လိပ်ပြာ ကိုယ်လုံခဲ့ပြီ။ အန်တီကတောင် အံ့အံ့သြသြနှင့် ဆုတွေတစ်သီကြီးပေးခဲ့သည်။ 'ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လင်ကောင်းသားကောင်း ရပါစေ' တွေဘာတွေနှင့်။

ဗေဒါရီ သူတို့ရှေ့မှဖြတ်ပြီး ရုံးခန်းထဲသို့ ဝင်လိုက်သည်။ နိုင်ပြည့်စုံတို့နှစ်ယောက်လည်း နောက်မှလိုက်ဝင်လာ၏။ ရုံးခန်းထဲမှာ ဆရာကြီးက ဧည့်သည်များနှင့် စကားပြောနေသည်။ ရုံးခန်းမှစာရေးကြီးက ဆရာမများအား အသံတိတ်စာတွေ ထောင်ပြလိုက်သဖြင့် အားလုံး စာရေးကြီးနား ကပ်သွားကြသည်။ ဗေဒါရီက ငေးကြည့်ရုံသာ ကြည့်နေတော့ စာရေးကြီးက လက်ယပ်ခေါ်၏။ သူမ မနေသာတော့။ အနားသို့ သွားရ၏။

"ရော့! ဆရာမအတွက်က စာနှစ်စောင်၊ ဒေါ်နိုင်ပြည့်စုံက တစ်စောင်၊ ဒေါ်ထူးထက်ထက်ကတော့ သံကြိုးလာတယ်"

"ဟင်! ဒေါ်လေးမေမေ. . . ဒေါ်လေးမေ. . . ဆုံးပြီတဲ့။ ထူး. . . ထူး. . . မီရာကားနဲ့ ပြည်မ ပြန်ဆင်းမယ်"

သံကြိုးစာကို ယောင်ယမ်းပစ်ပေါက်ခဲ့ပြီး မျက်ရည်များဖြင့် ထူးထက်ထက် ဆရာကြီးဆီသို့ ပြေးသွားတာကို ဗေဒါရီ ငေးကျန်ခဲ့၏။ နိုင်ပြည့်စုံက ထူးထက်ထက်သို့ သွားရောက်ဖေးမ





ဖျောင်းဖျခဲ့သည်။ မကြာမီ မြင့်သီတာနှင့်အတူ အခြားဆရာဆရာမများလည်း အနားသို့ရောက်ရှိလာကြ၏။

"ဒေါ်လေးမေဟာ ဒေါ်လေးဆိုပေမယ့် ထူးရဲ့မွေးစားမေမေ၊ ထူးကို ပြန်ခွင့်ပြုပါဆရာကြီး။ ဖြစ်ရလေ ဒေါ်လေးမေရယ်၊ နေမယ်ဆို နေနိုင်သေးတဲ့အရွယ်၊ အသက်ငါးဆယ်တောင်မပြည့်သေးဘဲနဲ့"

ဝမ်းနည်းပက်လက်ငိုလိုက်၊ အံကြိတ်ပြီး ကိုယ့်ပေါင်ကိုယ် လက်သီးနှင့်ထုလိုက်ဖြစ်နေသည့် ထူးထက်ထက်အနားသို့ ဗေဒါရီ မကပ်ရဲပါ။ မဖျောင်းဖျရဲပါ။ တော်ကြာ ပိုဆိုးနေလျှင်ဒုက္ခ။ မယောင်မလည်ဖြင့်သာ ကိုယ့်အတန်းသို့ ကိုယ်ထွက်ခဲ့ရသည်။

အခန်းထဲကိုရောက်တော့ ဗေဒါရီ သူမအတွက် စာနှစ်စောင်ကို ငုံ့ကြည့်လိုက်သည်။ တစ်စောင်က မေမေ့ထံမှဖြစ်ပြီး တစ်စောင်ကတော့ မန္တလေးတံဆိပ်ရိုက်ထားသည်။ ရဲသွင်အောင်ပဲဖြစ်မှာပေါ့။ သူမ မေမေ့ထံမှစာကို အရင်ဖောက်ကြည့်လိုက်သည်။

*သပိ: ....*

*နေ့ရထိုင်ရတာ အဆင်ပြေတယ်ဆိုလို့ ပေမေဝမ်း [illegible] တယ်...*



www.burmeseclassic.com

www.burmeseclassic.com



သမီးပြောတဲ့အတိုင်းဆို မောင်အောင်ခေတ်ဆိုတာ လူကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သမီးရယ်... ယောကျ်ားတွေရဲ့ သဘောဆိုတာ စောကြောရ ခက်ပါတယ်။ မေမေ့ကို နမူနာယူပါ၊ သမီးဘဝကို အစွန်းအထင်းမရှိရအောင် ကြိုးစားပါ၊ မေမေ့လိုအစားမျိုးက ဒီလိုဆုံးမတော့ သမီး ရယ်ချင်မလားပဲ။ ဒါပေမဲ့ သမီးရယ်.... ဘယ်မိခင်မဆို ကိုယ်က မွေးဖွားပြီး နို့တိုက်ပေမယ့် ကိုယ့်သားသမီးကိုတော့ ပြစ်မျိုးမဲ့မယ် ဖြစ်စေချင်တာ ၊ စင်းလုံးချောစေချင်တာ အမှန်ပါ....

သမီးရဲ့ မြို့ကလေးက ဝေးလံခေါင်သီတော့ မေမေ့ရဲ့ အကိုပ်တွေ သမီးထံ မထိုးဖောက်နိုင်ဘူး ထင်ပါရဲ့။ မေမေစိတ်မကောင်းဘူး သမီးရယ်၊ မေမေ့ကြောင့် သားလည်း အိမ်က ထွက်သွားခဲ့ပြီ၊ အခု သမီးလည်း မေမေ့ဆီပြန်မလာတော့ဘူးဆိုရင် မေမေ့ဘဝဟာ အဓိပ္ပာယ်မရှိတော့ပါဘူးကွယ်၊ မေ့စေတနာတွေကို သမီးကတော့ သဘောပေါက်နားလည်လိမ့်မယ် ထင်ပါတယ်....

သမီးရေ.... မေမေလည်း နေလို့မကောင်းဘူး၊ ဝမ်းတွေကိုက်၊ ချောင်းတွေဆိုးပြီး အဖျားလည်း မကြာခဏ တက်တယ်။ သူများတွေ ပြောပြောနေကြတဲ့ AIDS ရောဂါလားဘာလားပဲကွယ်။ ဘာရောဂါပဲဖြစ်ဖြစ်လေ... မေမေ မကြောက်တော့ပါဘူး။ မေမေ့ရဲ့သမီးလည်း လောကအလယ်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီ၊ သားအတွက်ကိုတော့





မေမေ စိတ်မကောင်းပါဘူး၊ တကယ်လို့များ သားကို တစ်နေ့နေ့မှာ ပြန်တွေ့မယ်ဆိုရင် သမီးက တာဝန်ယူပါမယ်လို့ မေမေ့ကို ကတိပေးပါ၊ ဒါဆို မေမေ အေးအေးပြောင့်ပါပြီကွယ်....

ဒေါ်အယ်နီလည်း ရောဂါဖြစ်နေတယ် ကြားတယ်၊ ဦးဘုန်းလွင်ကတော့ ခပ်အေးအေးပဲ။ သူကတော့ ဘယ်သူသေသေ ငတေမာပြီးရော လူမျိုးလေ။ အခု မေမေ့အိမ်မှာ အတူးလေးကိုခေါ်ထားတယ်၊ ခြေရင်းအိမ်က ကလေးမလေးလေ။ မိုက်ခံလိုရင် ဆွဲကြိုးကို ပေါင်သုံး ရောင်းသုံးနော် သမီး။ မေမေပေးနိုင်တာတော့ အဲဒီဆွဲကြိုးတစ်ကုံးပါပဲ....

သမီးဘဝ တိုးတက်ပြီး စိတ်ချမ်းမြေ့နိုင်ပါစေ....

မေမေ စိန်စိန်ရီ

မေမေ့စာကိုဖတ်ပြီးသွားတော့ ဗေဒါရိ ပြူတင်းပေါက်မှ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ လောကတစ်ခုလုံး မိုးတွေ ရွာနေသလား။ အရာအားလုံးသည် မှုန်ဝါးဝါး၊ စိတ်ကိုတင်းပေမယ့် သူမ ရှိုက်ငိုပစ်လိုက်ချင်သည်။ မေမေ့စာက သေတမ်းစာ သဖွယ် မှာစရာရှိတာ အားလုံးမှာကြားခဲ့ပါလား။ မေမေ့စာထဲမှာ ဒေါ်အယ်နီ မကျန်းမာဘူးတဲ့။ ယခုတော့ ဒေါ်အယ်နီလည်း ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တောင်ဆုံးရှာပြီ၊ ထူးထက်ထက်သည် ဒေါ်အယ်နီတူမဖြစ်ကြောင်း မကြာမီကမှ ပေဒါရီ သိရ၏။ အခြေအနေကို သူမနားလည်ခဲ့ရသည်။ ထူးထက်ထက်တို့အဖွဲ့ သူမကိုမုန်းတာ နားလည်ခဲ့ပြီ။ ပေဒါရီ ဘာမှမတတ်နိုင်ပါ။ ကံကြမ္မာက ပေးသရွေ့ ဂြိုဟ်ဆိုးကြမ္မာဆိုးတို့ကို အကောင်းဆုံး ကြံ့ကြံ့ခံရတော့မှာပါပဲ။

လောကဟာ အစွယ်တဖွေးဖွေးထနေတဲ့ ပင်လယ်ကြီး ဆိုပါတော့။

သူမက အဲဒီပင်လယ်ထဲက လှေကလေး. . .

ဘယ်တော့မှ မျောလည်ထွက်မသွားစေရပါဘူး. . .

မဆုတ်မနစ် ကူးခတ် လှော်ယက်မယ်. . .

မေမေ့ကိုလည်း ဒီလှေကလေးပေါ်မှာ တင်ဆောင် ခိုနားစေဦးမယ်။ ပေဒါရီ မေမေ့၏စာလေးကို သိမှတ်မဲ့စွာ ပါးမှာ ကပ်ထားလိုက်ပြီးမှ စာအိတ်ထဲ ပြန်ထည့်သိမ်းဆည်းလိုက်သည်။ ရဲသွင်အောင်ထံမှစာကိုမူ မဖတ်တော့။ အိမ်ကျမှ ဖတ်ချင်ဖတ်မည်။ မဖတ်ချင်လည်း မဖတ်ဘူး။ အတ္တတွေ တဖွားဖွားနှင့် ပိုင်စိုးပိုင်နင်းတွေဖြစ်မှာပဲ။ ဖတ်လျှင် အကုသိုလ်တောင် များဦးမည်။ ကြောက်လွန်းလို့ ယောကျ်ားတွေကို ဝေးဝေးရှောင်ပါသည်ဆိုမှ တည့်တည့်တိုးရသေးသည်။ မေမေ့အတွက် ပူပန်သောက ရောက်





ရသည့်ကြားထဲ ဒင်းက တစ်မျိုး။

စာသင်ခန်းမှ သူမ လှမ်းမျှော်ကြည့်ဆဲ၊ ထူးထက်ထက်နှင့် မြင့်သီတာတို့နှစ်ယောက် ပြန်သွားတာ တွေ့လိုက်ရသည်။ အောင်ခေတ် လိုက်ပို့တာလည်း မြင်လိုက်ရသည်။ ဆရာနှင့်မဆုံတာတောင် ကြာခဲ့ပြီ။ ထူးထက်ထက်တို့အပြောကြောင့် ပေဒါရီကို ဝေးဝေးရှောင်တာလား၊ သို့မဟုတ် သူမ ကဲကဲဆတ် စွပ်စွဲခဲ့သည့်အတွက် စိတ်ဆိုးပြီး ရှောင်နေသလား။ ဘာတွေဖြစ်လာဦးမလဲ၊ ဘာတွေဖြစ်နေကြသလဲ။

အရေးကြီးတာက ပေဒါရီဆိုတာ ပန်းလေးတစ်ပွင့်လို နူးနူးညံ့ညံ့ နုနုရွရွမဖြစ်တည်ဘဲ၊ ကျောက်ဆောင်ကျောက်ပန်းခက်လို မာကျောကြံ့ခိုင်ရပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"အချစ်ဆုံးကြီးရေ...

မောင့်မှာ နေလို့လည်းမရ၊ စားလို့လည်း မရ၊ အိပ်လို့လည်း မရ၊ ကမ္ဘာဦးကတည်းက ပညတ်ထားတဲ့ ဟိုအသီးကြီးကို စားမိခဲ့လို့နဲ့ တူပါရဲ့ဗျာ။ မ... မောင့်ကို သနားလား။ တကယ်... တကယ် ...

ရှေ့လထဲမှာ မောင် ခဏလောက် ပြန်လစ်လာခဲ့ဦးမယ်၊ ပေပေသိလို့တော့ မဖြစ်ဘူးဗျ၊ သိတယ်မို့လား ... ပေပေက ရှေးရိုး ကျောင်းအုပ်ဆရာကြီးပီပီ ကျောင်းသားဆိုတာ ကျောင်းသားတာဝန် ကျေပွန်ရမယ်၊ ပညာကို ဘယ်လိုကြိုးစားရမယ်၊ နောင်တစ်ခေတ်မှာ ပခုံးဘယ်လိုပြောင်းရမယ်... ဘာ... ညာ... လေ။ ဒီတော့ မောင် ရည်းစားဆီပြန်လစ်လာမှာ ဘယ်ကြည်မလဲဗျာ။ မောင် ... "မ"ဆီမှာ နိုင်အောင်းနေရမယ်....

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲသွင်အောင်စာကိုဖတ်ရင်း ပေဒါရီ ဘုရားတ၊ မျက်လုံးပြူး၊ တစ်ကိုယ်လုံး တုန်သွားသည်။ ဖတ်ကြည့်မိလို့ တော်ပါသေးရဲ့။ ခုတော့ ရှောင်လို့တိမ်းလို့ ရဦးမှာပေါ့။ နည်းလမ်းရှာလို့ ရဦးမှာပေါ့။

သူမ ရင်တုန်ပန်းတုန်ဖြင့် စာကိုဆက်ဖတ်ရပြန်သည်။

*မောင်တို့ကျောင်းမှာ မိန်းကလေးတွေရှိပေမယ့် ဘယ်သူမှ "မ"လောက် ဆွဲဆောင်မှုမရှိဘူး။ ပြီးတော့ မောင့်ပတ်ဝန်းကျင်မှာလည်း "မ"လောက် ချောတဲ့ စင်းလုံးချောကို တစ်ခါမှမမြင်ဖူးဘူး။ မောင်က ရုပ်ရှင်ပြည်နယ်မှာ အနေကြာတော့ ဟိုဝကားမုံကိုမှ အသည်းစွဲတာနဲ့ အတော်ပဲ။ အာတဲ့ ... ရုပ်ကြိုက် နှာခေါင်းချောဆိုတာလေ၊ "မ"ရေ... ဆောရီးဗျနော်၊ နှာနဲ့ရှိုင်းတယ်ဆိုပြီး နှုတ်ခမ်းရှုံမနေနဲ့ဦး ....*

*လွှမ်းတယ်ဗျာ၊ တကယ်ပါပဲ... ရှေးရှေးတုန်းက တတ်ပြောသီချင်းလို မောင် အော်ဆိုနေချင်တော့တယ်။ "မြင်မြင်ချင်းပဲ ချစ်မိတယ်၊ မြင်မြင်ချင်းပဲ စွဲမိတယ်" ဆိုပြီးတော့လေ၊ ဒါတောင် "မ"ကို မလိုင်းပဲ ကစ်(စ်)ခွဲရတာ၊ တကယ် ကစ်(စ်)ရတာမဟုတ်သေးဘူး၊ အခုကတော့ ကျောင်းပြီးမှ လက်ထပ်မယ်စိတ်ကူးပါတယ်၊ ခုတော့ ဒီလိုမဟုတ်တော့ဘူးဗျ.... "မ"ကို မိုင်မိုင်နှိုင်နှိုင် လက်ထပ်ပြီးမှ*





*ကျောင်းတက်ရမှ မောင်အသေပြောင့်...အဲလေ၊ အနေပြောင့်မယ်ထင်တယ်။ အပီလွမ်းတယ်ဗျာ၊ ရှေ့လ ဆယ့်ငါး၊ ဆယ့်ခြောက်... မောင် ခုန်းနိုင်းပြီး ရောက်လာခဲ့မယ်၊ ရင်မွှင့်ပြီးသာ ကြိုပေတော့။*

*"မ"ပျော်ပါစေ...*

*မောင်...*

*ရဲသွင်အောင်*

"ဪ. . . ဪ. . ."

စာကိုဖတ်ပြီးတော့ ပေဒါရီ့ဒေါသတွေ စာရွက်ပေါ်သို့ ပေါက်ကွဲ စုတ်ပြဲသွားခဲ့သည်။ ကြည့်စမ်းပါဦး. . . တော်တော်အတွန့်ကြီးတဲ့ကောင်လေး။ သူပဲ တရားလိုလုပ်၊ သူပဲ တရားခံလုပ်၊ သူပဲ စွဲချက်တင်ပြီး ပေဒါရီ့ကို ကြိုးစင်တင်တော့မည်။ ဘယ်ဘုန်းကမှ ချစ်သည်လို့ အမူအရာတောင် မပြခဲ့သည့်မိန်းမတစ်ယောက်အပေါ် နိုင်စားလှချည်လား။ စီးပိုးလှပါလား။ နှုတ်ခမ်းကို ပြွတ်မတတ်ကိုက်ရင်း သူမ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာမိသည်။

မုန်းတယ်. . . ရဲသွင်အောင်ကိုမုန်းသည်။ လေမုန်တိုင်းလို ပရမ်းပတာတိုက်ခတ်ပြီး၊ ပရမ်းပတာနိုင်လှသည့် အချစ်ကို ပေဒါရီ ဖနောင့်နှင့်ပေါက်ချင်သည်။ ကိုယ့်ဘဝနှင့်ကိုယ် နေနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆည်တံ့နေရသည့်ကြားထဲ သည်လောကလေးကို အဖက်ဖက်မှ ထိုးခုတ်ဖျက်ဆီးချင်နေကြပါလား။ စိတ်ညစ်ညူးစွာ ဝေ့ကြည့်မိပြန်တော့ မှန်ပြတင်းမှ လရောင်နှင့်နှင်းငွေ့များက တစ်လောကလုံး မှောင်ပိန်းလို့။ တောင်ပေါ်မြို့လေး၏ အေးချမ်းငြိမ်ဆိတ်မှုက သုသာန်တစပြင်သဖွယ်။ မြို့က လူနေကျဲပါးရသည့်ကြားထဲ သူမနေတာ ဆင်ခြေဖုံးရပ်ကွက်လေးလည်းဖြစ်သည်။

ဝိုးတဝါးတောင် မနည်းမြင်ရသည့်လမင်းကို သူမ နှင်းထုထဲမှ ခွဲဖောက်ကြည့်ရသည်။ သည့်စဉ် ဗေဒါရီ့နောက်နားမှ တယ်လီဖုန်းလေးက တပါတီမြည်လာ၏။ သူမ ထိတ်ခနဲ ရင်ခုန်သွားခဲ့သည်။ ဘယ်သူလဲ. . . သို့သော် အောင်ခေတ်ပဲဖြစ်ပါလိမ့်မည်။ သူမက မည်သူ့ကိုမှ ဖုန်းနံပါတ် ပေးမထားခဲ့ဘူးလေ။

"ဟဲလို"

"မင်းဆီကို ဘယ်တော့မှ ငါအရင်မဆက်သွယ်ဘူးလို့ စိတ်ကိုဆုံးဖြတ်၊ ဒုန်းဒုန်းချထားပေမယ့် မရခဲ့ဘူး။ အသက်တွေကြီးလာလို့ပဲလား၊ ငါ့ဆုံးဖြတ်ချက်ကို ငါမလိုက်နာနိုင်တော့ဘူး။ ငါငယ်ငယ်တုန်းကဆိုရင် ဗူးဆို ဖရုံ ဘယ်တော့မှမသီးဘူး။ စိတ်တန်ခိုးအရမ်းထက်မြက်ခဲ့တယ်။ အလုပ်တစ်ခုကို မဖြစ်ဖြစ်အောင် လုပ်နိုင်ခဲ့တယ်။ လူငယ်ဘဝကိုပဲ ပြန်လွမ်းမိပါရဲ့။ လူငယ်ဆိုတာ





ထက်မြက်တယ်. . . ရက်စက်တယ်"

"ဒါပဲလား၊ ကျွန်မ ဖုန်းချလိုက်တော့မယ်"

ဘယ့်နှယ်. . . ညကြီးမင်းကြီး စကားပြောနေတာ ဒါတွေပြောဖို့တဲ့လား။ ဆယ်ကျော်သက်လေး မဟုတ်တော့ပေမယ့် နှစ်ဆယ်ကျော် ဗေဒါရီလည်း အကြင်နာတို့ကို မျှော်လင့်မွတ်သိပ်မိပါသည်။ တစ်ကမ္ဘာလုံးက ယောကျ်ားတွေကို အယုံအကြည်မရှိပေမယ့် သူ့တစ်ယောက်ထံမှ အကြင်နာတို့ကိုတော့ ဝိုးတဝါးမျှော်လင့်နေမိတာ ဗေဒါရီ မိုက်မဲသည်တဲ့လား။ ဗေဒါရီသည် နဂါးကမနိုင်လှသည့် လောကဓာတ်ခုံထက်မှ ပုထုဇဉ် လောကလေးသာ ဖြစ်သည်။

"နေဦး. . . ဒီနေ့ည သိပ်အေးတယ်၊ မင်း မသေသေးဘူးလား"

"အောင်မယ်! ရှင်သာ အရင်သေမှာသိလား၊ အလကားလူကြီး"

"အေး. . . မင်းက မာနကြီးလို့ မတောင်းဆိုပေမယ့် အအေးပတ်ပြီး သေမှာစိုးလို့ ငါ ဂွမ်းကပ်တွေ စောင်တွေ အခုလာပို့မယ်။ ခုမှ ညကိုးနာရီပဲရှိသေးတယ်၊ တော်ကြာ အရမ်းအေးလာမှာ"



www.burmeseclassic.com

www.burmeseclassic.com



''မလိုပါဘူး''

''ဘာလို့ မလိုရမှာလဲကွ၊ မင်းဘာနားလည်လို့လဲ၊ ခုည
အရမ်းအေးမှာ။ မင်းအသံတွေ ကွဲနေပြီ၊ ညသန်းခေါင်လောက်
ဆို အအေးပတ်ပြီး သေသွားလိမ့်မယ်''

''ရတယ်. . . ရှင်မလာနဲ့၊ တကယ်. . . တကယ်ပြေ
တာ၊ မူတာမဟုတ်ဘူး။ ညကြီးမင်းကြီး ရှင်လာမှာ ကျွန်မကြော
တယ်။ ကျွန်မ ခုည အရမ်းချမ်းရင် ကိုယ့်ကိုယ်ကို မီးထဲ ထည့
ဖုတ်လိုက်မယ်။ အခု ကျွန်မရှေ့မှာ မီးသွေးမီးဖိုလေး ရှိနေတယ
ကျွန်မ သေမသွားပါဘူးရှင်. . . စိတ်ချ။ လူ့ဘဝရဲ့ဝဋ်ကြွေးတွေ
ကို အလုံးစုံခံစားဖို့ ကျွန်မ အသက်ရှင်နေပါဦးမယ်''

''မပြောနဲ့. . . အဲလိုမပြောနဲ့၊ ငါမကြိုက်ဘူး။ နေ့လယ
က ရည်းစားစာဖတ်ပြီး ပါးနဲ့အပ်တာ၊ ငိုတာလည်း အရုပ်ဆိုး
လွန်းလှတယ်၊ တစ်နေ့ကျ မင်း ဒုက္ခလှလှတွေ့မယ်၊ ရဲသွင်အော
အကြောင်း ငါ ဘာမှ ဝေဖန်ချက် မပေးချင်ပါဘူး။ ဒါပေမဲ့ သ
ကလေးစိတ် မကုန်သေးဘူး''

ဩော်. . . အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားကြ
လည်း အူတိုတတ်တာလား။ သေတော့ မသေချာ။ ဗေဒါရီ ရှ
ချက် မထုတ်မိ။ တော်ကြာ မလုံသည့်အိုးမို့ ကွဲသည်ထင်ဦးမည





''ဒါပဲ၊ ကိုယ် အခု စောင်တွေ လာပို့မယ်''

''အာ. . . နေ. . . နေဦး ဆရာ. . . မလာနဲ့။ ကျွန်မ
တကယ်ပြောတာပါ။ ကျွန်မ တစ်ယောက်တည်းနေတာ၊ ဆရာ
လာရင် ဆရာ သိက္ခာကျလိမ့်မယ်။ အခုတောင် ထူးထက်ထက်
တို့ပါးစပ်ထဲမှာ ကျွန်မ ရစရာရှိမှာမဟုတ်တော့ဘူး''

တကယ်က ကိုယ်သိက္ခာကျမှာလည်း ဗေဒါရီ စိုးရိမ်ပါ
သည်။ သို့သော် သူစိတ်ဆိုးမှာစိုးလို့ သွယ်ဝိုက်ပြောလိုက်ခြင်း
ဖြစ်သည်။

''ရတယ်၊ ကိုယ်က ရိုးရိုးသားသားပဲ။ စိတ်ချ. . . မင်း
အိမ်ထဲတောင် မဝင်ဘူး။ စောင်တွေ ပစ်ချပေးရုံပဲ''

ဗေဒါရီ မတားဆီးနိုင်မီ ဖုန်းချသွားသည်။ လူသတ္တဝါမ
လေးတစ်ယောက် အအေးပတ်၊ သွေးခဲပြီး သေမှာစိုးလို့ဖြစ်မည်။
ယခုည အရမ်းအေးမှာတော့ အမှန်ပါပဲ။ မီးသွေးမီးဖိုကလေးက
တော့ အရှိန်ကောင်းကောင်းဖြင့် တောက်လောင်နေတုန်း။ ညဉ့်
ဦးပိုင်းမို့ အအေးဓာတ်က အရမ်းမပြင်းထန်သေး။ ဒါတောင် လွန်
လှပါပြီ။ မြေပြန့်သူမို့ တောင်ပေါ်ဆောင်းက ခါးသီးရက်စက်
လွန်းလှသည်ထင်မိသည်။ မီးသွေးကလည်း များများမရှိ။ ဒီည
တစ်ညစာတောင် လုံလောက်ပါ့မလား။ လောကကြီးဟာ သူဌေး



www.burmeseclassic.com

www.burmeseclassic.com



တွေ မခံစားရသည့်ဝဋ်ဒုက္ခကို ငွေမရှိသည့်ဆင်းရဲသားတွေ ခံစားရသည်။

ဟော! သူ တကယ်ပဲလာပါပြီ။ အိမ်ရှေ့မှ ညင်သာစွာ ကားရပ်သံကြောင့် ဗေဒါရီ တံခါးဖွင့်ကြိုမိ၏။

မိန်းမဆိုတာ ဣန္ဒြေရှိရမည်။ ဣန္ဒြေဆိုတာ ဟန်ဆောင်ခြင်းပေါ့။ ကြည့်လိုလျက်နှင့် မကြည့်တာ၊ စားလိုလျက်နှင့် မစားတာ၊ နောက် ချစ်လိုလျက်နှင့် မချစ်တာ။ ကျွန်မဟာ မူယာမာယာများတဲ့ ဣန္ဒြေရှင်ကြီးပေါ့. . . ဆရာ။

အောင်ခေတ် ကားနောက်တံခါးဖွင့်နေစဉ် နှင်းမှုန်များက သူ့ခေါင်းပေါ် ရွှဲနေအောင် ကျနေ၏။ ပုံပြင်လေးတစ်ပုဒ်နှယ်။ နှင်းမိုးတွေ ရွှဲနေသည့်ညကလေးတစ်ညမှာ သူမရဲ့ သူရဲကောင်းဟာ သူ့ရဲ့အိမ်ကလေးဆီ တိတ်တဆိတ်ရောက်လာသတဲ့။

သူက သူ့အထုပ်ကြီးများကို တစ်ခုပြီးတစ်ခု ထုတ်ယူပြီး တံခါးဖွင့်ထားသည့် ဗေဒါရီ့အိမ်ကလေးထဲသို့ ပစ်သွင်းနေခဲ့သည်။ နှင်းမိုးတွေကလည်း သူ့အပေါ် စိုရွှဲနေစေပြန်သည်။ သည်နှင်းမိုးဟာ ပေါက္ခရဝဿမိုး မဟုတ်ဘူးလား။ သူ့အပေါ် မရွာသွန်းလိုက်ပါနဲ့ မိုးရယ်. . . သူ စိုရွှဲတော့မယ်။

မကြာမီ အထုပ်များ ကုန်ဆုံးသွားခဲ့သည်။ အောင်ခေတ်





က ဗေဒါရီ့ဘက်သို့ မျက်နှာမူလိုက်သည်။

''ငါ့စကားအတိုင်း ကတိတည်ပါတယ်နော်၊ ငါ မင်းအိမ်ပေါ် မတက်ပါဘူး၊ သွားပြီ''

အူကြောင်ကြောင်လူကြီးက နှုတ်ဆက်စကားဆိုရင်း ကားပေါ်ပြန်တက်၊ နောက်ဆုတ်မောင်းကာ လျင်မြန်စွာ ထွက်ခွာသွားခဲ့သည်။ သူမရဲ့အိမ်ပေါက်ဝမှာ အထုပ်တွေ အများအပြား ကျန်ခဲ့၏။ ဒါဟာ အိပ်မက်လား၊ သူဟာ အိမ်မက်ထဲမှာပဲ ဗေဒါရီ့ကို တွေ့ဆုံခဲ့မှာလား။ သူ ဗေဒါရီ့ကို ဂရုတစိုက် တကြင်တနာရှိလှတာ လူဟွေကတော့ သိမည်မထင်။ လူတွေရှေ့မှာတော့ သူသည် မျက်နှာကြီးရစ်ခေါက်ချိုးနှင့် ဂရုမစိုက်စွာ ပုပ်သိုးပြနေပါဦးမည်။

ဗေဒါရီ ဖျတ်ခနဲ သတိတရ စိုးရိမ်မိသွားသည်။ အိမ်တံခါးကြီးကိုလုံခြုံစွာပိတ်ပြီး အထုပ်အပိုးများကို အိမ်ထဲဆွဲရွှေ့လိုက်သည်။ ဒါတွေ ဘယ်လောက်ဖိုးပါလိမ့်။ ပေးစရာငွေလည်း မရှိ တစ်နေ့နေ့တော့ ပြန်လည်ပေးဆပ်ရမှာပေ့ါလေ။ အခုလောက်ဆို သူအိမ်ပြန်မရောက်လောက်သေး၊ အထုပ်များကို သူမ ဖောက်ကြည့်လိုက်သည်။

အို! များပြားလှပါသည့် ဆောင်တွေ ဂွမ်းကပ်စွေ့က



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ထုပ်ထားရာမှ ရှန်းကြွလာကြသည်။ သည်မှာ ညအိပ်ဖို့ အနွေးထည်ရှည်ရှည်ကြီးက နှစ်ထည်။ နောက် ကျောင်းတက်လျှင်ဝတ်ဖို့ အနွေးထည်လုလု နှစ်ထည်။

ရှင် ဘယ်လောက်တောင် ချမ်းသာနေသလဲ ဆရာ။

ရဲသွင်အောင်ပေးစဉ်က အနွေးထည်လေး တစ်ထည်ကိုတောင် လက်မခံချင်သည့်သူမသည် အောင်ခေတ်ပေးသည့် ပစ္စည်းအများအပြားကို ကြည်ဖြူစွာ လက်ခံခဲ့မိပြီ။ အဲဒါ ဘာကြောင့်လဲ။ ဗေဒါရီ မသိ။ တစ်ခုပေးမှ တစ်ခုရသည်ဆိုသည့် လောကနိယာမအရဆိုလျှင်တော့ ဗေဒါရီ. . . သူ့အပေါ် တစ်ခုမက ပေးဆပ်ချင်လှပါသည်။ သို့သော် သူမ ကိုယ့်စိတ်ကိုယ် ချုပ်ထိန်းလိုက်သည်။ ကြိုလာသမျှထဲမှာ အကောင်းဆုံး လုပ်ဆောင်ရမှာပေါ့။

သည်အချိန်ဆို သူ အိမ်ပြန်ရောက်နေလောက်ပြီ။

အလွတ်ရနေသည့်နံပါတ်ကို သူမ လျှောက်နှိပ်လိုက်သည်။ တယ်လီဖုန်းလေး မြည်လာ၏။

''ဟဲလို''

တစ်ဖက်မှ အသံသြသြချိုချိုက နွေးနွေးယစ်ယစ် တိမ်းတိမ်းမူးမူး။





''ရှင့်ခေါင်းတွေ အရမ်းစိုနေတယ်၊ သုတ်လိုက်ဦး''

ပြောပြီး ချက်ချင်း သူမ ဖုန်းချပစ်လိုက်သည်။ ဘာကြောင့်တာလဲလို့ သူတွေးနေလိမ့်မည်။ ဒါဟာပဲ သံယောဇဉ်တို့၏ မူလအစ. . . မြစ်တစ်ခုရဲ့အစ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ကျောင်းမှာ ထူးထက်ထက်နှင့်မြင့်သီကာ နှစ်ယောက် လျော့သွားသဖြင့် အထက်တန်းပိုင်းအချိန်ဇယားမှာ လစ်ဟာမှုတွေ ရှိသွားခဲ့သည်။ သူတို့နှစ်ယောက်၏စာသင်ချိန်များကို အစားထိုးဖို့အတွက် ဆရာကြီးက ဗေဒါရီနှင့်အောင်ခေတ်ကို တာဝန်ပေးသည်။

မနက်ပိုင်း သုံးချိန်ဆက်တိုက် အတန်းများဝင်ပြီး တစ်ချိန်အားသဖြင့် ဗေဒါရီ ဆရာများနားနေခန်းသို့ လျှောက်ခဲ့၏။ သည်နေ့ လစာထုတ်ရမည့်နေ့ဖြစ်သဖြင့် တစ်ကျောင်းလုံး ပိုမိုတက်ကြွနေသည်ထင်မိသည်။ အခြားသူများ တက်ကြွ မကြွတော့ သူမ မသိ။ သူမကတော့ တက်ကြွနေတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



အင်း. . . အကြွေးတွေကတော့ အများကြီးပဲ။ အောင်ခေတ် ဝယ်ပေးထားသည့် စားကြွေးသောက်ကြွေးများရယ်၊ စောင်တွေ ဂွမ်းကပ်တွေ အနွေးထည်ဖိုးတွေ၊ နောက် အိမ်လခ၊ ဗေဒါရီ သက်ပြင်းချလိုက်သည်။ သွေးမတော်သားမစပ် ဘာမျှမဆိုင်သည့် လူတစ်ယောက်၏အကူအညီ သူမ မယူသင့်။ တတ်နိုင်သလောက် အကြွေးပြန်ဆပ်ရပေမည်။ တစ်နေ့နေ့တော့ ကျေရမှာပေါ့။

နားနေခန်းထဲမှာ အောင်ခေတ် ထိုင်နေတာ ဗေဒါရီ တွေ့လိုက်ရသည်။ ကျောင်းမှာ တစ်ခါမှခေါ်လေ့ခေါ်ထ မရှိသည့်မို့ ခေါ်ရမှာလား၊ မခေါ်ရဘူးလား သူမ မဝေခွဲတတ်ပေ။ ဘယ်လိုဘဝကြီးပါလိမ့်နော်။ အရိပ်မည်းထိုးသည့်ဘဝပေမို့ အများတကာတွေနှင့် ဆက်ဆံရာမှာ မရွံ့မရဲဖြစ်နေရသည်ပေပဲလား။

သူမ အစွန်ဆုံးကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ နားနေခန်းထဲမှာ အနားယူသူ၊ စာဖတ်သူ၊ လေ့ကျင့်ခန်းစာအုပ်များစစ်ဆေးသူတို့ဖြင့် စည်စည်ကားကား။ အောင်ခေတ်က မကြည့်လာသည်မို့ ဗေဒါရီ အလိုက်တသိ မခေါ်ဘဲနေလိုက်ရသည်။ ထိုစဉ် ရုံးခန်းထဲမှ တစ်ဦးချင်းခေါ်ပြီး လစာထုတ်ပေးနေသည်မို့ သူမ လစာသွားထုတ်ခဲ့သည်။





လစာထုတ်ပြီး ဗေဒါရီ လစာငွေလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အပြင်သို့ထွက်လာတော့ သူမ အောင်ခေတ်ကို မတွေ့ရတော့ပေ။ အိမ်လခနှင့်စားကြွေးသောက်ကြွေးတွေ ဘယ်လိုပေးမလဲ။ ဘယ်လိုလုပ်ရမလဲ။ သူ့ဆီဖုန်းဆက်မေးရလား။ သူကကော သူ့ဆီဆက်သွယ်တာ ကြိုက်ရဲ့လား။ ဗေဒါရီ စိတ်လှုပ်ရှားမိပါသည်။ သည်စဉ် သူမအနီးမှ ဆရာမဒေါ်ဝင်းရီက အလ္လာပ သလ္လာပစကားတွေ ပြောခဲ့၏။

"ဗေဒါရီ. . . ထူးထက်ထက်တို့ပြန်သွားတာလည်း တစ်ပတ်လောက်ရှိနေပြီနော်။ ဆရာကြီးကလည်း ခိုင်းကောင်းတဲ့သူတွေကိုပဲ ခိုင်းနေတယ်။ ဦးမျိုးနိုင်ဆို တစ်ပတ်လုံးမှ ဆယ့်ငါးချိန်တည်းရယ်၊ ခုတော့ ညီမနဲ့ ဆရာဦးအောင်ခေတ်ပဲ လိမ့်ခိုင်းနေတယ်"

"ရပါတယ် မမရယ်၊ ကျွန်မဘာသာက နည်းနည်းမမီချင်ဖြစ်နေတာ၊ ခုတော့ အတော်ပဲပေါ့"

"အကူအညီလိုရင် ပြောနော်"

"ဒါကတော့ သူ့အဆင့်နဲ့သူပေါ့မမရယ်၊ ကိုယ်က ငွေတစ်ကျပ်နဲ့ ထမင်းစားမှုရမယ်ဆိုရင်လည်း တစ်ကျပ်နဲ့လောက်အောင် သုံးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''မမက စေတနာနဲ့ကူညီမလို့ပါ၊ ပေဒါရီက စာအသင်ကောင်းတော့ ဝိုင်းလေးဘာလေး ပြချင်ရင်ပြော။ မမ စည်းရုံးပေးမယ်။ ပွဲခတွေဘာတွေ မလိုပါဘူးကွယ်၊ သဒ္ဓါကြေးပဲ မမက မက်မောပါတယ်''

ဘာစကားတွေတဲ့လဲ။ အရောင်းအဝယ်ဆန်သည့်စကားတွေကို ပေဒါရီ အံ့သြပြီးရင်း အံ့သြနေရသည်။ ပေဒါရီက စာသင်ခန်းမှာ ခွန်အားကို ပုံအောအသုံးချသူဖြစ်သဖြင့် သူမ၏ဘာသာရပ်က ကျူရှင်သင်စရာလည်း လိုမည်မထင်။ သို့သော် စကားကို ပြေပြေပြစ်ပြစ်ပြောရ၏။

''လောလောဆယ် ကျွန်မ အခြေမကျသေးလို့ ဘာမှ မလုပ်ချင်သေးပါဘူး။ နောက် အကူအညီလိုတော့ ပြောမှာပေါ့နော်''

ပေဒါရီ စိတ်ပျက်စွာ ခေါင်းခါရမ်းမိသည်။ လစာငွေထည့်ဖို့ ဆွဲခြင်းလေးကိုယူစဉ် မေမေ့စာလေးက သံမံတလင်းပေါ်သို့ ဖျက်ခနဲကျသည်။ စာကိုလှမ်းကောက်စဉ် စာခေါက်ရှေ့မှာ ခြေထောက်တစ်စုံတွေ့ရ၏။ သူ. . .။ ပေဒါရီ့ရှေ့မှာ ဝင်ထိုင်လာခဲ့သည်။

''ဆရာ. . . အိမ်လခ. . . နောက်. . .''





သူမ စကားဆက်ခွင့်မရှိ။ သူက သံကြိုးစာတစ်စောင်ကို လှမ်းပေးလိုက်သည်။

**''မမ...ဒေါ်ဒေါ် အခြေအနေမကောင်း၊ အမြန်လာပါ... အတူးလေး''**

သံကြိုးစာလေး စားပွဲပေါ်သို့ လွတ်ကျသွားသလို သူမ မျက်ရည်အိတ်လည်း ဖျတ်ခနဲ ပေါက်ကွဲသွားခဲ့သည်။

''မေမေ''

ဘီးတိုးအသံလေးက ကွဲကွဲရှရှ။ နာကျင်ညည်းတွားစွာ။ သူမ ဆရာကြီးရုံးခန်းသို့ပြေးဖို့ပြင်စဉ်၊ အသံတစ်ခု ကြားလိုက်ရ၏။ ဆရာမတစ်ယောက်ရဲ့အသံ။

''မြေပြန့်သူတွေဟာ အိုက်တင်ကောင်းကြတယ်။ အိမ်ပြန်ချင်ရင် အကြောင်းအမျိုးမျိုးရှာတော့တာပဲ။ တို့ငယ်ငယ်ကလည်း ဒီလိုနည်းတွေ သုံးဖူးတယ်။ ဒါပေမဲ့ သူတို့လောက် အိုက်တင် မပိရိဘူး''

မြေနိမ့်ရာ လုံစိုက်ချင်ကြပါပေ၏။ သူ့ဒွေးတွေမှ အဒေါ်သေတာ ပြန်ခွင့်ရှိတာလား။ ပေဒါရီ တုံ့ဆိုင်း ဒရွတ်ဆွဲသော ခြေလှမ်းများဖြင့်ပင် ဆရာကြီးရှေ့မှောက် ရောက်ရပြန်သည်။ စောစောက ဆရာမ နိမိတ်ဖတ်သည့်အတိုင်း သူမကို ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



က ဇဝေဇဝါမျက်လုံးများဖြင့် မော့ကြည့်သည်။

"ခက်တာပဲ၊ ခွင့်ယူထားတဲ့သူတွေ မီးဖွားခွင့်တွေနဲ့ လူ တွေလည်း မကျန်တော့ပါလား"

"ဒါဖြင့် ကျွန်မ..."

"သွားလေ...သွားပါ၊ ဒါ အမှန်ဆိုရင်တော့ သွားပေါ့"

အမှန်ဆိုရင်တော့...တဲ့။ စကားတစ်လုံးက ငြိရသေး သည်။ သို့သော် ဗေဒါရီ သည်းခံရသည်။

"ဘယ်တော့သွားမလဲ၊ တစ်ယောက်တည်းပြန်ရဲလား"

သူမ၏ ငယ်နု နုံအသောရုပ်ကိုကြည့်ပြီး ဆရာကြီးက ဆိုသည်။

"မနက်စောစောကားနဲ့သွားမယ် ဆရာကြီး၊ ပြန်ရဲပါ တယ်"

ဗေဒါရီ ရုံးခန်းမှထွက်လာခဲ့သည်။ နားနေခန်းမှာ အောင် ခေတ်ကိုမတွေ့ရတော့။ သည်စဉ် ထူးထက်ထက်နှင့်မြင့်သီတာ တို့နှစ်ယောက် အထုပ်အပိုးများနှင့် ကျောင်းထဲဝင်လာခဲ့ကြသည်။ တင်းမာနေသောမျက်နှာများက တစ်စုံတစ်ယောက်ကို စားတော့ ဝါးတော့မတတ်။ ညောင်ဦးကမ်းပါးပြိုတာနှင့် စမ္ပာနဂိုရ်က နွားမ ကြီး ပေါင်အချိုးခံရတော့မည့်ထင်သည်။ သူတို့မျက်နှာမှာ သောက





ထက် ဒေါသက ပိုကဲနေခဲ့၏။ ဗေဒါရီ ရုံးခန်းထဲမှအသာထွက် ဖို့ ပြင်သည်။ မပြေးသော် ကန်ရာရှိရမည့်ဘဝမှာ ရန်ရှောင်နေ တာပဲ ကောင်းလိမ့်မည်။

ရုံးခန်းထဲမှာ နှုတ်ဆက်၊ သတင်းမေးသူတွေနှင့် ညံ့စီ နေဆဲ ဗေဒါရီ ရုံးခန်းထဲမှ ထွက်ခဲ့သည်။

ညနေကျောင်းဆင်းချိန်မို့ ကလေးများက ပျားအုံတစ် အုံကို တုတ်နှင့်ထိုးထားသည့်နှယ်။ စက်ဘီးတွေ ဆိုင်ကယ်တွေ ခြေလျင်တွေနှင့် ရှုပ်ရှုပ်မွမွ။ ခပ်သုတ်သုတ်လှမ်းလာသည့် ဗေဒါ ရီ့ခြေလှမ်းများက လမ်းလျှောက်ပြိုင်ပွဲဝင်နေသည့်နှယ်။ မနက် ကို ပြန်ရမည်မို့ အိမ်မှာ သိမ်းဆည်းထုပ်ပိုးရမည်။ ဆွေမဲ့မျိုးမဲ့ အရပ်မှာ တစ်ယောက်တည်းထားရမှာထက် မေမေ့ကို သည်ခေါ် လာဖို့ ဆုံးဖြတ်မိ၏။ မေမေ လိုက်မှလိုက်နိုင်ပါ့မလား။ မေမေ ဘယ်လောက်ထိ မကျန်းမာဘူးလဲ။ သူမစိုးရိမ်နေမိစဉ် တစ်စုံ တစ်ယောက်နှင့် ဒုတ်ခနဲဆောင့်မိ၏။

"အာ...ဆောရီး...မမြင်"

မော့ကြည့်တော့ ထူးထက်ထက်တို့ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိလို့ အိမ်ခဏလိုက်ခဲ့ပါ"

သူမ တွေဝေသွားခဲ့သည်။ မိန်းကလေးချင်း ရန်ဖြစ်လျှင် မည်သို့ဖြစ်နိုင်သနည်း။ ထူးထက်ထက်ပုံစံက ကျားနာတစ်ကောင် ရုပ် ပေါက်နေသည်။ မဆိုင်ရာ ဆီမလျှော်ချင်ကြပါနဲ့ဟယ်၊ ဆရာမ များမို့ လူရှေ့သူရှေ့ စကားများလို့လည်းမတော်၊ သူတို့အဖွဲ့နောက် သို့လည်း ပေဒါရီ မလိုက်ရပါ။ ဝန်ခံပါသည်။ သူမ မလိုက်လို့။

"မနက် အိမ်ပြန်ရမှာ၊ ကျွန်မ မအားဘူး. . . နောက်မှ တွေ့ကြတာပေါ့"

"မဟုတ်ဘူးလေ၊ AIDS ရောဂါနဲ့ ဒေါ်လေးမေ သေသွားတာက ထားပေါ့။ ပေဒါရီ့မေမေအတွက် စေတနာနဲ့ အကြံပေးမလို့ပါ။ အဲဒီလိုရောဂါရှင်ကို ဘယ်လိုကုသပြုစုရမယ်ဆိုတဲ့ အကြောင်း ပြောပြမလို့ပါ။ ဘာလဲ. . . တို့နဲ့လိုက်ရမှာ ကြောက်သလား"

"မထူးထက်ထက် အမြင်မှားနေပြီ၊ လူဆိုတာ ကံစီမံရာ ခံကြရစမြဲပါ။ ကျွန်မမှာ ဘာအပြစ်မှမရှိလို့ ဆရာမတို့ကို ကြောက်စရာမလိုဘူးလို့ ထင်ပါတယ်"

"ဘာလဲ. . . ယူက စင်းလုံးချောကြီးပေါ့လေ။ အဟက် . . . ဟက်"





ပေဒါရီ သူတို့ကို ဆလံပေးလိုက်သည်၊ မထီတရီအပြုံး တစ်ပွင့်နှင့် ခပ်စောင်းစောင်းကြည့်ခဲ့ပြီး ကိုယ့်လမ်းကိုယ် ဆက်လျှောက်ခဲ့သည်။ အသက်တွေလည်း ကြီးလှပါပြီလေ။ ရန်ဖြစ်ရမည့်အရွယ်တွေ မဟုတ်တော့ပါဘူး။ သူမ စိတ်ကိုလျှော့သည်။

"ဆရာမ. . . သမီး ဆိုင်ကယ်နဲ့လိုက်ပို့မယ်"

ပြောလာသည့် ကလေးငယ်တစ်ယောက်၏အသံကြောင့် သူမ ထိုဆိုင်ကယ်လေးပေါ် တက်လိုက်သည်။ ဟိုသုံးယောက် ဘယ်လိုထင်ကျန်ခဲ့မလဲ။

ငါ့ကမ္ဘာကြီး မီးလောင်နေရတဲ့ကြားထဲ ဆီမီးခွက်တွေ ထမတောက်ချင်ကြပါနဲ့ဟယ်။

သို့သော သူမ ဆုတောင်းမပြည့်ခဲ့ပါ။ ပေဒါရီ အိမ်သို့ ရောက်ပြီး တံခါးဖွင့်ပြီးရုံရှိသေး၊ ထူးထက်ထက်နှင့်မြင့်သီတာတို့ ဆိုင်ကယ်တစ်စီးဖြင့် ရောက်လာခဲ့သည်။ ပေဒါရီ တကယ်ပဲ စိမ့်ကြောက်သွားချင်ချင်။ ဆယ်နှစ်သမီးကတည်းက စိုးရွံ့ အားငယ်ခဲ့ရသည့် အငုံ့စိတ်တို့က ဆတ်ဆတ်တုန်မျှ။ သို့သော် ပေဒါရီ၏စိတ်က အစွန်းနှစ်ဖက်သို့ တစ်လှည့်စီ ရောက်တတ်သည်။

ခရီးသွားရာမှ ပြန်လာသည့်ပုံစံများပေမို့ သူတို့အသုံး ကား လှလှပပ။ မင်းသမီးများ. . . အထူးသဖြင့် အဖွယ်[illegible]ထား



www.burmeseclassic.com

www.burmeseclassic.com



သည့်မင်းသမီးများနှင့် တူလှသည်။

''ညည့်သည်လာတယ်''

''ကြိုဆိုပါတယ်ရှင်၊ ကြွပါ''

''ဒီလိုမြို့မှာ ဒီလိုလုံးချင်းအိမ်နဲ့ နေနိုင်တယ်ဆိုတော့ အရည်အချင်းက ဘယ်သေးမလဲနော်''

''မိန်းမတို့၏ဥစ္စာသည် အဆင်း. . . တဲ့၊ ဣတ္ထိရူပံ ဓနံ ဆိုလား၊ သူက လှတာပဲကွာ''

အိမ်ထဲသို့လှမ်းအဝင်၊ စကားများက အတိုင်အဖောက် ညီညီ ရက်ရှယ်နေကြ၏။ ထို့နောက် ဗေဒါရီခင်းပေးသည့် သင် ဖျူးဖျာလေးများပေါ်မှာ တင်ပလ္လင်ခွေ ထိုင်ကြသည်။ သူမက သူတို့ကို ညည့်ခံမနေ။ ကောင်းသောလာခြင်းလည်း ဖြစ်မှာမဟုတ် လို့ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ရမည်။

''အဲဒီမှာ ရေနွေးကြမ်းသောက်ကြဦးနော်၊ အမြည်းတော့ မရှိဘူး။ ကျွန်မက ဆင်းရဲတယ်. . . သိတယ်မို့လား''

ပြောပြီး ခရီးသွားဖို့အတွက် သူမ အိတ်ပြင်သည်။ ကား ဂိတ်က အဝေးကြီး၊ မနက်ကြီးစောစော သည်နေရာမှသွားလျှင် ဖြင်ပါ့မလား။ အနီးအနားမှာ လိုက်ပို့ခိုင်းစရာ လူမမြင်။ ဟိုရောက် လျှင် မေမေ့ကိုအမြန်ဆုံးခေါ်လာရမည်။ အအေးပိုင်းဒေသမှာ





မေမေနေလို့ရပါ့မလား။

''ဟော့! ပြောစရာရှိလို့လာတာ၊ ယူ အနားလာထိုင်ဦး''

အခန်းထဲမှာ ခရီးဆောင်အိတ်ပြင်နေသည့် ဗေဒါရီသို့ သူတို့လှမ်းခေါ်ကြသည်။ မြွေပူရာ ကင်းမှောင့်ပဲ၊ သူမ ထွက်သွား ရ၏။ သူတို့နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

''မင်းသတင်းတွေ ငါတို့လျှို့ဝှက်ထားတယ်။ ငါတို့သုံး ယောက်မှတစ်ပါး ဘယ်သူမှမသိသေးဘူး''

''ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်''

''မရွှံ့နဲ့. . . ငါတို့က စိတ်ပုပ်စိတ်စပ်ရှိတဲ့သူတွေ မဟုတ် ဘူး။ အောက်တန်းကျတဲ့မိန်းမတွေလို အတင်းလျှောက်မပြော ဘူး''

''ဟုတ်ကဲ့၊ ကျွန်မ ကမ္ဘာ့ည်းထိုးပြီး သိမ်းထားပါ့မယ်''

စကားပိုင်းက တင်းမာလာတော့မည်။ မြင့်သီတာက ဝင်ပြောပေး၏။

''ဒါပေမဲ့ မင်းရဲ့သားကောင်ဖြစ်မယ့်သူတွေဟာ တို့နဲ့ ခင်မင်နေရင်တော့ တို့မှာ ကာကွယ်ပေးရမယ့်သဘောရှိတယ်။ ဥပမာ ဆရာကြီးသားလေးလိုမျိုးပေါ့၊ လွတ်လွတ်ကင်းကင်း ခုံး ကောင်မျိုး ပစ်ခတ်ပါ. . . ဇာတ်တူသားချင်း မစားချင်ပါနဲ့။ ဦး



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေတ်ကလည်း လူရိုးကြီးပါပဲ"

ဘာတွေ လာပြောနေကြတာလဲ။ မိန်းမသားချင်း ကိုယ်ချင်းမစာမနာ။

"ဒီနေ့လာပြောတာ အဲဒီကိစ္စပဲလား၊ ဒါဆို စိတ်ချလက်ချနေပါ။ ကျွန်မ သူတို့နှစ်ယောက်စလုံးကို စိတ်မဝင်စားပါဘူး။ ပြီးတော့ ကျွန်မက ရှင်တို့ထင်သလို သားကောင်ပစ်တဲ့မုဆိုးမဟုတ်ပါဘူး၊ ကိုယ်တိုင် သားကောင်ဖြစ်သွားမှာစိုးလို့ မနည်းရှောင်တိမ်းနေရတဲ့သူတစ်ယောက်ပါ"

ထူးထက်ထက်က ဝင်ပြောပြန်သည်။ ယခုတော့ သူ သွေးအေးသွားပြီထင်သည်။ ဒါမှမဟုတ် အားယူနေသည့် မီးတောင်ကြီးဖြစ်ချင်ဖြစ်မည်။

"ဒေါ်လေးမေ ဆုံးသွားပြီ၊ AIDS နဲ့ဆုံးတာ။ ဘယ်လောက်နာကြည်းဖို့ ကောင်းလိုက်သလဲ။ ကို့အမျိုးထဲမှာ ဒီလိုအဖြစ်ဆိုးမျိုး ရှိလာရတာ. . . အန်ကယ် မပွလို့"

"အင်းလေ၊ အဲလိုသဘောမှ ပေါက်ပွဲမလားလို့"

"မဟုတ်ဘူး၊ အန်ကယ်. . . မိန်းမပျက်နဲ့ ဆက်ဆံလို့၊ အဲဒီမိန်းမပျက်က မင်းမေမေ"

"ဘာ!"





"မဘာနဲ့လေ၊ အခု မင်းမေမေလည်း အရိုးပေါ်အရေတင်နေပြီ။ စိတ်မထိခိုက်ပါနဲ့၊ မင်းသွားရင် အလောင်းပဲတွေ့ရမှာပဲ။ လူဆိုတာ ကိုယ်စိုက်ပျိုးတဲ့အသီးကို ကိုယ်ရိတ်သိမ်းရတာပဲ။ ဒီလိုနေရင် ဒီလိုဖြစ်မယ်ဆိုတာ ကြိုတင်သိကြဖို့ကောင်းတယ်၊ ဒေါ်လေးမေအတွက် တစ်လောကလုံးကို မကျေနပ်ဘူး။ အထူးသဖြင့် ရှင့်ကိုမကျေနပ်ဘူး။ ရှင်ငယ်စဉ်က အဖြစ်အပျက်တွေလို့ မလွှဲချပါနဲ့၊ ရှင်အရွယ်ရောက်လာတော့ရော တားဆီးခဲ့လို့လား။ ရှင့်ကိုတုံ့ပြန်လက်စားချေရမှ ကျေနပ်မယ်"

အိမ်ပေါ်လာပြီး ကျိန်စာတိုက်နေသည့် ထူးထက်ထက်မှာ မျက်ရည်တွေ စီးကျနေသည်။ မိခင်သဖွယ် တွယ်တာ၊ သူ့လက်ပေါ် ကြီးခဲ့ရသည်မို့ ထိခိုက်ခံစားနေရခြင်းဖြစ်မည်။ ဖေဒါရီ တုံ့ပြန်စကား မဆိုမိခဲ့၊ စိတ်ရှုပ်နေရသည်။

"ပထမဦးဆုံး ရှင့်ကိုသတိပေးချင်တာက ရဲသွင်အောင်ကို မဖမ်းစားပါနဲ့. . . ရှင့်မာယာစက်ကွင်းက ကင်းလွတ်ခွင့်ပေးလိုက်ပါ"

သူမ တုံ့ဏှိဘာဝေ၊ မကျူးလွန်ရသည့်ပြစ်မှုအတွက် ထုချေလွှာ တင်စရာမလိုဟုထင်သည်။

"ဒုတိယ. . . ဆရာ့ကို ရှင် မဖြားယောင်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

"ရှင့်လိုမိန်းမရဲ့ပါးစပ်က ဘုရားတ,တာ အံ့ဩစရာပဲ။ ဒေါ်လေးမေအတွက် ရှင်တို့သားအမိကို ဘယ်တော့မှ မကျေဘူး။ အဲဒါကို မြဲမြဲမှတ်ထားပါ။ လာ. . . သီတာ၊ ပြန်ကြမယ်"

ဆိုင်ကယ်အဖြူလေး ပြန်ထွက်သွားတော့ ဗေဒါရီ ခရီးဆောင်အိတ် ဆက်ပြင်ရသည်။ သူ့စကားတွေက ဆတ်ဆတ်ခါအောင် နာကြည်းစရာကောင်းလှပေမယ့် သူမထိုင်ပြီး ဆွေးမနေအားပါ။ လုပ်စရာအလုပ်တွေ ရှိသေးသည်။ မေမေ့ကိုဆေးကုဖို့ မေမေ့ကိုခေါ်လို့ရလျှင် ခေါ်လာဖို့ ငွေမည်မျှလိုမည်လဲ။ သေတ္တာလေးထဲမှာ သိမ်းဆည်းထားသည့်ဆွဲကြိုးကို မြင်ယောင်မိသည်။ ဒါကိုပဲ ပေါင်ရမည်။ မေမေ့အမွေဆိုပေမယ့် သည်ပစ္စည်းကို ဗေဒါရီ မမက်မောမိ။ ဒါ ဦးဘုန်းလွင်ပေးတာပဲ။ မေမေ့ကိုယ်ခန္ဓာနှင့် တန်ဖိုးဖြတ်ထားသည့်ပစ္စည်း။ လိပ်ပြာမသန့်စွာ သိမ်းထားရမှာထက် ပေါင်စား ရောင်းစားလိုက်တာကမှ ကောင်းဦးမည်။

မေမေ့ဆီရောက်မှ လိုသလောက် ပေါင်တော့မည်။ ယခုတော့ ရှိသည့်ငွေနှင့်ပဲ ပြန်တော့မည်။

တောင်ပေါ်ဆောင်းက နေရောင်ခြည်ကို အစောကြီး





ဖျောက်ပစ်၏။ မြေနီလမ်းတစ်လျှောက် နှင်းမှုန်များက ဝေဝေဝါးဝါး။ မှုန်မှိုင်းမှိုင်းတောင်ကုန်းတောင်တန်းများက လွမ်းဆွတ်စဖွယ်။ လောကခရီးသည်ကြီးကတော့ မနက်ကို ခရီးဆက်ရဦးမည်။ ရှမ်းပြည်နယ်တောင်ပိုင်း ခပ်ခေါင်ခေါင်ဒေသမှသည် မိမိမြို့သို့ မိုင်ပေါင်းဘယ်နှရာ ဝေးကွာသလဲ။ အလာခရီးတုန်းကတော့ ဖေဖေ့ညီဝမ်းကွဲ အန်ကယ်ကြီးနှင့် ခရီးကြုံခဲ့သည်။ အန်ကယ်ကြီးက ကုန်သည်။

ယခုတော့ တစ်ယောက်တည်းပြန်ရမှာ ဗေဒါရီ လန့်နေသည်။ မိမိဇာတိမြို့သို့ နေ့ချင်းဘယ်လိုမှမရောက်။ လမ်းမှာ နှစ်ညအိပ်ရမည်။ စခန်းတောက်မြို့များရဲ့တည်းခိုခန်းတွေက သန့်ပြန့်ရဲ့လား။ သူမအတွက် လုံခြုံစိတ်ချရအောင် သီလရှင်ကျောင်းတွေမှာ သွားတည်းမှနှင့်တူသည်။

အိုလေ. . . ဖြစ်သမျှ ရင်ဆိုင်ရမှာပါပဲ။ သူတကာတွေတောင် နိုင်ငံရပ်ခြားမှာ မိန်းမသားတစ်ယောက်တည်း အလုပ်သွားလုပ်နေကြသတဲ့။ သူမကြုံနေရသည်က မြန်မာပြည်ထဲမှာ။ ဘာများကြောက်စရာလိုမလဲနော်။ ကိုယ့်စိတ်ကိုယ်တင်းရင်း ဗေဒါရီ စောစောအိပ်ရာထဲ ဝင်လိုက်၏။ အိမ်သော့အပ်ဖို့ အိမ်လခပေးဖို့ကိစ္စတွေ ခေါင်းထဲဝင်လာ၏။ သည်အိမ်ရှင်နှင့်လည်း တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မှု မဆုံဖူးပါလား။ အိပ်ရာထဲမှပြန်ထွက်ပြီး တယ်လီဖုန်းဆီရောက် ရပြန်သည်။

"ဟဲလို. . . ကျွန်တော် အောင်ခေတ်ပါ"

သူ့အသံ ချိုချိုနွေးနွေးက သတ္တုကြိုးများမှတစ်ဆင့် ပေဒါရီ့ရင်ထဲသို့ ခွန်အားတွေ ပေးစွမ်းနိုင်ခဲ့သည်။

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ မနက်ကို ပြည်မ ပြန်ဆင်း မလို့. . . အဲဒါ"

"ကိုယ်လိုက်ပို့ပေးရမှာလား၊ ဒီလိုလား. . . ကောင်းပြီ လေ၊ မနက်ကျ ကားဂိတ်ကိုလိုက်ပို့ပေးမယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူးဆရာ၊ ကျွန်မ သွားရဲပါ တယ်။ အဲဒီအချိန်ဆို တောင်ပေါ်ရွာတွေက ဈေးရောင်းရအောင် ဆင်းလာကြပြီပဲ။ ကျွန်မ သွားရဲတယ်"

"ဒါဖြင့် ဘာကြောင့်. . ."

"အိမ်လခ. . . အိမ်လခ ဘယ်သူ့ပေးရမှာလဲ ဆရာ။ ဘယ်လောက်ပေးရမှာလဲ။ ကျွန်မပြန်နေတုန်း သော့ပြန်ပေးခဲ့ရ မှာပေါ့။ ပြီးတော့ ဆရာဈေးဝယ်ပေးထားခဲ့တာလည်း စာရင်းပြု စုပေးပါ. . . ကျွန်မကြိုးစားပြီး နည်းနည်းချင်းဆပ်မယ်။ ဆရာ . . . ဆရာ မပြုံးနဲ့လေ"





"အလို! ငါပြုံးလိုက်တာ မင်းမြင်ရသလား၊ တန်ခိုးရှိ တယ်နော်"

ထိုစကားကြောင့် ပေဒါရီ ဖုန်းကိုင်သောလက်များ ရှက်ရွံ့တုန်ရီသွားသည်။

"မလှောင်ပါနဲ့ဆရာ၊ ခင်ဗျားဝယ်ပေးထားရတဲ့ ပိုက်ဆံ တွေ အများကြီးရှိမှာပါ. . . ကျွန်မက သူစိမ်းတစ်ယောက်ရဲ့ အထောက်အပံ့ကို ဘယ်လိုလုပ်ပြီး မျိုလို့ကျမှာလဲ။ ပြန်ဆပ်မယ်၊ ကျွန်မ အလုပ်တွေလုပ်ဦးမှာပေါ့။ နောက်ဆုံးတစ်နေ့ ကျောင်း ပိတ်ရက်မှာ ဥယျာဉ်ခြံတွေထဲ သစ်သီးလိုက်ခူးမယ်"

"အဲလိုစိတ်ဓာတ်မျိုးရှိတာ ကောင်းပါတယ်။ ဒါပေမဲ့ လောလောဆယ် မင်းမှာ ပြန်စရိတ်တောင် လုံလောက်ရဲ့လား"

"အဲဒါက ကျွန်မကိစ္စလေ၊ အိမ်လခကတော့ ပေးရမှာ ပေါ့။ ပြီးတော့ အိမ်ရှင်ကိုမေးထားပေးပါ ဆရာ၊ ကျွန်မမေမေ့ ကို ခေါ်လာမှာ၊ နေလို့ဖြစ်တယ်မို့လား"

"ဖြစ်ပါတယ်၊ ဘာလို့မဖြစ်ရမှာလဲ။ အိမ်လခကိစ္စက ထားပါဦး။ မင်းပြန်စရာရှိတာသာ ပြန်"

"ဆရာပေးထားဦးမှာပဲလား၊ ကျွန်မ အားနာ. . ."

"ဟေး. . . နေဦး၊ အားမနာပါနဲ့၊ နောက်မှ ကိုယ်တုန့်



www.burmeseclassic.com

www.burmeseclassic.com



ထားရတာလေးတွေ စာရင်းပို့လိုက်မယ်လေ။ အဲဒီတော့မှ ဖျား မသွားနဲ့နော်''

''ကျွန်မကို ဒီလိုမပြောပါနဲ့ဆရာ၊ ကျွန်မ သူများပေးတာ ကျွေးတာ ဘယ်တော့မှ အချောင်မယူဘူး။ မသေခင် မဖြစ်ဖြစ်အောင်တော့ ကျေအောင် ဆပ်သွားမှာပဲ၊ အဓိုက်အတန့် စောင့်ပေါ့''

''အောင်မယ်! ကိုယ်က အကြွေးတောင်းနေတာ ကျနေတာပဲ။ ငိုရင်းပြော. . . ဘာလုပ်ပေးရမလဲ၊ ဘာကူညီရမလဲ။ ကိုယ့်မှာ အလုပ်တွေရှိသေးတယ်''

''အိမ်ကိစ္စဆက်တာပါပဲဆရာ၊ ကျွန်မ. . .''

''ကောင်းပြီ၊ အိမ်ကိစ္စ ကိုယ်ရှင်းထားပေးမယ်။ မင်းရဲ့အိမ်သော့လည်း ခေါင်းရင်းခြံကအဘွားကို ပေးထားခဲ့ပါ။ ဒါပဲနော်. . . မင်းမှာ ငွေတွေဘာတွေလိုသေးလား''

''ရတယ်ဆရာ၊ ကျေးဇူးတင်ပါတယ်''

ဖုန်းချလိုက်စဉ် ပေဒါရီ့ရင်ထဲ ဟာသွားသည်။ ပြန်ရမှာမို့ ရှမ်းရိုးမကြီးကို လွမ်းမိတာပဲလား။ ရိုးမကြီးကတော့ ပြုံးနေပေလိမ့်မည်။



## အခန်း (၁၀)

အား. . . ချမ်းလိုက်တာ။ ချမ်းချမ်းစီးစီး ကားစီးရတာ အတော်ဆိုးပါသည်။ ထိုင်ခုံချင်းယှဉ်လျက်မှ ရှမ်းကြီးကတော့ ပဒေသရာဇ်ခေတ်က စော်ဘွားကြီးလို ခေါင်းပေါင်းတွေ၊ သားမွေးထည်တွေ အထပ်ထပ်နှင့်မို့ နွေးနေမှာပဲ။ ပေဒါရီ မနာလိုဖြစ်မိသည်။ သူမမှာ အနွေးထည်ဆွယ်တာနှစ်ထပ်ဝတ်ထားသော်ငြား ရေခဲကြားထဲ နေနေရသလို ခံစားနေရသည်။

ပေဒါရီ မျက်စောင်းထိုးမိလိုက်၏။ ထိုင်ခုံကျဉ်းကျဉ်းလေးတွေထဲ သူက မိန့်မိန့်ကြီး နေရာယူနေတော့ သူမမှာ ဖားပျံလေးလို ယောင့်ကပ်နေရတာပေါ့။ ကြည့်ပါဦး. . . သူ့မှာငွေ ဂွမ်းခံဘောင်းဘီနဲ့ သားမွေးကုတ်တွေနဲ့၊ ခေါင်းပေါင်းကြီးနဲ့ ရှည်



www.burmeseclassic.com

www.burmeseclassic.com



လျှားသောအရပ်မှာ ထောင်ထောင်မောင်းမောင်း ခုံခုံထည်ထည်။ မျက်နှာမှာလည်း စော်ဘွားနှုတ်ခမ်းမွေးခေါ်မလား။ နှုတ်ခမ်းမွေးကြီးက ကန့်လန့်ဖြတ် ရှုပ်ယှက်ခတ်နေသေးသည်။ အိုလေ. . . သူ့ဘာသာ နှုတ်ခမ်းမွေးမကလို့ ဘာမွေးထားထား၊ အနေသာကြီးပါ။ ပေဒါရီမှာ ကိုယ်ချမ်းတာနှင့် သူများအပေါ် စိတ်ပုပ်နေမိတော့သည်။

"ကလေးမ၊ အရမ်းချမ်းနေသလား။ ဦးကြီးဘက်ကို တိုးပါလား"

ဟင်း. . . အသံကြီးကလည်း သြသြအက်အက်။ ဟဲဗီးရော့ခ်အဆိုတော်လုပ်ဖို့ကောင်းသည်။ သူ့ဘက်များ တိုးရမတဲ့။ သူမမျက်စောင်းထိုးတော့ ဟိုဦးကြီးက သူ့မိုက်ကယ်ဂျက်ဆင်မျက်မှန်ကို ပင့်တင်သည်။ ဟုတ်တယ်. . . မိုက်ကယ်ဂျက်ဆင်မျက်မှန်။ အနောက်နိုင်ငံက မင်းသားမင်းသမီးတွေတပ်တဲ့ မျက်မှန်။ ဈေးတော့ ကြီးလိမ့်မည်။ အနက်ရောင်စတိုင် ခပ်မိမိမျက်မှန်က သူ့မျက်နှာပေါ်မှာ ခန့်ထည်နေတော့သည်။

"ဦးကြီးအသက် ခြောက်ဆယ်ပြည့်တော့မယ်၊ သားတွေ မြေးတွေလည်း အပုံပါပဲကွယ့်။ မင်းဟာ ငါ့မြေးလောက်ပဲ ရှိပါတယ်။ ကားနံရံက အေးတယ်လေ။ ခရီးသွားရင်း တို့တွေ တူ





ဝရီး. . . ဒါမှမဟုတ် မြေးအဘိုးတော်လိုက်ကြတာပေ့ါ။ မင်းလက်ဖျားခြေဖျားတွေ အရမ်းအေးနေတယ်မဟုတ်လား။ ငါ့မှာလည်း ခြေအိတ်လက်အိတ် အပိုမပါဘူး။ ဒီနေ့မှ အအေးပိုနေလိုက်တာကလည်း တစ်လောကလုံး ရေခဲတိုက်ထဲ ရောက်နေရသလား အောက်မေ့ရတယ်။ ငါ့မြေးမတွေကတော့ သူတို့ချမ်းရင် ငါ့အင်္ကျီဘောင်းဘီတွေကြားထဲ သူတို့လက်ကလေးတွေ ခြေထောက်ကလေးတွေ ထိုးထားတတ်ကြတယ်။ မင်းခြေထောက်မှာ နွေးချေးပုံ နင်းမလာခဲ့ဘူးမဟုတ်လား"

ရှမ်းဦးကြီးအပြောကြောင့် သူမ ရယ်ချင်ချင်ဖြစ်သွားရသည်။

"မနင်းခဲ့ပါဘူးရှင်"

"ကောင်းပြီ. . . ငါ့ကို မင်းရဲ့ဘိုးအေလို့ သဘောထားလိုက်၊ မင်းခြေတွေလက်တွေ တော်သလိုသာ နေရာချထားပေတော့"

အင်း. . . ချမ်းတာတော့ ချမ်းတာပေါ့။ ဦးကြီးကလည်း အသက်ခြောက်ဆယ်တော့ ခြောက်ဆယ်ပေါ့။ ဒီလိုလုပ်တာ တော်ပါ့မလား။ ရှေးလူကြီးသူမများ ပြောဖူးပါရဲ့။ ဆရာကြီး အိကြာကွေးလည်း ရေးဖူးပါရဲ့။ 'ယောက်ျားဆိုတာ ဖွဲ့ကြိုးဆုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် အဲဒီဖွဲ့နဲ့ အိုးတိုက်လေ့ရှိကြသတဲ့'။ ဒီဦးကြီးပုံစံကြည့်ရတာ ဖွဲတစ်အိတ်မကာ ဆန်တစ်အိတ်လောက်တောင် နိုင်မည့်ပုံပင်။ အတွေးဖြင့် လန့်ဖျပ် ချွေးပြန်ပြီး သူမ ကိုယ့်လက်၊ ခြေများကို ဆတ်ခနဲပြန်ထုတ်လိုက်သည်။ သို့သော် သူမလက်၊ ခြေများမှာ ဂဏန်းအညှပ်ခံထားရသလို ပြန်ယူလို့မရပါချေတော့။

"စိတ်ကိုကောင်းကောင်းထားလေ၊ ကလေးမ စိတ်ကိုဖြူအောင် ထား။ လူသားချင်း စာနာထောက်ထားကြရမှာ လူ့ဝတ္တရားပါကွယ်။ ဦးကြီးကို မလန့်ပါနဲ့၊ မင်းကို ဘာမှမလုပ်ပါဘူး။ ဦးကြီးအသက် ခြောက်ဆယ်ပြည့်ပါပြီကွယ်။ အနောက်နိုင်ငံတွေမှာတော့ ဒီအရွယ်ဟာ မအိုသေးဘူးပေါ့လေ။ ဦးကြီးကတော့ အိုပါပြီ။ ကဲ. . . နွေးတယ်မဟုတ်လား"

ပေဒါရီ စိတ်မချမ်းမသာဖြင့်ပင် လက်က ချိုင်းကြား၊ ခြေထောက်က ခြေသလုံးကြားမှာ အညှပ်ခံရင်း နေလိုက်ရတော့သည်။ စိတ်အိုက်မှုကြောင့် သူမတစ်ကိုယ်လုံး နေမထိ ထိုင်မသာ။

ငါမှားတယ်. . . မြွေဟာ ငယ်လည်းအဆိပ်နဲ့ပဲ၊ ကြီးလည်း အဆိပ်နဲ့ပဲ။ မြွေအဘိုးကြီးတွေ ကိုက်ရင်လည်း သေမှာပါပဲ။ သူမ သက်





ပြင်းချသံကို ဦးကြီး ကြားသွားသည်။

"ကဲကဲ. . . စိတ်တော့ မညစ်ပါနဲ့နော်။ ချမ်းသာသလိုနေပါ။ နေဦး. . . ဦးကြီး အနွေးတစ်လွှာ ချွတ်ပေးမယ်။ ခြုံလိုက်"

"ရတယ် ဦးကြီး၊ နေနေ. . . ကျွန်မ နေသာသွားပြီ"

"ခြုံစမ်းပါ၊ ဦးကြီးက ဒီလောက်မချမ်းပါဘူး။ တောင်ပေါ်သားပဲ၊ အိမ်ကအမယ်ကြီး အတင်းဝတ်ပေးလိုက်လို့သာ ဝတ်လာရတာပါ။ ရော့. . ."

နောက်ဆုံးတော့ ရောမလူထွားကြီး၏ သားမွေးအကျႌကြီးနှင့် သူမနွေးနေတော့သည်။ ဦးကြီးကလည်း စကားမပြော၊ သူမကလည်း စကားမပြော။ နှစ်ယောက်သား အိပ်လိုက်လာကြသည်။

"ဟောတော့"

ပေဒါရီနိုးလာတော့ သူမက ဦးကြီးပေါ် မှီလို့ပါလား။ ကိစ္စတော့ မရှိပါဘူးလေ။ သူများတွေက တူအရီးမြေးအဘိုးပဲ ထင်ကြမှာပါ။

"နိုးပြီလား ကလေးမ၊ ရော့! မုန့်စား၊ စောစောကအိပ်လို့ကောင်းရဲ့လား"

ဦးကြီးက အိမ်မှထည့်လာဟန်တူသည့် ကိုက်မုန့်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ကြော်များကို ပေးသည်။ ပေဒါရီ ယူမစားပါ။ စိတ်ထဲမှာ ဘာကိုထင့်နေမှန်းမသိ၊ ထင့်နေမိသည်။ ဦးကြီးပုံစံက အသက်ခြောက်ဆယ်သာဆိုသည်။ အနောက်နိုင်ငံမှမင်းသားကြီးများလို စတိုင်မိမိ၊ ခပ်သွက်သွက်။ မြွေအိုကြီးများကို သူမ ကြောက်ပါသည်။ နှုတ်ခမ်းမွေးတွေ၊ မျက်မှန်တွေနှင့် ဖုံးကွယ်ရင့်ချော်နေသော်ငြား သူ့မျက်နှာက ခပ်ပြည့်ပြည့်။

"နေပါစေ ဦးကြီး၊ ကျွန်မ မဆာပါဘူး"

"ဘယ်ဟုတ်မလဲ၊ မနက်အာစောကြီးကတည်းက မင်းဘာမှစားတာ မတွေ့သေးဘူး။ ယူပါ. . . စားပါ၊ ငါ့အတွက်ဘာမှအပမ်းမကြီးပါဘူး"

"ဟင့်အင်း. . . ကျွန်မ သူတစိမ်းကျွေးတာ မစားတတ်ဘူး"

မှတ်ကရော။ ပြောပစ်လိုက်ပြီး ပေဒါရီ တစ်ဖက်သို့ တိုးကပ်အိပ်နေလိုက်၏။ ရှေ့ကားနားတဲ့နေရာရောက်လျှင်တော့ တစ်ခုခု ဝယ်စားရကောင်းမလား။ အိမ်မှခူးထည့်လာသည့် သစ်တော်သီးများကိုပဲ စားလိုက်ပါတော့မည်။





ပေဒါရီတို့ တောင်ကြီးမှာ အိပ်ရမည်။ မနက်စောစော ထွက်မည့်ကားနှင့် မိမိမြို့သို့ဆက်ရမည်ဖြစ်သည်။ တောင်ကြီးကား က ရန်ကုန်အထိ ဆက်ထွက်မည်မို့ စိတ်တော့ ချမ်းသာရသည်။

ခရီးသည်တွေ ဆင်းကုန်လည်း ပေဒါရီ မဆင်းသေးဘဲ ကားပေါ်မှာ ကြောင်ငေးကြည့်နေမိသည်။ တောင်ကြီးမြို့၏ ညနေ လေးနာရီအလုက တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ။ သူမအရင် ဆင်းသွားသည့်ဦးကြီးက သူမ၏ပြတင်းဘေးသို့ ရောက်လာပြန် သည်။

"ကလေးမ မဆင်းသေးဘူးလား၊ ဒီကားက လမ်းဆုံး ရပြီ"

"သိသားပဲ၊ ကျွန်မဘာလုပ်ရမလဲလို့ စဉ်းစားနေတာ"

တစ်လမ်းလုံး စကားမပြောဘဲ အိပ်လိုက်လာသည်မို့ ကြီးက သူမ ဘယ်သွားမယ်မှန်းမသိ။

"မင်းက ဘယ်ထိအောင် သွားမှာမို့လဲ။ ငါက ဟသာတ ထိ သွားမှာ"

"ရှင်!"

ပေဒါရီ အံ့ဩဝမ်းသာသွားသည်။ လမ်းချင်းတူနေပါ ရောလား။ အဖော်တော့ ရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ဟသ်ာတပြန်မှာပဲ၊ ဦးကြီးက ဘာလုပ်ရအောင် သွားမှာလဲ"

မေးပြီးမှ အားနာသွားသည်။ သူမ ရိုင်းသွား၏။

"ကိစ္စရှိလို့ပေါ့ကွယ်၊ ဘယ်သူကတော့ အပျော်ခရီးသွားမလဲ။ ကဲ. . . ဆင်း၊ မနက်ကျမှ ကားပြောင်းစီးရမယ်။ တောင်ကြီးမှာ အသိရှိသလား"

ဖေဒါရီ စဉ်းစားလိုက်သည်။ သူမမှာ ငွေငါးထောင်ပဲပါလာသည်။ ဒါတောင် ယခုထိ လမ်းစရိတ်ကြောင့် ရှစ်ရာကုန်ခဲ့ပြီ။ တည်းခိုခန်းခပ်ညံ့ညံ့မှာ အိပ်တောင်၊ တစ်ည ခြောက်ရာလား ရှစ်ရာလား။ အလာတုန်းကတော့ အန်ကယ်ကြီး စရိတ်ခံခဲ့သည်။ ထမင်းကလည်း ခုထိ တစ်ခါမှမစားရသေး။ သစ်တော်သီးနှင့်သာ စခန်းသွားရသည်။ ထမင်းက အိမ်ကျမှ အဝစားလို့ရသည်။

"ကဲ. . . ဆင်း၊ ကားသမားတွေ ဝိုင်းကြည့်ကုန်ကြပြီ။ အောက်ကျမှ ဆက်စဉ်းစား"

တကယ်က ဖေဒါရီစဉ်းစားနေတာ ငွေကြေးမပြည့်စုံမှုကြောင့်သာဖြစ်ပါသည်။ အိုလေ. . . နောင်ခါလာနောင်ခါချေ။ ဒီငါးထောင်ဟာ အိမ်အထိတော့ ရောက်ပါလိမ့်မယ်။ ဖေဒါရီ





ခရီးဆောင်အိတ်ကိုဆွဲပြီး ကားပေါ်မှဆင်းလိုက်သည်။ ကားဘေးရှိ သူ့ရောမအိတ်ကြီးဘေးမှာ သူမ၏အိတ်ကလေးကို ချလိုက်သည်။

"ရန်ကုန်ထိ ကားခက ဘယ်လောက်လဲဟင်"

"သုံးထောင်"

"ရှင်. . ."

"ဘာဖြစ်လို့လဲ၊ တန်ပါတယ်၊ အဲဒါ အပြီးလေ။ လမ်းမှာ ကားပြောင်းမစီးရတော့ဘူး။ မင်း တစ်ခါမှမသွားဖူးဘူးလား"

ဦးကြီးအမေးကို မဖြေအားဘဲ ဖေဒါရီ ကိုယ့်ဘတ်ဂျက်ကိုယ် စာရင်းတွက်နေမိသည်။ ငါးထောင်ထဲမှ လေးထောင်သာကျန်တော့၏။ ကားခသုံးထောင် ထပ်နုတ်။ ဘယ်မှာ တည်းခိုခန်းခ ကျန်တော့မှာလဲ။ တစ်လမ်းလုံး အငတ်သွားလို့လည်း ဖြစ်မည်မဟုတ်။

ထမင်းက ဈေးကြီးလို့ ဝယ်မစားတောင်မှ လက်ဖက်ရည်လေး နံပြားလေးတော့ ဝယ်စားရပေလိမ့်မည်။

"နေဦး. . . ဦးကြီး၊ ကားဂိတ်မှာ အိပ်လို့မရဘူးလား။ ကားဂိတ်မှာ တခြားခရီးသည်တွေရော မအိပ်ကြဘူးလား"

"ဟ! မင်းပုံစံနဲ့ ကားဂိတ် ဒလဟာထဲ သွားအိပ်လို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်စစီ ကျိုးပဲ့သွားလိမ့်မယ်။ လာ! ငါတည်းမယ့်ဟိုတယ် လိုက်ခဲ့''

ဦးကြီးစကားကြောင့် ဗေဒါရီ တောင့်ခနဲဖြစ်သွားရ၏။ ဒါ ဘာအဓိပ္ပာယ်လဲ။ ဆန်တစ်အိတ်လောက် ထမ်းနိုင်မည့်လု ကြီးမို့ သူမ မယုံကြည်နိုင်ပါ။ ခက်လိုက်တာနော်။ အစက ဆွဲ ကြိုးကို မရရအောင် ပေါင်လာခဲ့မိလျှင်လည်း အကောင်းသား။ လမ်းမှာ အပြီးရောင်းပစ်လိုက်ရအောင်လည်း မေမေ့ကျန်းမာရေ အတွက် သုံးဖို့က ရှိသေးသည်။ သူမ ကိုယ့်နားမှ ရွှေနားကပ် လေးကို ယောင်ယမ်းစမ်းမိ၏။

''ဟိုတယ်တည်းဖို့တော့ ကျွန်မမှာ ပိုက်ဆံမရှိဘူး။ သန့် တဲ့တည်းခိုခန်းတစ်ခုခုပဲ ကျေးဇူးပြုပြီး လိုက်ပို့ပေးပါ''

ဟုတ်တယ်။ တည်းခိုခန်းမှာတော့ တည်းရလိမ့်မည်။ ဘာမှမစားတောင်မှ ရေသောက်ပြီး နေဖို့၊ ကုန္တြေရရှိဖို့၊ တည် ခိုခန်းမှာတော့ တည်းရပါလိမ့်မည်။

''ကောင်းပြီလေ၊ မင်းအဖော်ရအောင် ငါပါ လိုက်တည် ပါ့မယ်''

ဦးကြီးက ကားဂိတ်နှင့်နီးသည့်တည်းခိုခန်းသို့ ဦးဆော သွားသည်။ ဗေဒါရီ နောက်မှလိုက်ရပါ၏။





တစ်ယောက်တစ်ခန်း ယှဉ်လျက်ရသည်မို့ အားတော့ ရှိရသည်။ ကိုယ့်အခန်းကိုယ်ဝင်ပြီး သူမ ခေတ္တအနားယူ၏။ ပြီး တော့ ရေချိုး၊ အဝတ်အစားလဲသည်။ ဘာအစီအစဉ်မှာတော့ မရှိ၊ အရှုပ်ဟောင်းလောင်းနှင့် ရေသောက် ဗိုက်မှောက်အိပ်ရမည့် ကိစ္စမှာ သန့်သန့်ရှင်းရှင်းလေးဆိုတော့ ကောင်းတာပေါ့။ ကုတင် ပေါ်မှာ ဗေဒါရီမှောက်လျက် အိပ်နေမိသည်။ မေမေ့ထံ မြန်မြန် ရောက်ချင်လှပါပြီ။ သည်စဉ် အခန်းတံခါးခေါက်သံ ကြားလိုက် ရ၏။ ဗေဒါရီ သွားဖွင့်ပေးရ၏။

''သြော်. . . ဦးကြီး''

''လာလေ၊ ထမင်းသွားစားရအောင်။ ပြီးရင် ပန်းခြံလေး ဘာလေး. . . မြို့ထဲတွေဘာတွေ လျှောက်မကြည့်ဘူးလား။ လူ ငယ်ဆိုတာ အရာရာ နိုးကြားတက်ကြွ စူးစမ်းတတ်ရတယ်ကွယ့်''

ရှမ်းဘောင်းဘီမီးခိုးရောင်နှင့် သားမွေးကုတ် ဝတ်ထား သော ဦးကြီးပုံစံက ချောချောခန့်ခန့်။ သူ့မျက်လုံးများသည် နူး ညံ့ဖြူစင်သလား မဖြူစင်ဘူးလားတော့ ဗေဒါရီမသိ။ မျက်မှန် နက်ဖုံးထားသောမျက်လုံးများကို သူမ ထိုးဖောက်မမြင်နိုင်ပါ။

''ကျွန်မ အလာတုန်းက ရောက်ဖူးပါတယ်။ အန်ကယ် ကြီး လျှောက်ပြတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က အန်ကယ်ကြီးလဲ၊ သူက ဒီမြို့ကလား"

"မဟုတ်ပါဘူး၊ ကျွန်မအဖေရဲ့ ညီတစ်ဝမ်းကွဲပါ။ အ
ကယ်ကြီးက ကုန်သည်လုပ်ပါတယ်"

"ဩော်. . . ကဲ! ဒါဆိုလည်း ထမင်းတော့ သွားစာ
အောင်။ လာ. . . လမ်းလျှောက်သွားလိုက်ကြစို့။ အနွေးထည်
လေး ခေါင်းစွပ်လေး ထပ်ဝတ်ဦး။ နေဦး. . . စတိုးဆိုင်တစ်
မှာ မင်းအတွက် ခြေအိတ်လက်အိတ်ကလေးတွေ ဝယ်ရအောင်"

အလိုက်မသိသည့်လူကြီးကတော့ လူတိုင်းကို သူ့
သူဌေးမှတ်နေသလားမသိ။ ဗေဒါရီ မတုန်မလှုပ်သာ ဆက်
နေမိ၏။

"ကျွန်မ ရင်ပြည့်နေလို့ပါ၊ ဦးကြီးဘာသာ သွားစားနေ
ကျွန်မ အိပ်တော့မယ်"

"ဟာ! ရင်ပြည့်ရအောင် မင်းဘာမှလည်း စားတာမ
ပါဘူး။ ဘာလဲ. . . မင်းမှာ မဟာသြသဓဆေးလုံးကြီးတွေ
သလား။ ကဲ! ထစမ်းပါ၊ လာ. . . ထမင်းသွားစားကြမယ်။
ကြီး ကျွေးပါ့မယ်"

သူ့စကားကြောင့် ဗေဒါရီရှက်ပြီး မျက်ရည်ဝဲသွားသည်
သူမမှာ ပိုက်ဆံမရှိတာ လူတွေသိကုန်ပြီထင်ပါသည်။





"ကဲ! လာနော်. . . လာနော်. . . မလာရင် ဦးကြီးက
အတင်းဝင်ဆွဲမှာ သိလား။ ဦးကြီး အဆိုးမဖြစ်စေနဲ့"

နောက်ဆုံးတော့ အခန်းထဲ ဝင်အဆွဲခံရမှာစိုးသည်နှင့်
ဗေဒါရီ ထလိုက်လာခဲ့ရသည်။ ဆရာဝယ်ပေးထားသည့် ယုန်မွေး
ယ်တာအဝါ ခေါင်းစွပ်အဝါ။ သူမ ယုန်တစ်ကောင်နှင့် တူသွား
သည်။ ရွှေဝါရောင် ယုန်ကလေး။ မီးခိုးရောင်လူထွားကြီးနောက်
မှ ပဝါတစ်ကမ်း လက်တစ်လှမ်း လျှောက်လိုက်လာသော်လည်း
လူနေများသောရပ်ကွက်၏လူတွေက ရှုပ်ယှက်ခတ်နေသလိုမို့ ဦး
ကြီးက သူမလက်ကို ဆွဲခေါ်လိုက်သည်။

ဗေဒါရီ တွန့်ခနဲဖြစ်သွား၏။ နှင်းဆီပွင့်ဖတ်တွေနှယ်
နုညံ့အိစက်၊ နွေးထွေးသော လက်ဖဝါးသည် အသက်ခြောက်
ဆယ်လက်ကြီးတဲ့လား။ ဇဝေဇဝါ။

"သိလား ကလေးမ၊ ငါတို့က မြေးအဘိုးအရွယ်ပါ။
မရှုံ့မရဲ့မရှိုပါနဲ့။ တောင်တောင်အီအီတွေ မတွေးပါနဲ့။ ကိုယ့်မြေး
အရွယ်မို့ ဦးကြီး မင်းကိုခင်တယ်။ မင်းမှာ ပိုက်ဆံအခက်အခဲ
ရှိမယ်ထင်တယ်. . . ဟုတ်လား။ ပင်းရုပ်က ဆင်းရဲသားရုပ်ပေါက်
နေလို့မဟုတ်ဘူးနော်၊ ဒါပေမဲ့ လောကမှာ သူဌေးရုပ်ပေါက်ပြီး
ပိုက်ဆံသုံးစရာမရှိတဲ့သူတွေ ဦးကြီးမြင်ဖူးသားပဲ။ အား. . . နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးက ဒီလောက်တော့ တတ်နိုင်ပါတယ်''

''ဟုတ်ကဲ့''

သူမ ဝန်ခံလိုက်ပါသည်။ လောလောဆယ် ဘာမှမပြော တတ်တော့။ အတင်းခေါ်လို့ လိုက်လာမိခဲ့ပြီမို့ ဗိုက်ပြည့်အောင် စားရရုံသာ။ အားနာပေမယ့် မြန်မာပြည်မှာ စေတနာရှင်တွေ များသည်လို့ပဲ မှတ်ယူရတော့မည်။ သူမတို့ သန့်ပြန့်သော စား သောက်ဆိုင်တစ်ခုထဲသို့ ဝင်လိုက်ကြသည်။



## အခန်း (၁၁)

ဟသ်ာတသို့ ရောက်တော့မည်။ အဆင့်ဆင့်ပြောင်းစီး လာကြရသည့် လမ်းတစ်လျှောက် ဖွတ်အတင်း စောင့်ရှောက် ကျွေးမွေးလာခဲ့သည့်ဦးကြီးကို ဗေဒါရီ ငေးမောကြည့်မိ၏။ သံ သရာခရီးသွားတွေမို့ နောက် ဘယ်တော့မှ ဆုံတွေ့တော့မည် မထင်။ ဦးကြီးကတော့ ကားပြတင်းမှ အပြင်ဘက်ရှုခင်းများကို ငေးကြည့်လာခဲ့သည်။ ရောက်တော့မည်၊ နောက်ထပ် မိနစ်နှစ် ဆယ်မျှဆိုလျှင် ဟသ်ာတသို့ ရောက်ပါတော့မည်။ သူမ ရှုခင်း များကိုငေးကြည့်နေသည့်ဦးကြီးအား ခေါ်လိုက်သည်။

''ဦးကြီး. . . ရောက်တော့မယ်''

တစ်လမ်းလုံး အမည်မပြော၊ လိပ်စာမပေးခဲ့သည့် ဦး



www.burmeseclassic.com

www.burmeseclassic.com



ကြီးအား ပေဒါရီ စိတ်အနှောင့်အယှက်မပေးလိုပါ။ တချို့သော လူချမ်းသာကြီးများသည် အသိအကျွမ်းဖွဲ့ရမှာ စိုးတတ်ပါသည်။ ဟင်း. . . ယခုရော၊ ခရီးသွားဟန်လွှဲ သူမနှင့်တွေ့ဆုံခဲ့ရတာ ဦးကြီးပိုက်ဆံအိတ် အတော်လျော့သွားရောပေါ့။ သူမ အလိုက်သိစွာ ဘာမှမမေးချင်။ စောစောကတည်းက ချွတ်ထားလိုက်သည့် သူမ၏ရွှေနားကပ်လေးအား ဦးကြီးလက်ထဲသို့ ထည့်လိုက်သည်။

“ဘာလဲ. . . ဒါဘာလုပ်တာလဲ”

“ကျွန်မကို တစ်လမ်းလုံး ပြုစုစောင့်ရှောက်လာတဲ့ ဦးကြီးကို အရမ်းကျေးဇူးတင်ပါတယ်။ ဦးကြီးကျွေးမွေးလာတာကို မလွှဲမရှောင်သာ စားခဲ့ရတဲ့အတွက် ကျွန်မ အနေဖြောင့်အောင် အဲဒီနားကပ်လေးတော့ ယူပါ”

“ငါက ဒါကိုဘာလုပ်ရမှာလဲ”

ဦးကြီး၏ပုံစံက စိတ်ဆိုးတော့မည်လား မသိ။ သို့သော် ပေဒါရီ မတတ်နိုင်။ သူတစိမ်းပေးသောအကူအညီကို သူမက အသားလွတ်ကြီး မယူချင်။

“ဘာပဲဖြစ်ဖြစ် ဦးကြီးယူလိုက်ပါ။ ကျွန်မအတွက် လမ်းစရိတ် စားစရိတ် ဦးကြီးအများကြီးကုန်ခဲ့ရတာပဲ။ ကျွန်မနားကပ်လေးက မဖြစ်စလောက်ပါ”





“နေစမ်းပါဦး၊ ဒါက ဘာသဘောလဲ။ ဦးကြီးက မင်းကို ကိုယ့်မြေးကိုယ့်သားလို သဘောထားပြီး စောင့်ရှောက်ခဲ့တာပဲ။ ဘာလဲ. . . မင်းအပေါ်မှာ တန်ရာတန်ကြေး အမြတ်ထုတ်မယ် အောက်မေ့လို့လား။ ဒါ စေတနာကို စော်ကားတာပဲ”

“မဟုတ်ပါဘူး ဦးကြီးရယ်၊ ဒီလိုအထင်မလွဲပါနဲ့၊ ကျွန်မတို့က ခုမှတွေ့တဲ့သူစိမ်းတွေပါ။ ဒီလိုတွေ့တဲ့သူစိမ်းတိုင်းရဲ့အကူအညီကို ကျွန်မ ယူမိရင်၊ တစ်နေ့ ဒုက္ခရောက်ပါလိမ့်မယ်။ ဒီတော့ ဒီလိုမျိုးဘယ်တော့မှမဖြစ်ရအောင် ကျွန်မကိုယ်ကျွန်မ အမှတ်ရနေစေဖို့ ဒီနားရွက်ကို ပေါင်းလောင်းထားရမယ်။ ဦးကြီးရဲ့ ဖြူစင်တဲ့စေတနာတွေကို ကျွန်မ အမြဲသတိရနေမှာပါ။ ကျွန်မစိတ်ကူးကို ဂုဏ်ပြုတဲ့အနေနဲ့ဖြစ်ဖြစ် ဦးကြီးလက်ခံပါ”

လက်အုပ်ကလေးချီရင်း ပေဒါရီက အေးဆေးစွာပြောတော့ ဦးကြီး တွေဝေနေခဲ့သည်။

“ကောင်းပြီလေ၊ ငါလက်ခံလိုက်ပါ့မယ်။ တို့ တစ်နေ့ ပြန်တွေ့ကြတဲ့အခါ အမှတ်ရစေဖို့ပေါ့။ ဒဏ္ဍာရီတစ်ပုဒ်လိုပဲနော်”

ဦးကြီးစကားကြောင့် ပေဒါရီပြုံးလိုက်ဆဲ၊ လှပလင်းလက်သွားသည့်သူမကို ဦးကြီး ငေးစိုက်ကြည့်နေသည်။

“ဦးကြီးက ကဗျာဆန်တယ်နော်၊ လူငယ်လေးလို



www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် ဦးကြီး ရှက်ကိုးရှက်ကန်း၊ မနေတတ် မထိုင်တတ်ဖြစ်သွားဆဲ၊ ကားလည်း မြို့ထဲဝင်လေ၏။ ဗေဒါရီ မတ်တပ်ရပ်လိုက်သည်။ ပြီးတော့ ဦးကြီး၏နူးညံ့နွေးထွေးသော လက်ဖဝါးကို ကိုင်ဆုပ်လှုပ်ရမ်းရင်း နှုတ်ဆက်သည်။

"ကျွန်မ သွားတော့မယ်၊ ဦးကြီးကို အရမ်းကျေးဇူးတင်တယ်။ ဦးကြီးက ထူးဆန်းတယ်နော်၊ ကျွန်မကို နာမည်မမေးဘူး။ ဒါပေမဲ့ ကျွန်မထင်ပါတယ်. . . ကျွန်မတို့ပြန်ဆုံကြဦးမှာပါ"

လူငယ်လေးတစ်ယောက်နှယ် ကြောင်အမ်းရှက်ရွံ့နေသည့်ဦးကြီးလက်ကို သူမ ပစ်ချလိုက်ပြီး ကားပေါ်မှ ဦးဆုံးဆင်းလိုက်သည်။ ဗေဒါရီ နောက်လှည့်မကြည့်တော့။ ဦးကြီး ဘယ်ကို သွားမှာလဲ၊ ဘယ်မှာ တည်းမှာလဲ၊ သူမ နောက်ဆံတင်း မနေပါ။ တစ်လမ်းလုံး ကျင်လည်စွာ ဦးဆောင်လာခဲ့သည့်ဦးကြီးသည် ကမ္ဘာကြီးကိုတောင် ခါးစောင်းတင်နိုင်ပါလိမ့်မည်။

ဆိုက်ကား အိမ်ရှေ့ကိုရောက်တော့ အိမ်ထဲသို့ ဗေဒါရီ ပြေးဝင်လိုက်သည်။ ဆင်ခြေဖုံးရပ်ကွက်မှအိမ်ကလေးသည် ထိုင်းမှိုင်းတိတ်ဆိတ်လျက်။





"မေမေ. . . မေမေ"

သည်အိမ်ကလေးထဲမှာ ဖေဖေ သေဆုံးခဲ့ရတာပေါ့။ သည်အိမ်ကလေးထဲမှာ မေမေ ကျဆုံးခဲ့တာပေါ့။ သည်အိမ်ကလေးထဲမှာပဲ သူမတို့ ရှင်သန် ကြီးပြင်း၊ နာကျင် ကြေကွဲကြရတာပေါ့။

"မေမေ"

"ဘယ်သူလဲ. . . သမီးလား"

အားနည်းဖျော့တော့သည့်အသံလေး မီးဖိုထဲမှ ထွက်လာသည်။ ဆိုက်ကားသမားက သူမ၏ပစ္စည်းများကို အိမ်ပေါ် တင်ပေး၏။ ဗေဒါရီ ဆိုက်ကားခ ရှင်းပေးလိုက်သည်။

"မေမေရယ်"

ပါးလျားဖျော့တော့နေသည့်မေမေ့ကို ညင်သာစွာ ပွေ့ဖက်ထားမိသည်။ မေမေ့မျက်ဝန်းမှ မျက်ရည်များ ပြည့်လျှံကျလာ၏။

"မေမေ့ကို ဒီလောက်မှ တွေ့ရမြင်ရပါ့မလားလို့"

"ဒုက္ခရှာလို့ သမီးရယ်၊ သမီးကို အတူး သံကြိုးရိုက်တယ်ထင်တယ်။ ဟုတ်လား"

မေမေ့ကြည့်ရတာ ညှော်ခန်းကြမ်းပြင်ပေါ်မှာ ချထား



www.burmeseclassic.com

www.burmeseclassic.com



သည့်အဝတ်စုတ်ကလေးနှယ်၊ မျက်ကွင်းလေး ဟောက်ပက်နှင့်။ သူမနှင့်မေမေ ခွဲခွာနေရသည့်အတွင်း မေမေဟာ သည်လောက်တောင်ပဲ ဖြစ်သွားသတဲ့လား။ ရပ်ကွက်ထဲမှာနေရတာ လိပ်ပြာငယ်လှသဖြင့် ပညာရေးကောလိပ်ပြီးသွားတော့လည်း ဗေဒါရီ ရန်ကုန်မှာပင် အလုပ်ဝင်လုပ်နေခဲ့သည်။ မေမေ့ဆီမနေဘဲ ရှမ်းရိုးမများပေါ်သို့ ဆက်တက်ခဲ့မိသည်။

''မေမေ ဘာတွေချက်နေသလဲဟင်၊ နေမကောင်းဘဲနဲ့များ မေမေရယ်။ အတူးကို တစ်ခုခုဝယ်ခိုင်းရောပေါ့''

''ညက သားနဲ့သမီးကို အိပ်မက်မက်တယ်။ ဒါကြောင့် ဒီနေ့များ ရောက်လာကြမလားလို့ မေမေ ကလေးတို့ကြိုက်တဲ့ သီးစုံချဉ်ရည်လေး ချက်နေတာ။ ပုစွန်လေးတွေလည်း ကြော်ထားတယ်''

သည်တစ်ခါ မျက်ရည်ကျသူက ဗေဒါရီဖြစ်သည်။ မေမေ့မှာ သားနှင့်သမီးကိုပဲ နေ့တိုင်း အိပ်မက် မက်၊ နေ့တိုင်း ချက်ပြုတ်ထားပြီး၊ မစားနိုင်တော့ သူများပေးပစ်နေရကြောင်း အတူးပြောခဲ့တာ သတိရသွားလို့ဖြစ်သည်။

ငယ်စဉ်က မေမေ့ကိုကြည့်ပြီး စိတ်နာ ရှက်ရွံ့ခဲ့ပေမယ့် ဗေဒါရီ မေမေ့အပေါ်မှာ နားလည်ခဲ့တာ ကြာပါပြီ။ သို့သော်





အကြောင်းသိသူများ၏ စက်ဆုပ် အထင်သေးစွာ ကြည့်လာသည့် အကြည့်များကို မခံစားနိုင်သဖြင့် သူမ မေမေရှိရာမြို့နှင့် အကင်းဆုံးနေထိုင်ခဲ့သည်။ သည့်အပင်ကြီးမှ မြေဆီသြဇာကိုစားသုံးပြီး သည့်အပင်ကြီးကို ပစ်ပယ်ခါးသီးချင်သည့် အမြင့်စံ ကပ်ပါးသစ်ခွပင်တစ်ပင်က ဗေဒါရီဆိုသည့်သူမလား။

ပိန်ပါးဖျော့တော့နေသည့် မေမေ့ကိုယ်လေးကို သူမ ပွေ့ချီလိုက်သည်။ မေမေ့ပုံစံက အိပ်ရာထဲမှာ နားဖို့သာ ကောင်းတော့သည်။

''ချက်လို့ပြီးပြီမဟုတ်လား မေမေ၊ အိပ်ရာထဲမှာ နားရအောင်နော်''

''ဟင့်အင်း. . . မေမေ သမီးနဲ့စကားပြောမယ်လေ''

''သမီးပါ အိပ်ရာထဲ လိုက်မှာပေါ့မေမေ။ မေမေ စကားသိပ်မပြောပါနဲ့၊ သမီးပြောတာ နားထောင်ပေါ့။ မောင်လေးကော ပြန်လာသေးလား''

ဗေဒါရီ့အမေးကြောင့် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိဖြစ်နေသည့်သားကို မေမေ သတိရသွားခဲ့သည်။ သူမ စကားလမ်းကြောင်းလွှဲဖို့ကြိုးစားရင်း မေမေ့ကို အိပ်ရာကုတင်လေးပေါ်သို့ ညင်သာစွာ ချပေးသည်။



www.burmeseclassic.com

"မေမေ့လူကြီးနဲ့ရော တွေ့သေးလား"

သည့်စကားအပြောမှာ မေမေရော သူမပါ များစွာရှက်ရွံ့ ပူထူသွားကြသည်။ သားအမိကြားမှာ မပြောအပ်သည့်စကားတွေပါပဲ။ သို့သော် ကံကြမ္မာက မေမေ့ကို သည်လိုမိန်းမစားအဖြစ် တံဆိပ်ခပ်နှိပ်ခဲ့ဟန်တူသည်။

"မတွေ့ပါဘူးကွယ်၊ သူ့စက်ကွင်းက လွတ်သွားတာ မေမေ ဝမ်းတောင်သာပါတယ်။ မေမေက သေတောင်သေချင်နေတာပါသမီးရယ်။ ကြိုးကလေးနှစ်ကြိုးက မေမေ့ကို တင်းတင်းတုပ်နှောင်ထားလို့သာ။ သား ဘယ်အရပ်မှာရှိနေသလဲ၊ ဘယ်လိုနေသလဲ၊ သားနဲ့သမီး လောကကြီးထဲမှာ အဆင်ပြေပြေ ရှိနေခဲ့မယ်ဆိုရင်၊ အင်းလေ. . . တကယ်က မေမေ့ကြောင့် သမီးတို့ အရှက်တောင် ရနေကြတာပါကွယ်"

သူမတို့သားအမိကြားမှာ ပျော်စရာစကားများ မရှိတော့ကြပြီထင့်။ အရိပ်မည်းကြီးအောက်မှ ရုပ်ရော စိညာဉ်ရော လွတ်ချင်လှပါသည်။

"မေမေ ဘယ်လိုစားသောက်နေသလဲဟင်"

ဦးဘုန်းလွင်နှင့်မတွေ့တော့ဘူးဆိုတာ ဗေဒါရီ မသိ။ သည်အကြောင်းတွေကို သူမ သိလည်းမသိချင်၊ သို့သော် ရှောင်





လို့မရခဲ့သည့်အဖြစ်တွေပါ။ မေမေ ဘယ်လိုနေထိုင်စားသောက်နေရှာသလဲ။

"သူနဲ့မတွေ့တော့ပေမယ့် မေမေ့အတွက် လတိုင်း စာတိုက်က ပိုက်ဆံပို့ပါတယ်"

"ဪ"

ဗေဒါရီတို့သားအမိ မနှစ်မြို့ဖွယ်ရာ တိတ်ဆိတ်သွားကြပြန်သည်။ မနက်ဆယ်နာရီခန့်ရှိပြီမို့ သူမ ရေချိုးဖို့ စိတ်ကူးလိုက်သည်။ သည်စဉ် တစ်ဖက်အိမ်မှ အတူးလေး ထွက်လာ၏။ အတူးသည် အသက်ဆယ့်ငါးနှစ်ခန့် ကလေးမလေးဖြစ်သည်။

"မမကြီး ပြန်လာပြီလား။ အတူး သံကြိုးရိုက်တဲ့ရက်က ဒေါ်ဒေါ် အသည်းအသန် ဖျားတယ်၊ ဝမ်းလည်း လျှောနေတော့ လေသံဆိုတာ ယဲ့ယဲ့လေးရယ်။ ဒါနဲ့ အမေရိုက်ခိုင်းလို့ အတူး သံကြိုးရိုက်လိုက်တာ"

အတူးက သူ့ကိုအပြစ်တင်မှာစိုးသဖြင့် ရှင်းပြရှာသည်။

"နောက်. . . မရိုက်ပါနဲ့ အတူးရယ်၊ ဒေါ်ဒေါ့်ကြောင့် သမီးမှာ အလုပ်ထိခိုက်နေပါဦးမယ်။ သမီးခမျာ အလုပ်က ခုမှ ဝင်ခါစရယ်"

"ဒီလိုမပြောပါနဲ့မေမေ၊ မေမ ဒီလိုသူစိမ်းစကား မပြော



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့။ မေမေ့ကိုလည်း မထားခဲ့ပါဘူးနော်။ သမီးတစ်ခါတည်း အပါခေါ်သွားမှာ။ မေမေ့ကို ဒီလိုလေးတွေ့ရတာ ဘုရား.မတာ ပဲ။ သမီး ဟိုမှာ ကိုယ့်အိမ်နဲ့ကိုယ် ငှားနေတာ။ မေမေ ဘာမှ အားနာစရာမရှိဘူး''

''ဖြစ်ပါ့မလားသမီးရယ်၊ ဟာ! ဘယ်ဖြစ်မလဲ။ မေမေ့ ကြောင့် သမီးဂုဏ်ပျက်နေပါဦးမယ်''

ဒေါ်စိန်စိန်ရီက အားငယ်စွာဆိုသည်။ ကိုယ့်ကျင့်သိက္ခာ ကို ကိုးကွယ်ခဲ့သူတစ်ယောက်ဖြစ်ခဲ့သည်မို့ ကိုယ့်အဖြစ်ကို လိပ် ပြာငယ်စွာ သူတစ်ပါး ခြေနင်းပတ်မှာ နေရသူဖြစ်သဖြင့် လော ကထဲ တိုးမဝင်ရဲတော့။

''ဘာလို့မဖြစ်ရမှာလဲ မေမေ၊ မေမေဟာ နူနေတာလည်း မဟုတ်၊ ကျိုးပဲ့ရွဲ့နေတာလည်းမဟုတ်။ အကယ်လို့ နူနေရေ မေမေရယ်၊ မအေဟာ မအေပဲပေါ့''

''အဲဒါက ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ပဲသမီး၊ မေမေ့ အဖြစ်က ဘယ်တော့မှ လူထဲမဝင်နိုင်တော့အောင်''

မေမေ့စကားကြောင့် ပေဒါရီ ရင်တုမနာဖြစ်သွားသည်။ မေမေသည် သူ့ကိုယ်သူ စက်ဆုပ်ခဲ့သူဖြစ်သည်။ မေမေ့ကို ဘယ် လိုအားပေးရမလဲ။ သူမ ချက်ချင်း စကားသုံးရွေးလို့မရ။





''တကယ်တော့ သားသမီးတွေအတွက်လို့ ဖြေသိမ့်လို့ မရပါဘူးကွယ်။ သားသမီးတွေကို ဈေးတောင်းခေါင်းရွက်ပြီး ရှာ ကျွေးနေကြတဲ့ မိခင်သူရဲကောင်းတွေ အများအပြားပါ။ မေမေ ပျော့ညံ့ခဲ့တယ်၊ မေမေ တွေဝေခဲ့တယ်၊ မေမေ အချစ်ဆိုတာကို ယုံစားကိုးကွယ်ခဲ့မိတယ်။ ရှုံးနိမ့်ခြင်းမှန်သမျှဟာ မေမေ့ပျော့ညံ့ တဲ့ဒဏ်တွေပါပဲကွယ်။ မေမေပေးဆပ်ခဲ့တာနဲ့ မကာမိအောင်ကို မေမေ့သားနဲ့သမီးမှာ နှလုံးသားဒဏ်ရာဒဏ်ချက်တွေ ရခဲ့တယ်။ မေမေ့ကိုယ် မေမေမုန်းတယ်၊ ရွံတယ်၊ မေမေ သေသင့်ပါပြီ ကွယ်၊ မေမေ သေချင်လှပါပြီ။ မေမေ့ကိုလာတွေ့တာ ကျေးဇူး အများကြီးတင်ပါတယ်သမီးရယ်၊ မေမေ သမီးနောက်ကို မလိုက် ပါရစေနဲ့၊ မေမေ့အတွက် သမီးအရှက်မရပါစေနဲ့တော့''

ရင်ကွဲပက်လက် မေမေ့စကားများက သူမရင်ကို အရှင် လတ်လတ် မားနှင့်ထွန်းစိုက်နေသည့်နှယ်။ သူမ မေမေ့ပါးကို ညင်သာစွာ နမ်းလိုက်သည်။

''ဒါကတော့ မေမေရယ်၊ မေမေက သိပ်လှခဲ့တာကိုး။ သိပ်လှ သိပ်ငယ်ရွယ်ခဲ့တဲ့ မုဆိုးမလေးတစ်ယောက်ဟာ လမ်း တကာလည်ပြီး အကြော်လျှောက်ရောင်းလည်း သူတစ်ပါး စကား ကားချင်မှာပါပဲ မေမေရယ်။ ငယ်ငယ်တုန်းက မေမေ့အဖြစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ခဲ့ပေမယ့် အခုတော့ သမီး စာနာတတ်ပါပြီ။ လောက အကြောင်းကို သမီး နည်းနည်းသိပြီလေ။ ဘယ်သူတွေ ဘယ် လောက်ကဲ့ရဲ့ ဟန့်တား စကားတင်းဆိုဆို၊ မေမေ့လက်ကိုတွဲ ပြီး သမီးဘဝကို အကောင်းဆုံးရင်ဆိုင်ပါ့မယ်''

''မေမေဟာ ဝန်ပိုကြီးပါကွယ်၊ သမီး နစ်သွားလိမ့်မယ်''

''ဟင့်အင်း. . . မေမေ၊ မပိုပါဘူး။ မေမေမရှိရင် သမီး ဘဝဟာ ဘယ်ပြည့်စုံပါ့မလဲ။ သမီးရဲ့လှေကို လောကပင်လယ် ပြင်မှာ ခွန်အားစိုက်ပြီး လှော်ခတ်မယ်မေမေ''

''မေမေက မှန်ကန်စွာ လမ်းပြနိုင်မတဲ့လား''

ဧဒါရီ မေမေ့ကိုအနိုင်ရအောင် စကားစစ်ထိုးရပါလိမ့် မည်။ သူမ မေမေ့စေတနာကို နားလည်နိုင်ပြီ။ မေမေ့ကို ပိုပြီး ချစ်လာသည်။

''ကိုယ့်ကိုယ်ကို မနှိမ့်ချချင်ပါနဲ့ မေမေရယ်။ မိခင်တွေ ရဲ့အမှားဟာ စေတနာအမှားသာ ဖြစ်လိမ့်မယ်။ အဲဒါ သမီးသိ တယ်။ ကိုယ်တိုင်မှားပြီးတဲ့မေမေဟာ သမီးကို မှန်ကန်စွာ ပဲ့ပြင် နိုင်ပါလိမ့်မယ်။ ဟုတ်တယ်မို့လား မေမေ''

ယခုတော့ မျက်ရည်များနှင့်မေမေ ကြည်နူးစွာ ပြုံးနိုင် ခဲ့ပါပြီ။ စုန်ရေသာရှိစမြဲပေမယ့် ဆန်ရေနှင့်တွေ့တော့လည်း စမ်း





ချောင်းကလေးဟာ အမောပြေ ကြည်မွေ့ရပါပြီ။

''ကဲ! သမီးလေး ရေချိုး၊ သမီးထမင်းစားတာ မေမေ ထိုင်ကြည့်မယ်''

''မေမေရော မစားဘူးလား. . . ဟင်''

''မေမေ မစားချင်ပါဘူးကွယ်၊ ခံတွင်းတွေ မကောင်း ဘူး''

''ဒါဆိုလည်း အိပ်ရာထဲမှာပဲ နားပါမေမေ။ အတူးကို ဆန်ပြုတ်တစ်ခွက်လောက် ဝယ်ခိုင်းပေးမယ်။ ညနေမှ သမီးကိုယ် တိုင် ရှယ်ပြုတ်ပေးမယ်. . . ခဏ. . . ခဏလေးနော် မေမေ။ ဗိစ်. . . ကျေးဇူးပြုပြီး အိပ်ရာထဲမှာပဲ နေပါမေမေ''

ပေဒါရီ အတူးကို ဆန်ပြုတ်အမြန်ဝယ်ခိုင်းလိုက်သည်။ ထို့နောက် ရေအမြန်ဆုံးချိုးပြီး မေမေ့အခန်းထဲမှာ သနပ်ခါးဝင် လိမ်းသည်။ ပိုးဂါဝန်အပြာလေးနှင့် လှပနုညက်နေသည့်သမီးကို ဒေါ်စိန်စိန်ရို့မျက်စိထဲ ဆယ်နှစ်သမီးလေးနှယ် ခံစားလိုက်ရ၏။

ဆယ်နှစ်သမီးလေး. . .

ရင်ထဲမှာ ပေါက်ကွဲသွားရင်း ဒေါ်စိန်စိန်ရို ဆတ်ခနဲ ရှုန်လှုပ်ကြေကွဲသွားခဲ့၏။

လွန်ခဲ့သည့် ဆယ့်နှစ်နှစ်၊ သမီး ဆယ်နှစ်သမီးတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ။

တစ်ချိန်တုန်းကပေါ့. . .

သိပ်လှတဲ့မုဆိုးမလေးတစ်ယောက် ရှိခဲ့ဖူးပါသည်။

႕ ႕ ႕



အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဦးနှောက်သွေးကြောမကြီး ပြတ်သတဲ့။ အရက်တွေ သိပ်သောက်လို့ ဖျတ်ခနဲသေသွားသတဲ့။ ဟင့်အင်း. . . စိန်စိန်ရီ မယုံနိုင်ပါဘူး။ ကိုကိုဟာ မနက်ကတင် သားနဲ့သမီးကို ပွေ့ယူ ကျီစယ်ရင်း ထွက်သွားခဲ့တာပဲ။ လူအများ သယ်ဆောင်လာပေး သည့် ရုပ်ကလပ်ကိုကြည့်ရင်း စိန်စိန်ရီ ကြောင်နေသည်။ မယုံ နိုင်ဘူး. . . မယုံနိုင်ပါဘူး။

သို့သော် မယုံတာက တစ်ခြား၊ လောကကြီး နေ့ဆယ် စင်းများ ထွက်နေသလား။ အဲဒီနေဆယ်စင်းဟာ စိန်စိန်ရီ့ရင်ထဲ မှာ နေရာယူနေကြပြီလား။ တစ်ကိုယ်လုံး ပူလောင်ပေါက်ပြောက် နေပြီး ခံစားမှုက အထွတ်အထိပ်ရောက်သွားသည်။ ယခုနေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အတွက် မျက်ရည်တစ်စက် ပေါက်ခနဲကျလိုက်လျှင် ကမ္ဘာမြေကြီးဟာ ဟုန်းခနဲတောက်လောက်သွားလိမ့်မည်။

မဖြစ်သေး။ စိန်စိန်ရီ့သောကတွေ ဝုန်းခနဲ ပေါက်ကွဲပစ်ချလို့ မဖြစ်သေး။ သားနဲ့သမီးကလည်း မအေ့အရိပ်အခြည့်ကိုပဲ ကြည့်နေကြသည်။ သားက ရှစ်နှစ်၊ သမီးက ဆယ်နှစ်။ လောကဓံရဲ့ ရိုက်ပုတ်ချက်တွေကို ခံစားဖို့၊ ကန္တာရခရီးကြမ်းထဲကိုထွက်ဖို့ ကလေးတို့ ငယ်ကြပါသေးသည်။ သမီးက တရှုံ့ရှုံ့ငိုနေပြီ။

"ဟာ! မဟုတ်သေးပါဘူး၊ ကိုကို မသေသေးပါဘူး။ ဆေးရုံခေါ်မသွားကြဘူးလား၊ ဆရာဝန်တွေက ဒီလိုပဲ ပစ္စလက္ခတ်လုပ်လွှတ်ကြသလား။ ဟင့်အင်း. . . ကျွန်မ မယုံဘူး။ သေမယ့်လူဆိုတာ ဒီလိုမှမဟုတ်တာ။ မနက်က ကိုကို ရုံးသွားတာအကောင်းကြီး"

တဗျစ်တောက်တောက်ပြောရင်း ချစ်သူ့ရုပ်ကို သူမခေါင်းစမ်းခြေစမ်းလုပ်သည်။ ပျော့ပျော့နွေးနွေး။ အသားအရေတို့ ပူနွေးနေသေးလျှင် 'ဘယ်သူပြောတာလဲ သေပြီလို့၊ ဒါမျောနေတာ မဖြစ်နိုင်ဘူးလား၊ ဆေးရုံကိုပြန်ပို့ကြပါ။ ရော့! ဒီမှာကိုကိုဆင်ထားတဲ့ဆွဲကြိုး၊ ရော့! ဒီမှာ ကိုကိုဆင်ထားတဲ့ လက်





ကောက်၊ ရော့! ဒီမှာ ကိုကိုဆင်ထားတဲ့ လက်စွပ်၊ လုပ်ကြလေလုပ်ကြပါဦး. . . ကိုကို့ကို ဆေးခန်းဖြစ်ဖြစ် ပို့ပေးကြပါဦး"

ဝတ်ထားသည့်ရွှေတိုရွှေစတွေချွတ်ပြီး တစ်ခုစီ ပစ်ပေါက်မိတာလည်း သူရှုးသဖွယ်။ နောက်တော့ ပြူးကျယ်သည့်မျက်ဝန်းမှ ပူလောင်သောမျက်ရည်များ အလိုလိုပြည့်လျှံစီးကျ၊ ကိုကို့အပေါ်မှာ စိန်စိန်ရီ ပစ်လဲကျသွားခဲ့သည်။

"ကိုကိုရေ. . ."

တစ်ချိန်တုန်းက တံစိုးလက်ဆောင်များဖြင့် ဝင်ထွက်သွားလာမှုများ စည်ကားခဲ့သည့်အိမ်သည် ယခုတော့ ပျားကောင်များ စွန့်ခွာသွားသည့် ပျားသလက်ခြောက်ကြီးနှယ်၊ လောကကြီးထဲ စားဝတ်နေရေး အရေးသုံးပါးဟာ တယ်ကြီးမားပါလား။

ကျန်းမာရေးကလည်း အရေးကြီးသည်။ ကိုကို မရှိတော့သည့် သုံးလအတွင်း ထုခွဲစားသောက် ဆေးကုရတာကြောင့် ဆွဲကြိုးနှင့်လက်စွပ် ကုန်ခဲ့ပြီ။ ကလေးတွေရဲ့ပညာရေး၊ ကျန်းမာရေးတွေ စိန်စိန်ရီ မျှော်ကြည့်လိုက်သည်။ ယခုမှ ဆာဟာရရဲ့အစပ်မှာပဲ ရှိပါသေးလား။ မျက်စိတစ်ဆုံး မိုးခိုးမဆုံး မြေဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကန္တာရကြီးက ရှေ့မှာ အလျှံတဖျပ်ဖျပ်။ နေပူရှိန်အောက်မှာ တံလျှပ်ခိုးတွေ ဝေနေ၏။ သူမ ဘယ်လိုဖြတ်မည်လဲ။

စားလို့မကုန် မှားလို့ကုန်. . . တဲ့။ ဝန်ထမ်းဘဝမှာ ချောင်ချောင်လည်လည် စားနိုင်သောက်နိုင်ရုံလေးသာ ရှိခဲ့သည့် သူမမှာ ကိုကိုလည်း ဖျတ်ခနဲသေသွားရော ရွှေလေး နှစ်ကျပ်သားလောက်မှအပ၊ တီဗွီလေး ကက်ဆက်လေးမှအပ၊ အိမ်တစ်လုံးမှအပ ပြောစရာဘာမှမရှိခဲ့။

ကိုကို့အပေါင်းအသင်းတစ်ယောက်က ဆိုက်ကား ဝယ်ထောင်၊ ဆိုက်ကားဝယ်ပေးမည်ဆိုသဖြင့် ရွှေတစ်ကျပ်သားရောင်းပြီး ပေးလိုက်မိ၏။ ယခုတော့ သူလည်းပေါ်မလာ၊ ဆိုက်ကားလည်း ဖြစ်မလာချေ။ မုဆိုးမအသစ်စက်စက်အပေါ် လုပ်စားရက်ကြပါပေသည်။

ငတ်တုပ်ထိုင်နေလို့တော့ ပြေမ်း။ စိန်စိန်ရီ ဘာလုပ်ရမှာလဲ။ စိန်စိန်ရီ ဘာလုပ်တတ်လဲ။ ဘာမှလည်း မလုပ်တတ်။ အချိန်က မရှိတော့ပြီမို့ စမ်းတဝါးဝါး။ စက်ချုပ်သင်ရမလား၊ ရပ်ကွက်ထဲမှာလည်း စက်ချုပ်သမားတွေ ဒုနဲ့ဒေး။ ထို့ပြင် နာမည်မရခင် မည်သူမျှလည်း အပ်ကြမည်မဟုတ်။

ဈေးရောင်းရမည်လား။ ဘယ်ဈေးဆိုင်က အရောင်း





စာရေးမ ခေါ်ပါ့မလဲ။ ဦးအဟုတ်ဆိုင်က ကောင်မလေးတွေ တစ်လ သုံးထောင်ပဲ ရသတဲ့။ အအော်. . . အမာန်ခံနေရတာက သုံးထောင်ပိုးမက။ လူရှေ့သူရှေ့လည်း မရောင်။ ဟင့်အင်း. . .။ အတွေးနှင့်ပင် သည်အလုပ်ကို ဖျက်သိမ်းလိုက်၏။

အအိပ်မမှန် အစားမမှန်၊ သောကတွေနှင့် ထွေးလုံးရစ်ပတ်နေခဲ့သည့် စိန်စိန်ရီ့ရုပ်က နှစ်ချို့ဝိုင်သဖွယ်။ ကိုကိုပြောခဲ့သည့် ညို့မှင်းသမီးရုပ်မျိုး။ သုံးလလုံးလုံး ဆံပင်မညှပ်ခဲ့သည်မို့ ပင်ကိုလိုင်းတွန့်ဆံပင်များက နဖူးပေါ်မှာ ကျောပေါ်မှာ ဝေ့ဝေ့ဝဲဝဲ။ နက်အိမှောင်မှောင်၊ အိပ်ရေးပျက် မျက်ဝန်းကြီးများကလည်း ရွှဲရွှဲစက်စက်. . . ရီရီဝေဝေ။ မွေးကတည်းက ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ငြိမ်းငြိမ်းချမ်းချမ်းနေခဲ့ရသည့်အတွက် စိန်စိန်ရီ့အသားအရေ၊ စိန်စိန်ရီ့ကိုယ်ခန္ဓာက ချောချောမွေ့မွေ့ အချိုးပြေပြေ၊ သားသမီးနှစ်ယောက် မွေးထားသဖြင့် ဖြစ်တည်နေသည့် ကိုယ်ခန္ဓာအချိုးအစားက ထွားထွားမို့မို့ ညို့ညို့ဆိုင်းဆိုင်း တောအုပ်သဖွယ်။ ကိုကို တစ်ခါကပြောသလို အပျိုစင်အလှဟာ ပန်းပူးလောက်အလှ၊ အအိုတွေ ရက်ရက်စက်စက်လှပြီဆိုလျှင် ကမ္ဘာကြီးတောင် တိမ်းမှောက် တိမ်းမူးသွားနိုင်ပါသတဲ့။

ဘွားစမ်းပါ. . . သည်အလှတွေ ဘာလုပ်ရမှာလဲ။ ဝါး



www.burmeseclassic.com

www.burmeseclassic.com



စားလို့ရတာလည်း မဟုတ်ဘဲနဲ့၊ ကိုကိုရေ. . . စိန်စိန်ရီတို့ ကမ္ဘာကြီး တိမ်းမှောက်မသွားရအောင် ရောက်ရာဘုံဘဝက ကူညီမှိုင်းမပါ။ ဟာ. . . မဟုတ်သေးပါဘူး၊ ဘွာတေး ကိုကို။ ကိုကို ကျွတ်လွတ်သွားပြီး နတ်ပြည်ခြောက်ထပ်မှာပဲ ရောက်ရှိနေပါစေ။

ကိုကိုဆုံးပါးသွားကတည်းက နွံသာဝေး၊ မိတ်ကပ်ဝေးနေခဲ့သည့် သူမမျက်နှာကို ပြန်စမ်းကြည့်မိ၏။ မျက်နှာပြောင်နေသည့်ကြားက ဖြူစင် ဝင်းပနေသည့်ရုပ်ကို ဘာလုပ်ရမှာတဲ့လဲ။ အနောက်နိုင်ငံများလို ဖက်ရှင်မယ်တွေ၊ မော်ဒယ်တွေ လုပ်လို့ရလျှင်လည်း အကောင်းသား။ တွေးနေဆဲ အိမ်ပေါ်သို့ အရိပ်တစ်ခု တက်လာသည်။

''ဩော်. . . ဦးဘုန်းလွင်''

ကိုကို့ရုံးမှ အရာရှိကြီး။ ကိုကိုဆုံးတုန်းကရော၊ ယခုပါ နှစ်ခါသုံးခါ ရောက်ရောက်လာတတ်သည့်အရာရှိ။ သူမ အာရုံတွေ ထွေပြားနေသည်မို့ ကားရပ်သံတောင် မကြားလိုက်မိ။ ဦးဘုန်းလွင်က ညှော်ခန်းဆက်တီတစ်ခုပေါ်မှာ ထိုင်သည်။ ထို့နောက် စိန်စိန်ရီ့ကို ကြွေရရ ကရုဏာသက်စွာ ကြည့်သည်။

''ဒီဘက်လမ်းကြုံရင်း သတိရလို့ ဝင်လာတာ။ ဒီမှာ ကလေးတွေစားဖို့မုန့်။ စိန်စိန်ရီ. . . ပိုက်ဆံတစ်သိန်း လှူလိမ်





ရလို့ဆို''

''ဟုတ်ပါတယ်၊ သူက ကိုကိုနဲ့အရမ်းခင်တော့ စိန်စိန်ရီ ယုံလိုက်မိပါတယ်။ သူက ဆိုက်ကားထောင်ရင် အုံနာခနဲ့ ဘာနဲ့ဆိုတော့ ဟန်မပျက် စားနိုင်မယ် နေနိုင်မယ်ပြောလို့ ရှိတဲ့ ရွှေလေး ရောင်းပေးမိတာပေါ့။ ဆိုက်ကားနှစ်စီး ရမယ်တဲ့။ အခုတော့ သူက ဘယ်ရောက်သွားမှန်းတောင်မသိဘူး. . . ဦးရယ်။ ငွေတစ်သိန်းလောက်နဲ့ သူဘာများဖြစ်သွားမှာတဲ့လဲ။ စိန်စိန်ရီတို့မှာသာ''

သူမ ကိုယ့်စကားကိုယ် ဘရိပ်ဘအုပ်လိုက်သည်။ အပေါ်စားမိန်းမတွေလို မျက်ရည်နဲ့ရင်းပြီး ငွေချူစားသလိုဖြစ်နေဦးမည်။ အလိုလိုငိုချင်နေသည့် ခပ်ညံ့ညံ့မိန်းမတစ်ယောက် မျက်ရည်များကို ရေချိုးရင်းပဲ ရောချပါတော့မည်။

ဦးဘုန်းလွင်ရုပ် ဘယ်လိုဖြစ်သွားမလဲ။ သူမ မကြည့်တော့။ ညှော်ခန်းထဲမှာပဲ ငုတ်တုပ် ခေါင်းငုံ့ ကျောက်ရုပ်လို ကျောက်ချ ထိုင်နေမိသည်။ ညှော်သည်တိုက်စရာကော်ဖီလည်း မရှိ၊ လက်ဖက်ရည်လည်းမရှိ၊ သုံးလအတွင်း သူမတို့ သုံးကမ္ဘာခြားခဲ့ပြီး သည့်ကြားထဲမှာ သားက ဆေးရုံတစ်ခါတက်ခဲ့ရသေးသည်လေ။ စိန်စိန်ရီ့မှာ ရောင်းစရာအိမ်ပဲ ရှိပါချေတော့ပြီ။

www.burmeseclassic.com



"ပြန်မယ်"

"ဟုတ်ကဲ့"

ညှို့သည့်လာရင် ဟိုတုန်းက အိမ်ပေါက်ဝထိ သို့မဟုတ် အိမ်ရှေ့အထိ နွေးထွေးစွာ လိုက်ပို့မြဲဖြစ်ပေမယ့် ကိုကိုမရှိသည့်နောက်မှာ ထိုညှို့ဝတ်ကျေပွန်မှုတွေတို့ကိုပါ စိန်စိန်ရီ ဖျက်လိုက်သည်။ သူမက ငယ်ရွယ်သေးသူမို့ အနေအထိုင်အားလုံး ချုပ်ထိန်းခဲ့ပါ၏။ စိန်စိန်ရီ ညှို့ခန်းထဲမှာပင် ငုတ်တုပ်ကျန်ခဲ့သည်။

"မေမေ. . . သမီးတို့ပြန်လာပြီ"

"ဟာ! မုန့်တွေ၊ ပွတာပဲ. . . သားတို့စားလိုက်မယ်နော်၊ အဟဲ! ဝတ်နေတာ ကြာပြီ။ ရော့. . . မမ"

စားပွဲပေါ်မှမုန့်ထုပ်များထဲမှ တစ်ထုပ်ကို ဖောက်၊ ပလုပ်ပလောင်းစားနေကြသည့် သားနှင့်သမီးကို သူမ ကြေကွဲစွာကြည့်မိသည်။ သနားစရာကောင်းလှသည့် ကမ္ဘာမြေရဲ့ ယဇ်ကောင်လေးတွေ။ အရက်ကြောင့် စောစီးစွာ အရွယ်မတိုင်မီ သေဆုံးသွားခဲ့တဲ့ဖခင်ရဲ့ ရင်သွေးများ။ ဘာမှအသုံးမကျဘဲ အလှတစ်ခုသာ ပိုင်ဆိုင်သည့်၊ ရှိုးကေ့စ်ထဲမှာ၊ ပြတိုက်ထဲမှာ ထည့်ထားဖို့ကောင်းသည့် အညံ့စားမိခင်ရဲ့ရင်သွေးများ။ လောကယဇ်ပလ္လင်မှာ လည်စင်း၊ စတေး၊ လည်ချောင်းသွေး ပေးကြရမည့် ယဇ်





ကောင်လေးတွေလား။ ဟင့်အင်း. . . ဘယ်လောက်ပဲ ညှံ့ညှံ့၊ တို့အိမ်ရှေ့က ကြက်သားအုပ်မကြီးတောင် သူ့သားလေးတွေကို ရင်အုပ်မကွာ၊ စောင့်ရှောက်ခဲ့တာပဲကွယ်။ ကလေးတို့ မငိုပါနဲ့။ ကလေးတို့ မပူပါနဲ့၊ မေမေ့ရင်ခွင်အောက်မှာ မင်းတို့ငြိမ်းချမ်းပါစေ။

"ကဲ! စား. . . စား၊ ပြီးရင် ရေချိုး။ မေမေ ထမင်းပွဲပြင်ထားမယ်"

"ဘာဟင်းပဲ မေမေ၊ ကြက်သားလေးဘာလေး တစ်ခါတလေ စားချင်တယ်ဗျာ။ ဖေဖေမရှိတော့ကတည်းက သားတို့ တစ်ခါမှလည်း ကြက်သားမစားရတော့ဘူး။ ဖေဖေက သူနဲ့အတူ ကြက်တွေပါခေါ်သွားခဲ့ပြီ ထင်တယ်နော်"

"ဟဲ့! မောင်လေးရဲ့၊ မင်း ဆေးရုံတက်ရတုန်းက မေမေ နေ့တိုင်း ကြက်သားကျွေးတယ်လေ။ မေမေ့မှာ ပိုက်ဆံမရှိဘူး ဟဲ့"

"အိုဗျာ! အဲဒီတုန်းက သား ဘာမှန်းညာမှန်းမှမသိတာ၊ နှာခေါင်းပိုက်ကြီးနဲ့သောက်ရတဲ့ ကြက်ပြုတ်ရည်က အရသာရှိမလားဗျ။ လုပ်ပါမေမေရယ်၊ မနက်ဖြန်ကျ ကြက်သားချက်နော်"

သားနှင့်သမီး၏ အခြေအတင်စကားတွေကို သ[illegible]ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ချရင်း စိန်စိန်ရီ မီးဖိုထဲသို့ဝင်ခဲ့သည်။ သား စိတ်ညစ်ဦးမှာပါပဲ။ သည့်ကနေ့ဟင်းကလည်း မုန်လာဥနှင့် ပုစွန်ဆိတ်ကလေးများကြော်။ ခြော်. . . သားရယ်၊ ကြက်သားမှ စားချင်သတဲ့လားကွယ်။

ထမင်းစားပွဲပေါ်မှာ မုန်လာဥကြော်တစ်ခွက်တည်း တင်ထားနိုင်သည်မို့ စိန်စိန်ရီ သားနှင့်သမီးကို အားနာလှပါသည်။ မနက်က သူမဓါဝတ်စုံတစ်စုံကို သွားပေါင်ခဲ့ပေမယ့် အိမ်ကျတော့ မီးဖိုးရေဖိုးတွေ ပေးလိုက်ရသည်။ သားအတွက် ကြက်သားမဝယ်ဖြစ်နိုင်တော့။

မနက်ကျရင်တော့ ဈေးကြီးထဲက ဆိုင်တွေမှာ အရောင်းစာရေးလိုပါသလားရယ်လို့ လျှောက်မေးရလျှင် ကောင်းမလား။ သို့သော် ဒီလိုကြီးကျတော့လည်း ကျနွံမဲ့လှသည်။ မသူတော်တွေနှင့်တိုးနေလျှင် ဒုက္ခ။ တီဗွီ ချရောင်းလိုက်လျှင် ဘယ်လိုနေမလဲ။ အိမ်မှာ ရုပ်ပျက်တာမပျက်တာထက် ကိုယ့်မိသားစု ပြေလည်လျှင် ပြီးတာပဲမဟုတ်လား။ သူမကိုယ်မှာတော့ နားကပ်ပဲရှိတော့သည်။ ဟုတ်တယ်၊ တီဗွီရောင်းလိုက်မယ်။ နှစ်လသုံးလလောက်တော့ ချွေစားလို့သုံးလို့ ရမှာပါ။ သည့်ကြားထဲ အလုပ်တစ်ခုခုတော့ တွေ့ကောင်းပါရဲ့လေ။



BURMESE CLASSIC .com

# အခန်း (၂)

သည်နှစ်တော့ သမီးက ခြောက်တန်း၊ သားက လေးတန်း။ ကလေးများကို ရင်အုပ်မကွာ ပြုစုရင်း စိန်စိန်ရီ စက်အငှားချုပ်ခဲ့သည်။ ကိုယ်က မိတ်မရှိ ဆိုင်မရှိမို့ အပ်ထည်မရှိသဖြင့် နာမည်ရစက်ဆိုင်ကြီးတစ်ခုမှ အပ်ထည်များကို ဖုံ့ဒိုးချုပ်ပေးရသည်။ တံဆိပ်ကပ်တော့ နာမည်ရဆိုင်ကြီး၏တံဆိပ်ကို ကပ်ရသည်။ ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ တော်သေးတာပေါ့။ ချက်ရင်းပြုတ်ရင်း သားနှင့်သမီးကိုပြုစုစောင့်ရှောက်ရင်း ချုပ်ရသည်။

ယနေ့ခေတ်ကာလကြီးထဲ ပင်လယ်ပြင်ကို လှေကလေးနဲ့ ထွက်ရသလိုပဲ၊ စိန်စိန်ရီတို့သားအမိများ ပင်ပန်းဆင်းရဲလှပါသည်။ သူမရသည့်ဝင်ငွေလေးနှင့် ဘယ်လိုမှ မလောက်ငှ။ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည့်ပစ္စည်းများ ချချရောင်းရသည်ကလည်း အိမ်အခွံပဲ ကျ တော့သည်။ အရေးထဲ မုဆိုးမအသစ်စက်စက်ကလေးကို ကြ နာလိုသူတို့အားလည်း ရှောင်ရတိမ်းရသေးသည်။ အနေမှန်အော နေသည်မို့ ဆိုးဆိုးဝါးဝါးတော့ မဖြစ်သေး။ ကူညီစောင့်ရှောက် တတ်သည့် အိမ်နီးချင်းများကြားမှာ သူမတို့ နေလို့ရကြပါသေ သည်။ မျက်နှာတော့ ငယ်ပါ၏။ ဂုဏ်တွေငွေတွေ၊ ပကာသ တွေရှိမှ လူရာသွင်းချင်တတ်ကြသည့် လောကကြီးထဲမှာ သူ တို့ တစ်ဆင့်မက နိမ့်ဆင်းခဲ့ရပြီ။

သားနှင့်သမီး ကျောင်းသွားပြီမို့ စိန်စိန်ရီ အေးအေးဆေ ဆေး အင်္ကျီများကိုက်ဖို့ ပြင်လိုက်သည်။ ကိုကိုဆုံးပြီး သုံးလ အကြာမှာ သူမ စက်ချုပ်သင်ခဲ့သည်။ စက်ချုပ်တာက တစ်လ နှင့်တတ်သော်လည်း ကျွမ်းကျင်မှုရအောင် ထိုဆိုင်မှာပင် သူမ အလုပ်ဆက်လုပ်ခဲ့သည်။ ယခုတော့ ထိုဆိုင်က အပ်ထည်မျာ ကို ရှဲဒိုးချုပ်နိုင်းသည်အထိ ယုံကြည်ခဲ့ပေပြီ။ သည်ကနေ့တော များများလေးပြီးအောင်ချုပ်မှ၊ မနက်ဖြန်အတွက် ဆန်မရှိတော့ စိန်စိန်ရီတို့သားအမိတွေ ယခုလို ဖတ်သီဖတ်သီရှာစားနေရတာ သာ ကိုကိုသိလျှင် ရောက်ရာဘုံဘဝမှ စိတ်မကောင်းဖြစ်နေရှာ မည်။ တွေးနေဆဲ. . .





''စိန်စိန်ရီ''

''ရှင်! ဪ. . . ဦးဘရီ''

ပြီးခဲ့သည့်သုံးလ၊ ကလေးများကို ကျောင်းအပ်တုန်းက စိန်စိန်ရီ့မှာ ဦးဘရီထံမှ ငွေသုံးထောင်ကျပ် အတိုးနှင့်ဆွဲခဲ့ရ၏။ ငွေတစ်ရာလျှင် နှစ်ဆယ်ကျပ်တိုးမို့ လတိုင်းလတိုင်း အတိုး ခြောက်ရာ ရှင်းရသည်။ ယခုလကုန်ရက်ပေမယ့် သူမမှာ ငွေ ခြောက်ရာပြည့်အောင်မရှိသေး။ အသားမည်းမည်း ဗိုက်ရွှဲရွှဲ ရွှေ သွားဝင်းဝင်းနှင့် ရုပ်ရှင်ထဲက ချစ်တီးပုံပေါက်နေသည့် ဦးဘရီ သို့ စိန်စိန်ရီ မျက်နှာငယ်လေးဖြင့် မော့ကြည့်မိသည်။

''နှစ်ရက်လောက်တော့ ဆိုင်းပါဦးရှင်။ နောက်နှစ်ရက် လောက်ဆို ကျွန်မကိုယ်တိုင် လာပေးပါ့မယ်နော်''

''မင်း တစ်နေ့တစ်နေ့ စက်ချုပ်နေရသားပဲ မဟုတ်လား။ ငါက ကတိတည်မှုကြိုက်တယ်၊ လကုန်တယ်ဆို လိုချင်တယ်။ ဒီနေ့ကုန် ဒီနေ့ရမှပေါ့။ မရှိတဲ့သူဆိုတာ ကတိတည်ရတယ်ကွ။ ကယ်လိုလဲ. . . ညနေ ငါ့မိန်းမလွှတ်လိုက်ရမလား''

''အမယ်လေး! သူ့တော့ မလွှတ်လိုက်ပါနဲ့နော်၊ ရှိကြီး ခိုးပါရဲ့။ သူ့အသံကြီးနဲ့ ခုနစ်အိမ်ကြားရှစ်အိမ်ကြား အော်တော မှာကို ကျွန်မရှက်လို့ပါ။ သန်ဘက်ခါကျရင် ကျွန်မ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လာပေးပါ့မယ် ဦးဘရီရယ်. . . နော်. . . နော်''

စိန်စိန်ရီ ရှိုးဦးတင် တောင်းပန်မိသည်။ ဆင်းရဲပြီဆိုပေမယ့် သူမ အကြွေးတောင်းခံရမှာတော့ သေမလောက် ရှက်ပါသည်။ ရောင်းစရာပေါင်စရာ ဘာမှမယ်မယ်ရရမရှိတော့သဖြင့် အလွတ်တိုးနှင့် ငွေချေးရခြင်းဖြစ်သည်။ ပေါင်စရာရောင်းစရာသာရှိလျှင် သူမ ဦးဘရီထံမှာ ငွေမချေး။ သူ့ထံမှာ ငွေချေးမည့်အစား မိချောင်းပါးစပ်ထဲသာ ခေါင်းထိုးဝင်လိုက်ချင်ပါ၏။ ဦးဘရီက တဟဲဟဲရယ်လိုက်သည်။

''မင်းက . . . နော်. . . နော်. . . ဆိုပြီး နှစ်ခွန်းဆင့်ချွဲလိုက်တော့လည်း ငါ့အသည်းက မမာနိုင်တော့ပါဘူးကွာ။ စိတ်ချပါ. . . အိမ်ကမိန်းမကြီးကို မလွှတ်ပါဘူး။ ငါ ဒီလောက် မရက်စက်တတ်ပါဘူး။ နောက်လိုရင်လည်း လာယူပါ စိန်စိန်ရီရယ်။ တို့တွေ တစ်ရပ်ကွက်တည်းသားချင်းပဲ၊ သူစိမ်းတွေမှမဟုတ်တာကဲ! စိတ်အေးလက်အေးသာ ချုပ်ပါ၊ ငါသွားမယ်နော်''

ဦးဘရီ အိမ်ပေါ်မှဆင်းသွားခဲ့သည်။ စိန်စိန်ရီ အံကိုတင်းတင်းကြိတ်၊ နှုတ်ခမ်းကို တင်းတင်းကိုက်မိ၏။ ဦးဘရီသုံးသွားသည့် စကားအသုံးအနှုန်းပေါ်မှာ သူမ ခံစားရသည်။ မကျေနပ်ဘူး၊ သူ့ငွေကို ဘယ်လိုပြန်ဆပ်ရမလဲ။ စိန်စိန်ရီ အိမ်ပေါ်သို့





မျက်စိဝေ့ကြည့်သည်။ အိမ်မှာ ဖိမ်ခံပစ္စည်းဆို ဘာမှမရှိတော့။ ကိုကိုဆုံးပါးသွားတာ နှစ်လည်တော့မည်မို့ ရှိသမျှပစ္စည်းများပြောင်တလင်းခါနေပါပြီ။ အပ်ချုပ်စက်ကတော့ စိန်စိန်ရီ့ အလုပ်ရှင် စက်ဆိုင်မှ ပေးထားခြင်းဖြစ်သည်။ ဘဝခရီးရှည်ကြီးကို ဘယ်လိုလျှောက်ရမှာလဲ။ သူမ အားမလျှော့ပေမယ့် ဝန်နှင့်အားး မမျှတာကြီးကိုတော့ ဘယ်လိုမှမညှိတတ်တော့။

သူမတို့သားအမိတွေ တစ်နေ့ကို ထမင်းနှစ်ထပ် စားသည်၊ ဟင်းကောင်းကျွေးကောင်းလည်း မစားပါ။ သို့သော် ရှာလို့ရသည့်ငွေနှင့် ဘယ်လိုမှမလောက်။ ကျောင်းစရိတ်ကလည်းကြီးလှသည်။ ကျူရှင်ကလည်း မယူလို့မရ၊ ကျူရှင်မတက်လို့ကတော့ ဘယ်လိုမှအမှတ်မမီနိုင်ပါချေ။ သူများ မိုးခါးရေသောက်သောက်ရသည်။ ကလေးများ ကျောင်းမထားလို့ကတော့ ဘယ်လိုမှမဖြစ်။ နောက်ဆုံး အိမ်ကိုပဲရောင်းရရောင်းရ၊ စိန်စိန်ရီ ရောင်းပစ်လိုက်ပါမည်။ ကတ်ကြေးကိုကိုက်ရင်း ပေါက်ခနဲကျလာသည့်မျက်ရည်များကို၊ ကျန်လက်တစ်ဖက်ဖြင့် သူမသုတ်လိုက်စဉ် အိမ်ရှေ့သို့ ကားရပ်သံ ကြားလိုက်ရသည်။

ပေါ်တော်မူကြီး. . . ဦးဘုန်းလွင်။ ကိုကိုဆုံးကတည်းကလေးငါးခေါက်လား လာဖူးခဲ့သေးသည်။ အင်းလေ. . . သူက



www.burmeseclassic.com

www.burmeseclassic.com



တကယ့်အရာရှိကြီးပဲ။ တကယ်အလုပ်များတဲ့သူပဲ။ ဘယ်လာ အားမလဲ။ ပြီးတော့ သူစိမ်းတွေမဟုတ်လား။

“အို! စိန်စိန်ရီ. . . မင်းငိုနေသလား”

ငိုနေသူကို ငိုနေသလား. . . တဲ့။ ငိုချင်ရဲ့ လက်တို့ တောင်မဟုတ်။ ငိုနေသူကို လက်တို့လိုက်တော့ သူမ၏မျက်ရည် များ စမ်းချောင်းတစ်ခုလို ရစ်ခွေသွားတော့၏။ သူစိမ်းယောက်ျား တစ်ယောက်၏ရှေ့မှာ သူမ မငိုချင်သည်မို့ အံကိုတင်းတင်းကြိတ် ပြီး မျက်ရည်များကို ခပ်ကြမ်းကြမ်းသုတ်ပစ်၏။ သို့သော် တား မရသီးမနိုင်၊ သူမ၏မျက်ရည်များသည် ဆိုလေ တိုးလေ၊ မန်း လေ ပြလေ။

“ဟာ! ဘေဘီ၊ ဒုန့်ခရိုင်း. . . မငိုပါနဲ့ ကလေးရယ်”

ဦးဘုန်းလွင်၏နူးညံ့လွန်းသောအသံနှင့် အပြုအမူကြောင့် စိန်စိန်ရီ လန့်ဖျပ်သွားပြီး ပါးစပ်ပွင့်လျက် မော့ကြည့်လိုက်မိ၏။ မျက်ရည်များနှင့် အလှရုပ်ထုကို ဦးဘုန်းလွင်ကလည်း အလန့် တကြားငုံ့ကြည့်မိလိုက်သည်။

“ဟင့်အင်း. . . ဦး. . . ဦးဘုန်းလွင် ပြန်ပါတော့နော်၊ ကျွန်မ. . .”

ဘာကိုမှန်းမသိ၊ အခြေအနေကို စိန်စိန်ရီ လန့်သွား၏။





ထို့ကြောင့် သူမ ထိုင်နေရာမှ အလန့်တကြားထရပ်လိုက်မိသည်။ လက်ကလေးနှစ်ဖက်ကလည်း ဘာကိုမှန်းမသိ၊ သူမ ကာထား မိလိုက်သည်။ သို့သော်. . .

“ကလေးရယ်၊ မင်းကို ကိုယ်စောင့်ကြည့်ခဲ့တယ်၊ မင်း ပင်ပန်းလှပါပြီ။ မင်းဘဝ မင်းအလှနဲ့ မင်းရုန်းကန်နေရတာတွေ”

ဦးဘုန်းလွင် သူမအနားသို့ရောက်လာပြီး သူမ၏လက် ကလေးနှစ်ဖက်ကို ကိုင်ဆုပ်ဖြေဖြန့်ကြည့်ခဲ့သည်။

“ဟင့်အင်း. . . ဦးဘုန်းလွင် ပြန်တော့၊ ကျွန်မ နေလို့ ရပါတယ်။ ရုန်းကန်ရတာကို ကျွန်မပျော်တယ်”

သူမ ကိုယ့်လက်များကို ရုန်းယူသည်။ သို့သော် သူမ လက်များ လွတ်ထွက်မလာပါ။

“ဒါဆိုလည်း ကလေးရယ်၊ မင်း ဘာလို့ငိုနေရတာလဲ။ ကိုယ့်ကိုပြောပြပါ”

“ကျွန်မ ကိုကို့ကိုလွမ်းလို့ပါ၊ ဦးဘုန်းလွင် ပြန်ပါတော့ နော်။ နောက်လည်း ဘယ်တော့မှမလာပါနဲ့၊ ကျေးဇူးပြုပြီး ပြန် ပါတော့ရှင်။ မုဆိုးမတစ်ယောက်တည်းရှိနေတဲ့အိမ်ကိုလာရတာ ဦးဘုန်းလွင်အတွက်လည်း သိက္ခာကျပါတယ်”

ဦးဘုန်းလွင် စိန်စိန်ရီ့လက်များကို လွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဦးဘုန်းလွင်ကို စိုးရွံ့စွာ မော့ကြည့်မိပြန်သည်။ ယောကျ်ား တစ်ယောက်အဖို့ အသက်ငါးဆယ်အရွယ်ဟာ မအိုသေးဘူးလား။ ကြီးပြင်းဖို့အကောင်းဆုံး၊ အာရုံခံစားဖို့အကောင်းဆုံးအရွယ်လား။ တည်ငြိမ်သည့်ကန်ရေပြင်စိမ်းစိမ်းသို့ တည်ကြည်ချောမွေ့နုမျစ် နေသည့် လူကုံထံအရာရှိကြီးကို စိန်စိန်ရီ တကယ်ရင်ခုန်လာရ သည်။ ကြောက်လို့ပဲဖြစ်ပါလိမ့်မည်။

"ကောင်းပြီ စိန်စိန်ရီ၊ မင်းသဘောပါပဲ။ ဒါပေမဲ့ မင်း ဘဝမှာ ဆိုးရွားမှုတွေတွေ့တိုင်း ကိုယ့်ကိုသတိရပါ။ ကိုယ့်ကို အကြောင်းကြားပါ။ ကိုယ် ကူညီပါရစေ. . . အချိန်မရွေးပဲနော်။ ဪ. . . စိတ်မရှိပါနဲ့၊ မင်းငိုနေတာ စီးပွားရေးအတွက်ပဲဖြစ် မယ်လို့ ကိုယ့်ကိုထင်ခွင့်ပြုပါ။ ကလေးတွေအတွက် ကိုယ် မုန့် ဖိုးပေးခဲ့ပါရစေ"

ဦးဘုန်းလွင်က ငွေစက္ကူတစ်ထပ်ကို ညင်သာစွာ ထုတ် ချပေးခဲ့သည်။ တစ်အိမ်လုံးမှာ ဆက်တီတွေ တီဗွီတွေ ရှိုးကေ့စ် တွေ ဘာဆိုဘာမှမရှိတော့အောင် ပြောင်သလင်းခါနေမှုက သူမ ၏စီးပွားရေးကို ကြော်ငြာလုပ်ပြနေ၏။ ငွေဆိုဘာ သူမတို့ အတွက် အလိုအပ်ဆုံးပေါ့။ သို့သော် သူမ ငြင်းဆိုရမည်။ သည် ငွေနှင့်အတူ ကပ်ပါလာမည့်နှောင်ကြိုးများကို သူမကြောက်သည်။





"နေပါစေ ဦးဘုန်းလွင်၊ ကျွန်မ မယူပါရစေနဲ့။ ကျွန်မ တို့ အခုနေသားကျနေပါပြီ၊ နေလို့ရပါတယ်။ ဟင့်အင်း. . . ပိုက် ဆံတွေ ပြန်ယူသွားပါ၊ ကျွန်မ လိပ်ပြာသန့်သန့် နေပါရစေ"

"မာနမကြီးပါနဲ့ ဘေဘီ. . . မင်း လူတကာရဲ့ရှေ့မှာ အောက်ကျနောက်ကျနေရတာ ကိုယ်မမြင်ရက်ဘူး။ လိပ်ပြာသန့် သန့်နဲ့ ယူပါ၊ ကိုယ် စေတနာသန့်သန့်နဲ့ ဘေဘီ့ကို ထောက်ပံ့ တာပါ။ စိတ်ချ! မင်းမလာစေချင်ရင် ဘယ်တော့မှမလာဘူး"

ဦးဘုန်းလွင်နှင့်သူမ ဘယ်တုန်းကများ သည်လောက် ရင်းနှီးသွားရတာပါလိမ့်။ သူစကားပြောပုံက ငယ်မွေးခြံပေါက် တွေသဖွယ်။

ဦးဘုန်းလွင်က သူမရင်ကို ထိုးဖောက်မတတ် အကြည့် တစ်ချက်ကြည့်ပြီး အိမ်ပေါ်မှဆင်းသွားခဲ့သည်။ ချက်ချင်းပဲ ကား ထွက်သွားသံကိုလည်း ကြားလိုက်ရသည်။ အထည်ကိုက်သည့် စားပွဲနိမ့်လေးပေါ်မှာ ပိုက်ဆံတစ်ထပ် ကျန်ခဲ့၏။ သည်ငွေတွေ ကို စိန်စိန်ရီ ဘယ်လိုလုပ်ရမှာလဲ။ သည်ငွေတွေဟာ ငါးစာလား၊ ငါးမျှားချိတ်မှာ တပ်ဆင်လိုက်သည့်ငါးစာလား။ စိတ်ညစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ငွေစက္ကူများကို သူမ ရေတွက်ကြည့်လိုက်သည်။

ဟင်! တစ်ထောင်တန် အရွက်လေးဆယ်။ ငွေလေး



www.burmeseclassic.com

www.burmeseclassic.com



သောင်းပေါ့။ ဒါ သူမ ရှစ်လ ကိုးလလောက် စက်ချုပ်မှ ရမယ့် စက်ချုပ်ခပေါ့။ ကိုကိုရှိစဉ်က သည်ငွေလောက်ကို မမှုပေမယ့် ယခုတော့ စိန်စိန်ရီ စိတ်ရှုပ်ရသည်။ ဘာသဘောနဲ့ ပေးတာလဲ။ ယောက်ျားတစ်ယောက်ရဲ့ မဟာကရုဏာတော်ဟာ ဘယ်လိုမျိုး ပါလဲ။ သူမ တကယ်ကိုကြောက်ပါသည်။ ငွေစက္ကူများကို အဆိပ်ပြင်းသည့်မြွေတစ်ကောင်နှယ် စိန်စိန်ရီ လွှတ်ချမိလိုက်သည်။ သည်စဉ် အိမ်ရှေ့မှ ခုနစ်သံချိုကြီးကို ကြားလိုက်ရပါ၏။

"ဟော့! စိန်စိန်ရီ၊ ငါ့ယောက်ျားကို ပါးလှည့်နားလှည့် လုပ်ပြီး အကြွေးမပေးလိုက်တာ ဘာအချိုးလဲဟော့။ ငါ့ယောက်ျားကလည်း မိန်းကလေးချောချောကသာ လက်ညှိုးညွှန်လိုက်ရင် မျောက်ဖိုးစိန်လို ကွေးနေအောင် ကမယ့်ယောက်ျားမျိုး"

ဆတ်ခနဲ တုန်လှုပ်ရာမှ သူမ ငွေစက္ကူများကို အထည်တစ်ခုအောက် ထိုးသွင်းလိုက်ရသည်။ တော်ကြာ ဖြေရှင်းရခက်နေဦးမည်။ စိန်စိန်ရီ တစ်ထောင်တန်လေးရွက်ကိုတော့ လျှင်မြန်စွာ ထုတ်ယူလိုက်၏။

"သြော်. . . အန်တီနု၊ လာပါလာပါ. . . အန်တီနုပါးစပ်ကိုကြောက်လို့ စိန်စိန်ရီ သမီးနားကွင်းလေးကို ပေါင်ထားပါတယ်။ ပေးပါ့မယ်နော်. . . အန်တီ့ဟဲဗီးသံကြီး လျှော့လိုက်ပါတော့"





"မလျှော့နိုင်ဘူးဟော့၊ တကတည်း. . . ရွှေပေါင်တော့ ဘယ်ဆီသွားပေါင်တယ်မသိဘူး။ အလွတ်ငွေလိုပြီဆိုမှဖြင့် ငါ့ဆီ လာပါတော့တယ်။ ရွှေပေါင်တာ ဘယ်သွားပေါင်သလဲ. . . ပြော"

ပြီးစလွယ် လုပ်ဇာတ်ခင်းပြီးပြောလည်း ပြဿနာကမအေး။ အလိမ်အညာစကားတွေ ပြောကျင့်မရှိသည်မို့ စိန်စိန်ရီ့ စကားတွေ အမြီးအမောက်တည့်မည်မဟုတ်တော့။

"ဟိုလေ. . . ကျွန်မစက်ဆိုင်ပိုင်ရှင် အတိုးမယူဘဲ ငွေလှည့်တဲ့သဘောမျိုး ပေးလိုက်လို့ပါ. . . အဲဒါ"

"ဘာ. . . ဘာ. . . အတိုးမယူဘဲ ငွေချေးလိုက်သတဲ့ဟုတ်လား။ အဲဒီစက်ဆိုင်ပိုင်ရှင်ကို ငါ့လိုက်ပြစမ်းပါအေ။ အထူးအဆန်းလုပ်ပြီး ရုံသွင်းပြစားချင်လို့။ ဒီမှာ မိစိန်စိန်ရီ၊ ညည်းကို ငါပြောလိုက်မယ်၊ လူတကာရဲ့အကူအညီကို ညည်း အဲလိုကြုပ်ကြုပ်ယူ. . . တစ်နေ့ ဒုက္ခတွေ့မယ်မှတ်။ လူဆိုတာ ကိုယ့်အကျိုးမရှိဘဲ သူတစ်ပါးကို ဘယ်တော့မှမကူညီဘူး။ ငါကတော့ ငါ့ပိုက်ဆံ ပြန်ရရင် ပြီးတာပါပဲ. . . ပေး"

သူ့ပိုက်ဆံ သူယူပြီး အန်တီနုထွက်သွားတော့ စိန်စိန်ရီ တွေဝေ ပူလောင်ကျန်ခဲ့ရသည်။

"လူတကာရဲ့အကူအညီကို ညည်း အဲလိုကြုပ်ကြုပ်ယူ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဒုက္ခတွေ့မယ်''. . . တဲ့။

ကျိန်စာတိုက်ခဲ့တာလား အနိတ်နရယ်. . .

စိန်စိန်ရီ တကယ်ကြောက်လှပါသည်။



## အခန်း (၇)

တိုက်ခန်းရုံပြာလွဲလွဲမှာ အိမ်မြှောင်တစ်ကောင် ငြိမ်သက်စွာ ကပ်နေသည်။ ထိုအိမ်မြှောင် တိတ်ဆိတ် အေးစက်လိုက်ပုံက ကျောက်ရုပ်တစ်ရုပ် သေနေသည့်နှယ်။ ဟော! တစ်ကောင် ဝါးစားလိုက်ပြန်ပြီ။ မီးချောင်းအရောင်မှာ ပျော်မြူးရင် နယ်ကျွံလာသည့် ပိုးကောင်လေးတစ်ကောင်ကို။ အိမ်မြှောင် ဆတ်ခနဲ ဝါးစားလိုက်ပုံက ကျွမ်းကျင်လှ၏။ ထို့နောက် ပြန်လည်ငြိမ်သက်သွားပြန်သည်။ အိမ်မြှောင်တစ်ကောင်နှင့် ပိုးကောင်းများ ဇာတ်လမ်းကိုကြည့်ရင်း စိန်စိန်ရီ သက်ပြင်းချမိ၏။

သားနှင့်သမီး အတန်းတွေ အတော်ရလာပြီ။ သမီးက သည်နှစ် ရှစ်တန်း၊ သားက ခြောက်တန်း။ စိန်စိန်ရီ့ ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



ဈေးအရ စက်ချုပ်လို့လည်းမရတော့။ ဦးဘုန်းလွင် လာလာပေးသည့်ငွေများကို လက်ခံရတာလည်း ဘယ်လောက်ရှိပြီလဲ၊ နောက်ဆုံးတစ်နေ့မှာ အိမ်ကို ထိုးပေးလိုက်မည်။ သူမ သက်ပြင်းချမိပြန်သည်။

ဘာလုပ်ရမှာလဲ။ ကမ္ဘာကြီးထဲမှာ သူမလုပ်တတ်တာ ဘာအလုပ်မှ မရှိတော့ဘူးတဲ့လား။ သူမဟာ ဘယ်တော့မှ ဟုန်းခနဲ မကြီးပြင်းတော့ဘူးလား။ ဘဝတစ်လျှောက်လုံး ငြိမ်းငြိမ်းနေခဲ့ရသည့် စိန်စိန်ရီမှာ ပင်ပင်ပန်းပန်းအလုပ်တစ်ခုကို စွဲစွဲမြဲမြဲလုပ်ရတိုင်း ကျန်းမာရေးက ဖရိုဖရဲပြစ်သွားရသည်။ ဆေးဖိုးကုန်ရတာပေါ့။

သူမနေထိုင်တာ ဆင်ခြေဖုံးရပ်ကွက်မို့ ဘာမှလုပ်ချင်လို့လည်းမရ။ စတိုးဆိုင်ဖွင့်လည်းမရ၊ မုန့်ဆိုင်ဖွင့်လည်းမရ၊ သူမတို့ရပ်ကွက်က နုံချာလွန်းသည်။ ဒါမှမဟုတ် ဈေးကိုပဲ သွားကြသည်။ လမ်းတကာလည်ပြီး ပဲပြုတ်ရောင်းဖို့ အကြော်ရောင်းဖို့ပဲ ရှိတော့သည်။

သည်နေ့ စနေ၊ သားနှင့်သမီးကို သူ့အဘိုးအဘွားများလာခေါ်သွားကြသည်။ ကိုကို့မိဘများက ဟိုဘက်ရပ်ကွက်မှာနေကြသည်။ ကလေးများကိုပို့ပေးပြီး အိမ်ပြန်လာတော့ ကား





တစ်စီး စောင့်ကြိုနေခဲ့သည်။

"ဆရာ ဆိုင်ကယ်တစ်စီးနဲ့ ပွတ်ဆွဲမိသွားလို့. . . တော်တော်များတယ်။ မစိန်စိန်ရီကိုခေါ်ပေးပါဆိုလို့"

"ရှင်!"

အဆန်းပါလား၊ သူ့မှာ သူ့မိန်းမနဲ့ သားသမီးတွေ ရှိတယ်မဟုတ်လား။ ကိုယ်က သုံးနှစ်သုံးမိုးလုံးလုံး သူ့အထောက်အပံ့ကို အူကြောင်ကြောင် အသားလွတ်ကြီး ယူခဲ့မိပြီမို့ သိပ်ကင်းကင်းပြတ်ပြတ်တော့ မပြောရဲ၊ သံယောဇဉ်လည်း ရှိပါသည်၊ သူ့ကြောင့် အိပ်ပျက်ညတွေလည်း ဖြစ်ပေါ်ဖူးခဲ့ပြီ။

"ဟို. . . ကျွန်မကိုခေါ်တယ်၊ ကျွန်မနဲ့ ဘာဆိုင်သလဲရှင်။ ခေါ်စားခေါ်ရင် သူ့မိသားစုကိုခေါ်ရမှာမဟုတ်လား"

"သူ့မိသားစုက ရန်ကုန်မှာပါ။ ဒါကြောင့် သူခင်တဲ့ မစိန်စိန်ရီကိုအခေါ်ခိုင်းတာ ထင်ပါတယ်။ ဆရာ့ခမျာ သနားစရာ၊ နားထင်မှာ အတော်ကွဲသွားတယ်။ လက်တစ်ဖက်လည်း အဆစ်လွဲသွားတယ်"

"ဟင်! ဩော်. . . ဒါဆို ခဏနော်၊ ကျွန်မ လိုက်ခဲ့ပါ့မယ်"

သံယောဇဉ်ရှိရင်းစွဲမို့ သူမ မငြင်းမိတော့။ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခဏတက်၊ ပြတင်းတံခါးတွေပါပိတ်ပြီး လာခေါ်သည့်ကားနောက် လိုက်ခဲ့သည်။ လာခေါ်သည့်ကားက တိုက်ခန်းတစ်ခုရှေ့မှာ ရပ်သည်။

"ဦးဘုန်းလွင်က ဒီမှာလား. . . ဆေးခန်းမှာလား"

"ဆေးခန်းမှာပါ၊ ဒါ ဆရာနေတဲ့တိုက်ခန်း။ သူပြန်လာပါတော့မယ်"

"ကျွန်မက ဘာလုပ်ပေးရမှာလဲ၊ ဆေးခန်းလိုက်ရမှာ မဟုတ်ဘူးလား"

"မလိုက်ပါနဲ့တော့၊ လူမမာမေးပြီး ပြန်ရုံပေါ့။ ခဏစောင့်ပါ"

သူမ အူကြောင်ကြောင်ဖြင့် ဧည့်ခန်းထဲမှာ ထိုင်စောင့်ရသည်။ ဦးဘုန်းလွင်အကြောင်းကို သူမ စေ့စုံစွာမသိ။ ကိုကိုတို့ရုံးမှ ရောမအရာရှိကြီးဖြစ်တာရယ်၊ မိန်းမနဲ့သားသမီးနှစ်ယောက်ရှိတာရယ်. . . ဒါပဲသိသည်။ ယခုမှ သူ့မိသားစုက ရန်ကုန်မှာနေကြောင်းသိရသည်။ သူ့ဒဏ်ရာတွေ ဘယ်လောက်များသွားသလဲ။ ညစာထမင်းရော ချက်ပြီးပြီလား။ အိုလေ. . . ဝယ်စားလိမ့်မပေါ့။ ညနေငါးနာရီဆိုတာ စောပါသေးသည်။ ခြောက်နာရီ၊ ခုနစ်နာရီလည်း မိုးမချုပ်တန်ရာပါဘူး။ စိန်စိန်ရီ စိတ်ရှည်စွာ





စောင့်နေရသည်။ နာရီဝက်ခန့်ကြာမှ ဦးဘုန်းလွင် ကားနှင့်ပြန်ရောက်လာခဲ့သည်။

"အား. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

အို. . . ဒဏ်ရာတွေ များလှပါလား။ သူမ ယောင်ယမ်းပြီး မတ်တပ်ရပ်မိသည်။ နားထင်မှာ ပလာစတာတွေ ကပ်ထားသည်။ ဘယ်ဘက်လက်ဖျံမှာလည်း ပတ်တီးစလွယ် စည်းထားၐ။ နောက်. . . ခြေထောက်ကလည်း ထော့နင်းထော့နင်းနှင့်။ ပြီးတော့ ပတ်တီးများမှာ သွေးစသွေးနတွေ။

"ဩော်. . . ဘေဘီ၊ လိုက်လာဖော်ရသားပဲ"

"ဟုတ်ကဲ့၊ ကျွန်မ ဘာလုပ်ပေးရမလဲရှင့်"

"ကိုယ့်ကိုပြုစုပေါ့. . . ကိုယ့်လက်က ဘာမှကိုင်နိုင်မှာ မဟုတ်ဘူး"

"ရှင်! ဦး. . . ဦးဘုန်းလွင်အိမ်ကို မမှာဘူးလား"

"မမှာဘူး၊ ကိုယ့်မိန်းမက နိုင်ငံခြားမှာ။ သားနဲ့သမီးက တက္ကသိုလ်တက်နေကြတယ်။ ရတယ်လေ. . . မင်း ဘာမှလုပ်မပေးနိုင်လည်း ဖြစ်ပါတယ်။ ကိုယ်နေလို့ရပါတယ်"

စိန်စိန်ရီ ဘာပြန်ပြောရမည်လဲ။ စိတ်ညစ်နေဆဲ. . . သူ့တပည့်က ကားမောင်းထွက်ခွာသွားခဲ့သည်။ ဦးဘုန်းလွင်က ဧည့်



www.burmeseclassic.com

www.burmeseclassic.com



ခန်းဆက်တီဆိုဖာတစ်ခုမှာ ဝင်ထိုင်၏။ ပြီး. . . ကောင်းသည့် လက်တစ်ဖက်တည်းနှင့် စားပွဲပေါ်ရှိစီးကရက်ဘူးထဲမှ စီးကရက် ထုတ်ယူရန်ကြိုးစားသည်။ သူမ အလိုက်သိစွာ ထုတ်ယူလိုက် ပြီး သူ့နှုတ်ခမ်းမှာ တပ်ပေးရသည်။ ထို့နောက် ဂက်စ်မီးခြစ်ကို ခြစ်ပြီး ညှိပေးလိုက်သည်။

"ကျေးဇူး"

သူ စီးကရက်သောက်တာ စတိုင်မိလှသည်။ စိန်စိန်ရှိ သိမှတ်မဲ့စွာ ငေးကြည့်နေမိ၏။ ဘုရားရေ! ကိုကို စိတ်ဆိုးတော့ မှာပဲ။ ရှက်ရွံ့စွာ သူမ ခေါင်းငုံ့ပစ်လိုက်သည်။

"ဘေဘီ"

သူ့အသံ ဆွေးဆွေးငင်ငင်ကြောင့် သူမ လန့်ဖျပ် မေ့ ကြည့်တော့ သူ့မျက်ဝန်းများ အရည်ပျော်နေကြသည်။ အရော တလက်လက် ဆွေးဆွေးညို့ညို့မျက်ဝန်းများက မြွေဟောက် တစ်ကောင်နှယ်။

ဦးဘုန်းလွင်က သူ့နေရာမှာပင် စီးကရက်အဖွာမပျက် ဘဲ ငေးကြည့်နေပုံက ဆွေးဆွေးဝေဝေ။

"ကိုယ့်ကိုအထင်မလွဲပါနဲ့ ဘေဘီ၊ ကိုယ် မင်းကိုချ တယ်။ ဒါပေမဲ့ လက်ဖျားနဲ့တောင် မထိပါဘူး။ မကြောက်ပါနဲ့





ကလေးရယ်။ တံခါးကို အပြင်က လေတိုးမှာစိုးလို့ စေ့ရုံစေ့ထား ခဲ့တာပါ။ ခဏကြာရင် စားစရာတွေ ရောက်လာမယ်။ ဘာလဲ၊ ဗီဒီယိုထဲကလို အစားအစာတွေမှာ အိပ်ဆေးခတ်ထားမယ် ထင် လို့လား။ ကိုယ့်အချစ်ဟာ ဒီလောက် အောက်တန်းမကျပါဘူး ဘေဘီ၊ မင်း မကြည်ဖြူရင် လက်ဖျားနဲ့ထား. . . လေနဲ့တောင် မထိပါဘူး"

ပြောသည့်အတိုင်း သူက ငြိမ်သက်စွာထိုင်နေ၏။ မငြိမ် သက်နိုင်သူက စိန်စိန်ရီ။ သူမတစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ တုန် ရီနေတာ ဘာကြောင့်မသိ။

"ကိုယ့်ဘဝဟာ ကံဆိုးလှပါတယ်၊ ဘယ်တုန်းကမှ ကံ မကောင်းခဲ့ဘူး။ ကိုယ့်မိန်းမက ကိုယ့်ကိုစွန့်ခွာပြီး နိုင်ငံခြားမှာ သွားနေတယ်။ သားနဲ့သမီးက သူ့အဘိုးအဘွားတွေနဲ့ နေတယ်။ ကိုယ်ဟာ ရှင်လျက်နဲ့သေဆုံးနေရတဲ့ဘဝပါပဲ။ ကိုယ့်မှာ အချစ် တွေ ကုန်ခမ်းခဲ့ပြီလို့ထင်ခဲ့တယ်။ အဲဒါ မှားတယ်. . . မင်း ကိုယ့် ကိုဘာလို့ကြောက်နေတာလဲ။ ကိုယ် ဘယ်တုန်းက မင်းကို ဘာ လုပ်ခဲ့ဖူးလို့လဲ။ အဲဒါ ကိုယ့်ကိုစော်ကားတာပဲ။ ကိုယ့်အချစ်ကို မင်းစော်ကားတာပဲ"

ပြောရင်း သူက အနာလက်ဖြင့် စားပွဲပေါ်သို့ ထုချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အနာကသွေးများ စိမ့်ထွက်သွားခဲ့သည်။

"အို. . . ကို"

အံတင်းတင်းကြိတ်ရင်း မျက်ရည်ဝဲနေသည့် သွေးစိမ်း ရှင်ရှင်ထွက်. . . သူ့အသွင်က စိန်စိန်ရီ့အသိဉာဏ်တွေအားလုံးကို ဖုံးလွှမ်းသွားခဲ့ပြီ။ မိန်းမသားဆိုတာ သနားကရုဏာက စိုးမိုးလာတဲ့အခါ အရာအားလုံး စုံလုံးကန်းသွားပြီဖြစ်သည်။ စိန်စိန်ရီ ဦးဘုန်းလွင်လက်ကို ပြေးဆုပ်ထားမိသည်။

"ဘေဘီ"

"ကိုရယ်"

ဦးဘုန်းလွင်၏ကောင်းသောလက်တစ်ဖက်က စိန်စိန်ရီ့ကိုယ်လေးကို တင်းတင်းပွေ့ဖက်လာခဲ့သည်။ သူ့လက်ဖျားများက ခွန်အားဖြင့် မာကျောကျစ်လစ်လှသည်။ စိန်စိန်ရီ၏ မျက်ရည်လူးသော မျက်နှာဖောင်းဖောင်းလေးက ဦးဘုန်းလွင်မျက်နှာနှင့် ပေါင်းစပ်သွား၏။

နံရံပေါ်မှအိမ်မြှောင်လေးကတော့ နောက်ထပ် ပိုးကောင်တစ်ကောင်ကို ဝါးစားရင်း သူမတို့အဖြစ်ကို ခေါင်းတညိတ်ညိတ် ကြည့်နေပါတော့သည်။

 



## အခန်း (၄)

"ကိုရယ်. . . ကျွန်မ ကြေးစားမိန်းမပျက်ဖြစ်နေပြီလား ဟင်"

မျက်ရည်ဝဲလျက် နှုတ်ခမ်းမို့မို့ ဆတ်ဆတ်တုန်နေပုံက နာကျင် လောင်မြိုက်နေသည့် နှလုံးသား၏ရိုက်ခတ်မှုပင်ဖြစ်မည်။ အလင်းပျပျ စီးဝင်သည့်တိုက်ခန်းက နေ့မှန်းညမှန်းမသိ။တစ်လောကလုံး အမှောင်ဖုံးလွှမ်းနေသည့်နှယ်။ တိုက်ခန်းကျဉ်းလေးထဲမှာ ဦးဘုန်းလွင်နှင့် စိန်စိန်ရီ။

သားနှင့်သမီး ကျောင်းသွားခိုက်မှာ သူမ ရောက်ရောက်လာရသည်က သိုက်ဆရာကြီး၏ ဆေးဖယောင်းတိုင်ဒဏ်ကို မခံနိုင်ရှာသည့် ဥစ္စာစောင့် သရဲမလေးနှယ်။ သူမ့ သည်းခြေနှင့်ရက်



www.burmeseclassic.com

www.burmeseclassic.com



မှ ရှန်းထွက်ချင်ပါရဲ့။

သို့သော် စိန်စိန်ရီခမျာ မတတ်နိုင်တော့ပါ။

ဦးဘုန်းလွင်က စိန်စိန်ရီ့မျက်ရည်များကို ညင်သာစွာ သုတ်ပေးလိုက်၏။

"ဘာတွေလျှောက်ပြောနေတာလဲကွာ. . . ဘေဘီဟာ ကိုယ့်ချစ်သူပဲ။ ဘာလို့ ကြေးစားမိန်းမဖြစ်ရမှာလဲ"

"မိန်းမ! ဟုတ်လား ကို၊ ကို. . . စိန်စိန်ရီ့ကို ဘယ်တုန်းက လက်ထပ်ခဲ့လို့လဲ။ စိန်စိန်ရီဟာ ကို့အတွက် အဆာပြေစားသုံးတဲ့ သစ်သီးတစ်လုံးပဲဖြစ်ပါလိမ့်မယ်"

"စကားတတ်တိုင်း ကို့ကိုမနှိပ်စက်ချင်ပါနဲ့ကွယ်၊ လက်ထပ်မှ အချစ်မဟုတ်ပါဘူး။ ကို့ဘက်မှာက မပြတ်မသားတွေ ရှင်းစရာလင်းစရာတွေ ရှိသေးတော့၊ ကို. . . မင်းကိုလက်ထပ်လို့မဖြစ်သေးဘူး။ ပြီးတော့ ကိုယ့်ဂုဏ် ကိုယ့်အလုပ်ကို ထိခိုက်မှာတွေ"

"သြော်. . ."

ကျော်ချတာတောင် မားပြမှန်း သူမ မသိသေးဘူးတဲ့။ စိန်စိန်ရီ တစ်ချက်ရှိုက်မိရင်း လုပသည့်နှုတ်ခမ်းလေးလည်း ငိုမဲ့မဲ့ဖြစ်သွားရ၏။





"ကောင်းပြီ ကို၊ ဒါဆို စိန်စိန်ရီ. . . ကို့ကို ဘယ်တော့မှ လာမတွေ့တော့ဘူး။ ကိုက အများအမြင်မှာ ဂုဏ်ဒြပ်ကြီးကြီး သိက္ခာကြီးကြီးနဲ့ လူကြီးလူကောင်းကြီးပဲ။ ဟုတ်တာပေါ့၊ စိန်စိန်ရီ ဆင်ခြင်ရမယ်။ ကို ကူညီခဲ့တာတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်မ သွားတော့မယ်"

အိပ်ရာထက်မှ စိန်စိန်ရီ ဆတ်ခနဲ လျှောဆင်းလိုက်ရာ ဦးဘုန်းလွင်က စပါးကြီးမြွေရစ်နည်းမျိုး သူမကို ရစ်သိုင်းဖမ်းဆီးထားခဲ့သည်။

"ဘယ်ဖြစ်မလဲ အချစ်ရယ်၊ မင်းကို ကို. . . အရမ်းချစ်တယ်လေ။ စိတ်ချပါကွာ. . . မသေမချင်း တစ်သက်လုံး ရိုးမြေကျ ပေါင်းမှာပါ။ ကဲ! ဘာလိုသလဲပြော၊ ပြီးခဲ့တဲ့တစ်ပတ်က ကိုဝယ်ပေးခဲ့တဲ့ ဆွဲကြိုးကိုကြိုက်ရဲ့လား။ နေဦး. . . မင်းဖို့ လက်စွပ်ကလေး ပါလာသေးတယ်။ မေ့တော့မလို့။ ဒီမှာ. . . ရော့! မှန်း. . . ဝတ်ကြည့်စမ်း၊ အလကားကွာ. . . ပျော်ပျော်နေရမှာကို စိတ်ညစ်စရာပဲ တွေးနေပြောနေရသေးတယ်။ ဒီမှာ မိန်းမရဲ့၊ မင်းကို မသေမချင်း ချစ်မှာသိလား။ ဆက်ချစ်လို့များရရင် ဟို ဘဝထိတောင် ချစ်လိုက်ဦးမယ်"

ဦးဘုန်းလွင်က လက်စွပ်ဝတ်ပေးဖို့ ဟန်ပြင်သည်။ စိန်



www.burmeseclassic.com

www.burmeseclassic.com



စိန်ရီ အသည်းထဲမှ နာကျင်မိပါ၏။ ခုတော့ အားလုံးသိပြီလေ။ ယောကျ်ားတစ်ယောက်ရဲ့ လက်မထပ်နိုင်သည့်အချစ်ဟာ ဘယ်လိုအချစ်မျိုးဖြစ်ရဦးမှာတဲ့လဲ။ သူမပျော့ညံ့မိခဲ့သည့်အတွက် ယူကျုံးမရဖြစ်မိသည်။

"ကျွန်မငိုရင် ကိုက ပစ္စည်းတစ်ခုခုပေးပြီး ချော့တယ်။ ကျွန်မလိုချင်တာ ရွှေငွေပစ္စည်းမဟုတ်ဘူး. . . ကို့ဆီက စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာ"

"ဟား. . . စိန်စိန်ရီတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ အခုရော မင်းကို . . . ကို မချစ်လို့လားကွယ့်။ ဒီ့ထက်ပိုချစ်ပြရဦးမလား"

"အဲဒါ အချစ်မဟုတ်ဘူး. . . ကို၊ ဒီအချစ်မျိုးကတော့ တိရစ္ဆာန်တွေတောင် ချစ်တတ်တယ်"

"ဟာကွာ. . . မင်းစကားကလည်း၊ ကို စိတ်ဆိုးလာပြီ သိလား။ မင်းကရော ကို့ကို တကယ်ချစ်လို့လား။ ကဲ! ပြော"

ဦးဘုန်းလွင်အမေးကြောင့် စိန်စိန်ရီ မဲ့မဲ့လေး ပြုံးမိ၏။

"ဟုတ်တယ်၊ ကို မေးသင့်တယ်။ ဒီမှာ ကို၊ အချစ်နဲ့ ငွေကြေးရောယှက်သွားတဲ့အခါ အချစ်ဟာ အပေါစား ဘာမှ တန်ဖိုးမရှိတဲ့အရာ ဖြစ်သွားတော့တယ်၊ ကျွန်မ ကို့ကို မိုက်မိုက်





မဲမဲ သန့်သန့်ရှင်းရှင်း ချစ်ပစ်ချင်တယ်။ ဒါပေမဲ့ ကျွန်မဘဝက"

"အဲဒီဘဝဘီလေးကို စကားအင်မတန်များတယ်၊ စကားမပြောနိုင်အောင် လုပ်ပေးရမယ်"

ယခုတော့ စပါးကြီးမြွေကြီးရဲ့ ထွေးလုံးရစ်ပတ်မှုမှာ သားသမင်မလေးနှယ် စိန်စိန်ရီ အရည်ပျော် ကြေမွသွားခဲ့။

အချစ်သစ်ပင်ကြီးက ကမ္ဘာဦးပဒေသာပင်ကြီးနှယ် ဆန်တွေ ဆီတွေ ဟင်းချက်စရာတွေ ရွှေငွေဥစ္စာပစ္စည်းတွေ ပေးတယ်။ စိန်စိန်ရီ မျက်စိကိုစုံမှိတ်ပြီး မထူးတော့တဲ့ဘဝမှာ ထိုသစ်ပင်ကြီးမှအသီးအပွင့်များကို သားနှင့်သမီးအား ဆွတ်ယူ ကျွေးမွေးမိခဲ့ပါ၏။

သို့သော် ထိုသို့ဖြစ်တည်မှုအတွက် သူမ၏ဂုဏ်သိက္ခာ၊ သူမ၏ကိုယ်ကျင့်တရားနှင့် သူမ၏ပျော်ရွှင်မှုအားလုံးအပြင် သူမ၏အသွေးအသားများအားလုံးပါ စတေး ပေးဆက်ခဲ့ရသည်ကို အချိန်နှောင်းမှ စိန်စိန်ရီ သိခဲ့ရပါ၏။

သည့်ထက်ပိုပြီး ဖြေမဆည်နိုင်အောင် ကြေကွဲဆုံးရှုံးရသည်ကတော့ ထိုအရိပ်မည်းသည် သူမ၏သားနှင့်သမီးအပေါ်မှာ ဖျောက်ဖျက်မရအောင် စွန်းထင်း နာကျင်စေခဲ့ရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"သိလား မေမေ၊ အဲဒီဦးကြီးက သမီးကို တစ်လမ်းလုံး စောင့်ရှောက်ကျွေးမွေးလာခဲ့တယ်။ သမီးမှာ ပိုက်ဆံမှ များများ မပါဘဲ မေမေရဲ့။ အားနာပါးနာနဲ့ပဲ စားခဲ့ရတယ်"

"ဘာရယ်. . . သမီး၊ အဲဒီဦးကြီးက ဘယ်အရွယ်ရှိပြီ လဲ။ ယောကျ်ားဆိုတာ. . ."

"သမီးသိပါတယ် မေမေ၊ ယောကျ်ားဆိုတာ ဖွဲတစ်ဆုပ်နိုင်ရင်တောင် အဲဒီဖွဲနဲ့ အိုးတိုက်လေ့ရှိတယ်လို့ ဆရာကြီးတွေ ရေးခဲ့ဖူးတယ်လေ"

ပြောပြီး၊ ပေဒါရီ တခစ်ခစ်ရယ်မိသည်။ ပေဒါရီ မေမေ့ အိပ်ရာရှေ့မှာ ထမင်းလာစားနေသည်။ ထမင်းဇလုံလေးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းနှင့်ဟင်းကိုပုံပြီး အားရပါးရစားရင်း မေမေ့အား ခရီးသွား အတွေ့အကြုံတွေကို ပြောပြနေမိသည်။

''အဲဒီဦးကြီးက ဘယ်အရွယ်လဲ၊ အသားလွတ်ကြီး ကူညီတယ်ဆိုတာ မေမေ့အတွေ့အကြုံအရတော့ ဘယ်မှာရှိကြလို့လဲကွယ်။ မေမေ့လိုဖြစ်မှာစိုးတယ်''

''အဲဒီဦးကြီးက အသက်ခန့်မှန်းရခက်တယ် မေမေရဲ့။ ပုံစံကတော့ အဘိုးကြီးပုံစံ။ ဒါပေမဲ့ ကျန်းကျန်းမာမာနဲ့ အသက်ရာကျော်နေရမယ့်အဘိုးကြီး. . . မေမေရဲ့။ နှုတ်ခမ်းမွေးတွေနဲ့ မျက်မှန်ကြီးနဲ့ အိုစာနေပေမယ့် ဘယ်လိုမှန်းလဲမသိဘူး''

''သမီးရယ်''

ဒေါ်စိန်ကိန်ရှိ မသက်မသာဖြင့် ရင်ဘတ်ကို လက်ဝါးဖြင့် ဖိမိသည်။

''မစိုးရိမ်ပါနဲ့ မေမေရယ်၊ သမီး အဲဒီဦးကြီးကို အဖိုးအခအဖြစ် ရွှေနားကပ်လေး ပေးလိုက်ပါတယ်။ သူစိမ်းတစ်ယောက်ရဲ့အကူအညီကို အသားလွတ်ကြီး မယူခဲ့ပါဘူးမေမေ''

''ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ်မရှိပါဘူးကွယ်''

သီးစုံချည်ရည်နှင့် အားပါးတရ ထမင်းစားနေသည့်သမီး





ကိုကြည့်ရင်း ဒေါ်စိန်စိန်ရှိ သားငယ် တေဇာရှိကို အရမ်းလွမ်းသွားသည်။ ဘယ်အရပ်များ ရောက်နေလေသလဲ. . . သားရယ်၊ သားငယ် ဆယ်တန်းဖြေပြီးသည့်နှစ်မှာပဲ အိမ်မှပျောက်သွားခဲ့၏။ မိခင်ဖြစ်သူက ဘယ်လိုပဲ ဖုံးဖုံးဖိဖိနေနေ၊ အခြေအနေအရပ်ရပ်ကိုသိနေရတော့ သားကလေး အရှက်သည်းပေမည်။ မည်သူ့မပြု မိမိမှုပါပဲ။ စိန်စိန်ရှိဟာ သားနဲ့သမီးအပေါ်မှာ တကယ်ချစ်ရာမှ ရောက်ခဲ့ပါရဲ့လား။ ယခုတော့ သူမမှာ နှလုံးသည်းပွတ် မရှိတော့ပြီ။

''မေမေ နေကောင်းတယ်မဟုတ်လား၊ သမီးတို့ မနက်ဖြန်ပြန်ကြမယ် မေမေ၊ မေမေ့မှာ နောက်ဆံတင်းစရာ ဘာရှိသေးလို့လဲ''

ဗေဒါရီက စိုးရွံ့စွာ မေးခဲ့သည်။ ဒေါ်စိန်စိန်ရှိ ရှက်သွား၏။

''နောက်ဆံတင်းစရာ မရှိပါဘူးသမီးရယ်၊ သားလေးပြန်လာခဲ့ရင်''

''ဟာ! မေမေကလည်း၊ ဘေးအိမ်တွေကို မှာခဲ့မယ်လေ၊ သမီးတို့ဆီကို လိုက်လာလိမ့်မှာပေါ့။ အတူးကိုလည်း မှာခဲ့မယ်။ မောင်လေးပြန်လာရင် အကြောင်းကြားခိုင်းမယ်''



www.burmeseclassic.com

www.burmeseclassic.com



တကယ်က ဒေါ်စိန်စိန်ရီသည် အဖျားလည်း မပြတ်သေး နေလို့လည်းမကောင်း၊၊ အားလည်း အလွန်နည်းနေပါသေးသည်။ သို့သော် ဗေဒါရီ သည်မြို့မှာ ကြာကြာမနေချင်။ သည်အိမ်မှာ ကြာကြာမနေချင်။ သည်မြို့ သည်အိမ်က သူမတို့အမှောင်ကျခဲ့သည့်မြို့၊ အမှောင်ကျခဲ့သည့်အိမ်။

''သမီးသဘောပါ၊ တော်ကြာ မေမေက ကျန်းမာရေး မကောင်းတော့ သမီး တာဝန်ကြီးမှာပဲ ပူပါတယ်''

သည်စဉ် ခြေရင်းအိမ်မှ အတူးတို့သားအမိ တက်လာခဲ့သည်။ သူတို့သားအမိပါ စကားဝိုင်းထဲသို့ ဝင်လာကြ၏။

''မမစိန်စိန်ရီ့အခြေအနေက ခရီးသွားဖို့ သင့်တော်ရဲ့လား။ ငါ့အမြင်အရတော့ စနစ်တကျ ဆေးကုစေချင်သေးတယ်။ ဗေဒါရီတို့ခရီးသွားမှာက ခရီးရှည်ကြီး၊ လူမမာနဲ့ မအပ်စပ်ဘူး''

အတူးမေမေ ဒေါ်ဖြူမက ဝင်ရောက်ဆွေးနွေးသည်။

''ဒါပေမဲ့ ကျွန်မက ဒီမြို့မှာ ကြာကြာမနေချင်ဘူး။ ပြီး ကျွန်မက အလုပ်တစ်ဖက်ရှိသေးတယ်။ မေမေ့ကို ဟိုကျတော့ ဆက်ကုမယ်။ ခုညနေ ဆေးခန်းသွားမယ်၊ သောက်ဆေးလေး ဘာလေးရရင် ပြီးတာပဲ။ ပြန်မှဖြစ်မယ်''

''အိမ်ပိတ်ပစ်ခဲ့မှာလား''





''ဟုတ်တယ်၊ ပိတ်ပစ်ခဲ့မယ်။ ဒေါ်ဖြူမတို့ပဲ ကြည့်ရှုစောင့်ရှောက်ထားလိုက်ပါ။ မောင်လေးလာရင်လည်း အကြောင်းကြားပါနော်''

စိတ်အားထက်သန်နေသည့်ဗေဒါရီ့ကို မပြောသာပေမယ့် ဒေါ်ဖြူမ စိတ်ပူနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

''အားနာလိုက်တာ သမီးရယ်၊ မေမေဟာ လူ့လောက အတွက် 'ဝန်ပိုကြီးပါကွယ်။ တန်ဖိုးရှိတဲ့သမီးရဲ့အချိန်၊ သမီးရဲ့ ဘဝလေးကို မေမေဖြုန်း. . .''

''ဟာ! မေမေ၊ အဲလိုမပြောပါနဲ့မေမေ။ အခု သမီး မေမေ့ကိုလုပ်ပေးနေရတာ အပရိကလေးပါ။ မေမေ သမီးကို ပြုစုခဲ့ရသလို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကိုစွ မဟုတ် သေးပါဘူး။ မိခင်တစ်ယောက်ရဲ့ကျေးဇူးဟာ တုနှိုင်းမဲ့ပါ။ ကိုးလ လွယ် ဆယ်လဖွားခဲ့ရတာတွေ၊ သေမင်းနဲ့စစ်ခင်းပြီး ကလေးတစ် ယောက်ကို မွေးဖွားရတာတွေ၊ မှက်ခြင်ယင်ကိုစွကာစပြီး နို့ချို တိုက်ကျွေးရတာတွေ သမီးသိပါတယ် မေမေ။ မိဘကို ပြုစု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးခွင့်ဟာ မင်္ဂလာတစ်ပါးပါ။ သမီးကုသိုလ်တွေရတာ မေမေ မနာလိုဘူးလား။ သားအမိအရင်းခေါက်ခေါက်တွေပါပဲ မေမေရယ်။ ဘာလို့ သူစိမ်းစကားတွေ ပြောရတာလဲ။ ဘာလို့ အားနာတယ်ပြောရတာလဲ။ သမီး ဟောဒီ မေမေ့ဗိုက်ကြီးထဲက ထွက်လာခဲ့တာမဟုတ်ဘူးလား။ သမီး ဟောဒီမေမေ့ချိုချိုတွေ နင်းကန်စို့ခဲ့တာမဟုတ်ဘူးလား။ ငြိမ်ငြိမ်လေး အိပ်လိုက်ခဲ့စမ်းပါ မေမေရယ်၊ တင်. . . ခုံပေါ်မှာ ခြေထောက်တင်၊ သမီးက အိတ်ကြီးပေါ်မှာ ထိုင်လိုက်ခဲ့မယ်။ မေမေ သက်တောင့်သက်သာ နေပါနော်''

ရန်ကုန်–တောင်ကြီးခရီးကလည်း သက်သာသည်တော့ မဟုတ်။ လမ်းမှာ ကားနှစ်ဆင့်ပြောင်းစီးရသည်။ သို့သော် ဖေဒါရီ တက်ကြွနေပါသည်။ မေမေ့ရောဂါသည် သူမစိုးရိမ်နေသလို AIDS မဟုတ်။ ဒေါ်အယ်နီ AIDS နှင့်ဆုံးခဲ့ပေမယ့် မေမေ့ရောဂါသည် AIDS မဟုတ်။ ဒေါ်အယ်နီ၊ ဦးဘုန်းလွင်နှင့် မေမေတို့ ကွင်းဆက်မှာ ဘာတွေဘယ်လိုဖြစ်ပြီး၊ မေမေက လွဲချော်လွတ်ကင်းခဲ့သည်မသိပေမယ့် ကိုယ့်မေမေမှ သည်ရောဂါကြီးမရှိတာ သိန်းသုံးရာဆု ပေါက်တာထက် ဖေဒါရီ ဝမ်းသာသည်။

ရန်ကုန်မှာ ခေတ္တနားရခိုက် ဖေဒါရီ့သူငယ်ချင်းရဲ့ခင်





ပွန်းက ဆရာဝန်ကြီးမို့ သူ့အစီအစဉ်နှင့် မေမေ့ကို Test မျိုးစုံ လုပ်ပေးခဲ့သည်။ တကယ့်ကို ဝမ်းသာစရာပါ။ မေမေ့မှာ အဆုတ်အားနည်း၊ နှလုံးအားနည်းတာပဲ ရှိသတဲ့။ တီဘီပိုးတော့ ရှိသည်။ သို့သော် လူဆိုတာ ကြိုးမိန့်ကိုမျှော်လင့်ပြီးမှ ထောင်ဒဏ်တစ်နှစ်လောက်ပဲ ကျမည်ဆိုလျှင် ပြုံးပြုံးကြီးခံယူရသည့်မဟုတ်ပါလား။

တီဘီရောဂါသည် ကုရာနတ္ထိ ဆေးမရှိမဟုတ်။ သူမပါဖြစ်လည်း ကုလို့လွယ်သည့်ရောဂါ။ ဆေးမှန်မှန်စား၊ အားရှိသည့်အစားအစာတွေ ကျွေး၊ အနားယူနိုင်းနိုင်လျှင် မေမေ့တီဘီက အလွယ်လေး။ သေဘေးမှလွတ်ခဲ့သည့်မေမေ့အတွက် ဖေဒါရီ အူမြူးနေခဲ့သည်။ မေမေ့ကိုပြုစုမည်။ မေမေနဲ့မခွဲဘူး။ ဘဝတစ်သက်တာလုံး စိတ်ပင်ပန်းခဲ့ရသည့်မေမေ့ကို စိတ်ချမ်းသာမှုတွေ ပေးလိုက်မည်။

မေမေ ခဏခဏ ဖျားခဲ့ချောင်းဆိုးခဲ့၊ တစ်ခါ အစားမှားလို့ ဒွေးရောယှက်တင် ဝမ်းနည်းနည်းပျက်ခဲ့ရသည့်ကြားထဲ ဒေါ်အယ်နီ AIDS နှင့်ဆုံးတော့ တစ်ထစ်ချ သည်ရောဂါလို့ ထင်မိတာပေါ့။

သို့သော် တီဘီကလည်း တစ်လလောက် ဆက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖျား၊ ချောင်းဆိုးမောပန်းတတ်တာပဲ မဟုတ်ပါလား။ သူမတို့ ဆင်ခြင်ဖွယ်။

အတွေးမျိုးစုံဖြင့် ဗေဒါရီမှာ နှစ်ယောက်ခုံလေးပေါ်မှာ အနားယူနေရရှာသည့်မေမေ့ကို ငေးကြည့်လိုက်ခဲ့သည်။ သူမကတော့ ခုံနှစ်ခုံကြား ချထားသည့်ခရီးဆောင်အိတ်ကြီးပေါ် ထိုင်လိုက်ခဲ့၏။ အပြန်ခရီးတော့ ဦးကြီးလည်း မတွေ့ခဲ့ရပါလား။ ဦးကြီး မပြန်သေးဘူးနှင့်တူသည်။ သူမ ပြုံးလိုက်မိ၏။ တော်တော် ရယ်စရာကောင်းတဲ့ ဦးကြီးပါပဲ။

မကြာမီ သူမတို့ တောင်ကြီးသို့ရောက်သည်။ မိုးချုပ်တော့မည်မို့ ရှေ့ဆက်လို့မရ။ ဆွဲကြိုးတစ်ကုံးလုံးလုံး ရောင်းခဲ့သည်မို့ ငွေရေးကြေးရေးကလည်း စိတ်ပူဖွယ်မရှိ။ တည်းခိုခန်း မကလို့ ဘယ်ဟိုတယ်သွားသွား ရသေးသည်။

"မေမေ. . . ဖြည်းဖြည်းဆင်းနော်၊ သမီးကိုတွဲ"

ကားပိုင်ရှင်နှင့် စပယ်ယာကောင်လေးများက တစ်လမ်းလုံး အသိဖြစ်ခဲ့၊ ကူညီခဲ့သည်မို့ ယခုလည်း ပြေးလာ တွဲချပေးခဲ့သည်။

"အစ်မ. . . အစ်မ အရင်ဆင်း၊ အန်တီ့ကို ကျွန်တော်တို့ တွဲခဲ့မယ်"





"အစ်မအိတ်တွေ. . ."

"ရတယ်. . . ရတယ်၊ ချပေးမယ်"

ဗေဒါရီ ကားအောက်သို့ဆင်းနှင့်ပြီး မေမေ့ကိုလက်လှမ်းတွဲကြိုဆဲ၊ အနားသို့ မားခနဲရောက်လာသည့် အရပ်ကြီးကြောင့် လန့်ဖျပ် မော့ကြည့်မိသည်။

"ဆရာ!"

ဦးအောင်ခေတ်က ခပ်တည်တည်ပဲ ဗေဒါရီ့ကို တစ်ချက်ကြည့်ပြီး မေမေ့ကိုကူညီတွဲသည်။

"ကိုယ့်ဦးလေး လာကြိုတာ၊ ဒီနေ့ပြန်လာမယ်ဆိုပြီး လာလည်းမလာဘူး။ ကိစ္စမရှိပါဘူး. . . မင်းတို့ကိုကြိုရတာပေါ့လာ. . ."

အောင်ခေတ်စကားကြောင့် ဗေဒါရီ့နှလုံးသွေးတွေ ပူနွေးသွားရ၏။ ဦးကြီးကိုလာကြိုတာများလား။ သို့သော် ဒါ ဟုတ်ချင်မှဟုတ်မည်၊ သူမနှင့်မေမေ အောင်ခေတ်ကားနားသို့ ရောက်သွားကြသည်။

"ကျွန်မတို့ကို တည်းခိုခန်းတစ်ခုခု ပို့ပေးပါနော်"

"ဘယ်ဖြစ်မလဲ၊ အန်ကီ သက်သက်သာသာနေရအောင် ကျွန်တော့်အိမ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အိမ်!"

သံယောင်လိုက်ရင်း ဗေဒါရီ မျက်ခုံးမြှင့်မိသည်။

"ဒါ ဘာဆန်းသလဲ၊ အိမ်ပိစိလေးပါ"

အို. . . သူ့မိန်းမအိမ်များလား။ ဟုတ်မှာပဲ၊ အသက် သုံးဆယ်နီးပါးအရွယ်ဟာ အိမ်ထောင်သားမွေးပြီပေါ့။ သူမ ဝမ်းနည်းသွားတာ ဘာကြောင့်မသိ။ သူဖွင့်ပေးသည့်အတိုင်း ကားနောက်မှ ဝင်ထိုင်လိုက်ရသည်။ မေမေလည်း ထိုင်ပြီးပြီ။ အိတ်များခြင်းများကို စပယ်ယာကောင်လေးများက လိုက်ပို့ ထည့်ပေးကြ၏။ သူမ အားလုံးကို မချိပြုံးဖြင့် ပြုံးပြနှုတ်ဆက်ခဲ့သည်။

"အစ်မ. . . လိပ်စာတောင် မပေးခဲ့ဘူးဗျာ။ ဒါ အစ်မ ခင်ပွန်းလား"

ကောင်လေးတစ်ယောက်က မချိတင်ကဲဆိုစဉ်၊ ကားဆောင့်ထွက်ခဲ့၏။

"ရောက်လေရာ ခွေးတစီစီနဲ့"ဟု အောင်ခေတ်က ဆိုသည်။ ဒါ ဘာစကားလဲ၊ ဘာသဘောလဲ။ အောင်ခေတ်သို့ ဗေဒါရီ တအံ့တသြ လှမ်းကြည့်သော်လည်း သူမက မသိကျိုးကျွံ။ တောင်ကြီးမြို့၏ အမှောင်သန်းတော့မည့်အလှကိုတောင် သူမ မခံစားနိုင်တော့။





မကြာမီ လှပသော အိမ်ကလေးတစ်ခုသို့ ဗေဒါရီတို့ ရောက်ရှိသွားကြသည်။ အနည်းငယ်ကျယ်သော ခြံဝင်းလေးထဲမှာ နှင်းဆီရိုင်းပင်လေးများ တွေ့ရ၏။ အိမ်ကလေးက တစ်ထပ်တိုက်လှလှလေး၊ မောမြေမြင့်၏မြေသားနီနီနှင့် အိမ်ကလေးနံပုံက ပဏာရလှ၏။ ကိုယ်ဝယ်တော့မည့်အိမ်ကို အသေအချာကြည့်သည့်နှယ် ဗေဒါရီ ကြည့်နေမိသည်။

"ဆင်းလေ. . . ရောက်ပြီ၊ ဒါ တောင်ကြီးက သစ်သီးဒိုင်တွေဆီ ဆင်းရင် ကိုယ်အနားယူတဲ့အိမ်"

"ဘယ်သူမှလည်း ထွက်မလာပါလား"

"ခြံစောင့်ရှိတယ်၊ သူ့ရွာပြန်နေလို့။ ပစ္စည်းတွေ ထားလိုက်၊ ကိုယ်သယ်ခဲ့မယ်။ အန်တီ့ကိုပဲ တွဲ"

အနွေးထည်လှလှလေးများနှင့် မေမေ့အသွင်က မျက်နှာချောင်ကျနေသော်လည်း လှပနေပါသေး၏။ အင်းလေ၊ လေးဆယ့်နှစ် လေးဆယ့်သုံးဆိုတာ မိန်းမတစ်ယောက်အဖို့ အလှဆုံးအရွယ်ပဲ။ ကျန်းမာမယ်ဆိုရင်ပေါ့။ ဗေဒါရီ မေမေ့ကိုတွဲပြီး အိမ်ဆီသို့ခေါ်သွား၏။ သူက တံခါးလာဖွင့်ပေးသည်။ အိမ်ကလေး၏ညှော့ခန်းက လှလှပပဖြင့် ဘွားခနဲဆီးကြို၏။ မဟော်ဂနီရောင် ပြောင်လက်နေသောဆက်တီများဖြင့် ညှော့ခန်းမှာ အောင်ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရဓာတ်ပုံကြီးနှင့် သူ့မိဘများဓာတ်ပုံကို တွေ့ရသည်။ နောက် စိမ်းလန်းသော ပန်းချီကားချပ်များ။ အောင်ခေတ်က အိတ်ကြီးများဖြင့် ရောက်လာသည်။ မေမေ့ကို ညှော်ခန်းမှာ ထိုင်နိုင်းပြီး သူမလည်း ကူသယ်ဖို့ ကားဆီပြေးသွားမိသည်။

''ဘာဖြစ်နေတာလဲ၊ အန်တီ့အနားမှာ နေတာမဟုတ်ဘူး''

''ကူသယ်မလို့''

''မသယ်နဲ့. . . ရတယ်၊ အပိုတွေ''

သူ့အသံက စူအောင့်အောင့်။ အလကားနေရင်း စိတ်ပုပ်နေသည့်အောင်ခေတ်ကို ဗေဒါရီ အံ့သြရပြန်သည်။ မေမေ့ရှေ့မှာ ပြေပြေပြစ်ပြစ်ရှိပေမယ့် နှစ်ယောက်ချင်းဆိုလျှင် စူပုပ်ကောက်ချိတ်နေပုံက သမီးရည်းစားတွေ စိတ်ကောက်နေသည့်နှယ်။ သူ ဘာကိုမကျေနပ်နေတာလဲ။ သူနဲ့လည်း ဘာမှမတော်ဘဲနဲ့။ ဟုတ်တယ်. . . အောင်ခေတ်နှင့်ဗေဒါရီတို့ ဘာမှမတော်။ သူ့လက်ထဲမှဆွဲခြင်းတစ်ခုကို သူမ သယ်ဖို့ လုလိုက်သည်။

''ပေးပါ၊ ရှင်တစ်ယောက်တည်း သယ်နေရတာ''

''ရတယ်''

သံပြတ်ကြီးနှင့်ဖြေရင်း ဆွဲခြင်းကြီးနှစ်ခုကို သယ်သွား





ပြန်၏။ ကားထဲမှာ စာအုပ်ထုပ်ပဲ ကျန်တော့၏။ ဗေဒါရီ စာအုပ်ထုပ်ကိုယူလိုက်သည်။ ဘယ်လိုလူကြီးမှန်းမသိဘူး၊ သူမ လိုက်မချော့ချင်တော့။ သူ့အိမ်လိုက်တည်းရတာနှင့် မကာမိအောင် စူပုပ်နေလည်း နေပေါ့. . . မခေါ်တော့ဘူး။

အသက်သုံးဆယ်လောက်လူကြီးက စိတ်ကောက်နေတော့ အသက်နှစ်ဆယ်လောက် သူမက ပိုကောက်ပြလိုက်မည်။ ဗေဒါရီက ကလေးစိတ်ကုန်သေးတာတော့မဟုတ်။ ခရီးသွား၊ ခရီးလာမို့ ပေါ့ပါးချောင်ချိသည့် ဘောင်းဘီရှည်ပွပွလေးမှာ ကုတ်တစ်ထပ်ပဲ ဝတ်ထားရသေးသည်မို့ သူမ ချမ်းလာသည်။ သို့သော် အောင်ခေတ်ကို မကျေနပ်သည်မို့ ကားနားမှာပင် ရန်လုပ်ဖို့ စောင့်နေလိုက်သည်။

သူပြန်ထွက်လာပြန်၏။ မျက်နှာကြီးကတော့ စူပုပ်မြဲ။ မျက်နှာကလည်း ဘယ်နှရက်လောက် အမွေးမရိတ်သည် မသိ။ ခုယားတစ်ကောင်နှယ် ထိုးထိုးထောင်ထောင်။ တချို့ယောကျ်ားလေးများသည် နေ့တိုင်း နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ရိတ်ရသတဲ့။ သည်ပုံစံကတော့ ဆယ်ရက်လောက် မရိတ်သေးတာ ဖြစ်ရမည်။

''ဘာလုပ်နေတာလဲ၊ နှင်းတွေကျနေပြီ၊ အိမ်ထဲဝင်တော့ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်! လူကိုများ သူ့သမီးလေး ကျလို့။ သူ့ကို ချဉ်သွားသည်။ သူ့ကိုလေးစားနေတာတွေ ပျောက်သွားပြီး ကုတ်ဖဲ့ပစ်လိုက်ချင်စိတ်တွေပဲ ပေါက်သွား၏။ ဗေဒါရီ ခေါင်းကိုဆတ်ခနဲပင့်တင်ပစ်လိုက်တော့ စည်းနှောထားသည့်ဆံပင်များက ဝေ့ခနဲ ခါးတစ်ပိုက်မှာ ဝဲသွားကြသည်။

"ခေါ်တုန်းက ခေါ်လာပြီး ဒီအချိုး မချိုးနဲ့. . . သိလား။ လောကွတ်လုပ်ခေါ်တာမှန်းမသိလို့ တကယ်လိုက်တည်းတာရှင့်။ သိလား"

"ဟ! ဘာတွေလာပြောနေတာလဲ၊ သွား. . . အိမ်ထဲပင်၊ ငါ စားစရာတစ်ခုခု သွားဝယ်မလို့"

"မဝင်ဘူး၊ ရှင့်ရုပ်က စူပုပ်နေတာ ဘာသဘောလဲ။ ကျွန်မမှာ ပိုက်ဆံရှိတယ်။ တည်းခိုခန်းမှာ သွားတည်းမယ်"

"သိပါတယ်၊ မင်းကို သူဌေးမှန်းသိပါတယ်။ မိန်းမတွေများ ပစိပစပ်ကိုများတယ်။ တွေးလိုက်မှဖြင့်လည်း တစ်လွဲချည်းဘဲ"

"ကျွန်မဘာသာ ဆင်းရဲဆင်းရဲ. . . ရှင့် အောက်ကျနောက်ကျတော့ မခံဘူး။ ရှင် ဝယ်ပေးထားရတဲ့ကိစ္စတွေလည်း ရှင်းမယ်. . . သိလား။ ကျွန်မမှာ ပိုက်ဆံပါလာတယ်"





ပြောရင်း ဝမ်းနည်းလာသဖြင့် အံကိုတင်းတင်းကြိတ် နှုတ်ခမ်းကိုပြုတ်လုမတတ် ကိုက်နေသည့်ကြားက မျက်ရည်များက ပေါက်ခနဲ ပေါက်ခနဲ။ မုန်းတယ်. . . အလကားလူကြီး၊ သူ့ကိုယ်သူ ပိုက်ဆံရှိတယ်ဆိုပြီး။

ဗေဒါရီ့မျက်ရည်များကြောင့် အောင်ခေတ် မျက်နှာကြောလျှော့သွားပြီး တွေခနဲဖြစ်သွားသည်။ သို့သော် တစ်စုံတစ်ခုသောအကြောင်းအရာက ရင်ထဲမှာ ခိုးလို့ခုလု။

"မိန်းမတွေများ သူကွယ်ရာကျရင် ဖောင်းထဲက လွတ်တဲ့မြင်းလိုပဲ။ အဘိုးကြီးလည်း ချမ်းသာမပေးဘူး"

"ဟင်! ရှင်. . . ရှင်. . . ဘာစကားပြောတာလဲ"

"ဟာကွာ. . . မငိုပါနဲ့. . . မငိုနဲ့. . . တိတ်! တိတ်! ကဲ. . . ဟိုမှာ မင်းမေမေတစ်ယောက်တည်းရယ်။ မီးလင်းဖိုမှာ မီးဖိုထားလိုက်. . . သိလား။ အနှိုက်တီ နွေးနွေးထွေးထွေး နေရအောင် မင်းခေါင်းတွေလည်း သုတ်ပေးလိုက်ဦး။ ကဲ! အလံဖြူပြပါပြီနော်။ မင်းကို ကိုယ်အရှုံးပေးပါပြီ၊ သွား. . . အိမ်ထဲဝင်တော့"

ဗေဒါရီ အိမ်ထဲသို့ဝင်ခဲ့ရသည်။ သူ့ကိုစိတ်ဆိုးပေမယ့် မေမေက ရှိသေးသည်။ မျက်ရည်များကို စင်အောင်သုတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သူမ မေမေ့အနားသို့သွားရ၏။ မေမေက စိုးရိမ်တကြီး ကြည့်နေရှာသည်။

"သမီး. . . သမီးစာထဲမှာပါဖူးတဲ့ မောင်အောင်ခေတ်ဆိုတာလား"

"ဟုတ်တယ်မေမေ၊ စာထဲမှာ မှားတယ်၊ အဲဒီတုန်းက သဘောကောင်းပေမယ့် အခုမကောင်းတော့ဘူး"

"ဘာဖြစ်လို့လဲ သမီးရယ်၊ လူတိုင်းကို စိတ်မကောက်ပါနဲ့ကွယ်။ သူတစ်မိမ်းဆိုဘာ စိတ်မကောက်ရဘူး။ သူစိမ်းတစ်ယောက်အနေနဲ့ဆို ဒါ သဘောကောင်းလှပါပြီကွယ်၊ ဒါမှမဟုတ် သမီးတို့ ချစ်များနေကြပြီလား"

"အို! မေမေ၊ သူ့ကို သမီးမချစ်ပါဘူး။ သူကလည်း မချစ်လောက်ပါဘူး။ သမီးကို အထင်တောင် သေးနေသေးတယ်"

"ဟင်! မေမေ့ကြောင့်. . . မေမေ့ကြောင့် သမီးကို အထင်သေးတာလား။ မေမေ မပြောဘူးလားကွယ်"

"ဘာပဲဖြစ်ဖြစ် ရန်တော့မလုပ်ပါနဲ့သမီးရယ်၊ ကိုယ်က သူ့အရိပ်ကို တစ်ရက်ခိုရရင် တစ်ရက် ကျေးဇူးရှိတာပဲမဟုတ်လား"

"မေမေ့လိုသာ ကျေးဇူးလိုက်တင်နေရရင် လောကကြီး





မှာ ကျေးဇူးရှင်တွေ လက်ညှိုးထိုးလို့လွဲမှာမဟုတ်တော့ဘူး။ တည်းခိုခန်းတွေကိုလည်း ကျေးဇူးတင်နေရတော့မှာပဲ"

"အဲဒါကတော့ ပိုက်ဆံပေးတည်းတာပဲ သမီးရဲ့"

"အခုလည်း ပိုက်ဆံပေးလိုက်မယ်လေ။ ဘယ်လောက်များ စိတ်ဆိုးလိုက်မလဲလို့နော်. . . မေမေ"

"နားရင်း ရိုက်မသွားရင် ကံကောင်း. . ."

သားအမိနှစ်ယောက်သား ပြုံးလိုက်မိကြသည်။ သူ မှာသွားသည့်အတိုင်း မီးမွှေးလိုက်သဖြင့် မီးလင်းဖိုက ချက်ချင်းလင်းချင်း နွေးထွေးသွားခဲ့၏။

အမှောင်ထုများ ပျက်ပြယ် လွင့်ပျောက်စပြုပြီ။

အောင်ခေတ်ယူလာသည့် အစားအသောက်ထုပ်များကို ဗေဒါရီ လှမ်းယူလိုက်ပြီး ထမင်းစားခန်းဟုထင်ရသည့် အဆောင်ထဲသို့ ယူသွားဖို့ပြင်သည်။

"နေပစေ ဗေဒါရီ၊ အန်တီ ပင်ပန်းနေလိမ့်မယ်။ ဒီမှာပဲ စားကြရအောင်"

"ရှင် ရေမချိုးတော့ဘူးလား၊ ကျွန်မတော့ [illegible]မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မချိုးနဲ့တော့၊ ရေပြောင်းမြေပြောင်းမှာ ဖျားနေဦးမယ်၊ မျက်နှာလေးဘာလေးပဲ သစ်ချင်သစ်"

ဆရာကြီးလုပ်နေသည့်အောင်ခေတ်သို့ မကျေနပ်မိပေမယ့် ဗေဒါရီ တော်လှန်လိုစိတ်မရှိတော့ပါ။ မီးဖိုဘက်မှ သူယူလာသည့်ပန်းကန်များနှင့်သာ ဧည့်ခန်းထဲမှာ ထမင်းပွဲပြင်လိုက်သည်။ ခရီးပန်းလာခဲ့သဖြင့် မေမေက ဘာမျှစားလိုစိတ်မရှိ။ မေမေ့အတွက် ကွေကာအုပ်တစ်ထုပ်သာ ဖျော်ပေးရ၏။ ကွေကာအုပ်သောက်ပြီး သောက်ရန်ဆေးများ တိုက်၏။

"မေမေ အိပ်ချင်ပြီ၊ နားချင်ပြီ သမီးရယ်. . . သမီးတို့ပဲ ထမင်းစားကြပါတော့နော်"

သူမ မေမေ့ကို အိပ်ရာထဲ ပို့ပေးလိုက်သည်။ နွေးထွေးအိစက်သော အိပ်ရာလေးက မေမေ့ကို သက်တောင့်သက်သာ ရှိပါစေလိမ့်မည်။

"သမီး. . . မေမေနဲ့လာအိပ်မယ်နော်"

"မေမေ့အခန်းထဲတော့ လာမအိပ်နဲ့။ သမီးကို ရောဂါကူးမယ်"

"ဟာ! မေမေကလည်း ကူးစမ်းပါစေ။ တီဘီဆိုတာ ကုလို့ရပါတယ် မေမေရဲ့။ သမီး မကြောက်ပါဘူး"





"သမီး မေမေ့စကားကို နားထောင်ပါ၊ မလိုအပ်ဘဲနဲ့ ဘာလို့ ခွန်အားတွေ ဖြုန်းတီးနေမလဲကွယ်။ မေမေ နေသာပါတယ်၊ ကဲ. . . ထွက်၊ မောင်အောင်ခေတ် ထမင်းစားစောင့်နေရှာရော့မယ်"

"နေပစေ မေမေ၊ သူ့ဘာသာ စားပစေ။ သူနဲ့အတူလည်း မစားချင်ပါဘူး။ ဘာဆိုင်တာမှတ်လို့၊ ဝမ်းချင်းမဆုံပါဘူး"

ပေကပ်ကပ်လုပ်နေသည့် ဗေဒါရီ့အား ဒေါ်စိန်စိန်ရီမှာ မပြောသာတော့။ သူတို့ဆက်ဆံရေးတွေက တစ်မျိုးပဲ၊ ဘယ်လိုလဲ သမီးရယ်။ အေးလေ. . . ကောင်လေးကြည့်ရတာကလည်း မဆိုးပါဘူး။ သို့ပေမယ့် စိန်စိန်ရီရဲ့အရိပ်မည်းဟာ သမီးအပေါ် ထိုးကျဦးမှာလား။

ဒေါ်စိန်စိန်ရီ မသက်မသာတွေးမိသည်။ ဗေဒါရီကတော့ သိုးမွေးခေါင်းစွပ်၊ ဆွယ်တာများကို စိမ်ပြေနပြေ အချိန်ဆွဲပြီး ထပ်ဝတ်နေသည်။ အပြင်ဘက်မှလည်း ဘာသံမှထွက်မလာ။ ကောင်လေး တစ်ယောက်တည်း ထမင်းစားနေပြီဖြစ်ရမည်။ နာရီဝက်မျှ အချိန်ဖြုန်းပြီးမှ ဗေဒါရီ အပြင်သို့ထွက်လာခဲ့၏။

"ဟောတော့်"

ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများက ဒီအတိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



မီးလင်းဖိုဘေးမှာ အောင်ခေတ်က ကြောင်တစ်ကောင်လို ခွေအိပ်နေ၏။ ဒါလည်း ဆန္ဒပြခြင်းတစ်မျိုးပေါ့။ အကောင်နှစ်ဆယ်ဝက် မင်းယောက်ျားကြီးတွေလည်း ချစ်သူနှင့်တွေ့သည့်အခါမှာ ကလေးဆန်တတ်ကြပါလား။

ချစ်သူ?...။ မှားယွင်းသွားသည့်အတွေးအတွက် ဗေဒါရီ အရမ်းရှက်သွားခဲ့၏။ သူနှင့်ကိုယ် ဘာမှလည်းမတော်ဘဲနဲ့။

"ဒီမှာ... ဒီမှာ... ဆရာ... ထမင်းစားမယ်လေ"

"မစားတော့ဘူး... မင်းဘာသာ စားတော့"

အောင်ခေတ်၏ ဘုဆက်ဆတ်စကားကြောင့် ဗေဒါရီ စိတ်တိုသွား၏။

"သငေါ်လေးများလည်း ထားပါဦးနော်၊ ဆရာက အိပ်ရှင်... ကျွန်မက ညှော်သည်ဆိုတာလည်း သတိရပါဦး။ ထ! ထမင်းစားမယ်၊ သူ့ကိုယ်သူ ကလေးလေးကျလို့"

သည့်တော့မှ အောင်ခေတ် ထထိုင်ပြီး ထမင်းစားရန် လာ၏။ ဗေဒါရီမှာ ဆာလောင်နေပြီဖြစ်သဖြင့် အော[illegible]ခေတ်၏ ထမင်းပန်းကန်ထဲသို့ ကြံရာဟင်းတစ်ဇွန်းခပ်၊ ဦးချလိုက်ပြီး အာ ရပါးရစားတော့၏။ ခေါင်းမော့မကြည့်ဖြစ်။ မကြာမီ သူမ၏ပန်းကန်ထဲသို့ ဟင်းများ တစ်ဇွန်းပြီးတစ်ဇွန်း ကျရောက်လာခဲ့သည်။





"ရတယ် ဆရာ၊ တော်ပြီ... ကျွန်မက ငယ်ငယ်ကတည်းက ဟင်းများများစားခဲ့ရတာမဟုတ်ဘူး။ ဟင်းတစ်ဖတ်နဲ့ အရည်လောက်နဲ့လည်း ထမင်းစားလို့ဖြစ်တယ်၊ တော်ပြီ၊ ကျွန်မ ပါးစပ် အကျင့်ပျက်သွားလိမ့်မယ်"

သူထည့်ပေးထားသောဟင်းဖတ်များကို ဗေဒါရီ ပြန်ထည့်ပေး၏။ ဟင်းအရည်တွေကတော့ သူမပန်းကန်ထဲမှာ ကျန်ခဲ့သည်။ သူမ တကယ်ပဲ ဟင်းတစ်ဖတ်နှင့် ထမင်းစားလို့ရသည်။

"ဟာ! မဟုတ်တာ၊ ဘာလို့ ပါးစပ်အကျင့်ပျက်ရမှာလဲ၊ ပါးစပ်ဆိုတာ စပရိန်လိုပဲ များများတွေ့တဲ့အခါ များများစား၊ နည်းနည်းတွေ့တဲ့အခါလည်း နည်းနည်းစားပေါ့။ အခု ကိုယ်ဝယ်လာတဲ့ဟင်းတွေ နှမျောစရာ။ မင်းစားမှ ကုန်မှာပေါ့၊ ထမင်းကို နည်းနည်းစား၊ ဟင်းများများစား။ မင်းပိန်တာ ဒါကြောင့်။ လူဆိုတာ ဟင်းများများစားမှ ဝမှာပေါ့။ ရော့! စား"

ဟင်းတွေက ဗေဒါရီ့ပန်းကန်ထဲမှာ ထမင်းပင် ပျောက်မတတ်ဖြစ်သွား၏။ သူမ စိတ်ညစ်ပါသည်။ ဒါတွေ ဘယ်လိုကုန်မှာတဲ့လဲ။

"မဟုတ်ဘူး ဆရာ၊ တစ်သက်လုံးက အကျင့်ပါနေတဲ့ ပါးစပ်က တစ်ဖတ်နှစ်ဖတ်အပြင် ပိုမစားတတ်တော့ဘူး။ ဆရာ့



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာကလည်း ဝက်စာကျွေးတာ ကျနေတာပဲ''

''မရဘူး၊ စား. . . စားရမယ်။ ဟင်းတွေက ပေါ့ပေါ့ ချိုချိုလေးရယ်။ စားစမ်းပါကွာ. . . ကိုယ်စိတ်ချမ်းသာအောင်''

အောင်ခေတ်က စကားကို တစ်ဝက်နှင့်ရပ်သွားသ ပေဒါရီလည်း ညိုမြလုပ်သည်ဖြစ်မှာစိုးသဖြင့် တတ်နိုင်သမျှ ကြိုး စားပြီး စားရတော့သည်။ သို့သော် မကုန်။

''အား. . . မရတော့ဘူး ဆရာ။ ကျွန်မကို မနှိပ်စက် နဲ့နော်။ တော်ပြီ''

သည့်တော့မှ သူက ခေါင်းညိတ်၏။ တော်ပါသေး ရိုက် မကျွေးပေလို့၊ ဘယ်လိုလူကြီးမှန်းမသိ။ ပေဒါရီ မီးဖိုထဲ ပန်းကန်သွားဆေးသည်။ အိမ်ဖော်တွေဘာတွေ မရှိသည့်အိမ် မှာ အားလုံး ကိုယ်တုကိုယ်ထ လုပ်ရပေလိမ့်မည်။ အောင်ခေတ် ထမင်းစားပြီးလျှင် ဘယ်လိုလုပ်မလဲ၊ ပေဒါရီ စောင့်ကြည့်နေမိ

''အား. . . ဗိုက်ကို တင်းသွားတာပဲ၊ မကုန်တဲ့ဟင်းတွေ သိမ်းထားရမယ်''

အိမ်ရှင်မကြီးတစ်ယောက်နှယ် သိမ်းဆည်းနေပုံက တကျရှိလှ၏။ ဗိုင်းကောင်းကျောက်ဖိ အမျိုးသားကြီးကိုကြည့် ပေဒါရီ အံ့သြရမလို။ သူမ အောင်ခေတ်လက်ထဲမှ ပန်းကန်





ယောက်များကိုယူပြီး သိမ်းဆည်း ဆေးကြောပေးလိုက်သည်။ သူမတို့စားသောက်သိမ်းဆည်းပြီးတော့ ညရှစ်နာရီခွဲ၊ နှစ်ယောက် သား မီးလင်းဖိုဘေးမှာ မျက်နှာချင်းဆိုင်ပြီး မီးလှုံလိုက်ကြသည်။

''မီးလှုံတာ အသားပတ်တယ်ဆို၊ ကျွန်မတော့ မီးမလှုံ ချင်ဘူး''

''ဒါပေမဲ့ ချမ်းတယ်မဟုတ်လား။ မီးလှုံရတာ ကိုယ်တို့ ရှမ်းပြည်နယ်ရဲ့ဓလေ့ထုံးစံပဲ၊ အရသာပဲ။ အသားပတ်တာက လွယ်ပါတယ်ကွာ. . . ဂလစ်စရင်း လိမ်းလည်းရတယ်၊ Cream တစ်ခုခု လိမ်းလည်းရပါတယ်။ ဒီအတွက်က မပူပါနဲ့''

''ဒါဆိုလည်း ရှိပါစေတော့၊ အိမ်ကျရင်တော့ မလှုံတော့ ဘူး။ ကဲ! ဆရာ၊ ကျွန်မအတွက် စိုက်ထားရတဲ့ စောင်ဖိုးတွေ ရှမ်းကပ်ဖိုးတွေ နောက် အနွေးထည်တွေ၊ ဟင်းချက်စရာတွေ ဝိမ်လာခ. . . တွက်ကြည့်ရအောင်နော်''

ပေဒါရီ လေးစားစွာ ပြောလိုက်သည်။ ဘာပဲဖြစ်ဖြစ် ရောက်နေ၊ အခက်အခဲဖြစ်နေချိန်မှာ ကူညီခဲ့သူကို ပေဒါရီ ကျေးဇူးတင်ပါသည်။

''အလို! မင်း သိန်းသုံးရာထီများ ပေါက်လာသလား။ တာလို့ ဒီလောက် အရင်လိုနေရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ထီတော့ ပေါက်မလာပါဘူးဆရာ၊ မေမေ့ဆွဲကြိုးလေး ရောင်းခဲ့တယ်။ လော့ကက်သီးက တော်တော်အဖိုးတန်တယ်။ ကျွန်မတို့ အကြွေးဆပ်လောက်မှာပါ''

''မဟုတ်ဘူးလေ၊ အန်တီ့အတွက် ဆေးကုဖို့ အားရှိတဲ့ အစားအစာတွေ ကျွေးဖို့''

သူပေးခဲ့သမျှကို ပြန်ယူဖို့ငြင်းဆန်နေတော့ ပေဒါရီ တုန် လှုပ်ဝမ်းနည်းလာခဲ့၏။ လူသားဟာ လူသားတစ်ယောက်အပေါ် နောင်ကြိုးမဲ့ မကူညီတတ်ပါဘူး။ မေမေ့ကိုကြည့်လေ၊ သူမ တန် ရာတန်ဖိုးလည်း ပြန်မဆပ်နိုင်ပါ။

''ဟင့်အင်း. . . ဆရာ၊ ကျွန်မ ဖြစ်တယ်၊ ကျွန်မ ဆောင် ရွက်နိုင်တယ်။ ဆရာစိုက်ထုတ်ထားပေးတာ အရမ်းကျေးဇူးတင် တယ်၊ ကျွန်မကိုပြန်ဆပ်ခွင့်ပြုပါ။ ကျွန်မ လိပ်ပြာသန့်စွာ အသက် ရှင်ပါရစေ''

''ဟာ! မဟုတ်သေးပါဘူး၊ မင်း အယူလွဲနေပြီ။ ကိုယ် ပေးကတည်းက ပြန်ယူဖို့မရည်ရွယ်ခဲ့လို့ စာရင်းလည်း လုပ်မထား ခဲ့ဘူး၊ ဘယ်လောက်ဖိုးမှန်းကို မသိဘူး။ မင်းတစ်ခုတော့ နား လည်ပေးပါ ပေဒါရီ၊ တို့လူမျိုးတွေဟာ အလှူလည်း ဘုရားတည် မှ ကျောင်းဆောက်မှ အလှူမဟုတ်ပါဘူး။ အကူအညီလိုသူကို





ကူညီရတာ၊ သူတစ်ဦးရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းရတာ ဘယ် လောက် ဝမ်းမြောက်ဖွယ်ကောင်းလဲ။ ဆရာဦးဖိုးကျားရဲ့ 'ဘုရား ဖူးသွားခြင်း' ကိုလည်း မင်းဖတ်ဖူးမှာပါ။ ဘုရားဆီကို အပျော်သွား ဖူးခြင်းထက် ဘုရားစကားနားထောင်သူက ပိုပြီးမှန်ကန်ပါတယ် ပေဒါရီ''

မျက်စိမျက်နှာပျက်စွာ သူငြင်းတော့ ပေဒါရီ မျက်ရည် ဝဲလာသည်။ မယုံနိုင်ပါဘူး. . . ဆန့်ကျင်ဘက်လိင်တွေရဲ့ အကူ အညီဟာ မသန့်စင်နိုင်ဘူး။

''ကျွန်မကိုလှူလို့ ဆရာ ကုသိုလ်မရနိုင်ပါဘူး။ ကုသိုလ် ရချင်ရင် မြင့်မြတ်တဲ့အလှူတွေ လှူပါဆရာ။ ကျွန်မအတွက် စိုက်ထုတ်ပေးခဲ့ရတဲ့ပိုက်ဆံတွေ။ စာရင်းအတိအကျ မသိတော့ ရင်လည်း ခန့်မှန်းတန်ဖိုးကို ဆရာ လက်ခံပါ။ ဒါမှ ကျွန်မအနေ ဖြောင့်မယ်။ ဆရာ့ကို ဆက်လက်ခင်မင်နိုင်မယ်။ အစက ကျွန်မ မှာ ပေးစရာပိုက်ဆံမရှိသေးတော့ ပေးဖို့စကားမဟဖြစ်ခဲ့ပါဘူး။ တစ်နေ့နေ့မှာ ပြန်ပေးမယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ ကျွန်မ အသက် ရှူနေခဲ့ရတယ်။ သည်ကမ္ဘာမြေပေါ်မှာ ကျွန်မကို အသက်ဝဝ ရှူခွင့်ပြုပါဆရာ၊ လက်ဆောင်ပေးသမျှ ပြုံးပြုံးလေး လက်ခံတတ် တဲ့မိန်းမစားထဲမှာ ကျွန်မ မပါဝင်ရပါစေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



သည့်လောက် အကြောက်အကန်ငြင်းနေသည့် ပေဒါရီကို အောင်ခေတ်မှာ အံ့လည်းအံ့သြ၊ လေးလည်း လေးစားမိပါသည်။ ထူးထက်ထက်ဘိုအပြောနှင့် တစ်ခြားစီပါလား။

''ခက်လိုက်တဲ့ မိန်းကလေးရယ်''

သူ့နှုတ်မှ သိမှတ်မဲ့စွာ ငြီးတွားမိသည်။

''ခွင့်လွှတ်ပါဆရာ၊ ကျွန်မ မေမေ့လိုဖြစ်မှာ သိပ်ကြောက်တယ်''

အောင်ခေတ် ထိုစကား၏အဓိပ္ပာယ်ကို နားလည်လိုက်ပါသည်။ မျက်နှာပူစရာအဖြစ်တွေမှို့ သည့်စကားအပေါ် သူ မဆွေးနွေးလို။

''ကဲကဲ. . . ဒီလောက်ပေးချင်နေရင်လည်း ပေး၊ ပေးချင်သလောက်သာ ပေးပေတော့''

''ဆရာ ပြောပါ၊ ခန့်မှန်းခြေတန်ဖိုး''

''ဟာ! ကိုယ်မှမမှတ်မိဘဲ။ ကြွားတာမဟုတ်ဘူးလေ။ ဒါ ကိုယ့်အတွက် အသေးအဖွဲ၊ စောင်တွေ ဂွမ်းကပ်တွေကလည်း အိမ်မှာရှိတာတွေ ပို့လိုက်တာပဲ။ အနွေးထည်တွေပဲ ဝယ်ရတယ်။ အဲဒါလည်း အစ်မတစ်ဝမ်းကွဲဆိုင်က ယူလိုက်တာ။ ဘယ်လောက်ကျမယ်တောင်မသိဘူး။ ဟိုကလည်း ပိုက်ဆံယူချင်မှယူမှာ''





ခေါင်းကို တငြင်းငြင်းကုတ်ရင်း အောင်ခေတ် ဆို၏။

''အိမ်လခကရော. . . ဘယ်လောက်လဲ''

''အိမ်လခကလည်း အလကားပဲ၊ မယုံလည်း မတတ်နိုင်ဘူး။ ကိုယ့်သူငယ်ချင်းရဲ့အမွေအိမ်။ သူ့သမီး မီးဖွားတာ လိုက်သွားရင်း ဟိုမှာနေတယ်။ တကယ်ဆို အိမ်စောင့်ခတောင် မင်းကို သူတို့ပေးချင်နေတာ''

''အယ်. . . မဟုတ်တာ၊ ဒါဖြင့် ဆရာ့ဥစ္စာတွေက အကုန်လုံး အလကားတွေချည်းပေါ့''

''အေးလေ၊ နို့. . . ကိုယ် ဘာတတ်နိုင်မှာတုန်း။ ဒီတစ်မြို့လုံး ကိုယ့်အစ်မတွေကို ပြည့်လို့၊ ကိုယ့်ဆွေမျိုးတွေကို ပြည့်လို့။ ဘယ်ဆိုင်က ဆွဲဆွဲ. . . ပိုက်ဆံပေးရတာက ခပ်နည်းနည်းရယ်။ အားလုံး 'ဉာတကာနုဂ္ဂ သင်္ဂဟော'ချည်းပဲ''

သည့်တစ်ခါ ခေါင်းကုတ်ရတာကတော့ ပေဒါရီ ဖြစ်သည်။ သို့သော် ဘာရမလဲ၊ သူမ အိမ်ထဲသို့ ခေတ္တဝင်သွားပြီး မကြာမီ ငွေစက္ကူတစ်ထပ် ဆွဲချလာခဲ့၏။

''ဆရာ့မှာ. . . ဆွေမျိုးပေါ်တာကတော့ ထားပေါ့လေ။ နည်းတယ်များတယ် မအောက်မေ့ပါနဲ့ဆရာ၊ ငါးသောင်းလောက်တော့ လက်ခံပါ''



www.burmeseclassic.com

www.burmeseclassic.com



"ငါးသောင်း! ဟ. . . ကိုယ့်ကို ငါးသောင်းတောင်ပေးတော့ မင်းကို ဘာနဲ့သွားသုံးမလဲ။ အန်တီဆေးကုဖို့တွေ ဘာတွေထားဦး. . . ဒီရောဂါမျိုးဆိုတာ"

"ဘာရောဂါလဲ ဆရာ"

ဗေဒါရီ ဆတ်ခနဲ မီးဝင်းဝင်းတောက်သွားပုံကြောင့် အောင်ခေတ် လန့်ဖျပ် ကြက်သေသေသွားမတတ်။

"မသိဘူးလေ. . . အန်တီ နေမကောင်းလို့ မင်းခေါ်ရအောင် သွားတာဆို"

"စကားကို လျှောမချနဲ့ ဆရာ၊ ဆရာက မေမေ့ကို AIDS လို့ထင်နေတာမဟုတ်လား။ ထူးထက်ထက်တို့ပြောစကားတွေ နားဝင်နေတာမဟုတ်လား။ လူတွေကို မုန်းတယ်၊ ဆရာ့ကိုမုန်းတယ်။ မြေနိမ့်ရာမှ လှံစိုက်ချင်ကြတာ လူ့သဘာဝလား။ ခုလို အစစအရာရာ ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်ဆရာ။ ဒါပေမဲ့ နောက် ကျွန်မကို ဘယ်တော့မှ မခေါ်ပါနဲ့တော့။ ဘယ်တော့မှ စကားမပြောပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ"

ငွေငါးသောင်းထုပ်ကို လက်ထဲထိုးထည့်ပြီး ဗေဒါရီ မီးလင်းဖိုသေးမှ ဆတ်ခနဲ ထပြေးတော့မည့်ပုံက ကန့်စပ်မှ ဟသာ





ငှက်မလေးနှယ်၊ တဒင်္ဂကြောင်နေရာမှ အောင်ခေတ် သတိလက်လွှတ်၊ လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းက သူမ၏လက်တစ်ဖက်ကို ဆွဲထားမိခြင်းဖြစ်သည်။

"လွှတ်. . . ကျွန်မကို မစော်ကားနဲ့"

ဗေဒါရီမှာ မျက်ရည်တွေ လိမ့်လူးစီးကျနေပေမယ့် သူမပုံစံက ဟုန်းဟုန်းတောက်မတတ်။ ယခုလွှတ်ပေးလိုက်လျှင် သည်ငှက်ကလေးကို ဘယ်တော့မှ ပြန်လည်မရရှိတော့ဘူး။ အောင်ခေတ် ဆင်ခြင်တုံတရားတွေ ပျောက်ရှ ဆိတ်သုဉ်းသွားခဲ့သည်။

"မဟုတ်ဘူး ဗေဒါရီ၊ မင်းအထင်လွဲတာ ငါမခံနိုင်ဘူး။ ငါ့ကိုမစွပ်စွဲပါနဲ့။ မင်းမေမေမှာ ဘာရောဂါပဲဖြစ်ဖြစ် ငါမကြောက်ပါဘူး။ ငါ ခေတ်ပညာတတ်လူငယ်တစ်ယောက်ပါ ဗေဒါရီ။ ဘာရောဂါကိုမှ မကြောက်ပါဘူး။ အခု မင်းပြန်ထိုင်. . . စကားကိုအေးအေးဆေးဆေးပြောပြ။ ဘာဖြစ်လို့ မင်း ငါ့အပေါ် နိုင်စားချင်ရတာလဲ။ ငါ့စေတနာတွေကို စော်ကားချင်ရတာလဲ။ ပြန်ထိုင်ပါ ဗေဒါရီ"

"မထိုင်ဘူး. . . ရှင့်ကို ဘာမှပြောပြစရာအကြောင်းလည်းမရှိဘူး။ လွှတ်. . . ဖယ်. . . ကျွန်မလက်ကို ကိုင်မထားနဲ့။ ရှင့်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို မင်းပြန်ထိုင်လေ၊ ငါ မင်းလက်ကိုလွှတ်မယ်။ ငါ့အသည်းကိုမခွဲပါနဲ့ ပေဒါရီ''

အောင်ခေတ်၏ ကြေကြေကွဲကွဲ ဆွေးဆွေးရှရှစကားကြောင့် ပေဒါရီ လန့်ဖျပ်သွားသည်။ ဘာတွေ လာပြောနေတာလဲ။ သူ လူပျိုစကားပြောတော့မှာလား။ သူမက ရေလာအောင်မြောင်းပေးမိခဲ့သလား။ အစီပွာယ်တွေ လွဲချော်ကုန်ပါပြီ။ သူမ သူဆွဲချရာ သူ့နံဘေး တစ်တောင်ခန့်အကွာမှာ ထိုင်လိုက်ရ၏။ ယခုတော့ ဘေးချင်းကပ်လျက်။ ပေဒါရီ အံကိုတင်းတင်းကြိတ်ထားမိသည်။ အသံတို့ဖြင့် ထွက်မလာ။

''ငါ ဒီလောက် လှုပ်ခတ်နေတာ ဘာကြောင့်လဲ၊ မင်းသိပါတယ်။ မင်းသိမှာပါ ပေဒါရီ။ ငါ မင်းကိုမခွဲနိုင်တော့ဘူး။ ဒီနေ့လည်း ငါ မင်းတို့ကိုလာကြိုတာပါ။ ဦးလေး လာကြိုတာ မဟုတ်ဘူး။ ပြောစမ်းပါ ပေဒါရီရဲ့၊ မင်းမေမေမှာ ဘာရောဂါရှိသလဲ။ မင်းမှာ ဘာရောဂါရှိဦးမလဲ၊ မိုက်မဲရူးသွပ်တယ်ပဲပြောပြော. . . ချစ်သူနဲ့ တစ်နာရီပဲဆုံစည်းခွင့်ရရ၊ ငါကျေနပ်လိုက်မှာပါ။ ဘာရောဂါကိုမှ ငါမကြောက်ဘူး''

''ရှူး. . . တိုးတိုး မေမေနိုးသွားမယ်။ ဒီမှာ. . . ဒီမှာ ဆရာ၊ ရှင့်အပြောတွေမှာ ကျွန်မ မသာယာဘူး။ အပိုတွေ။ ရှင်





တို့လို မင်းယောကျ်ားကြီးတွေကလည်း အပိုစကားတွေ ပြောတတ်သားပဲ။ ကဲ! ပြောစမ်း. . . ရှင် ကျွန်မတို့သားအမိတွေကို AIDS ရောဂါသည်တွေလို့ ထင်နေတယ်မဟုတ်လား။ ဟုတ်ကဲ့ ကျွန်မတို့မှာ အဲဒီရောဂါတွေ ရှိတယ်။ ကျွန်မတို့ကို မိန်းမပျက်တွေလို့ ထင်နေတယ်မဟုတ်လား။ ရှင်ယင်ချင်သလို ထင်လိုက်၊ ကျွန်မ မုန်းတယ်. . . သိလား၊ လူတွေကိုမုန်းတယ်၊ ဖြားယောင်းတတ်တဲ့ အယောင်ဆောင်လူကြီးလူကောင်းတွေကို ပိုမုန်းတယ်။ ရင်ထဲမှာ အချစ်မရှိဘဲ ချစ်တယ်လို့ကြွေးကြော်တတ်တဲ့ မုသာဝါဒ လူသားစားကြီးတွေကိုလည်း မုန်းတယ်။ ကျွန်မ ဘယ်သူ့စကားမှ မယုံတတ်ဘူး။ ကဲ. . . အဲဒါ ကျွန်မရဲ့သဘောထားအမှန်ပဲ''

အောင်ခေတ်ကိုအရွဲ့တိုက်လိုသဖြင့် မေမေ့ရောဂါအမှန်ကို မသိစေတော့။ သူမ သည်လိုပြောလိုက်သဖြင့် မေမေ ပိုပြီး နစ်နာသွားမလား တွေးမိပေမယ့် သူမကိုယ်တိုင်လည်း မေမေ့အတွက် နောက်ဆံတင်းမြဲ။ တစ်ခါတစ်ခါ ရောဂါလက္ခဏာတွေက ငုတ်နေတတ်တာမျိုးလား။ သူတို့ကွင်းသက် ဆက်ဆံရေးအရ မေမေ့မှာလည်း ရောဂါပိုးရှိနိုင်သည်။

ပေဒါရီ့စကားများကြောင့် အောင်ခေတ်ရုပ်က ချက်ချင်း အိုစာသွား၏။ ဘယ်လိုမှလည်း ပြောလို့မရပါလား။ သူမ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



အနာအဆာတွေ ရှိပေမယ့် ပေဒါရီ မာနကြီးပါသည်။ သူမ ဖြည်းညင်းစွာ ထရပ်၏။ အောင်ခေတ် မတားဆီးရဲတော့ပေ။

''နှုတ်ဆက်ပါတယ် ဆရာ၊ ကျွန်မဟာ ဘယ်လိုမှခင်ဖို့တောင် မကောင်းတဲ့မိန်းမတစ်ယောက်ပါ။ ကျွန်မရင်ထဲမှာ ကျွန်မမိသားစုပဲရှိတယ်။ ပြီးတော့ ကျွန်မတို့မှာ ဘာမှမက်စရာ မရှိဘူး။ ရောဂါဝိုးကြီးကလည်း ရှိချင်ရှိဦးမယ်။ မြို့ကိုရောက်ရင် မေ့လိုက်ပါဆရာ။ သူစိမ်းတွေလိုပဲ ဆက်ဆံကြတာပေါ့နော်။ မနက်ကျရင်လည်း ကားဂိတ်ကို လိုက်ပို့ပါဦး''

''ကျွန်တော့်ကားနဲ့ ပြန်မယ်''

''ခွင့်လွှတ်ပါဆရာ၊ ကျွန်မ မလိုက်ဘူး။ ဘာအကြောင်းပြချက်ကြောင့်မှ ကျွန်မ ဆုံးဖြတ်ချက်ကိုမပြင်ဘူး''

''အန်တီ သက်တောင့်သက်သာ. . .''

''ရပါတယ်၊ မေမေ ခံနိုင်ရည်ရှိမှာပါ''

ပေဒါရီ အိပ်ခန်းထဲသို့ ဝင်သွား၏။ အောင်ခေတ် စိတ်မာတ်ကျစွာ မီးလင်းဖိုဘေးမှာ ခွေလိုက်သည်။ ခွေးတစ်ကောင်လို အူပစ်လိုက်ရလျှင် ကောင်းမလား။ မကောင်းပါဘူး။ သို့သော် ချစ်သောနတ်ဆိုးမလေးရဲ့ တောက်တောက်ခါးခါး စကားများက သူ့ရင်ကို မီးနှင့်မြှိုက်သည့်နှယ်။





အပြင်လောကမှာ နှင်းမိုးတွေ ရွာနေပေမယ့် အောင်ခေတ်ရင်ထဲမှာ မီးလင်းဖိုကြီးနှင့်အပြိုင် ထိန်လင်း မြိုက်ရှနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"မေမေ. . . နေသာရဲ့လားဟင်၊ ဒီနေ့ ထမင်းစားလို့ ကောင်းရဲ့လား။ ဆရာဝန်ရော လာသွားလား"

ဒေါ်စိန်စိန်ရီ့အခြေအနေက တိုးတက်လာသည်။ ထူထူထောင်ထောင် ရှိလာသည်။ တောင်ပေါ်ရာသီဥတုကလည်း ဝတ်စုံပြည့်နှင့် ရင်ဆိုင်နိုင်တော့ နေသာထိုင်သာရှိသည်။ သည်မြို့မှ ဆရာဝန်ကြီးကလည်း တစ်ပတ်တစ်ခါ လာရောက်ကုသပေး၏။

ဗေဒါရီ ကျောင်းကပြန်လာသည့်အသွင်ကို ဒေါ်စိန်စိန်ရီ မှတ်တမ်း စောင့်တင်နေမိသည်။ သမီးသည် တစ်ခါတစ်ခါ သိုးကလေးရုပ်ပေါက်လိုက်၊ တစ်ခါတစ်ခါ ကျားသစ်မလေးအသွင် ပေါက်လိုက်၊ ငယ်စဉ်က ငေးကြည့်ဖူးသည့် တိမ်ရုပ်များနှယ်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်. . . ဘာပဲဖြစ်ဖြစ် လောကဆိုတာလည်း ကျားဖြ
လိုက်၊ သိုးဖြစ်လိုက်၊ အလိုက်သင့်ပြောင်းလဲနိုင်မှ တန်ကာ
မည်။

"မမေ နေလို့ကောင်းပါတယ်၊ သမီးရော ဒီနေ့ ဘယ်
လိုတွေ ရင်ဆိုင်တိုးခဲ့ရသလဲ။ မောင်အောင်ခေတ်နဲ့ရော ရန်ဖြ
ခဲ့သေးလား။ ထူးထက်ထက်နဲ့ရော နပန်းသက်ခဲ့သေးသလား"

ပေါ့ပေါ့ပါးပါး ဂါဝန်အဝါလေး လဲဝတ်နေရာမှ ပေ
ရီ အသံထွက်၍ ရယ်မိသည်။ မမေနှင့်အတူ လောကကြီး
ရင်ဆိုင်ရတာ သိပ်အားရှိတာပဲ။

"မမေပြောတဲ့အတိုင်းဆို သမီးက ငပွကြီးပေါ့၊ ဟုတ်
လား။ လူတကာနဲ့ရန်ဖြစ်နေတဲ့ ငပွကြီးပေါ့"

"သမီးက စိတ်ရှည်ရှည်ထားမှပေါ့ကွယ်၊ လောကကြီး
မှာ နေနည်းထိုင်နည်းတွေ အများကြီးရှိတယ်။ သည်းခံခြင်းပါ
လည်း လက်နက်ကောင်းတစ်ခုပဲ။ သမီးက ကဲကဲမဆုတ်နဲ့ပေါ့
မမေနဲ့ပတ်သက်ပြီး ပြောလာရင်လည်း သည်းခံ"

"ကိစ္စမရှိပါဘူး မမေ၊ တဖြည်းဖြည်းတော့ အသား
ပြေလာမှာပါ။ သမီးစိတ်ထဲမှာ တစ်ချက်တော့ ထင့်ကယ်မေမေ
မမေ့မှာ တကယ်ပဲ ဟိုရောဂါကြီးမရှိဘူးလား။ တကယ်က မေ





ပညာကွင်းဆက်အရဆိုရင် မမေ့ကိုလည်း ကူးရမှာပဲလေ။ သမီး
တို့ငယ်ငယ်က ဂေါ်လီလုံးပစ်သလိုပေါ့၊ တစ်လုံးနဲ့တစ်လုံး ဆက်
ထိပြီး. . ."

ပေဒါရီ မမေ့ကုလားထိုင်အနားမှာ လာထိုင်ရင်း စကား
ကို ခေတ္တရပ်ပစ်လိုက်၏။ သည့်စကားတွေက မမေ့ကို စိတ်
ဓာတ်ကျစေမလား။ တကယ်ဆို လူမမာကို လှည့်ဖျားပြီးတော့
တောင် အားပေးရမည်။ သို့သော် ပေဒါရီ့မှာ ထိုကိစ္စကြီးသည်
အမြဲတမ်း ရင်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်နေသည့်ပြဿနာ။
မမေ့ကို မော့ကြည့်မိပြန်သည်။ မမေ သက်ပြင်းချသည်။

"သမီးက အပျိုလေးဆိုတော့ ပြောပြရမှာ ခက်လိုက်
တာ"

"ဘာဖြစ်လို့လဲ မမေ၊ အပျိုလေးပေမယ့် ဆေးပညာ
ပေးဆောင်းပါးတွေ မဂ္ဂဇင်းတွေ ဖတ်နေတာပဲ။ သိသင့်သလောက်
တော့ သိတာပဲ၊ နိုက်နိုက်ချွတ်ချွတ်သာ မသိရှိရမယ်"

"ဒီလိုကွယ့်"

ပြောပြီး ဒေါ်စိန်စိန်ရီ အဝေးသို့ငေးပြန်သည်။ မျက်ဝန်း
မှာ မျက်ရည်သီသီဝဲ၏။ ဦးဘုန်းလွင်ကြီးကိုများ လွမ်းနေသလား
မမေ၊ ပေဒါရီ အသည်းယားလှ၏။ သို့သော် နှလုံးသားကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



များသည် အခက်သား။ ဗေဒါရီ နည်းနည်းတော့ ကိုယ်ချင်းစာ တတ်ခဲ့ပြီ။

"ဦးဘုန်းလွင်က သူ့သမီးအငယ်ကို သိပ်ချစ်တယ်လေ။ နောက်ထပ် သားသမီးမလိုချင်ဘူး။ ဒီတော့ သူ. . . ဟို. . . အကာအကွယ် အမြဲသုံးခဲ့တယ်။ ဒါကြောင့် မေမေ့မှာ ရောဂါ မကူးစက်တာနေမှာ. . . မေမေလည်း အစကတော့ မတွေးမိခဲ့ဘူး"

"တော်ပါသေးရဲ့ မေမေရယ်၊ အိုကေ. . . အိုကေ၊ ဒါဆို. . . သမီးစိတ်ချမ်းသာသွားပြီ။ ထမင်းချက်လိုက်ဦးမယ်နော် မေမေ။ ခုညစာ ဆလတ်ရွက်ကြော်ဦးမယ်"

ဗေဒါရီ မေမေ့အနားမှ မျက်နှာပူစွာ ထပြေးပြီး မီးဖိုထဲ ဝင်ခဲ့သည်။ ဟာ! မီးလာနေပါလား။ အဝတ်တွေ မီးပူတိုက်ဦးမှပဲ။ ထမင်းအိုးလေးကို လျင်မြန်စွာ ပြင်ဆင်ပြီး မီးသွေးမီးဖိုမှာ တည်လိုက်သည်။ မနက်က မေမေ့ဖို့ ကြက်သားပြုတ်ကြော်လုပ်ပြီးသား။ ငါးပိကြော်လည်း ရှိသေးသည်။ ခုညနေစာ ဆလတ်ရွက်တစ်ခွက် ထပ်ကြော်၊ ရွက်စုံဟင်းချိုလေးတစ်ခွက် ချက်၊ ဟင်းရွက်များကတော့ အိမ်ရှိစိုက်ခင်းမှ အလကားရပါသည်။

ညနေ ခြောက်နာရီအမီ ဗေဒါရီ လျင်မြန်စွာ ချက်ပြုတ်





ရပါမည်။ ယခုမှ လေးနာရီခွဲ။ မနက်က စိမ်ပစ်ခဲ့သည့် မေမေ့စောင် နှစ်ထည်လည်း လျှော်ရဦးမည်။ တစ်နေကုန် စိမ်ထားခဲ့သဖြင့် စောင်ကလေးတွေများ ရိကုန်မည်လား။ ရေနွှင့်ချည်းစိမ်ပြီး ဆပ်ပြာက လတ်လတ်ဆတ်ဆတ်မှထည့်မည်မို့ ဆွေးတော့ မဆွေးတန်ရာ။ စောင်တွေခြင်ထောင်တွေကို ကိုယ်တိုင်လျှော်ရတာ မသက်သာပေမယ့် ဗေဒါရီ မေမေ့အတွက် အပင်ပန်းခံချင်လှပါသည်။

မေမေ့စောင်ကလေးတွေ မွှေးပျံ့သန့်ရှင်းနေစေလိုတာ သူမ၏နှလုံးသားက စိမ့်ထွက်လာသည့်ဆန္ဒပါ။ မနက်က ဆေးဖိတ်ကျသဖြင့် မေမေ့စောင်တွေ ဆေးစော်နံသွားခဲ့သည်။ မေမေခမျာ သူ့ကိုယ်သူ လူမမာစော်နံတယ်ရယ်လို့ အားငယ်သွားမှာစိုးသဖြင့် သူမ ချက်ချင်း ရေစိမ်ပစ်ခဲ့သည်။

ကြည့်စမ်း! မမောပန်းပါဘူးနော်။ သူမတို့ငယ်ငယ်တုန်းကဆို မေမေ့ခမျာ သူမတို့ရဲ့သေးစိုစောင်တွေ အဝတ်တွေကို နေ့တိုင်းလျှော်ခဲ့ရမှာပေါ့။ ဖဝါးလက်နှစ်လုံးကိုဗွေတွေကို ထားပါဦး။ လူတစ်လုံးသူတစ်လုံးဖြစ်တဲ့အထိ မေမေ့ခမျာ ဘဝနဲ့ရင်းပြီး. . .

အတွေးက ဒီမှာတင် ရပ်သွားခဲ့၏။ ဗေဒါရီ မေမေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေးမိလျှင် ရင်ထဲ ဆို့ရ နာကျင်ရစမြဲ။

စိမ်ထားခဲ့သည့်စောင်ဇလုံကြီးကို ခါးစောင်းတင်ပြီး ဗေဒါရီ ခြံနောက်ဘက်ရှိ စမ်းပေါက်သို့ထွက်ခဲ့သည်။ တောင်စောင်းလေးတစ်နေရာမှ အလိုအလျောက် စိမ့်ထွက်နေသော စမ်းပေါက်မှာ သံပိုက်စွပ်ထားသဖြင့် ရေတံခွန်လေးသဖွယ် သွယ်သွယ်လျှလျှ။ ဘယ်တော့မှ မခမ်းတော့နိုင်မည့် စမ်းတွင်းလေးပေါ့။ မေမေ့မေတ္တာရေများနှယ်။

ရေမြောင်းကလေးက စမ်းချောင်းလေးလို သူမတို့ခြံထဲမှာ စီးဆင်းရစ်ခွေနေသည်မှာ ကဗျာလေးတစ်ပုဒ်နှယ် နုသစ်လှပလျက်။ ဗေဒါရီ စမ်းချောင်းကလေးနံဘေး ကျောက်ချပ်ပေါ်မှာ အားပါးတရ ထိုင်ချပြီး စောင်များကို ဆပ်ပြာမှုန့်တွေ ဖွေးနေအောင် ထည့်လိုက်စဉ်. . .

"သမီးရေ. . . ညော့သည်"

ကျွတ်! ဒုက္ခပါပဲ။ ဘယ်သူလဲ။ ဘယ်က ညော့သည်လဲ။ ဆရာ့ကိုတော့ဖြင့် မေမေက 'ညော့သည်' လို့ပြောလိမ့်မည်မဟုတ်။ ဗေဒါရီ စောင်ကိုကိုင်ရင်း တွေခနဲဖြစ်နေစဉ်ပဲ၊ ညော့သည်ဆိုသူကြီး သူမ၏မြင်ကွင်းထဲ ဝင်လာ၏။

"ရဲသွင်အောင်"





ကျောပိုးအိတ်တစ်လုံးနှင့် ညှဉ်းသိုးသိုးဖြစ်လာပုံက ခရီးရှည်ကြီးတစ်ခု ဖြတ်သန်းလာခဲ့ရသည့်နှယ်။ သူ့အိမ်ကိုတောင် မဝင်ခဲ့ရသေးဘူးဖြစ်မည်။

"မ. . ."

ဗေဒါရီ ငေးကြောင်ကြည့်နေဆဲ၊ သူ့အသံ ဆွေးဆွေးမြည့်မြည့်ကြောင့် သူမစိတ်ညစ်သွား၏။ ကမ္ဘာကြီးတစ်ခုလုံး ဖျားယောင်းမှုတွေချည်းပဲ။ ဘာပဲပြောပြော ချစ်ခြင်းမေတ္တာဆိုတာ လောကမှာ. . . အမှန်တကယ် ပေါက်ဖွား ဖူးပွင့်ခဲ့ကြလို့လား။ အကြောင်းတရား အကျိုးတရားတွေကိုသာ ရှေးရှုဆက်စပ်တတ်ကြသော လောကကမ္ဘာကြီးထဲမှာ ရဲသွင်အောင်ကရော ဘယ်လို အကျိုးတရားကိုလိုလို့ အကြောင်းတရားတွေ ဖန်တီးခဲ့တာလဲ။

သို့သော် ဗေဒါရီ သူ့အပေါ်မှာ ရိုင်းပျလို့မဖြစ်။ သူက ဆရာကြီး၏သား ဖြစ်နေသည့်အပြင်၊ လောလောဆယ်လည်း တောက်တဲ့လေးတစ်ကောင် ဖြစ်နေလို့ဖြစ်သည်။

"ရဲသွင်အောင်. . . အိမ်ပေါ်မှာ ခဏသွားစောင့်နေနော်၊ ကျွန်မ စောင်တွေ လျှော်လိုက်ဦးမယ်"

"ဟာ! 'မ' လက်ဖဝါးနုနုလေးတွေနဲ့ ဒီရောမစောင်ကြီးတွေ လျှော်မလို့လား။ ငါးပြီး လျှော်လိုက်စမ်းပါ။ မောင် ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်။ မောင်နဲ့လက်ထပ်ပြီးရင်တော့ 'မ'ကို ဘာမှမခိုင်းဘဲ အလှကြည့်ထားမှာ. . . သိလား''

သည်အရူးက တစ်မျိုး၊ တစ်ယောက်တည်း ကျိန်းသေနေရသေးသည်။ သို့သော် ယောက်ျားတို့သည် လျှော့တွက်လို့မရ၊ အပြောလွယ်သူရဲ့နှလုံးသားကရော တကယ်ဖြူစင်ပါရဲ့လား။

''ဒီအရပ်မှာ ငှားလျှော်တဲ့သူ မရှိဘူး၊ ရပါတယ်၊ ကျွန်မကိုယ့်မေမေရဲ့ဝေယျာဝစ္စကို ကိုယ်တိုင်လုပ်ပေးချင်တယ်။ ရဲသွင်အောင်. . . အိမ်ပေါ်ကသာ သွားစောင့်ပါ''

''ဟင့်အင်း. . . ဒါဆိုလည်း ဒီစောင်တွေ မောင် လျှော်ပေးမယ်။ 'မ'ပင်ပန်းတာ မကြည့်ရက်ဘူးဗျာ''

''အယ်. . .''

ပြောပြောဆိုဆိုပင် ရဲသွင်အောင်က သူ့ခရီးဆောင်ကျောပိုးအိတ်ကြီးကို မြက်ခင်းပေါ်ပစ်ချပြီး သူမ၏အနီးသို့ ပူးပူးကပ်ကပ် ထိုင်ချခဲ့သည်။

သူ့မိဘတွေသာမြင်လျှင် မိုးသို့ မီးလောင်ပါလိမ့်မည်။ ဖူးဖူးမှုတ် အချစ်ဆုံး တစ်ဦးတည်းသောသားကလေးက သူမတို့ထံမှာ လာပြီး စောင့်တွေလျှော်မတဲ့။

ရဲသွင်အောင်က သူမ၏လက်ထဲမှ စောင်ကြီးကိုယူပြီး





အဝတ်ရိုက်သည့်တုတ်ဖြင့် တဖုန်းဖုန်း ထုရိုက်နေတော့၏။

''ဟယ်. . . ရဲသွင်အောင်. . . ဖယ်. . . ဖယ်ပါ။ ပေးပါ. . . ကျွန်မဘာသာ လျှော်မှာပေါ့။ ရှင့်မိဘတွေသိရင် ပြောစရာဖြစ်မယ်။ ကျွန်မ ပြဿနာမတက်ချင်ဘူးနော်''

ဧဒါရီ အဝတ်ရိုက်သည့်တုတ်ကို ဆွဲလုသော်လည်း ရဲသွင်အောင်က မလွှတ်။ သို့သော် တစ်သက်လုံးက ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ခဲ့သူကြီးက အဘယ်သို့များ စောင်လျှော်တတ်မှာတဲ့လဲ။ စောင်ကို တုတ်နှင့်ရိုက်နေပုံက လယ်ကွင်းထဲမှာ ဖားရိုက်နေသည့်နှယ်။

''ဘာလို့ တက်ရမှာလဲ 'မ'ရဲ့၊ နောက်ဆို မောင်တို့ရဲ့ သားသား မီးမီးလေးတွေရဲ့ သေးစိုစောင်တွေ အနှီးတွေ ဒီလိုပဲ မောင်တို့ အတူလျှော်. . .''

''အော. . . ဘယ်လိုဖြစ်နေတာလဲ''

ဧဒါရီ တကယ့်ကိုပဲ စိတ်ဆိုးလွန်းပါ၏။ သူမ စောင်လျှော်တာကို လာပြီး ကပျက်ယပျက်လုပ်၊ နှောင့်ယှက်နေသည့် ရဲသွင်အောင်ကို အဝတ်ရိုက်သည့်တုတ်နှင့်သာ ရိုက်ပစ်လိုက်ချင်ပါတော့၏။

''ရဲသွင်အောင်. . . ဖယ်နော်၊ ကျွန်မကို စိတ်ဆိုးလာ



www.burmeseclassic.com

www.burmeseclassic.com



အောင် မလုပ်နဲ့၊ သိလား။ အိမ်ပေါ်က စောင့်ဆိုလည်း မစောင့်၊ ဘေးက ရပ်စောင့်ဆိုလည်း မစောင့်။ ကျွန်မမှာ ဒီတစ်လုပ်တည်း မဟုတ်ဘူး။ ခြောက်နာရီမှာ ဂိုက်သွားလုပ်ပေးစရာကိစ္စတွေ ရှိသေးတယ်''

ဗေဒါရီ စိတ်တိုလာပေမယ့် ရဲသွင်အောင်အသွင်ကမူ အချစ်ရည်များဖြင့် ရွှန်းပြည့်လင်းလက်လျက်သား။ တကယ့်ကိုပဲ စောင်တွေ ကိုယ်တိုင်လျှော်ပြီး တကယ့်ကိုပဲ အချိန်ရှိသမျှ၊ အချိန်ရသမျှ ဗေဒါရီ့ကို ထိုင်ကြည့်နေတော့မည့်ပုံ။

သို့သော် သူမ ခံစားလို့မရ။ သူတို့အချစ်က ဘာလဲ။ သူတို့အတွက်အတွက် တစ်ဖက်သားအပေါ် လွှမ်းမိုး အနိုင်ယူချင်တာ။ နောက် သိမ်းပိုက်ထားလိုတာတွေ ဒါဟာ အချစ်တဲ့လား။

ယခုပဲ ကြည့်၊ သူလည်း မလုပ်တတ်ဘဲနှင့် စောင်တွေကို မောင်ပိုင်စီးပြီး သူမမျက်နှာကို တပြုံးပြုံးနှင့် မော်ကြည့်နေခဲ့တာ။

''နေပါယ်. . . ဒီလောက်လျှော်ချင်လှတာ လျှော်''

ရဲသွင်အောင်ကိုပစ်ထားခဲ့ပြီး ဗေဒါရီ အိမ်ပေါ်သို့ ပြန်တက်ခဲ့သည်။ မေမေက တစ်ဖက်အိမ်ရောက်နေသလား မသိ။ လျှင်မြန်စွာ အဝတ်လဲပြီး သူမ စက်ဘီးနင်းကာ နန်းထိုက်အောင်





တို့အိမ်သို့ ထွက်လာမိခြင်းကြောင့် သူမဘဝမှာ အကြီးအကျယ် ဒုက္ခရောက်ရမည်ဆိုတာတော့ ထိုစဉ်က မသိခဲ့ချေ။

ညကိုးနာရီခန့်တွင် နန်းထိုက်အောင်တို့အိမ်မှ အမိုးဖွင့် ဒတ်ဆန်းကားလေးနှင့် အမြဲပြန်ပို့ပေးပါသည်။ သူမ၏စက်ဘီးကို ကားနောက်မှတင်၊ သူမက ရှေ့ခန်းမှစီးဖြစ်သည်။ လိုက်ပို့သည့် ဦးလေးစံက သဘောကောင်းသည့် ရှမ်းကြီးဖြစ်၏။

စကားတပြောပြောဖြင့် အိမ်ကိုရောက်တော့ ကိုးနာရီဆယ်မိနစ်ရှိပေပြီ။ အိမ်ကလေးထဲမှာ ဖယောင်းတိုင်မီးများ တွေ့ရ၏။ မီးပျက်ပြန်ပြီထင်သည်။

''ဆရာမရေ. . . သွားပြီ''

''ဟုတ်ကဲ့ ဦးလေးစံ''

ဦးလေးစံက ဗေဒါရီ၏စက်ဘီးကို ချပေးခဲ့ပြီး ကားကို ခေါင်းလှည့်ထွက်ခွာသွားလေ၏။ သူမ စက်ဘီးတွန်းရင်း ခြံထဲသို့ ဝင်ခဲ့သည်။ အိမ်တံခါးက စေ့ရုံသာစေ့ထားလျက်။ တောင်ပေါ်မြေမှာ သူခိုးသူဝှက် မရှိဘူးလား။ မေမေ ဘာလို့ဖွင့်ထားရတာပါလိမ့်။ တံခါးဖွင့်လိုက်တော့ အမြေပေါ်သည်။ အိမ်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူ သုံးလေးယောက်။

''မေမေ''

မေမေများ ဘာဖြစ်သလဲ။ ပေဒါရီ စိုးရိမ်စွာ ပြေးသွားမိသည်။ ညှော်ခန်းဘေး မီးလှုံသည့်မီးဖိုလေးနံဘေးမှာ မိန်းမသုံးယောက်။ ဩော်. . . ဟိုဘက်ခြံမှ အဘွားတို့သားအမိ၊ အနားမှာလည်း မေမေရှိသည်။ ဒါဆို. . .

''မေမေ. . . ရဲသွင်အောင်ရော''

''သမီး''

မေမေ့အသံက တိမ်ဝင်သွားသလို အဘွားသားအမိမှာလည်း မျက်ရည်အဝဲသားနှင့်။ ဘုရားရေ! ရဲသွင်အောင် ဘာဖြစ်သလဲ။ အဘွား၏သမီးက ရှင်းပြသည်။

''ညနေက ဆရာမ စက်ဘီးနဲ့ထွက်သွားကတည်းက ကောင်လေး အဝတ်လျှော်တဲ့နေရာက တက်မလာဘူး''

''ရှင်. . . အခုထိ''

ဘာပဲဖြစ်ဖြစ် ပေဒါရီသည် လူသားဆန်သည့် နှလုံးသားရှိသူမို့ ဆတ်ခနဲထရပ်မိသည်။ မေမေက သူမလက်ကို ပြန်ဆွဲထိုင်ခိုင်း၏။

''နားထောင်ဦး သမီး၊ ခုတော့ သူ့မိဘတွေ လာခေါ်





သွားပါပြီ''

မေမေ့စကားကြောင့် ပေဒါရီ့ရင်ထဲ ဗလောင်ဆူသွားသည်။ ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို မထေ့မဲ့မြင်လျှင် ဘာဖြစ်တတ်ပါသလဲ။ လောလောဆယ် ဆရာကြီးတို့လင်မယားကို ရင်မဆိုင်ရဲဖြစ်တော့မည်။

''နာရီဝက်လောက်ကြာတော့ မေမေ မနေသာတော့ဘူးလေ၊ စမ်းပေါက်ရေကလည်း အေး၊ ပတ်ဝန်းကျင်ကလည်း မှောင်လာ အေးလာ. . . မေမေ တောင်းပန်လည်းမရ၊ ချော့လည်းမရ၊ တကယ်ဖွဲကြီးတဲ့ကလေးကွယ့်၊ အဝတ်လျှော်တဲ့နေရာက တက်မလာဘူး၊ နောက်တော့ မေမေလည်း ဒီက အစ်မကြီးတို့သားအမိကို ပြေးပြီးအကူအညီတောင်းရတယ်''

ကြားရသည့်သတင်းကြောင့် ပေဒါရီ ခြေကုန်လက်ပမ်းကျသွားသည်။ ခက်လှပါလား ရဲသွင်အောင်ရယ်။ နင်ဟာ တစ်ဖွတ်ထိုး တဇောက်ကန်းပဲ။

''နောက် ဆရာဦးအောင်ခေတ်ဆီ အစ်မကြီးက ဖုန်းဆက်ပေးတယ်။ ဆရာကြီးရဲ့ဖုန်းကို တို့မသိဘူးလေ။ ဆရာ သူ့ကားနဲ့ တစ်ယောက်တည်းပြေးချလာတယ်။ ဒါပေမဲ့ ရဲသွင်အောင်က ဖွတ်ပဲ. . . ဒါနဲ့ သူ့မိဘတွေဆီ လုပ်းအကြောင်းကြား ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကားနဲ့သွားခေါ်လာရတယ်''

''ဘုရား. . . ဘုရား. . . ဒါဖြင့် သူ ဘယ်အချိန်ထိ ရေထဲနေနေလဲ မေမေ''

''အားလုံး တစ်နာရီကျော်မှာပေါ့ကွယ်''

သေတော့မှာပဲ။ ပေဒါရီ မျက်စိမျက်နှာပျက်နေသည်။ ရဲသွင်အောင်ကို သနားတာရော၊ ကိုယ် အနေကျပ် အသေကျပ်မှာရော စုပြုံတွေးတောနေမိ၏။

''သူ့မေမေဆိုတာ ရင်ဘတ်စည်တီးပဲ။ သူ့သားကို ရေထဲက ချက်ချင်းဆွဲခေါ်၊ ပူးစောင်တွေ ပတ်၊ စောင်တွေ ပတ်၊ ပုဆိုးလဲ၊ လသားအရွယ်လေးကို ပွေ့ခေါ်နည်းမျိုးကို ပွေ့ခေါ်သွားတော့တာ''

''မေမေ့ကို ရန်တွေ့သွားသေးလားဟင်၊ သမီးလည်း သူ ဒီလိုမိုက်ရူးရဲမယ်မထင်လို့ပါ။ ခက်တာပဲ မေမေရယ်၊ နက်ဖြန် စနေမို့ပဲ၊ ကျောင်းသာတက်ရရင် ဆရာကြီးကို မျက်နှာမပြရဲတော့ဘူး''

ပေဒါရီ့မျက်နှာလေးမှာ ယခုတော့ ငိုတော့မလို။

''ရန်မတွေ့ရှာပါဘူးကွယ်၊ အကြောင်းကြားတာ ကျေးဇူးတင်ပါတယ်ဆိုပြီး ပြေပြေပြစ်ပြစ်ပြောပြီး ချက်ချင်းထွက်သွား





ကြတာပါပဲ။ သမီးကို မေမေပြောသားပဲ''

''အဲဒါ သမီးအပြစ်လားဟင်၊ သူ့ကိုက ဆိုးတာပါ မေမေရယ်။ သမီး သေချင်တယ်၊ နင်္ဂကတည်းက မနည်း နေနေရတဲ့ကြားထဲ အခုတော့ ဆရာကြီးပါ သမီးကိုမုန်းတော့မယ်''

ပေဒါရီ ကလေးလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုချမိပါ၏။ အောင်ခေတ်ကရော ဘယ်လိုထင်သွားမလဲ။ သူမကို ယောကျ်ားတကာအား ပြုစားတတ်သည့် ကဝေမကြီးလို့ ထင်သွားမှာလား။ အို! ဘယ်လိုထင်ထင်၊ အပျိုကြီးပဲ လုပ်တော့မည်။ ဒါမှ ဘယ်သူ့စကားနာထိုးတာမှ မခံရတော့အောင်။ ဟာ. . . ဒါပေမဲ့ စင်းလုံးချော အပျိုကြီးဆိုတော့ ပိုကောင်းတာပေါ့။ စိတ်ရှုပ်ထွေးစွာ ငိုနေမိဆဲ၊ တယ်လီဖုန်း မြည်လာပြန်သည်။ ဘယ်သူတွေက ရန်လုပ်ကြဦးမလို့လဲ။ ပေဒါရီ တွန့်ဆုတ်စွာ ဖုန်းကိုင်မိသည်၊ အဘွားတို့သားအမိကတော့ မေမေ့ကိုနှုတ်ဆက်ပြီး ပြန်သွားကြ၏။

''ဟဲလို. . . ပေဒါရီပါ''

''ဘယ့်နှယ်လဲ. . . မင်းတော်တော်ပျော်နေသလား''

တစ်ဖက်မှ အောင်ခေတ်အသံကြောင့် သူမ ဝမ်းနည်းသွား၏။ သူလည်း အထင်သေးသွားပြီပေါ့နော်။ ပေဒါရီ [illegible]ပြန်



www.burmeseclassic.com

www.burmeseclassic.com



စကားမဆိုမိ။

"ရဲသွင်အောင် အခု ဖျားနေပြီ၊ အအေးပတ်တာပေါ့။ သေတော့မသေလောက်ပါဘူး။ ပါးစပ်ကတော့ ကယောင်ကတမ်းနဲ့ 'မ. . . ရက်စက်တယ်' ချည်း အော်နေတယ်။ ဟုတ်သလား။ မင်းဘယ်လိုများ လုပ်လွှတ်လိုက်သလဲ။ ပြောပါဦး မော်ဆရာမကြီးရဲ့"

ကိုယ့်ကို ကျိန်ဆဲနေသည့်စကားများကို ဗေဒါရီ နားမထောင်ရဲတော့။ သူ့ရဲ့ဘောကြောင်သည့်ပဲပြောပြော ဖုန်းခွက်ကို ချပစ်လိုက်သည်။ သို့သော် ဖုန်းထပ်မြည်လာပြန်၏။ ဗေဒါရီ အသံတိတ် ရှိုက်ငင်နေမိသည်။

"နားထောင်စမ်းပါဦးကွ၊ ငါ အသည်းယားလွန်းလို့ပါ။ ကဲ. . . ကြုံတုန်း ပြောစမ်းပါဦး၊ မင်းဥစ္စာက မလွန်လွန်းဘူးလား။ အသက်ခြောက်ဆယ်လောက် အဘိုးကြီးဆိုလည်း ချမ်းသာမပေးဘူး၊ အသက်နှစ်ဆယ်မပြည့်သေးတဲ့ ကလေးလည်း အလွတ်မပေးဘူး။ မင်းစက်ကွင်းမှာ အားလုံး ကားခနဲပဲ။ နေစမ်းပါဦး၊ မင်းယူချင်တဲ့ယောက်ျားမျိုးက ဘယ်လိုအရည်အချင်းတွေ ရှိနေရမှာလဲ၊ ငါ့မှာရော မင်းလိုချင်တဲ့အရည်အချင်း ရှိရဲ့လား"

သူ့စကားမဆုံးမီ ဗေဒါရီ ဖုန်းချပစ်လိုက်သည်။ သည်





တစ်ခါတော့ ကြိုးတွေပါ ဆွဲဖြုတ်ပစ်လိုက်သည်။ မည်သည့်အသံမျှ မကြားလိုတော့။

"မေမေ. . . သမီးလည်း မလော်မာရဘဲနဲ့ အခြေအနေတွေက သမီးကို မိန်းမဆိုးကြီးဖြစ်စေပြီ"

ရှိုက်ကြီးတငင်ငိုရင်း သူမ မေမေ့ရင်ခွင် ခေါင်းတိုးဝင်မိ၏။ ကံကြမ္မာက ဘယ်လိုဖန်လာပြန်ပြီလဲ။ ပင်လယ်လှိုင်းခေါင်းများမှာ လှေကလေးတော့ အလူးအလိမ့်။

"တိတ်ပါ သမီးရယ်၊ သည်ဒဏ်တွေကို သမီး ကြံ့ကြံ့ခံဖို့ပဲလိုတယ်။ အရေးထဲ သမီးမှာ မေမေ့အတွက်က တစ်မျောင့်"

"ဒီလိုမပြောပါနဲ့ မေမေ၊ အခု မေမေရှိလို့သာ သမီး ဒီလောက် ရင်ဆိုင်ရဲနေတာပါ။ ဟုတ်တယ်. . . ဒီဒဏ်တွေကို သမီး တတ်နိုင်သလောက် အကောင်းဆုံးရင်ဆိုင်သွားမယ်။ ကဲ! မေမေလည်း စိတ်ချမ်းချမ်းသာသာ အိပ်တော့နော်"

ဗေဒါရီ မေမေ့ကို သူ့အခန်းထဲပို့ပေး၊ စောင်များ ခြုံပေးလိုက်၏။ ဂွမ်းကပ်ပုံထဲမှာ နစ်နေသောမေမေ့ကိုယ်လုံးလေးကို တစ်ချက်ကြည့်ပြီး သူမ အိမ်တံခါးကို လျှောက်ပိတ်သည်။

ပြတင်းတစ်ခုအနားမှာ ဗေဒါရီ မိုးကောင်းကင်ကို မျှော်ကြည့်မိ၏။ နှင်းတွေ သိပ်သည်းစွာ ကျနေသော ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



မှာ လခြမ်းစိတ်ကလေးက ငိုးတဝါး ပိန်းပိတ်အောင် မမှောင်သော်လည်း ကောင်းကင်မှုန်ဝါးဝါး၊ တိမ်တွေ အဝေးလိုက်ကြားမှာ လခြမ်းလေးက လှေကလေးသဖွယ် တိုးဝင်ဖြတ်ကျော်လျက်။

ကောင်းကင်က လှေကလေးရယ်. . .

နင်ကတော့ သဘာဝရဲ့ မသေသော အသက်တတ်ရဲ့ ထာဝရ ဦးမော့နေတာပေါ့နော်. . .

ငါ့မှာတော့ လိမ့်လိမ့်လူးလူး. . .

ရှုးပဲ ရှုးလိုက်ချင်ပါတော့တယ်။



## အခန်း (၈)

တစ်မနက်ခင်းလုံး နေမထိထိုင်မသာ။ ဘယ်အရပ်က ကြမ္မာဆိုးတွေ တိုက်ခတ်လာမည်လဲ။ မပြေးသော် ကန်ရာရှိ၊ သူမ ကျားမြီးကို ပြေးဆွဲသလိုဖြစ်ခဲ့ပြီ။ လူက လျှော်စရာရှိတာ လျှော်၊ ဖွပ်စရာရှိတာ ဖွပ်၊ ချက်စရာရှိတာ ချက်နေရပေမယ့် စိတ်က မပြောင့်။ စျေးလည်းမသွားချင်။ ရှိသည့် ငါးခြောက် ငါးခြမ်း၊ ပုစွန်ခြောက်တို့နှင့်ပင် နှစ်ပါးသွားနေမိ၏။

တစ်ဖက်ခြံမှ အဘွားကိုတော့ ကြက်သား မှာလိုက်တာပဲ မေမေ့အတွက်။ နံနက်ကိုးနာရီလောက်မှာ အဘွား စျေးမှပြန်ရောက်လာခဲ့သည်။ ဗေဒါရီသို့ ကြက်သားထုပ်ပေးရင်း အဘွား ပုံစံက တစ်စုံတစ်ခု ပြောနေချင်သည့်နှယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဘွား. . . ဘာပြောစရာရှိလို့လဲ၊ ပြောလေ"

"အေးကွယ်. . . အဘွား ဈေးသွားတာ အဲဒီဆရာကြီးတို့အိမ် ဖြတ်ရတယ်မဟုတ်လား။ လူတွေ ဝင်လိုက်ထွက်လိုက်ပဲ၊ ဈေးထဲမှာလည်း ရဲသွင်အောင် နေမကောင်းတာပဲ ပြောနေကြတယ်"

"ကျွန်မအကြောင်းရော ပါလားဟင်"

"ပါတာပေါ့ကွယ်၊ စိတ်မကောင်းမရှိနဲ့နော်။ လူတွေဆိုတာ ဟုတ်တာရော မဟုတ်တာရော ပြောတတ်ကြပါဘိသနဲ့ကွယ်၊ သမီးရုပ်ချောတာ မနာလိုလို့ ပြောတာပဲဖြစ်ကြမှာ"

"ဘယ်လိုတွေ ပြောနေကြလို့လဲ အဘွားရယ်၊ ဗေဒါရီ ရင်တုန်လိုက်တာ"

"သမီးက မျက်နှာများတယ်တဲ့. . . အစကလည်း ယောကျ်ားရဖူးတယ်ဆိုလား။ အလကားပါကွယ်"

တကယ်တော့ အဘွား စကားကိုလျှော့ချလိုက်ခြင်းသာ ဖြစ်သည်။ လူတွေပြောနေကြသည်က ဗေဒါရီသည် သူများ၏ အငယ်အနှောင်းဖြစ်ဖူးသည်ရယ်လို့ပါ။ ဗေဒါရီ နားလည်လိုက်ပါသည်။ သို့သော် ဘာတတ်နိုင်မှာတဲ့လဲ။ လူတကာရဲ့ပါးစပ်ထဲမှာ သူမက အမြည်းတစ်ပွဲဖြစ်နေခဲ့ပြီလား။





ဗေဒါရီ မျက်ရည်များနှင့် ခေါင်းကို ရမ်းခါမိသည်၊ ရှိစေတော့. . . တစ်ယောက်မှ တစ်ရာ တစ်ရာမှ တစ်ထောင်။ ရှိစေတော့. . . ရှိစေတော့၊ ယုံချင်သူတွေ ယုံလိုက်ပါ။

"စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်၊ အဘွားတော့ လုံးဝမယုံဘူး။ လူတိုင်းကလည်း မယုံပါဘူးသမီးရဲ့။ အလကား. . . ပုပ်စပ်တဲ့နှုတ်လုံးသားပိုင်ရှင်တွေသာ သူတစ်ပါးသားပျိုသမီးပျိုကို သွားပုပ်လေလွင့်ပြောကြ ယုံကြမှာ။ ကဲ. . . အဘွားလည်း ပြန်လိုက်ဦးမယ်"

အဘွား၏ကျောပြင်ကိုငေးရင်း မေမေ ခြံထဲမှာ နေပူထဲလျှိုနေတာကို ကျေးဇူးတင်မိ၏။ မေမေ စိတ်ဆင်းရဲစရာစကားတွေ မကြားရတော့။ ဗေဒါရီ ကြက်သားချက်ရန် မီးဖိုထဲ ဝင်လိုက်သည်။

မနက်သယ်နာရီခွဲလောက်မှာ အောင်ခေတ် ကားဖြင့် ရောက်လာခဲ့သည်၊ ဧည့်ခန်းထဲမှာ မေမေနှင့်စကားပြောနေသော်လည်း သူ့မျက်လုံးများက ဗေဒါရီ့ကို ရှာကြည့်နေကြသည်။ ဗေဒါရီ မီးဖိုထဲမှမထွက်မိ၊ သူ့ထံမှ အကြွင်နာမပါသည့် စကား



www.burmeseclassic.com

www.burmeseclassic.com



လုံးကြွမ်းကြွမ်းများကို ရင်မဆိုင်လို၊ လောကကြီးကို တဒင်္ဂတော့ စိတ်ပျက်နေမိသည်။ သို့သော် ပေဒါရီဟာ ဘယ်တော့မှ အားမကုန်နိုင်မယ့် ဘက်ထရီအိုးတစ်လုံးပါ။ နေရောင်ခြည်ရဲ့အောက်မှာ ခပ်ရဲရဲဖူးပွင့်မည့်ပန်းပွင့်တစ်ပွင့်။ မေမေ့ထံခွင့်တောင်းပြီး အောင်ခေတ် မီးဖိုထဲသို့ ဝင်လာသည်။ ယောက်ျားကြီးတန်မဲ့ ဘာတွေ စကားနာထိုးဦးမလဲ။

''ဘာတွေလုပ်နေသလဲ''

''ရှောက်သီးသုတ်မလို့''

''အချဉ်ကြိုက်တာ လူမိုက်''

''ဟုတ်တယ်၊ ကျွန်မက ကမ္ဘာကြီးကို ရှောက်သီးတစ်လုံးလိုပဲ ပါးစပ်ထဲထည့်ပြီး ဝါးစားမလို့''

ပေဒါရီ့စကားကြောင့် အောင်ခေတ် ပခုံးတွန့်သည်။ ခပ်တင်းတင်းမျက်နှာလေး၏ နုဖတ်ပျော့ပျောင်းမှုကို စိုက်ခနဲ တစ်ချက်ကြည့်သည်။ မရဲဘဲ ကျွဲပြဲမစီးချင်ပါနဲ့ မိန်းကလေးရယ်။ မင်းဖြူစင်တာ ငါသိပါတယ်။ အောင်ခေတ် သူမရှေ့မှာ ဝင်ထိုင်လိုက်သည်။ ရှမ်းဘောင်းဘီအနက်ဝတ် ရှမ်းလူချောကြီးကို ပေဒါရီ တစ်ချက်ဝင့်ကြည့်ဖြစ်သည်။

''ရဲသွင်အောင်ကို တစ်ချက်လောက်တော့ သွားကြည့်





ဖို့ကောင်းတယ်။ ဆရာဆရာမအားလုံးနီးပါး သတင်းလာမေးကြတယ်။ ကာယကံရှင်သာ မလာတာ''

''ကျွန်မ ကြောက်တယ်. . . မလာရဲဘူး''

''လုပ်တုန်းကလုပ်ပြီး နောက်မှကြောက်တာ. . . သူ့ရဲကောင်းမဟုတ်ဘူး''

''ကျွန်မကိုယ်ကျွန်မလည်း ဘယ်တုန်းကမှ သူရဲကောင်းလို့ မထင်မိပါဘူး။ ဘယ်သူကမှလည်း သူရဲကောင်းဘွဲ့ မပေးဖူးပါဘူး''

''အခု ကိုယ်ပေးမယ်၊ ထ. . . ရဲသွင်အောင်ကို သွားကြည့်ရအောင်''

အောင်ခေတ်စကားကြောင့် ပေဒါရီ သက်ပြင်းချ၊ မျက်ရည်ဝဲသည်။ ရဲသွင်အောင်ကို သနားပါရဲ့။ သို့သော် သူ့မိဘများကို ရင်မဆိုင်ရဲ၊ ပတ်ဝန်းကျင်မှ မျက်ဝန်းများကို ရင်မဆိုင်ရဲ။ တစ်သက်လုံးပဲ လိပ်တစ်ကောင်လို ခေါင်းဝှက်နေလို့မရ၊ သူမ သွားရမည်၊ သွားသင့်သည်။

''လိုက်မယ်. . . ကျွန်မ လိုက်မယ်''

''ဒီလိုမှပေါ့၊ မင်းဟာ ကိုယ်ထင်ထားတာထက်တောင် မျက်နှာပြောင်သားပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့်"

"မရိုင်းချင်ပါနဲ့ကွယ်၊ မင်းဟာ ကိုယ်တင်တဲ့ စစ်ကဲပါ။ ကိုယ် မင်းအနားမှာ အမြဲရှိနေမယ်"

"မလိုပါဘူး၊ ရှင်သွားနှင့်. . . ကျွန်မဘာသာ လူမမာ သတင်းမေးရအောင် လာခဲ့မယ်"

"ကောင်းပြီလေ၊ မင်း ဆက်ဆက်လာခဲ့ပါ။ ဟိုမှာ ကိုယ် ရှိနေမယ်။ သိပ်တော့ အလှတွေပြင်မလာခဲ့နဲ့နော်။ မင်းအလှက ကျောက်ဆစ်ရုပ်တောင် လက်ကမ်းချင်နေတဲ့အလှ။ တော်ကြာ ကောင်လေး အသည်းတွေ အထပ်ထပ်ကွဲနေပါဦးမယ်"

"ရှင့်အပူ မပါပါဘူး၊ ရှင့်အသည်းမကွဲရင် ပြီးရောမဟုတ်လား။ အပိုစကားတွေပြောတတ်တဲ့ ယောက်ျားမျိုးဆို သိပ်မုန်း"

အောင်ခေတ်၊ ပေဒါရီကို လက်နှစ်ဖက်မြှောက်ပြရင်း အိမ်ရှေ့သို့ထွက်သွားသည်။ မကြာမီ မေမေ့ကိုနှုတ်ဆက်ပြီး သူ ပြန်သွား၏။

ပေဒါရီ ရဲသွင်အောင်ကို လူမမာမေးဖို့ သွားရပါဦးမည်။

အထူးတလည် ပြင်ဆင်စရာမလိုပါဘူး။ သူမက ဖြား





ယောင်းဖို့ သွားတာမှမဟုတ်တာ။ သို့ပေမယ့် ရှေးစကားပုံလည်း ရှိသား။ နဂိုရှိရင် နဂိုင်းထွက်သတဲ့။ ပေဒါရီမှာ မျက်နှာကို သနပ်ခါးတောင် မလိမ်း။ Cream ပဲလိမ်းခဲ့သည်။ Cream ဆိုတာ မိတ်ကပ်လို အရောင်တက်သည်မဟုတ်ပါ။ ဇာထူထူအဖြူလက်စနှင့် ပါတိတ်အဖြူခံပဲ ဝတ်ခဲ့သည်။ ပုံတုံးကြီးပေါ့။ သည်ကြားထဲက ပြုစားရအောင်လာသည့် မှော်ကဝေမလို့ မစွပ်စွဲလျှင် ကံကောင်း။

လက်စွဲတော် စက်ဘီးလေးနှင့် ပေဒါရီ ဆရာကြီးအိမ်သို့ထွက်ခဲ့သည်။ လမ်းတစ်လျှောက်လုံး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တွေ ရွတ်သွားမိသည်။ သူမအဖြစ်ဟာ သားရဲဂူထဲ ဝင်ရမည့်သမင်မလေးနှယ်။

ဆရာကြီးအိမ်ကို လှမ်းမြင်နေရပြီ။ အိမ်ပေါ်မှာ လူတွေ စည်ကားလို့ပါလား။ ပေဒါရီ တွန့်ဆုတ်နေမိဆဲ၊ အိမ်ပေါက်ဝမှ အောင်ခေတ် ထွက်လာသည်။

"ဟော! ဒေါ်ပေဒါရီပါလား၊ ကြွပါ. . . ကြွပါ၊ လူမမာကလည်း တဖွဖွမေးနေတာနဲ့ အတော်ပဲ"

ပေဒါရီ စက်ဘီးကို အိမ်ဘေးကွက်လပ်မှာ ထားပြီးလျှင် အိမ်ပေါ်သို့တက်၏။ ဧည့်ခန်းမှာ ဆရာကြီးနှင့်ဆရာအချို့တွေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူမ မျက်နှာပူပူဖြင့် ဆရာကြီးကို ခိုးကြည့်လိုက်၏။

"လာဟော့! လူမမာ ဝင်တွေ့လိုက်ပါဦး၊ မေးနေတယ်။ သားကတော့ လူဆိုးပဲ။ ဆရာကြီးသား လွန်တာရှိရင် ပေဒါရီ့ကို တောင်းပန်ပါတယ်"

ပညာရှိအမျက် အပြင်မထွက်တာပါလား။ သို့မဟုတ် ကိုယ့်သား ဆိုးတာ ကိုယ်သိလို့လည်းဖြစ်မည်။ ပေဒါရီ ဆရာကြီးဘေးမှဖြတ်ပြီး အောင်ခေဟ်မေ်ဆောင်ရာသို့ လိုက်ခဲ့သည်။ လူမမာခန်းသို့ရောက်လျှင် ရဲသွင်အောင်ကို အိပ်ရာပေါ်မှာ ဂျီကျ ကျော် တွေ့ရ၏။ အနွေးထည်အထပ်ထပ်ဝတ်ပြီး နွမ်းဖတ်ဖတ် ရုပ်သွင်မှာ အလိုမကျဟန်က အထင်းသား။ သူ့မေမေနှင့်ဆရာမများ ဝိုင်းဝန်းချော့မော့နေကြစဉ် ရဲသွင်အောင် ပေဒါရီ့ကို မြင်သွားသည်။ သူမကိုလှမ်းမခေါ်ဘဲ ခေါင်းကို တစ်ဖက်သို့လှည့်လိုက်မှုကြောင့် ပေဒါရီ ကြောင်အမ်းအမ်းဖြစ်သွား၏။ အခန်းထဲ ဝင်ရမှာလား။ မဝင်ရဘူးလား။ အရိပ်ကြောင့်လားမသိ၊ အခန်းထဲမှလူများ အခန်းဝသို့လှည့်ကြည့်ကြသည်။

"သြော်. . . ပေဒါရီ"

ဆရာကြီးကတော်အသံကို ပေဒါရီ မဝေခွဲတတ်။ ဒေါ် နန်းရွှေကြည်အသံက အနည်းငယ် တုန်ခါနေ၏။ အန်တီ့လက်





ထဲမှာ စွပ်ပြုတ်ပန်းကန် ကိုင်ထားသည်။ အခန်းထဲမှ ဆရာမများကို ပေဒါရီ လျှပ်ခနဲကြည့်မိသည်။ မည်သူတွေလဲ။ ကူးထက်ထက်တော့ မပါ။ ဘာဖြစ်နေသည်မသိ။ မြင်သီတာနှင့် ခိုင်ပြည့်စုံအပြင် အခြားဆရာမကြီးသုံးယောက်လည်း ရှိသည်။

"ပြောကြစမ်းပါဦး၊ မကြီးမငယ်နဲ့ ဘာလိုတွေဖြစ်ကြတာလဲ၊ ဟိုအကြောင်းကလည်း မိဘ အိမ်တော့ မပင်ဘဲ ညည်းသား အိမ် တန်းသွားရသတဲ့လား"

ဆရာမကြီးတစ်ယောက်က ပွင့်ပွင့်လင်းလင်း မေးသည်။ သူတို့အမြင်မှာ ရဲသွင်အောင်နှင့်သူမကို ချစ်ရည်းစားလို့ ထင်ပြီးဖြစ်မည်။ ပေဒါရီ ဘယ်လိုဖြေရမလဲ။ သည်အကျဉ်းအကျပ်မှလွတ်အောင်၊ သားရွှေအိုးထမ်းကိစ္စမျိုးဖြစ်အောင် လိမ္မာပါးနပ်စွာ အဖြေပေးဖို့ ရင်ထဲမှာ စကားစီနေမိသည်။ အခန်းထဲရှိ လူအားလုံး၏မျက်လုံးများက ပေဒါရီ့ထံမှာ။ မလိုတမာအကြည့်တွေ၊ ကလေးကိုဖျားယောင်းသည့် မင်းကဝေမကြီးရယ်ပေါ့။ အောင်ခေတ်ရှိရာသို့ သူမ ငေးကြည့်လိုက်၏။

"ဒီတစ်ခွက်ကုန်အောင် သောက်စမ်း သား။ မေမေ ရိုက်လိုက်မှာနော်. . . ကလေး လုပ်မနေနဲ့။ လူကဖြင့် နက်ဖြန် သဘက် ယောက္ခမအိမ်ရောက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှန်းရွှေကြည်စကားက သဘောတူလို့ပြောနေတာတော့ မဟုတ်တန်ရာ။ မိဘဟူသည် ကိုယ့်သားသမီးကို ငယ်ငယ်လေးလို့ ထင်တတ်ကြတာများ၏။ ဒါ မကျေနပ်လို့ပြောတာ ဖြစ်မည်။

''ဒါက. . . ဒီလိုရှိပါတယ်''

ဗေဒါရီ့စကားကြောင့် အကြည့်များ သူမထံ စုပြုံလာကြသည်။

''သူကတော့ ကလေးပဲလေ၊ ကျောင်းလည်း ကျောင်းသားဆိုတော့ စိတ်သွားတိုင်းကိုယ်ပါ။ လုပ်ချင်ရာတွေ လျှောက်လုပ်ခွင့်ရှိပေမယ့် ကျွန်မ ခွင့်မပြုနိုင်ဘူး။ ကျွန်မအိမ်မှာတည်းဖို့ အိပ်ဖို့ သဘောမကူနိုင်ပါဘူး''

''အောင်မယ်! ကြီးကျယ်လိုက်တာ၊ တစ်ယောက်တည်းနေတာ ကျနေတာပဲ။ ဗိုင်းကောင်းကျောက်ဖိ စင်းလုံးချောလေးပေါ့လေ''

''မေမေရှိပေမယ့် မေမေက ကျန်းမာရေးမကောင်း''

''AIDS ဖြစ်နေတာမဟုတ်လား၊ တို့များဆို အဲဒီအိမ်က ရေတောင်မသောက်ဘူး'' .

ဘယ်သူတွေက မျက်နှာလိုအားရ ဝင်ပြောနေကြတာ





လဲ။ မြေနိမ့်ရာ လှံစိုက်ကြတာလဲ။ ဗေဒါရီ ကိုယ့်စိတ်ကိုယ် အနိုင်နိုင်ထိန်းချုပ်ရသဖြင့် မျက်နှာကတော့ ရဲရဲနီနေ၏။ စိတ်လျှော့ စိတ်လျှော့. . . တော်ကြာ နင် ငပွကြီးဖြစ်မယ်။

ဒေါ်နှန်းရွှေကြည်မှာ ဇဝေဇဝါမျက်လုံးများဖြင့် ဗေဒါရီကိုတစ်လှည့် ဝင်ပြောသည့်ဆရာမများကိုတစ်လှည့် ကြည့်သည်။

''အဲဒီတော့ သူစိတ်ဆိုးပြီး ပြန်သွားအောင် နှုတ်မဆက်ဘဲ ကျွန်မ သွားစရာရှိတဲ့ကိစ္စ သွားလိုက်တာပါ။ ခုလို ပေါကြောင်ကြောင်အလုပ်မျိုး သူလုပ်လိမ့်မယ်လည်း မထင်ဘူးလေ''

ဗေဒါရီ သာသာနှင့်နာနာ ပြန်နက်လိုက်၏။ စကားစစ်ထိုးပွဲက ပြီးဆုံးမည်မထင်။ ရဲသွင်အောင်မှာ ကုတင်ပေါ်မှာထိုင်လျက် ငြိမ်သက်နေ၏။

''ခုတော့ ပြောနိုင်ပြီပေါ့၊ ကလေးကို မကျကျအောင် ပြုစားခဲ့တာ။ ကြည့်စမ်း! မာယာ မများလား. . . များလား၊ ကလေးလေးလိုနေတဲ့ကောင်ကို တစ်ချီတည်းပစ်ကျ ကြွေကျသွားအောင် လုပ်နိုင်တယ်''

''အဲဒါ ဆရာမ အထင်မှားတာ။ ကျွန်မနဲ့ရဲသွင်အောင်ဘာမှမဟုတ်ဘူး''

''ဘုရားရေ! ဒီလောက်ထင်ရှားနေတာတောင် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြောင်နဲ့ ငြင်းသတဲ့။ ဒါဖြင့် ဘာလို့ သူပေးတဲ့လက်ဆောင်ကို လက်ခံသလဲ။ စာတွေလက်ခံသလဲ။ အစောကြီးကတည်းက ငြင်းပါလား''

ကာယကံရှင်သားအမိက တုံဏှိဘာဝေ။ ဗေဒါရီမှာ ကျွန်သူများနှင့် ထုချေလွှာတင်နေရ၏။ အောင်ခေတ်လည်း ညှော့ခန်းဆီသို့ ပြေးလေပြီ။

''လက်မခံပါဘူး။ ကျွန်မ ရဲသွင်အောင်ကို မောင်အရင်းတစ်ယောက်လိုပဲ သဘောထားတယ်။ သူ့ကို ဘယ်တုန်းကမှ မဖြားယောင်းခဲ့ဘူး။ သူပေးတဲ့အင်္ကျီလည်း အန်တီ့ကို တစ်ဖက်လှည့်နဲ့ ပြန်ပေးလိုက်တာပဲ။ မေးကြည့်ပါလား''

''ဩော်. . .ဟိုအဝါအင်္ကျီလေးလား''

ဗေဒါရီ ခေါင်းညိတ်ပြလိုက်၏။ စကားစစ်ပွဲက တဒင်္ဂငြိမ်သက်သွားသည်။ သို့သော် ဒေါ်နန်းရွှေကြည် စိတ်ချမ်းသာ၏။ မခံချင်စိတ်တော့ရှိသည်။ ကိုယ့်သားလိုလူစားကို မချစ်ဘူးတဲ့။

''ခွင့်လွှတ်ပါ အန်တီ၊ ကျွန်မ ဆရာကြီးနဲ့အန်တီ့ကို ကိုယ့်မိဘနှစ်ပါးလို ကြည်ညိုချစ်ခင်ပါတယ်။ အန်တီတို့ကမွေးတဲ့သားဟာ ကျွန်မမောင်လေးပဲပေါ့။ တကယ်က ရဲသွင်အောင်





ကို ကျွန်မကိုယ်တိုင် လာပို့မလို့ပါ။ ဒါပေမဲ့ အခြေအနေတွေက တစ်မျိုးဖြစ်သွားတယ်။ အန်တီ ကျေနပ်တယ်မဟုတ်လား။ ကျွန်မဘယ်ယောက်ျားကိုမှ မဖြားယောင်းဖူးပါဘူး''

ဗေဒါရီ့စကားများအတွက် မှင်တက်နေမိကြဆဲ၊ သူမရဲသွင်အောင်အနီးမှာ မတ်တပ်ရပ်လိုက်သည်။

'မောင်လေး၊ မမကိုခွင့်လွှတ်ပါ။ အစ်မကြီးတစ်ယောက်ရဲ့မေတ္တာမျိုးနဲ့ နှုတ်ခွန်းဆက်နေပါတယ်။ နေကောင်းအောင်နေ၊ မိဘစကား နားထောင်၊ ကမ္ဘာကြီးထဲမှာ စင်းလုံးချောမိန်းမတွေအများကြီး. . . သိလား။ မမက အများအမြင်မှာ ပွန်းပဲ့ ယိုင်နဲ့နေတဲ့မိန်းမ။ သည်ကြားထဲ မာနက ကြီးသေး။ ကဲ! သွားပြီနော်''

ဗေဒါရီ ပြုံးပြလိုက်သည်။ သူမအပြုံးမှာ အားလုံးကြောင်ငေးနေကြ၏။ မိန်းမလှတော့ ထပ်မံပြုံးပြန်ပြီ။ မိန်းမလှအပြုံးဆိုတာ လျှပ်လက်သလိုပါပဲလား။ ဝင်းပ လင်းစက်မှုက အမှောင်ထုကို ဖြိုခွင်းတော့မည့်နှယ်။ သူမ ထွက်ခွာသွားသည်နှင့်. . .

''မ. . .''

ရဲသွင်အောင် တစ်ချက်အော်မိ၏။ ဟင့်အင်း. . . အဆုံးရှုံးမခံနိုင်ဘူး။ 'မ'. . . ခင်ဗျားကိုချစ်တယ်။

''သား. . . သူပြောတာ မှန်သားပဲကွယ်၊ သားကို သူ



www.burmeseclassic.com

www.burmeseclassic.com



ဘေးမဲ့ပေးလိုက်ပြီလေ။ စိတ်ကိုလျှော့ပါကွယ်''

ဒေါ်နန်းရွှေကြည်က ရဲသွင်အောင်ကို ခပ်တင်းတင်း ပွေ့ဖက်ထား၏။ ရဲသွင်အောင် မေမေ့ရင်ခွင်မှာ ခေါင်းထိုးငိုကျွေး မိသည်။

ရင်ထဲမှာ ပူလိုက်တာ. . .

ချစ်ခြင်းဆင်းရဲဟာ ငရဲမီး မျိုချရသလိုပါပဲလား။



## အခန်း (၉)

ခြံကလေးထဲသို့ ညနေ နေခြည်ဖျော့ဖျော့ဝင်းပမှုက နှစ်သက် စဖွယ်။ ဟင်းရွက်ခင်းကလေးများမှာ အထူးတလည် ရေလောင်း စရာလည်းမလို၊ ခြံမြေအနေအထားကိုက ခြံနောက်ဘက်မှ စမ်း ရေကို ခြံရှေ့သို့သွယ်ထားလို့ အဆင်ပြေ၏။ ညနေခေါင်းပြီမို့ ခြံကလေးရှေ့ လမ်းထွက်လျှောက်ရင်း ဒေါ်စိန်စိန်ရီ သမီးကိုမျှော် နေသည်။

သည်အရပ်မှာ နေရတာ ဒေါ်စိန်စိန်ရီ စိတ်ချမ်းသာ၏။ ကိုယ့်ကို မည်သူမျှမသိတာကိုက ကျေနပ်စဖွယ်။ ဖြစ်ပျက်ခဲ့သည့် အရိပ်မည်းမှ တဒင်္ဂကင်းလွတ်ခွင့်ရနေသလို ခံစားရ၏။ ကိုယ့် အကြောင်းကို တစ်ယောက်မျှသိလျှင်လည်း တစ်ကမ္ဘာလုံးသိဖို့



www.burmeseclassic.com

www.burmeseclassic.com



မခဲယဉ်း။ ထူးထက်ထက်ဆိုသည့်မိန်းကလေးကို ဒေါ်စိန်စိန်ရီ သတိရလိုက်၏။ သူမရဲ့သတင်းစကားများဟာ ကင်ဆာရောဂါလိုပဲ ဘယ်အထိ ပျံ့နှံ့နေခဲ့ပြီလဲ။

သည်စဉ် မြို့ထဲဘက်မှ ဗေဒါရီ မောကြီးပန်းကြီး စက်ဘီးနင်းလာခဲ့သည်။ သမီးပုံစံက မထိတ်သာ မလန့်သာ ရှိလှသည်။

"မေမေ"

အလို! သမီးမှာ မျက်နှာတွေ နီရဲမို့အစ်လို့ပါလား။ ဒေါ်စိန်စိန်ရီ ရင်တုန်ပန်းတုန်ဖြင့် အိမ်ထဲသို့ ဝင်လိုက်သွားခဲ့သည်။

"သမီး ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ. . . ကျောင်းမှာ. . ."

ဒေါ်စိန်စိန်ရီ စကားမဆက်ဝံ့။ ဘာတွေဖြစ်ကုန်ကြပြီလဲ။ လောကကြီးရယ်. . . ကျွန်မသမီးလေးကို ချမ်းသာပေးပါနော်။ ဗေဒါရီမှာ အိမ်ပေါက်ဝခြေနင်းပတ်မှာပဲ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ ဖြစ်ခဲ့သမျှတွေကို မေမေ့ကိုပြောပြလို့ ဖြစ်မတဲ့လား။ ဗေဒါရီ့ရင်ထဲ မီးတောင်တစ်လုံးလို တဝုန်းဝုန်းပေါက်ကွဲနေရ၏။ ဒေါ်စိန်စိန်ရီ သမီးကို ဆက်မမေးတော့။ တဖြည်းဖြည်းပြိုကျ ပျက်ယွင်းလာသည့် ဒေါ်စိန်စိန်ရီ့မျက်နှာက အရည်ပျော်





ကြတော့မည့် မိုးတိမ်လိပ်တို့နှယ်။

"မေမေ"

ဗေဒါရီ စိုးရိမ်ထိတ်လန့်သွားသည်။ မပြောဘဲနေလျှင် မေမေ ပိုခံစားရလိမ့်မည်။ သို့လော သို့လော တွေးပြီး၊ ပြဿနာကို မိုးကောင်းကင်လောက်ကြီး ထင်နေလိမ့်မည်။

"ကျောင်းမှာ ကလေးတွေ ရန်ဖြစ်ကြတယ် မေမေ၊ ကလေးနှစ်ယောက်ကို ကလေးသုံးယောက်က ဝိုင်းထိုးကြတယ်။ ခံရတဲ့ကလေးနှစ်ယောက်က ဆယ်တန်း A က၊ ဝိုင်းထိုးကြတဲ့ကလေးသုံးယောက်က သမီးအတန်းက"

"အော်. . . မေမေက ဘာများလဲလို့ ကလေးတွေ ဘာဖြစ်သွားကြသေးလဲ။ ခြေလွန်လက်လွန်တွေ ဖြစ်သွားကြသေးလား။ ကျောင်းထုတ်တော့ မခံရပါဘူးနော်"

ဒေါ်စိန်စိန်ရီ အနည်းငယ် စိတ်ပူသက်သာသွားမိသည်။ ပြဿနာက သူထင်သလိုမဟုတ်။

"ဒါပေမဲ့ ဇစ်မြစ်က သမီးကြောင့်။ ဆယ်တန်း A က ထူးထက်ထက်အတန်း. . . ဟိုကလေးနှစ်ယောက်က သမီးအကြောင်း အ,မနာပ ပြောတယ်။ သမီးကလေးတွေက မခံနိုင်တော့ ဝိုင်းထိုးကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်!''

သမီးဖြစ်သူစကားကြောင့် ဒေါ်စိန်စိန်ရီ အံ့သြထိတ်လန့်သွားခဲ့သည်။ မြို့ထဲမှာ သူမတို့သတင်းတွေ ဘယ်အထိ ပျံ့နှံ့နေကြသလဲ။ ကမ္ဘာကြီးတစ်ခုလုံး အပုပ်နံ့တွေ လှိုင်ကုန်ကြပြီလား။

ဘုရားသိကြား မ,ပါရှင်. . . ကျွန်မရဲ့သမီးလေးဟာ လောင်းရိပ်မိတဲ့ပန်းကလေးပါ။ အနာရောဂါကင်းစင်တဲ့ ဖြူစင်သောပန်းကလေးပါ။ ကျေးဇူးပြုပြီး ကျွန်မနဲ့ရောထွေး မပစ်လိုက်ကြပါနဲ့နော်။

ဒေါ်စိန်စိန်ရီ ရင်ထဲဆို့နင့် မွန်းကျပ်လာအောင်ပဲ သတင်းတို့ ပျံ့နှံ့ကုန်ကြပေပြီ။ ယခုပဲကြည့်. . . ကလေးတွေကတောင် သိကုန်ကြပြီဆိုလျှင်ဖြင့် စိန်စိန်ရှီရဲ့သမီးလေးဟာ နေလောင်ပန်းလို စိတ်မချမ်းမြေ့ရ၊ ညှိုးနွမ်းရတော့မှာပေါ့။

''ဘယ်လိုတွေတောင် ပြောသတဲ့လဲ သမီးလေးရယ်''

ဒေါ်စိန်စိန်ရီ သမီးကို မဝံ့မရဲမေးဖြစ်သည်။

''မသိချင်ပါနဲ့မေမေရယ်၊ ထုံးစံအတိုင်းပေါ့။ ထူးထက်ထက်ရဲ့လေတွေပေါ့။ အဲဒီကလေးနှစ်ယောက်က ထူးထက်ထက်ဂိုက်လုပ်တဲ့ကလေးတွေလေ။ သမီးကို မကောင်းပြောကြပေမယ့် သမီး ခါးစည်းပြီးခံနိုင်ပါတယ်။ အခုတော ကလေးချင်းဖြစ်တဲ့





ပွဲမှာ ဆရာမတွေကပါ ဝင်ပြီးပါလာကြတယ်''

ဖေဒါရီ့အသွင်က ယခုပဲဖြစ်နေသယောင် စိတ်လိုက်မာန်ပါဖြစ်နေဆဲ။ မျက်ရည်များဖြင့် လှိုက်ညည်းနေသည့် ရုပ်ကလေးကလည်း မကြည့်ရက်စရာ။ သူမ၏အသွင်က သောက၊ ဒေါသတို့ဖြင့် လင်းလက်တောက်လောင်လျက်။

''မေမေရင်ထိတ်လိုက်တာ သမီးလေးရယ်၊ အဲဒီအဖြစ်တွေဟာ မေမေ့ကြောင့်. . . မေမေ့ကြောင့်။ အားလုံးဟာ မေမေ့အပြစ်တွေချည်းပါပဲ သမီးလေးရယ်။ မေမေလိုက်လာခဲ့မိလို့ အခုလို ငါ့သမီးလေးမှာ အရိပ်မည်းထိုး. . .''

ဒေါ်စိန်စိန်ရီ ငိုရှိုက်လေတော့ပြီ။ သားအမိနှစ်ယောက်လိုက်လှဲကြေကွဲနေကြပုံက မကြည့်ရက် မမြင်ရက်စဖွယ်။

''မေမေ. . . မေမေရယ်၊ မငိုပါနဲ့။ ဒါ မေမေ့အပြစ်တွေမဟုတ်ပါဘူး။ မေမေ့မှာ အပြစ်ရှိတယ်လို့ သမီး ဘယ်တုန်းကမှ မထင်ပါဘူးမေမေရယ်၊ မေမေ့သမီးဖြစ်ရလေခြင်းလို့ သမီး ဘယ်တော့မှ နောင်တမရဘူး. . . သိလား။ အခုဖြစ်တာဟာ မေမေ့ကြောင့်လည်းမဟုတ်ဘူး။ သမီးကြောင့်လည်း မဟုတ်ဘူး''

''ကံကြမ္မာကိုတော့ လွှဲမချလိုက်ပါနဲ့ သမီးရယ်''

''မဟုတ်ဘူး မေမေ၊ သမီး လွှဲမချပါဘူး။ အခုဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့အတ္တကြောင့်၊ လူတွေရဲ့ မြေနိမ့်ရာမှာ လှံစိုက်ချင်ကြတဲ့ သဘောထားတွေကြောင့် မေမေ။ ရဲသွင်အောင်နဲ့ပတ်သက်ပြီး တစ်ကျောင်းလုံးက ဆရာမတွေက သမီးကိုမုန်းနေကြတုန်း၊ အခု ပြဿနာက ဖြစ်သွားတယ်။ ကလေးချင်းဖြစ်တာက ဆရာကြီး ဆုံးမတာနဲ့ပြီးသွားပေမယ့် ထူးထက်ထက်က တစ်စခန်းထတယ် မေမေ။ ကျောင်းမှာ သမီးလိုမျိုး အကျင့်ပျက်တဲ့ နာမည်ဆိုးရှိတဲ့ဆရာဆရာမရှိတာ ကျောင်းသိက္ခာကျတယ်၊ သမီးရှိရင် သူ အလုပ်ထွက်မယ် ဘာညာနဲ့''

''ဟင်!''

အခြေအနေက အတော့်ကို ဆိုးရွားနေကြပါပေပြီ၊ ဒေါ်စိန်စိန်ရီမှာ ရင်ကိုဖိရင်း ဘုရားသာ တ,နေမိတော့၏။

''ကျန်တဲ့ဆရာမအချို့ကလည်း ထောက်ခံကြတယ်။ သမီး အရမ်းရှက်တယ်၊ အို! ရှက်တာထက် နာကြည်းတယ် မေမေ။ လောကကြီးဟာ ဒီလိုတဲ့လား။ ဒီလိုပဲ မတရားမျက်နှာလိုက်တတ်သလား။ ပြောပါဦး မေမေရယ်။ သမီး ဘာတွေ လော်မာဆိုးသွမ်း မတရားလုပ်ခဲ့သလဲဟင်''

ပေဒါရီ ခေါင်းထိုးငိုကြွေးတော့ ဒေါ်စိန်စိန်ရီ ရင်ကွဲပက်လက်ဖြစ်ရသည်။





သူမတို့အဖြစ်က သနားစရာရော ကောင်းပါသေးရဲ့လား။ မအေ့အပြစ်တွေကို ဘာမျှမဆိုင်သည့်သမီးငယ်က ခါးစည်းခံရပါသတဲ့လား။

လောကကြီးရယ်. . . သနားကြင်နာကြပါဦးနော်။

သမီးဖြစ်သူကို ဒေါ်စိန်စိန်ရီ နှစ်သိမ့်မှုမျှ မပေးနိုင်တော့။ ရင်ထဲမှာ နာကြည်း၊ နောင်တတွေက လောင်မြိုက် ပန်းလျှလွှန်းခဲ့ပြီ။

''သမီးရယ်''

''အဲဒါ သမီး သူတို့ကို ဘယ်လိုတုံ့ပြန်ရမှာလဲ။ သမီး မျက်နှာ မပြောင်နိုင်တော့ဘူးမေမေရယ်။ ဆရာကြီးကလည်း မပြောသာလို့ ဘာမှမပြောခဲ့ပေမယ့် သမီးကိုစကားပြောရင် မျက်နှာလွှဲပြီး ပြောတယ်မေမေ။ အို. . . သူတို့အားလုံး သမီးကိုမုန်းနေကြတာပါ။ တစ်ကမ္ဘာလုံး သမီးကိုမုန်းကုန်ကြပြီ ထင်ပါရဲ့ မေမေရယ်။ သမီးဘာလုပ်ရမှာလဲဟင်၊ သမီး ဘာတွေဆက်လုပ်ရမှာလဲ''

''. . .''

သမီးအလုပ်ထွက်လိုက်မယ် မေမေ၊ ဒါ သူတို့ကို အရှုံးပေးလိုက်တာမဟုတ်ဘူး။ သမီးကိုမြင်ရတဲ့အတွက် မငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ သူတို့ရင်တွေ ငြိမ်းချမ်းသွားစေလိုလို့ပါ။ သမီးတို့ ထမင်း မငတ်ပါဘူးမေမေ။ သမီးတတ်တဲ့ပညာနဲ့ မေမေ့ကို လုပ်ကျွေးသွားမယ်နော်''



## အခန်း (၁၀)

''ဆရာ. . . သစ်သီးခူးတဲ့အလုပ်ကလည်း ကမင်းစားလို့ရတယ်မဟုတ်လားဟင်။ ကျွန်မကို ဆရာ့သစ်သီးခြံတွေမှာ အလုပ်ခန့်ပါ။ ကျွန်မ အလုပ်ထွက်လိုက်ပြီ၊ ကျွန်မကလေးငွေ အထိနာခဲ့တာ ကျွန်မ ဘယ်တော့မှမမေ့ဘူး။ အရမ်းနာကြည်းတယ်''

ပေဒါရီ ကျောင်းမတက်တာ တစ်ပတ်ရှိပါပြီ။ ကျောင်းအုပ်ဆရာကြီးမှတစ်ဆင့် ပညာရေးမှူးထံသို့ ထွက်စာတင်ခဲ့ပြီ။ ပေဒါရီကိုမုန်းသူများ ကျေနပ်ဝမ်းမြောက်ကြပါတော့။ တစ်ပတ်ပြည့်သည့်နေ့မှာမှ အောင်ခေတ် ရောက်လာခဲ့သည်။ သူ့ကိုလည်း စိတ်နာလှပါ၏။ သို့သော် တစ်ကမ္ဘာလုံးနှင့် ရန်ဖြစ်နေလို့မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးထဲမှာ တစ်ယောက်မျှသာ ခင်မင်ခွင့်ပြုမည်ဆိုပါလျှင် ပေဒါရီ သူ့ကိုရွေးချယ်ပါမည်။

''ကိုယ်တော့ သဘောမတူဘူး၊ ဘာလို့အလုပ်ထွက်ရမှာလဲ။ အလုပ်ထွက်လိုက်တော့ လူတွေကိုအရှုံးပေးရာ ရောက်မသွားဘူးလား။ လောကကြီးကို အရှုံးပေးရာ ရောက်မသွားဘူးလား''

မေမေ့ရှေ့မှာ ဆွေးနွေးလျှင် မေမေစိတ်မချမ်းသာစရာများ ပါနိုင်သည့်အတွက် ပေဒါရီတို့ ခြံထဲမှာ နှင်းဆီပန်းခင်းလေးနံဘေး ခုံတန်းမှာထိုင်ပြီး စကားပြောဖြစ်ကြသည်။

သူ့အမေးကို ပေဒါရီ တုံ့ပြန်စကားမဆိုခဲ့၊ သူ့ကို အသံတိတ် ဆန့်ကျင်နေခဲ့သည်။

''ဒါဖြင့် မင်း ဘာတွေဆက်လုပ်မှာလဲ။ ဘာလုပ်စားမှာလဲ''

အောင်ခေတ် သွေးရိုးသားရိုး စိတ်ပူလို့မေးတာလား။ သူ့ဘက် ဝန်ပိမှာစိုးလို့ မေးသလား။ ပေဒါရီ ပြုံးလိုက်သည်။ အရွဲ့တိုက်ဖြေလိုက်သည်။

''ကျွန်မ ပြန်မှာပေါ့ဆရာ၊ ပြည်မ ပြန်မယ်။ အသက်ခြောက်ဆယ်လောက် သူဌေးအဘိုးကြီးတစ်ယောက်ကို အရယူ





မယ်။ တရားဝင်နော် ဆရာ။ မေမေ့တုန်းက နုံခဲ့ အခဲ့ပေမယ့် ပေဒါရီ့လက်ထက်မှာ. . . မရဘူး။ လူတွေဟာ ပိုက်ဆံချမ်းသာရင်လည်း လူရာသွင်းတတ်ကြတာပဲမဟုတ်လား။ ကြည့်စမ်း! အခု ကျွန်မနားမှာ နားကပ်တောင်မရှိတဲ့ သူဆင်းရဲမဆိုတော့ ဘာမျက်နှာမှ မထောက်ကြဘူး။ ကေန္တ. . . ဟိုဘဝက ကျွန်မ အကုသိုလ် တော်တော်ကြီးခဲ့တာဖြစ်ရမယ်။ ကျွန်မကို ဘယ်သူကမှ မသနားကြဘူး''

ပြောရင်းမှ နှုတ်ခမ်းမဲ့လေပြီ။ မျက်ရည်များ ပြည့်လျှံကျလာတော့ အောင်ခေတ် ခံစားရသည်။ သို့သော် သူခပ်ကြောင်ကြောင်ပဲ ငေးနေ၏။ ပေဒါရီ မျက်ရည်များကို ခပ်ကြမ်းကြမ်း သုတ်ပွတ်ပစ်လိုက်သည်။

''လူမှာ အရေးကြီးတာ ကိုယ်ကျင့်တရားပဲ၊ သိက္ခာပဲ၊ တစ်ချိန်လုံး ကျွန်မ ဒီလိုယုံကြည်ခဲ့တယ်။ ကြည့်စမ်း! ကျွန်မ ဘယ်တုန်းကမှ ကိုယ်ကျင့်တရားမပျက်ခဲ့ဘဲနဲ့ မလော်လီ မလျှပ်ပေါ်ရဘဲနဲ့ ကံကြမ္မာကြီးက တစ်မျိုးကြီးဖြစ်ခဲ့တယ်။ ဆရာတို့အမြင်မှာ ကျွန်မဟာ လှည့်စား ဖြားယောင်းတတ်တဲ့ မှော်ကဝေမကြီးပေါ့နော်. . . ဟုတ်လား။ ဒီမှာ. . . ဒီမှာ ဆရာရဲ့ သိပ်ရည်း မတုန်လှုပ်ဖါနဲ့၊ ကျွန်မဟာ ဂံဆိုးခြင်းရဲ့သင်္ကေတအဖြစ်အသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်ချင်ဖြစ်နေပေမယ့် ကိုယ်ကောင်းရင် ခေါင်းမရွှေ့ဘူး ဆိုတဲ့ အမှန်တရားနဲ့ ဆက်လက်ချီတက်မှာပါ။ သစ်သီးလည်း လိုက်မခူးဘူး၊ ဆရာ့ကိုလည်း ဒုက္ခမပေးပါဘူး။ အလုပ်ထွက် လိုက်ပေမယ့် ကံအားလျော်စွာ ဆယ်တန်းကလေး သုံးယောက် ကို ကျွန်မ ဂိုက်လုပ်ပေးရတဲ့အလုပ်ရှိနေတယ်။ ဘာဖြစ်လဲ၊ ဒေါင် ကျကျ ပြားကျကျ ကျွန်မ အလုပ်လုပ်မယ်။ ဒီမြို့က ဘာလို့ မခွာသလဲ. . . သိလား၊ ကျွန်မဟာ သူတို့ထင်သလို လျှပ်ပေါ် လော်လည် လှည့်ဖျားတတ်တဲ့ ခပ်ပေါ့ပေါ့မိန်းမ မဟုတ်ကြောင်း အလုပ်နဲ့သက်သေပြမလို့။ ပြီးတော့ မေမေနေရတာ ဒီမှာအဆင် ပြေတယ်။ ကဲ! ဆရာပြန်ပေတော့၊ ခုလို သတင်းလာမေးဖော်ရ တာ ကျေးဇူးတင်ပါတယ်။ တစ်ပတ်ကြာမှ လာမေးသည့်ဖြစ်စေ ကျွန်မ ကျေးဇူးတင်ရမှာပဲမဟုတ်လား''

ရင်ထဲရှိသမျှ ဖွင့်ချပြီးတော့ ပေဒါရီ ခုံတန်းကလေးမှ ထရပ်လိုက်သည်။ အောင်ခေတ်ကို ကျောခိုင်း၏။ ယခုခေတ် ယောကျ်ားလေးတွေဟာ အသာအနာ တွက်တတ်ကြတယ်။ မိန်းကလေးတစ်ယောက်မှာ မက်မောစရာအလှ၊ ငွေ၊ ဂုဏ်ဒြပ်တွေ ရှိသလား၊ ချိန်ထိုးချင့်တွက်ကြသည်။

ယခု သူမသည် ကျောင်းဆရာမလေး မဟုတ်တော့။





အလုပ်ထွက်လိုက်ပြီ။ ပိုက်ဆံဆိုလည်း ခြူးတစ်ပြားမှမရှိ။ အလှ ဆိုတာကရော အပေါ်ယံ စပါးလုံးတစ်ထောက်ပဲ။ ပေဒါရီ့မှာ မက်စရာ ဘာမှမရှိ။ ပေဒါရီဟာ ခင်မင်စရာကောင်းသူမဟုတ် တော့။ သူ နောက်ဆံမတင်းဖို့အတွက် ပေဒါရီက အရင်ကျော ခိုင်းလိုက်သည်။

Good bye... ဆရာ၊ အပြီးနှုတ်ဆက်လိုက်ပါတယ်။

လားရာမတူတဲ့ကျွန်မတို့ဟာ ကမ္ဘာကြီးလုံးပေမယ့် ဘယ် တော့မှ မဆုံနိုင်ပါဘူး။

ဒဏ္ဍာရီတစ်ပုဒ်လို လွမ်းစရာမကောင်းတဲ့ ဇာတ်ကွက် ထဲမှာ ကျွန်မတို့ ဆက်လက်စီးဆင်းကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

လူသားဆိုတာ ဖြစ်လေရာဘဝမှာ ရပ်တံ့မနေဘဲ. . .

မြစ်တစ်စင်းလို စီးဆင်းနေကြရမှာပဲမဟုတ်လား. . .

သူမကို ချောင်ပိတ်မွန်းကျပ်စေခဲ့ကြပေမယ့် ယခုအခါ ပေဒါရီမှာ တောင်ပေါ်လေ၏ လွတ်လပ်သန့်စင်မှုမှာ ကိုယ့်ဘဝ ရပ်တည်ရေးအတွက် ကြိုးစားရင်း အများအကျိုးပါ တစ်ပြိုင်နက် သယ်ပိုးရွက်ဆောင်ပြီး ဖြစ်ရမည်။

ပေဒါရီမှာ ငွေနောက်ချည်း ကောက်ကောက်မပါ။ ချမ်းသာသော ကလေးသုံးယောက်အတွက် ဂိုက်အဖြစ် လုပ်ပေးနေသလို၊ ဆင်းရဲသောကလေးများအတွက်လည်း အိမ်တစ်အိမ်မှာ စုစည်းစေပြီး သူမ ကျွမ်းကျင်သည့် အင်္ဂလိပ်စာနှင့်သင်္ချာကို



www.burmeseclassic.com

www.burmeseclassic.com



အခမဲ့ အပိုသင်ကြားပေးခဲ့သည်။ သူမ လူဖြစ်ရတာ အဓိပ္ပာယ်ရှိပေပြီ။

ဟန်ဆောင်ပကာသန အသိုင်းအဝိုင်းတွေမှာ လူ့အဖွဲ့အစည်းမှာ မဝင်တော့ဘူး။ ကလေးများသည် ပေဒါရီ့ရဲ့ ကမ္ဘာဖြစ်ခဲ့သည်။ စိတ်ရောကိုယ်ပါ ပုံအော နှစ်မြှုပ်ခဲ့ပြီးနောက် အဖြေကို စောင့်ကြည့်ရန်သာ လိုတော့၏။

သည်ကနေ့ ဆယ်တန်းစာမေးပွဲကြီး ပြီးမည်။ သူမကတော့ ခပ်တည်တည်ပဲ။ ကိုယ့်ကလေးများ စာဖြေခွင့်ရသည့်တစ်ချိန်က ကျောင်းတော်ကြီးရဲ့အပေါက်ရှေ့ စိန့်ပန်းပြာရိပ်မှ စောင့်ပေးနေခဲ့သည်။ ကလေးများအားလုံးက ဆရာမ လိုက်စောင့်ပေးနေတာ စာဖြေခန်းမှလှမ်းကြည့်ပြီး ဖြေရတာ အားတွေရှိပါသတဲ့။

ဟုတ်လေသလား. . . မဟုတ်လေသလားတော့မသိ။ ကလေးများ ချွဲသည့်ပေမယ့် သူမ အလိုလိုက်ခဲ့ပါသည်။ စာဖြေခန်းများအထိ ဝင်ရောက်သွားသည်ကို သူမ ရပ်ကြည့်နေချင်ခဲ့ပါသည်။ ဒါ သံယောဇဉ်ပေါ့။

ကိုယ်အလုပ်လုပ်ခဲ့ရာကျောင်းပေမို့ ဆရာဆရာမများအားလုံးနှင့် ပေဒါရီသိကျွမ်းခဲ့ပါသည်။ သို့သော် သူမ အားလုံးကို ကြောင်တောင်ကြည့်နေမိပါ၏။ သူတို့အားလုံးမှာ အားနာ





ရှက်ရွံ့နေကြသလိုလို မြင်တွေ့နေရ၏။ ပေဒါရီပဲ အမြင်များအထင်များနေတာလား။ 'မင်းဟာ ကိုယ်ထင်ထားတာထက် မျက်နှာပြောင်သားပဲ' စကားတစ်ခွန်းက သူမနားစည်မှာ မြည်ဟီး ရိုက်ခတ်လာပြန်သည်။

လောကကြီးရယ် . . .

ကျွန်မက ရှုံးသလား. . .

လူတွေက ရှုံးသလား. . .

မြစ်တစ်မြစ်ကို ရပ်တံ့ဖို့ ချောင်ပိတ်၊ မြေဖို့ကြတဲ့အခါ ခေါင်းငုံ့မခံဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြတ်သန်းထိုးဖောက် ထွက်မိကြမှာပ မဟုတ်လား။

ပေဒါရီ ခေါင်းငုံ့ပစ်လိုက်၏။ တစ်ကောင်းကင်လုံး ထွန်းလင်းတောက်ပသည့် နေ၊ လ မဖြစ်ရတာနှင့် လူဖြစ်ကျိုးမရှုံးပါ။ ကြယ်မှုန်ကြယ်မွှားလေးအဖြစ်နှင့် အလင်းပျပျ၊ တစ်ပိုင်တစ်နိုင်ပေးဆပ်နိုင်လျှင်လည်း သူမ ဆက်လက်အသက်ရှင် နေပျော်ပါသေးသည်။ ကလေးများ၏လွယ်အိတ်ပုံတွေကြား၊ မြက်ခင်းပေါ်မှာ ပွံ့ပွံ့လေး ထိုင်နေတုန်း သန့်စင်သည့်ခြေအစုံတစ်ခု သူမရှေ့မှာ ရပ်တည်၏။ ရပ်တည်လာမှုက နီးကပ်လွန်းသဖြင့် သူမမျက်ရည်များ ထိုခြေခုံပေါ်သို့ လွင့်စင်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ. . . ဘယ်သူ့ခြေထောက်လဲ။

ဗေဒါရီရဲ့မျက်ရည်တစ်စက်နဲ့ ခြေလာဆေးတာ ဘယ်သူလဲ၊ ဘယ်သူဖြစ်ဖြစ် သူမက လောကအလယ်မှာ ညစ်ကျယ်ကျယ် နေထိုင်ခဲ့ပြီမို့ တမင်ကို မော့မကြည့်။ နောက်ခိုင်းပစ်လိုက်၏။ ထိုသူကတော့ ပလောင်သင်တိုင်းအနက်ကလေးနှင့် ကောင်မလေး ဘာလုပ်နေတာလဲလို့ လာကြည့်တာ ဖြစ်ချင်ဖြစ်မည်။ တကယ်တော့ ထိုခြေထောက်ကို သူမ သိပါသည်။

''ဗေဒါရီ''

သူမ ပြန်မထူး။ ဘာလို့ထူးရမှာလဲ။ တစ်မြို့တည်းနေပြီး တစ်ခါမှ မျက်နှာချင်းမဆိုင်ခဲ့ရအောင် သံယောဇဉ် ကင်းပြတ်သူကြီးက ယခုမှ ဘာလို့လာခေါ်နေရသေးလဲ။ အလွမ်းတွေ လာမပေးပါနဲ့။

''စာမေးပွဲဖြေပြီးသွားရင် ဆရာကြီးနဲ့ ဆရာဆရာမတွေက ရုံးခန်းထဲ ခေတ္တကြွပါတဲ့''

အောင်ခေတ်စကားကြောင့် သူမ မဲ့ပြုံးပြုံးမိသည်က နာနာကျင်ကျင်။

''ဘာလုပ်မလို့လဲ၊ သူတို့အားလုံးကိုကြောက်လို့ ငှက်မွေးတစ်ချောင်းလို လွင့်ထွက်သွားတာတောင် မကျေနပ်ကြသေး





ဘူးလား။ ကျွန်မရဲ့ကျဆုံးမှုကို အရသာခံ ကြည့်ကြဦးမလို့လား။ ဆရာ သွားပါ. . . ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်''

''ရတယ်၊ ကိုယ် ဒီနေ့ ရုံးခန်းတာဝန်ကျတာ''

''ဘာတာဝန်ကျကျ၊ ကျွန်မမှာ ပြောစရာစကားမရှိဘူး။ ကျွန်မ အခု ဒီကျောင်းထဲ ခုလိုရောက်နေရတာ မျက်နှာပြောင်တိုက်လို့မဟုတ်ဘူး. . . အရှက်မရှိလို့မဟုတ်ဘူး။ ကိုယ့်အလုပ်တာဝန် ကိုယ်ထမ်းဆောင်နေတာ''

''လောကကြီးကို ကျားနာမလေးလို တဂျွတ်ဂျွတ်ဝါးမစားလိုက်ချင်ပါနဲ့ကွယ်။ ရှက်ရမှာက သူတို့ပါ။ လူသားရင့်မာကြီးတွေရဲ့အပြစ်ကြောင့် ကမ္ဘာကြီး ဘယ်လောက်နံစော် ညစ်ထေးခဲ့ပြီလဲ''

''ပြဇာတ်ထဲက စကားမျိုးတွေ လာပြောမနေနဲ့။ သွား! ဆရာ့ကိုလည်း ကျွန်မမုန်းတယ်။ ကျွန်မကိုမခေါ်နဲ့၊ ကျွန်မဘာသာ အေးအေးနေပါရစေ''

ဗေဒါရီ့စကားကြောင့် အောင်ခေတ် ပြုံးမိ၏။ ကလေးစိတ် မကုန်သေးပါလား မဗေဒါရယ်။ လူမြင်ကွင်းမှာ စကားတွေအချီအချပြောနေရတာ သူမအတွက် မသင့်လျော်သဖြင့် အောင်ခေတ် ရုံးခန်းသို့ ပြန်ဝင်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာပဲဖြစ်ဖြစ် ကိုယ်လာခေါ်မယ်၊ မင်းကလေးတွေ ပြန်နှင့်ပစေ။ ဆရာကြီးက သေသေချာချာ ပြောခိုင်းတာ''

အောင်ခေတ် ထွက်သွားရာသို့ လှမ်းကြည့်ပြီး ဗေဒါရီ မတ်တပ်ရပ်လိုက်သည်။ အနက်ရောင်သင်တိုင်းလှလှနှင့် ဘောင်း ဘီရှည်အဖြူ၊ ညှပ်ဖိနပ်အဖြူနှင့် ဂင်းဝင်းပပသူမကို ကျောင်းဝင်း အပြင်မှာ စောင့်ဆိုင်းနေကြသည့်မိဘများက ငေးကြည့်နေကြ သည်။ ကြားဖူးကြမှာပေါ့. . . ကလေးသုံးယောက်နှင့် ဗေဒါရီရဲ့ အဖြစ်အပျက်တွေကို။ သူမအနားသို့ အသက်ငါးဆယ်ခန့် အဒေါ် ကြီးတစ်ဦး ချဉ်းကပ်လာသည်။ သူမ မသိသော ကတော်ကြီး တစ်ဦးဖြစ်နိုင်သည်။

''ဆရာမက ဗေဒါရီ ဆိုတာနော်''

''ဗေဒါရီဆိုတာတော့ ဟုတ်ပါတယ်၊ ဆရာမဆိုတာက တော့ မဟုတ်တော့ဘူး။ ကျွန်မ အလုပ်ထွက်လိုက်ပြီ''

သူမစကားကြောင့် အန်တီကြီးက ပြုံးသည်။

''အန်တီ အားလုံးကို သိပါတယ်ကွယ်. . . ဆရာမရဲ့ စေတနာတွေကိုလည်း အန်တီသိပါတယ်။ အိုကွယ်! တစ်မြို့ လုံးလည်း သိကြပါတယ်''

''ဩော်. . . ဒါဆို ကျွန်မ ဝမ်းသာပါတယ်''





ဗေဒါရီ ဝမ်းနည်းသွားမိ၏။ ဘာဖြစ်လို့ ပျော်စရာသတင်း ကို အရေးလုပ်ပြီး မပြောကြတာတဲ့လဲ။ ဗေဒါရီဟာ လောက အတွက် လူပိုကြီးလား။ ဝေ့ဝဲလာသည့် မျက်ရည်များကို မျက် တောင်ကော့များဖြင့် တဖျပ်ဖျပ်ခတ်ရင်း သိမ်းဆည်းရသည်။

''ဆရာမသတင်းတွေက မွှေးပါတယ်၊ ဆယ်တန်းအပြင် ဖြေကလေးတွေရော၊ အဖွင်းက ကလေးတွေရောကို အလကား သင်ပေးခဲ့တာလေ။ ပြီးတော့ ဆရာမ စာသင်တာ ရှင်းတယ် ထိမိတယ်တဲ့''

''ဒီလောက်လည်း မဟုတ်ပါဘူး အန်တီရယ်၊ ဟော! ခေါင်းလောင်းထိုးပြီ၊ ကျွန်မ လစ်တော့မယ်''

တိုးထွက်လာသည့်ကလေးများကို လက်ပြနှုတ်ဆက်ရင်း ဗေဒါရီ စက်ဘီးကို အားကုန်နင်းခဲ့လေတော့၏။ မိန်းမစီးစက် ဘီးအနီလေးနှင့် သင်တိုင်းအနက်ကလေးက လေထဲမှာ တလွှား လွှား လွင့်ပျံနေတော့သည်။

နှင်းဆီမွှေးသော ခြံကလေးက ခါတိုင်းထက် ပိုမိုသင်း ပျံ့နေတော့သည်။ စမ်းချောင်းပေါက်စနလေး၏ ငြိမ်းအေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြံလုံးကို လွှမ်းပတ်ခြုံနေသည်။ အိမ်ကလေးထဲမှာ မေမေရှိ၏။ ရောဂါကင်းစင်သွားပြီဖြစ်သော သူမ၏မေမေသည် တစ်ချိန်ကအလှများကို အပြည့်အဝပိုင်ဆိုင်လာခဲ့ပေပြီ။ ပေဒါရီမှာ မေမေ၏ကလေးလေးအဖြစ် မေမေ့ပြုစုယုယမှုများကို ပြန်လည်ပိုင်ဆိုင်ခွင့်ရခဲ့ပါတော့၏။

ခြံကလေးထဲသို့ သူမ စက်ဘီးတွန်းပြီး ဝင်လာခဲ့သည်။ မေမေ့ကို အသံမပေး။ မေမေ ဘာတွေလုပ်နေသလဲ။ ငယ်ငယ်တုန်းကလို မေမေ့ခါးကို ဆတ်ခနဲတို့လိုက်မည်။ ယားတတ်သော မေမေ၊ ယောင်တတ်သောမေမေက သူမကိုလှည့်ပြီး ရိုက်လိမ့်မည်။ ခစ်ခနဲရယ်ရင်း အိမ်ထဲသို့ ပေဒါရီ ချောင်းကြည့်လိုက်မိသည်။

"ဟင်!"

လေးပင်သုံးပင် အရုပ်အိမ်ကလေး၏ဧည့်ခန်းမှာ မေမေနှင့်လူကြီးတစ်ယောက် ပွေ့ဖက်နေလို့ပါလား။ ဘေးနားမှာလည်း ဝန်စည်စလယ် အိတ်ကြီးအိတ်ငယ်တွေနှင့်။ ပေဒါရီ တုန်လှုပ်ထိတ်လန့်သွားသည်။ ထိုလူကြီးကို အသေအချာကြည့်မိ၏။

ဦးထွန်းလွင်. . .

"မေမေ"





ပေဒါရီ၏လွှတ်ခနဲအော်သံက ကမ္ဘာမီးလောင်သောအခါ ချအနင်းခံရမည့်သားကောင်တစ်ကောင်နှယ်။ စူးစူးရှရှ. . . အက်အက်ကွဲကွဲ။ ဧည့်ခန်းထဲမှ ပွေ့ဖက်မှုများ ပြေလွင့်သွားကြသည်။

"မေမေ"

ပေဒါရီ ကိုက်ထားမိသည့်နှုတ်ခမ်းမှာ ပြတ်လုလု။ မျက်ရည်များလည်း ဝေါခနဲစီးပြို။ မေမေ့ကို သူမ ဆုံးရှုံးရတော့မှာလား။ သူမနှင့်မေမေ့မှာ ကမ္ဘာကြီးရဲ့တစ်ခြမ်းစီမှာ။

"သမီး. . ."

ဦးဘုန်းလွင်၏ရင်ခွင်ကို တွန်းဖယ်ပြီး၊ မေမေ သူမထံသို့ ကယိမ်းကယိုင်လျှောက်လာခဲ့သည်။ မေမေ့ကို သူမ ဆီးလို့မကြို။ မေမေ့ကို စကားတစ်ခွန်းမှ စကားနာမထိုးနိုင်တော့။ မေမေ့မှာ အချစ်တွေ မကုန်ခမ်းနိုင်သေးဘူးလား။ သမီးအတွက် အချစ်သန့်သန့်တွေ မေမေ့စမ်းချောင်းလေးမှ ထွက်မကျနိုင်ဘူးလား။ ပေဒါရီ့ရင်ထဲမှာ စကားလုံးများ ဆူဝေ ပွက်လျှံနေ၏။

သူမ ဦးထွန်းလွင်ကို မီးထွက်မတတ် မျက်ဝန်းများဖြင့် စူးစိုက်ကြည့်လိုက်၏။ ယောကျ်ားဆိုတာ ဒီလိုမျိုးလား။ ဦးဘုန်းလွင်ဟာ ယောကျ်ားထုရဲ့ သင်္ကေတနိမိတ်ပုံလား။ ကြည့်စမ်း! မွေးတုန်းပန်ပြီး၊ နံရင် စွန့်ပစ်သတဲ့။ မေမေ့မှာ ရောဂါဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားခဲ့ပြီး၊ မေမေ့မှာ အသွေးအသားတွေ ပြန်လည်စိုပြည်လုပလာတော့ ပြန်ပြီးလိုချင်သတဲ့လား။

စကားတစ်ခွန်းမှမပြောသော်လည်း တဆတ်ဆတ်တုန်နေသည့် နှုတ်ခမ်းများနှင့် မျက်ဝန်းများက ဦးဘုန်းလွင်နှင့် မေမေ့ကို မေးခွန်းထုတ်နေကြသည်။ ပေဒါရီမှာ ခံစားချက်တွေ အထွတ်အထိပ်ရောက်နေသဖြင့် တစ်ကိုယ်လုံး တုန်ယင် ယိမ်းယိုင်လာ၏။

"သမီး"

ဒေါ်စိန်စိန်ရီ သမီးကိုပွေ့ယူလိုက်သည်။ ပေဒါရီ မေမေ့လက်များကို ငြင်းပယ် ရုန်းဖယ်လိုက်သည်။

"မထိနဲ့ မေမေ၊ မေမေ့လက်တွေကို သမီး မယုံတော့ဘူး။ မေမေ့ကို သမီးမယုံတော့ဘူး။ ဒါပေမဲ့ အဖြစ်အပျက်တွေကိုတော့ ရှင်းပြပါဦး မေမေရယ်။ သမီးက အဆိုးမြင်ဝါဒီတစ်ဦးဖြစ်စေဦးတော့၊ တစ်ကမ္ဘာလုံးက လူတွေကို သံသယနဲ့ မယုံနိုင်ဦးတော့၊ သမီးရဲ့ကမ္ဘာကြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားပြီမေမေ။ အစတေးခံရတော့မယ် သားကောင်တစ်ကောင်ကို ယဇ်ပလ္လင်ပေါ်မတင်ခင် စကားလုံးတွေနဲ့ နှစ်သိမ့်ပါဦး မေမေ။ သမီး နားထောင်စမ်းပါရစေ"





အသစ်လဲထားသည့် ဧည့်ခန်းကုလားထိုင် ဆက်တီတစ်ခုပေါ်မှာ ပေဒါရီ အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။ ယခုတော့ သူမ၊ မေမေ၊ ဦးဘုန်းလွင်တို့၏အနေအထားက ဖိုခနောက်ဆိုင်။ မကြာမီ သည်ဖိုခနောက်ထဲမှ မီးတောက်မီးလျှံများ ဟုန်းဟုန်းတောက်လာပေတော့မည်။ အဘယ်သူ လောင်ကျွမ်းရစ်မှာလဲ။

"မေမေပြောပြတာ နားထောင်ပါဦး သမီးရယ်။ မေမေ ဦးဘုန်းလွင်ကိုချစ်တယ်"

"ဪ. . . သမီးကိုရော မချစ်ဘူးလား။ ဖေဖေ့ကိုရော မချစ်ဘူးလား မေမေ"

"ချစ်ပါတယ်ကွယ်၊ သမီးနဲ့သားကိုလည်း ချစ်တယ်။ သမီးဖေဖေတုန်းကလည်း ချစ်ခဲ့တယ်"

"ဟား. . . မေမေ့အချစ်တွေက များပြားလှပါလား။ ဒီလောကအချစ်တွေ များနေရင် လက်လီလက်ကား ဖြန့်လိုက်ပါလား မေမေ"

သူမ၏မချိတင်ကဲစကားကြောင့် မေမေ တုန်လှုပ်သွားခဲ့သည်။ ဦးဘုန်းလွင်ကတော့ ငေးကြောင်ကြောင်။

"သမီးရယ်. . . မေမေ့အတွက် သမီး ငဲ့မယူပါနဲ့လား။ မေမေပြောပြ ရှင်းပြတာပဲ သမီးငြိမ်ငြိမ်လေး နားထောင်ပါနော်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သမီးဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပါ။ မေမေ့ကို သမီးပိုင်ပါတယ်''

တစ်ခုခုပြောလိုက်ချင်ပေမယ့် ဗေဒါရီ စိတ်ကို ချုပ်ထိန်းလိုက်သည်။ နှလုံးသားထဲမှ တလိပ်လိပ်ရှိုက်နေမှုက အံ့သြစဖွယ်။ ရင်ထဲမှာ ငိုနေပြီ။ မျက်ဝန်းကတော့ ခံစားမှုတို့ဖြင့် လောင်ငြိုးသွေ့ခြောက်နေခဲ့သည်။

''တကယ်တော့ လူတစ်ယောက်ကို သမီးချစ်တတ်လာတဲ့အခါ သမီး မေမေ့ကို ကိုယ်ချင်းစာနိုင်ပါလိမ့်မယ်။ လူဟာတစ်ယောက်ကိုချစ်တဲ့အချစ်ဟာ အဲဒီလူ သေဆုံးသွားတာနဲ့ ကုန်ဆုံးမသွားပါဘူးကွယ်။ လုံလောက်တဲ့ လိုအပ်တဲ့အနေအထား ရှိလာတဲ့အခါ ငုံးငုံးကိုနေတဲ့ သစ်ငုတ်တွေ ပြန်လည်ရှင်သန်လာသလို မျိုးပဲပေါ့။ ပြီးတော့ သားသမီးကိုချစ်တဲ့အချစ်နဲ့ ချစ်သူခင်ပွန်းကို ချစ်တဲ့အချစ်ဟာ တစ်မျိုးတစ်ဘာသာစီမို့ မနှိုင်းအပ်ပါဘူး သမီးရယ်''

မေမေ့စကားများက သူမရင်ကို မထိုးဖောက်နိုင်။ ဗေဒါရီ ဘဝင်မကျ။ သို့သော် ဆက်လာနားထောင်၏။

''ဦးဘုန်းလွင်ကို မေမေပဲ အဆက်ဖြတ်ထားခဲ့တာပါ။ သည်ကြားထဲက သူ မေမေ့ကို လစဉ်ထောက်ပံ့ခဲ့ပါတယ်။ မေမေ





က ခေါ်လည်းမသွား. . . သူလာလည်း ခွင့်မပြုလို့ မေမေတို့ အဆက်ပြတ်ခဲ့တာပါ''

''အခုတော့ မေမေခွင့်ပြုလို့ သူလာတာပေါ့နော်''

တစ်ချက်တော့ ဗေဒါရီ ဝင်ပက်မိပြန်သည်။ ငရဲတွေလည်း ဘယ်နှပိဿာလောက် ကြီးကုန်ပါလိမ့်။

''မေမေခေါ်တာတော့ မဟုတ်ဘူးပေါ့ကွယ်၊ ဒါပေမဲ့ ဒီအရပ်မှာ မေမေရှိတာ သူသိတယ်။ သူသာ အရင်လိုပဲ ကျန်းကျန်းမာမာဆိုရင် မေမေ လက်မခံပါဘူး။ အခုတော့ သူ့မှာ ရောဂါစွဲကပ်နေပြီလေ။ မေမေတို့မိန်းမသားဆိုတာ သာတုန်း နားပြီး၊ နာတော့ စွန့်ပစ်တတ်တာမှမဟုတ်ဘဲကွယ်။ မေမေ မိန်းမကောင်း မိန်းမမြတ်ဖြစ်ပါရစေ''

ဪ. . . ဦးဘုန်းလွင်မှာ ရောဂါစွဲကပ်နေသတဲ့လား။ AIDS ဖြစ်မှာပါပဲ။ ဗေဒါရီ ဦးထွန်းလွင်ကို လျှပ်ခနဲကြည့်လိုက်သည်။ မျက်နှာချောင်ကျနေသော ဦးဘုန်းလွင်ရုပ်ကို ယခုမှ သတိထားမိလိုက်သည်။

''မေမေက. . . ကန်တော့ပါရဲ့မေမေ၊ အငယ်အနှောင်းပဲ၊ သူ့တရားဝင်မိန်းမမှမဟုတ်တာ။ ဒီလောက် ဘဝနဲ့ရင်းပြီး သစ္စာရှိစရာမလိုပါဘူး မေမေ။ သူ့တရားဝင်သားသမီးတွေက



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိမ့်မှာပေါ့''

သူတစ်ပါး၏အချစ်ရေးမှာ ဝင်ရောက်ဖြိုခွင်းနေသည့် မိန်းမကြမ်းကြီးများ ဖြစ်နေရော့သလား။ သို့သော် မေမေ့အတွက် ဗေဒါရီ နာကြည်းပါသည်။ တရားဝင်တောင် လက်မထပ်ခဲ့သည့် ယောက်ျားနပ် ယောက်ျားမြတ်ကြီးအတွက် တစ်ဘဝလုံး ပုံအောပုံချစ် ပုံပြီးပေးဆပ်ချင်နေသည့်မေမေ့အတွက် သူမ ခံပြင်းသည်။

ဦးဘုန်းလွင် မနေသာတော့။ အရုပ်ကြီးလုပ်ပြီး ငြိမ်နေရတာလည်း လိပ်ပြာမသန့်တော့ပြီဖြစ်ရမည်။

''ဦးလေးကိုခွင့်လွှတ်ပါ သမီးရယ်၊ ဦးလေး မှားခဲ့တယ်၊ ဦးလေး အတ္တကြီးခဲ့ပါတယ်။ ဘဝမှာ ငါ့သား ငါ့သမီး ငါ့မယား ဆိုတဲ့အတ္တတွေ ဟုန်းဟုန်းတောက်ခဲ့တယ်။ ဘဝဆိုတာလည်း ပုံသေနည်းတစ်ခုလို့ တွက်လို့မရကြောင်း ဦးလေး ကောင်းကောင်း သဘောပေါက်ခဲ့ပါပြီ။ အယ်နီသေဆုံးခဲ့တဲ့အတွက် ဦးလေးရဲ့ သားနဲ့သမီးက ဦးလေးကို လုံးဝစိတ်နာနေတယ်။ ဒီရောဂါက သူ့ကြောင့် ငါ့ကြောင့်လို့ ဦးလေး လွှဲမချလိုတော့ပါဘူး။ ဒါပေမဲ့ အယ်နီ သေဆုံးခဲ့တယ်၊ ဦးလေးမှာလည်း ဒီရောဂါဖြစ်ကျန်ရစ်ခဲ့တယ်။ အခု ဦးလေး သိပ်ပြီးတွယ်တာချစ်ခင်ရတဲ့ သားနဲ့သမီးက ရပိုင်ခွင့်တွေသာ တောင်းတတ်ခဲ့ကြတယ်။ သမီးရယ်. . . ဦး





လေးရဲ့နောက်ဆုံးအချိန်တွေကို စိန်စိန်ရီ့လက်ပေါ်မှာပဲ ကုန်ဆုံးပါရစေ''

တော်တော်မှ တရားမျှတတာပဲ။ သို့သော် ဗေဒါရီ ဘာမျှမပြောလိုတော့ပါ။ ရောဂါသည်ဖြစ်နေလင့်ကစား ဦးဘုန်းလွင်အပေါ်မှာ သူမ မေတ္တာထားကြည့်လို့မရ။ ဗေဒါရီ ကိုယ့်ကိုယ်ကိုလည်း အံ့ဩနေမိသည်။ ငါဟာ တော်တော်မေတ္တာတရား ခေါင်းပါးပါလား။ မဟုတ်သေးပါဘူး. . . ငါ့နှလုံးသားတွေ ဘာလို့ မာကျောနေပါလိမ့်။

ဗေဒါရီ မေမေ့ဘက်သို့ မျက်နှာမူလိုက်သည်။ မေမေ့အသွင်က များစွာနွမ်းလျနေ၏။ နှောင်ကြိုးနှစ်ကြိုးကြားမှာ မေမေ အနေရခက်နေပုံရသည်။

''သမီးရယ်''

''ပြောပါမေမေ၊ မေမေ ဘယ်လိုဖြစ်စေချင်သလဲ၊ သမီး ဘာလုပ်ပေးရမလဲ။ မေမေ့ကို စိတ်ချမ်းသာစေချင်ပါတယ်။ သမီးဟာ မေမေ့နှို့ချို့ မေမေ့အသွေးအသား၊ မေမေ့ပြုစုယုယမှုကြောင့် လူဖြစ်လာရတာပါ။ မေမေ့ကို စိတ်ချမ်းသာစေချင်တယ်၊ မေမေ ဆုံးဖြတ်တာ နာခံပါ့မယ်''

ဗေဒါရီ့စကားကြောင့် ဒေါ်စိန်စိန်ရီ ယူကြုံးမရဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပါးစပ်ကို လက်ဝါးနှစ်ဖက်နှင့်အုပ်ပြီး မေမေ အသံတိတ် ရှိုက်နေ၏။ မေမေငိုနေတာကို ဗေဒါရီ ဘယ်သို့ကြည့်ရက်မှာလဲ။ မေမေဆုံးဖြတ်ရ ကျပ်နေပုံရသည်။ ဦးဘုန်းလွင်ကလည်း မေမေ့ကို မျှော်လင့်တကြီး ကြည့်နေပါ၏။

သည်လူကြီးဟာ လူနပ်ကြီးပဲ။

မေမေ့ကို တရားဝင် လက်မထပ်ခဲ့ဘူး။

အပျော်မယားလောက်ပဲ သဘောထားခဲ့တယ်။ ဒါပေမဲ့ မေမေက ချစ်သတဲ့။ ဘာပဲဖြစ်ဖြစ် အဲဒီလူကြီးရဲ့အထောက်အပံ့နှင့် သူမတို့ လူတစ်လုံးသူတစ်လုံးဖြစ်ခဲ့ရတာပဲ။ အဲဒါ သူ့ကို ကျေးဇူးတင်ရမှာလား။ ဆန်ပေးလို့ ဆေးရ၊ မေမေ့ကိုကျေးဇူး တင်ရမှာ မဟုတ်ဘူးလား။

မေမေတို့ တိုင်ပင် ဆုံးဖြတ်ခွင့်ရစေရန်အတွက် ဗေဒါရီ မီးဖိုထဲဝင်ရန်ပြင်လိုက်သည်။ ထမင်းချက်ဦးမည်။ သည်စဉ် ခြံရှေ့သို့ ကားသံ စက်ဘီးသံ ဆိုင်ကယ်သံများ စုပြုံကျရောက် လာတော့၏။

"ဆရာမ..."





ကလေးများ သံပြိုင်နှုတ်ဆက်သံက ဗေဒါရီ့ရင်ဘတ်သို့ တဒင်္ဂ ငြိမ်းချမ်းစေသည်။ ခြံထဲသို့ စုပြုံဝင်လာပြီး အိမ်ပေါ်မှာ နေရာယူကြသဖြင့် ဧည့်ခန်းတစ်ခုလုံး ပြည့်သိပ်သွား၏။

"ဘာလုပ်ကြတာလဲဟ။ ဘာတွေလဲ. . . အောင်မာ! ငါ့များ ပြည်မ ပြန်မယ့်ဆရာမမှတ်လို့လား။ ငါက နင်တို့နဲ့ မခွဲနိုင်လို့ ဒီမှာအမြဲနေမှာ. . . သိလား"

ကလေးများနှင့် ရင်းနှီးစွာ ပြောနေဆဲ၊ ကန်တော့ဖွယ်ရာထည့်ထားသည့် ကြိမ်ခြင်းကြီးက ဆက်တီစားပွဲလေးပေါ်မှာ ခန့်ခန့်ကြီး နေရာယူ၏။ သူမရဲ့ စေတနာကျောင်းခန်းလေးက ကလေးတွေ စုပေါင်းပြီး ကန်တော့ကြတာဖြစ်သည်။

"နေကြပါဦး. . . နင်တို့ ဖြေရောဖြေနိုင်ကြရဲ့လား။ သင်ပေးတာတွေရော အိုကေရဲ့လား"

"အိုကေ. . . အားလုံး အိုကေ"

"ပိုလိုက်တာဟာ၊ အောင်မှတ်ရရင် ကံကောင်း"

ကလေးများ၏ရယ်မောသံက မိုးမမြင်လေမမြင်၊ မေမေ နှင့် ဦးဘုန်းလွင်မှာ ဧည့်ခန်းထောင့် ကပ်နေရ၏။

"လာ. . . ဆရာမ၊ ဒီရှေ့ကိုလာ၊ ကျေးဇူးတင်လွန်းလို့ ပါ ဆရာမရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိခြင်းကြီးငါးပါးဖြင့် ကလေးများက ကန်တော့ကြသည်။ ပေဒါရီမှာ ဝမ်းသာဝမ်းနည်းဖြင့် မျက်ရည်များပင် လည်လုလု။

သည်စဉ် ခြံရှေ့မှ ကားဟွန်းသံ ကြားရပြန်သည်။ ပေဒါရီ လှမ်းကြည့်၏။ အလို! ဆရာကြီးနှင့် ဆရာဆရာမအချို့။

"ဟာ! ဆရာကြီးနဲ့ ဆရာမတွေဟော့။ တို့တွေ လစ်ကြမယ်။ ဆရာရေ. . . ကျွန်တော်တို့ နောက်မှလာပါဦးမယ်"

ကလေးများအဖွဲ့ စက်ဘီးများဖြင့် ဆူညံပျော်ရွှင်စွာ ထွက်ခွာသွားပြီးနောက် ဆရာဆရာမများ ဝင်လာခဲ့သည်။ ပေဒါရီမှာ ယောင်ချာချာ။

"ကြွပါ. . . ဆရာကြီး"

ရင်ထဲမှကြွတက်လာသည့် နှလုံးသား၏နာကျင်မှုကြောင့် သူမအသံက ခပ်အက်အက်။ ညှို့ခန်းဆက်တီက လူခြောက်ယောက်စာသာရှိသည်မို့ ကျန်ဆရာဆရာမများက မတ်တပ်ရပ်နေကြရသည်။

"ကျွန်မ ဘာလုပ်ပေးရမလဲရှင့်"

ဆရာကြီးက ပေဒါရီ့မျက်နှာကို ကရုဏာသက်စွာကြည့်လိုက်သည်။ ဆရာကြီးရင်ထဲမှာ လှိုင်းထန်နေ၏။





"သမီး"

"ပထမဦးဆုံး ဆရာကြီးပြောချင်တာက ဆရာကြီးရဲ့ ပုထုဇဉ်ပီပီ အမှားမကင်းခဲ့တာကို ခွင့်လွှတ်ပါ။ ကျောင်းမှာဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေအပေါ် သွေးအေးအေးနဲ့ ပြန်စဉ်းစားမိတော့ ဆရာကြီး ယူကျုံးမရဖြစ်ရတယ်။ ဒါကြောင့် အဖတ်ဆယ်လို့ရသမျှ ဆယ်ယူခဲ့ပါရစေ"

"ဟုတ်ကဲ့. . . ကျွန်မ ဘာလုပ်ပေးရမှာပါလဲ ဆရာကြီး"

"သမီးကို ပြန်ခေါ်ဖို့ကျ၊ ဆရာကြီး ကိုယ့်မာန ကိုယ်ချမရဖြစ်နေတယ်။ သမီးကိုခေါ်ရမှာ သိက္ခာကျတယ်၊ အောက်ကျတယ်လို့ ယူဆခဲ့တယ်။ သားဇောကလည်း ရှိနေတယ်လေ"

"ဟုတ်ကဲ့. . . မခေါ်လည်းရပါတယ် ဆရာကြီး"

ဓမ္မကထိကနှင့် တရားထောက်သဖွယ် အကိုင်အဖောက်သံတွေအား ကျန်ဆရာဆရာမများက ပြုံးကြ၏။

"နောက်တော့ သားကလည်း ဝန်ခံတယ်၊ ဖြစ်ခဲ့သမျှ သူ့အပြစ်တွေချည်းပါပဲတဲ့။ နောက် သမီးရဲ့အနေအထိုင် အပြုအမူတွေအပေါ်လည်း သဘောကျတယ်"

ဆရာကြီး၏စကားချီးနှိဒါန်းကို ပေဒါရီ စိတ်မရှည်။ ရိုင်းရာကျမည်စိုးသဖြင့်သာ နာရီမော့မကြည့်ဘဲ နေရသည်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရေ. . . လို့ရင်းပြောပါ။ ကျွန်မ အလုပ်တွေလုပ်ရဦးမယ်။

''ဆရာကြီးလွန်ခဲ့သမျှ ခွင့်လွှတ်ပါလို့ သမီးအပေါ် တောင်းပန်ချင်ပါတယ်''

''ဟာ! မဟုတ်တာ ဆရာကြီးရယ်။ ကျွန်မကိုကလည်း ခံစားထိရှလွယ်လွန်းပါတယ်၊ ဆရာကြီးအပြစ်ချည်းလည်း မဟုတ်ပါဘူး''

''သမီးအလုပ်ပြန်လျှောက်လို့ ရပါတယ်၊ ဆရာကြီး ပြန်လုပ်ပေးပါ့မယ်''

''ရပါတယ် ဆရာကြီး၊ ကျွန်မ အပြင်မှာပဲ လုပ်သွားတော့မယ်၊ စိတ်ချပါ. . . ကျွန်မ သိသမျှတတ်သမျှကို ရင်ထဲမှာ မှောင်ချမထားပါဘူး။ တတ်အားသရွေ့ ဖွင့်ထုတ်ပေးဝေခဲ့မှာပါ။ ဒီအတွက်ဆိုရင်တော့. . . ဆရာကြီး စိတ်အေးလက်အေးနေပါ။ ကျွန်မ ဘယ်လိုမှမအောက်မေ့ပါဘူး''

လူကြီးသူကြီးကိုယ်တိုင်က လာရောက်တောင်းပန်သည်ဆိုတော့ ဗေဒါရီ အားနာရ ကျေနပ်ရပါသည်။

''ဒါ ကျွန်မမေမေပါ ဆရာကြီး၊ ဒါကတော့ ညီ့သည်''

ဗေဒါရီ့မိတ်ဆက်ပေးမှုကြောင့် အားလုံး မေမေ့ထံသို့ အကြည့်ရောက်ကြသည်။ လပေါင်းများစွာ ခြံကလေးထဲမှာပဲ ဓေ





ထိုင်ခဲ့သူမို့ မေမေ့ကို သူတို့မသိကြ။ အရွယ်ထက် နုပျိုစိုလင်းသော ဒေါ်စိန်စိန်ရီ့အလှကို အံ့သြနေကြသည်။ ဆရာကြီးက စကားဆက်ပြန်၏။

''နောက်တစ်ကြောင်းက ဟောဒီ မောင်အောင်ခေတ် အတွက် မိန်းမတောင်းပေးဖို့ပါ''

''ရှင်!''

သည်တစ်ခါတော့ ဗေဒါရီ အံ့အားသင့် လန့်ဖျပ်သွားရ၏။ သူနဲ့လည်း မချစ်ဖူးဘဲနဲ့ လာတောင်းရသတဲ့လား။ အောင်ခေတ်က သူမအနားသို့ တိုးကပ်လာ၏။ မျက်နှာကတော့ ခပ်တည်တည်။ အောင်မယ်! သူကများ။

''သူ့မှာ မိဘအရင်းမရှိတော့ ဆရာကြီးပဲ ကမကထလုပ်ပြီး တောင်းပါတယ်ကွယ်။ သူ့သဘောထားတွေ ဘာတွေလည်း အထူးပြောစရာမလိုလောက်ပါဘူး။ သူ့အစ်မဝမ်းကွဲတွေ ဦးလေးတွေ အဒေါ်တွေတော့ ရှိပါရဲ့။ ဒါပေမဲ့ သူက ဆရာကြီးကို လိုက်တောင်းပေးစေချင်တယ်''

ဗေဒါရီ ဘာပြန်ပြောရမှန်းမသိ။ ဆရာကြီးက မေမေ့ကို ပြောနေတာလည်းဖြစ်သည်။ မေမေကတော့ ကြိုတင်သိပြီးသည့်နှယ် အံ့သြဟန်မပြ။



www.burmeseclassic.com

www.burmeseclassic.com



သည်ကိစ္စမျိုး မမြင်ဖူး မကြုံဖူးကြသဖြင့် မိသားဖသား ပီပီ တောင်းတယ်ဆိုတာ ဒါလား။ ပေဒါရီ စဉ်းစားနေစဉ် ကျန် ဆရာဆရာမများကလည်း တစ်ယောက်တစ်ပေါက် ဝင်ပြောပြကြ သည်။ ကာယကံရှင်ကတော့ တုံဏှိဘာဝေ။ အေးလေ. . . သူက တော့ ဘယ်ဝင်ပြောလို့ရမှာလဲ။

သို့သော် ပေဒါရီ မကျေနပ်ပါ။ ပေဒါရီကို ဒါမျိုးလုပ် လို့မရ။ အားလုံး၏စကားအဆုံးမှာတော့ သူမ ငြင်းဆိုလိုက်သည်။

"ဆရာကြီးနဲ့တကွ အားလုံးသော ဆရာဆရာမများကို ကျွန်မ လေးစားပါတယ်။ ဒါပေမဲ့ ကျွန်မ သူ့ကိုလက်မခံနိုင်ပါ ဘူး"

အောင်ခေတ်ကိုယ်ကြီး တွန့်ခနဲဖြစ်သွား၏။ သည်မှာ ကမ္ဘာမီးလောင်နေတယ်၊ မေမေ့ပြဿနာတောင် ဘယ်လိုရှင်းရ မှန်းမသိ။ အောင်ခေတ်မျက်နှာက ရုတ်ချည်းပျက်ယွင်းသွားခဲ့၏။

"ဘာဖြစ်လို့လဲ ပေဒါရီရယ်"

"ရှင်ပဲ အပြောကောင်း၊ ရှင်နဲ့ကျွန်မ ဘယ်တုန်းက ဘာဖြစ်ခဲ့ဖူးလို့လဲ"

ပေဒါရီ့စကားကြောင့် အားလုံး အံ့အားသင့်သွားကြ၏။ သူတို့အထင်က တစ်မျိုးဖြစ်ရမည်။ ပြဿနာက အိုးနင်းခွက်နင်း





ဖြစ်နေစဉ် ဒေါ်စိန်စိန်ရှိ ဝင်ရောက်ရတော့၏။ ကိုယ်က သမီးရှင်။

"ဒါက ဒီလိုရှိပါတယ် ဆရာကြီး။ ကလေးချင်းက ကြို တင်မညှိနှိုင်းရသေးတော့ သမီးက ရှက်ရမ်းရမ်းတာလည်း ဖြစ် နိုင်ပါတယ်။ ကျွန်မ နောက်နေ့မှ အကြောင်းပြန်ပါ့မယ်"

သည်တော့မှ အားလုံး သက်ပြင်းချပြီး၊ အခြေမပျက် စကားပြောကြ ရယ်မောကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

စည်စည်ကားကား လူသူပရိသတ်များကြားမှာ သတို့သမီးလေးတစ်ယောက်နှယ် နဖတ်လုပနေသည့် ဒေါ်စိန်စိန်ရီ့ရုပ်သွင်က ရက်သွေးတွေ ပီတိတွေ တဝေဝေ။ ဦးဘုန်းလွင်ကလည်း နွားပျိုသန်လှ နွားအိုပေါင်ကျိုး။ ရောဂါလက္ခဏာတွေ မပိစီးသေးသဖြင့် ဒေါ်စိန်စိန်ရီနှင့်အတူ ရွှေဟင်္သာမောင်နှံနှယ် လည်ချင်းယှက်ပြီး ညှို့ခံနေပါ၏။ ပရိသတ်ကတော့ ဆရာကြီး ဆရာဆရာမများနှင့် စိတ်ဝင်စားသူများ. .ပေဒါရီရဲ့ ကလေး ပရိသတ်များပေါ့။ ကျောင်းသားမိဘများပေါ့။

အချိတ်ပန်းရောင်၊ ပိုးအင်္ကျီပန်းရောင်လေးဖြင့် အလှဆုံးနှင့် နှင်းဆီပွင့်သို့ လှပနေသည့်မေမေ့ကို ပေဒါရီ နှ[illegible]စွာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိပါသည်။ ဒီလိုအဖြစ်မျိုးရောက်အောင် သူမရဲ့နှလုံးသားတွေ အကြိတ်ချေခံခဲ့ရတာပေ့ါ။ ဦးဘုန်းလွင်ကြီးအပေါ်လည်း သူမ မကျေချမ်းနိုင်သေး။ သို့သော် ပေဒါရီ သမာသမတ်ကျကျ မေမေ့အတွက် အကောင်းဆုံး စဉ်းစားပေးခဲ့သည်။

ကြည့်စမ်း! အခုလိုသာ လူသိရှင်ကြား လက်ထပ်ခွင့်မရဘူးဆိုလျှင် မေမေဟာ အငယ်အနှောင်းဆိုသည့် အရိပ်မည်းကြီးအောက်မှာပဲ သေဆုံးသွားတော့မှာပေ့ါ။

ပြီးတော့ မေမေမြတ်နိုးသည့် အေးအတူပူအမျှ သေအတူ ရှင်မကွာ၊ ရဲဘော်ရဲဘက်စိတ်ဖြင့် သစ္စာရှိသည့်မိန်းမမြတ်လည်း ဖြစ်စေချင်ပါသည်။ မေမေတို့ကို ပေဒါရီ သဘောတူပေးခဲ့သည်။

ယခုအိမ်နှင့်ခြံကို ဦးဘုန်းလွင်က မေမေ့အတွက် ဝယ်ပေးခဲ့ပါသည်။ ထိုအိမ်နှင့်ခြံက သူမနေသည့်အိမ်ကလေးနှင့် မျက်နှာချင်းဆိုင်။ မေမေက သူတို့နှင့်အတူ လာနေစေချင်သော်လည်း ပေဒါရီ လိုက်မနေခဲ့။ မေမေ အလုံးစုံအပြည့်အဝ စိတ်ချမ်းသာဖို့အထိတော့ သူမ စွမ်းဆောင်မပေးနိုင်။ ပေဒါရီဟာ လူသားဆန်သည့် လူမလေးတစ်ယောက်သာ ဖြစ်သည်။ ချစ်တတ် မုန်းတတ်သည်။





ထောင့်စားပွဲတစ်ခုမှာထိုင်ပြီး မေမေနှင့် ဦးဘုန်းလွင်ကို ပေဒါရီ ကြည့်နေမိသည်။ ပျော်ပါစေလေ. . . မေမေတို့အတွက် အချိန်ဟာ တန်ဖိုးရှိလှပါသည်။

''ဟေ့! သူများတွေကိုကြည့်ပြီး ဘာမနာလိုဖြစ်နေတာလဲ''

စကားသံနှင့်အတူ ဝင်ထိုင်လိုက်သူများကို ပေဒါရီ အံ့ဩစွာ ကြည့်ဖြစ်၏။ ထူးထက်ထက်နှင့် မြင့်သီတာ။ အခုတော့လည်း အရင်က ငြူစူစောင်းမြောင်းခဲ့တာ သူတို့မဟုတ်သလိုပါပဲလား။

''တို့ကို ခွင့်လွှတ်နော်၊ အန်တီ့သဘောထားအမှန်တွေ သိရတာ တို့တွေ အရမ်းလေးစားရပါတယ်။ တို့ ရန်ကုန်ကို နောက်တစ်ခေါက်ပြန်တော့ ဦးလေးမှာ ရောဂါရှိတာ သိနေရပြီ။ သူ့သားသမီးတွေက ပြုစုဖို့နေနေသာသာ. . . အနားကိုတောင် မကပ်ကြဘူး။ ဒါနဲ့ တို့လည်း အန်တီစိန်စိန်ရီရှိတဲ့နေရာကို ပြောပြလိုက်တယ်။ လက်ခံမယ်တော့ မထင်ဘူးပေ့ါလေ။ ဒါပေမဲ့ ဦးလေးကလည်း ဆန္ဒရှိနေတာနဲ့''

ဩော. . . တရားခံက သူတို့ကိုး။ လောကကြီး ဟယ် လည်း ရယ်စရာကောင်းလှပါလား။ လူတစ်ယောက်ကို ပုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



သိုးမှ စွန့်ကြဲတတ်ကြတာလည်း လူ့သဘာဝတစ်မျိုးပါပဲလား။

"သူ့သားသမီးတွေက အမွေသာ နင်းကန်တောင်းနေကြတာ။ ဦးလေးကလည်း ရန်ကုန်မှာ ရှိသမျှအားလုံး ပေးပစ်ခဲ့တာ။ သူ့မှာ လက်သတ်ကိုယ်ကျွတ်နီးပါးနဲ့ လာခဲ့တာ"

"အေးနော်. . . ရောဂါလည်း ရောဂါသည့်. . . စွည်းလည်း ဘာမှမရှိတဲ့သူကို မေတ္တာမပျက်တာ"

"မေမေ နံလို့ပေါ့၊ ကျွန်မဆို ဘယ်ရမလဲ"

မြင့်သီတာစကားကို ပေဒါရီ အရွဲ့တိုက်ပြေလိုက်သည်။ သူတို့နှစ်ယောက် မျက်နှာပျက်သွားကြစဉ် မေမေနှင့်ဦးဘုန်းလွင်တို့ သည်ပိုင်းသို့ ရောက်လာကြ၏။

"ဟော. . . ထက်ထက်၊ သမီးကကွယ်. . . ညှော်သည်ကြီးလုပ်လို့။ ကူပြီး ညှော်ခံပေးဦး"

"ဟုတ်ကဲ့ပါ ဦးလေးရဲ့၊ အနံ့တိ အရမ်းလှတယ်ဗျာ။ ဒါကြောင့် ဦးလေးက မခွဲနိုင်တာ"

စကားရောဖောရောဖြင့် ထူးထက်ထက်တို့ လစ်ထွက်သွားကြသည်။

"သမီးလေး. . . နေလို့မကောင်းရင် လှဲနေပါလားဟင်။ လာ. . . မေမေ အိမ်ပေါ်တွဲခေါ်မယ်"





မေမေက မျက်နှာညှိုးနေသည့်ပေဒါရီသို့ စိုးရိမ်ပူပန်စွာ နမ်းစမ်း ပါးစမ်းလုပ်သည်။ သူမ မချိပြုံး ပြုံးရ၏။

"နေကောင်းပါတယ် မေမေရယ်၊ ကိုယ့်အသည်းနှလုံးကို ထုတ်ပေးရတဲ့ပွဲမှာ ဒီလောက်တော့ ညှိုးမှာပေါ့နော်။ ရတယ် မေမေ. . . နောက်တော့ နေသားကျသွားမှာပါ။ အဆင်ပြေသွားမှာပါ။ မေမေ ဇည့်ခံနေပါချည်"

ဦးဘုန်းလွင် ဆွဲခေါ်သွားရာသို့ ဒေါ်စိန်စိန်ရီ လေးကန်စွာ ပါသွားရသည်။ ပေဒါရီ နောင်တရမိ၏။ မေမေ့ကို စိတ်ဆင်းရဲအောင် လုပ်မိသလား။ ချစ်သူတွေ စိတ်ဆင်းရဲအောင် ပြောနေမိပါလား။ မရွှင်သည့်နှလုံး၊ မပြုံးသည့်မျက်နှာကြီးနှင့် ထိုင်နေလျှင် ခုနစ်ရက်သားသမီး စိတ်ဆင်းရဲတာပဲ အဖတ်တင်မည်။

မေမေ ပျော်ပါစေလေ. . .

ဘဝတစ်လျှောက်လုံး မေမေ ပေးဆပ်ခဲ့ရတာတွေ နည်းရော့သလား။ အလှ၊ ကိုယ်ကျင့်တရား၊ သိက္ခာ၊ ခုတော့ ဆုံးရှုံးခဲ့သမျှအရာအားလုံး မေမေ ပြန်ရနေပေပြီ။

ယောကျ်ားတစ်ယောက်ရဲ့ အစွမ်းအစ၊ သစ္စာတရားတွေဟာ မိန်းမသားတွေအပေါ် ဒီလောက်တောင် အရောင်ခြယ်ပေးနိုင်သတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးကို သူမ စိတ်ကုန်သည်။ မယောင်မလည် ဖြင့် ညည့်ခံပွဲအိမ်ကြီးမှ ဗေဒါရီ လစ်ထွက်ခဲ့သည်။

"ဟောတော့"

အိမ်ကလေး နောက်ဘက်၊ စမ်းပေါက်နံဘေးမှ စွယ်တော်ရိပ်မှာ အောင်ခေတ်ကို တွေ့လိုက်ရသည်။

"ရှင့်မှာ ခြံသော့၊ အိမ်သော့တွေ. . . အပိုရှိတယ်ထင်တယ်၊ ဒါဆို အခြေအနေမကောင်းတော့ဘူး။ ဒါ ရှင်ပိုင်တဲ့ ခြံမဟုတ်လား"

အောင်ခေတ်က ဝန်မခံ။ စကားလမ်းကြောင်းလွှဲပစ်၏။

"မိန်းမတွေဟာ အရမ်းကာရော ကြင်နာသနားတတ်ကြတယ်။ နှာခေါင်းမပါရင် ဟိုဟာစားမယ်ဆိုတာ ဟုတ်မှာပဲ"

"အောင်မယ်!. . . ဒါ ဘယ်သူ့ကိုစောင်းပြောတာလဲ။ မေမေ့ကိုပြောတာလား"

"မင်းရော မအေတူသမီးလား၊ အခုနေ အသက်ခြောက်ဆယ်လောက် အဘိုးကြီးတစ်ယောက် ရောဂါဖြစ်လာပြီး မင်းရင်ခွင်မှာ ခိုနားပါရစေဆိုရင်ရော"





"သေလိုက်ပါလား၊ ကျွန်မကို လာမစနဲ့. . . သိလား။ ကျွန်မ အခု လူသတ်ချင်နေတယ်"

"ကိုယ့်ထက် အသက်ဆယ်နှစ်လောက် ကြီးတဲ့သူတစ်ဦးကို ဒီလိုပြောတာ မင်းရိုင်းတာပေါ့။ ငရဲကြီးမှာ မကြောက်ဘူးလား"

"ကြီးပစေ၊ မထူးတော့ဘူး။ မေမေ့အတွက် နေ့တိုင်း သောက ဒေါသဖြစ်နေရတာနဲ့ လူလည်း ယမမင်းရဲ့ပစ်မှတ်ဖြစ်နေလောက်ပြီ"

အောင်ခေတ် ထိုင်နေသည့် စွယ်တော်ပင်နံဘေး မြက်ခင်းမှာ သူမ ထိုင်ချလိုက်သည်။

"မေမေသိပ်ဆိုးတာပဲ၊ ရောဂါကူးမှာလည်း မကြောက်၊ အချစ်ဟာ စုံလုံးကန်းစေသတဲ့လား"

"ဟော့! ကိုယ့်ကို အချစ်အကြောင်းတွေ လာပြီး မဆွေးနွေးနဲ့လေ။ ကိုယ်က သန့်သန့်လေးရယ်"

အရေးထဲ. . .။ အောင်ခေတ်ကို ဗေဒါရီ မျက်စောင်းထိုးမိသည်။

"မင်းမေမေအတွက် မစိုးရိမ်ပါနဲ့ကွယ်၊ ရောဂါမကူးစက်အောင် နေနည်းထိုင်နည်းတွေ ကိုယ်သွားပို့ချခဲ့တယ်။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ယူနီဆက်ကထုတ်တဲ့ HIV-AIDS အမေးအဖြေများစာအုပ်ကို သွားပေးလိုက်မယ်။ ယောက္ခမကြီးအတွက် ကိုယ်လည်း စိုးရိမ်ပါတယ်''

''ဆရာ!''

သူမ အလန့်တကြားအော်မိသည်။

''ဒါ နောက်စရာလား ဆရာရယ်၊ ကျွန်မကို ညီမလေးလိုပဲ သဘောထားပါ''

ပေဒါရီ့စကားကြောင့် အောင်ခေတ် ခေါင်းကိုညင်သာစွာ ခါရမ်းသည်။

''ဒါ. . . နောက်တာမဟုတ်ဘူး ပေဒါရီ၊ မင်းကို ကိုယ်လက်ထပ်ချင်တယ်။ လက်ထပ်မယ်''

''ဘာဖြစ်လို့လဲ''

''ပြောရတာ လက်ပေါက်ကပ်လိုက်တာ၊ ချစ်လို့ပေါ့ကွာ၊ ချစ်လို့ပေါ့''

''မချစ်နဲ့. . . ကျွန်မမေမေက သူများရဲ့. . .''

''တော်ကွာ. . . တော်ကွာ၊ အခုပဲ ဟိုဘက်အိမ်မှာ ခြိမ့်ခြိမ့်သဲသဲ''

''ပြီးတော့ မေမေက AIDS ရောဂါရှိတယ်ဆို''





''ရှိလည်း ကိစ္စမရှိဘူး၊ ကိုယ် မကူးအောင် နေတတ်တယ်''

ဟိုတစ်နေ့က လာတောင်းတာမှာ ဆရာ့ဆွေမျိုးတွေ ပါမလာတာ သဘောမတူကြလို့မဟုတ်လား''

''မှားတယ်၊ ကိုယ်က တစ်ကောင်ကြွက်၊ ဘယ်သူ့မှ အရေးလုပ်စရာမလိုဘူး''

''မဟုတ်သေးဘူး. . . မဟုတ်ကို မဟုတ်သေးဘူး''

''ဘာလို့မဟုတ်ရမှာလဲ၊ ဟုတ်ကိုဟုတ်တယ်။ မငြင်းပါနဲ့တော့ ပေဒါရီရယ်၊ ကိုယ့်ကိုချစ်ပါတော့။ ကိုယ့်ကိုလက်ထပ်ခွင့်ပြုပါတော့''

''မယုံဘူး ဆရာ၊ ကျွန်မတွေ့ကြုံရတဲ့ လောကဓံက ကြမ်းတမ်းလွန်းတယ်။ ကျွန်မတွေ့ကြုံရတဲ့ ကံကြမ္မာကြီးက လူလည်နပ်ပါး ကျလွန်းတယ်။ ယောက်ျားတွေဟာ ယုံစရာမရှိဘူး''

''အလို ! ယောက်ျားတိုင်းကို ဦးဘုန်းလွင်လိုများ မှတ်နေသလား။ လက်ထပ်ပါ့မယ်ဆိုမှကွာ''

အောင်ခေတ် ခေါင်းကို လက်ထိုးဖွနေမိသည်။ ဘယ်လို အကြောင်းကြားပါလိမ့်။

''ကျွန်မကိုခွင့်လွှတ်ပါ၊ ကျွန်မနှလုံးသားတွေ ကွဲကြေ



www.burmeseclassic.com

www.burmeseclassic.com



နေကြတယ်။ ကျေးဇူးပြုပြီး ကျွန်မ အနားယူပါရစေ။ ဆရာပြန်ပါနော်. . . သူများတွေမြင်ရင် မကောင်းဘူး''

ပေဒါရီ့စကားကြောင့် အောင်ခေတ် စမ်းရေစီးကြောင်းလေး၏တစ်ဖက်သို့ ရွှေ့ပေးလိုက်သည်။

''ပြန်ကော့မပြန်ပါရစေနဲ့ဦး၊ ခုလို စမ်းမြောင်းကလေးခြားနေတော့ ပဝါတစ်ကမ်းပေါ့ မင်းသမီးရယ်။ မင်းက ပရမ်းပတာလောကလေးဆိုတော့ ပင်လယ်ထဲမှာ မတိမ်းမှောက်ဖို့ မာလိန်မှူးတစ်ယောက်ပေါ့ မလွဲမသွေလိုတာပဲ''

''အဲဒါ ရှင်လား. . .''

''အစစ်ပေါ့၊ ကိုယ်ကလွဲလို့ ဘယ်သူများဖြစ်နိုင်ဦးမှာလဲ''

သည်စဉ် သူမတို့ခြံကလေးထဲသို့ မေမေ ဝင်ရောက်လာခဲ့သည်။ မေမေ့ကြည့်ရတာ တစ်စုံတစ်ခုသော ဆုံးဖြတ်ချက်ဖြင့် တည်ငြိမ်နေ၏။ မေမေ ပျော်မနေပါ။ ပေဒါရီ စိတ်မကောင်းဖြစ်ရပြန်သည်။

''သမီး. . . ဧည့်သည်တွေက သမီးကိုမေးနေကြလို့''

စိတ်ကောင်းဝင်သလိုလိုရှိရာမှ သူမ စိတ်ဖောက်သွားပြန်သည်။





''ဒါကြောင့်လာခေါ်တာလား၊ သမီးကို မေမေ့ဧည့်ခံပွဲမှာ အပြီးထိ ဧည့်ခံပေးစေချင်တာလား''

မေမေ့ရုပ်သွင်က ရုတ်ချည်း ညှိုးနွမ်းသွားခဲ့သည်။

''သမီးရယ်. . . သမီးမေမေကို လူတောသူတော့ ဝင်ဆန့်တဲ့အဖြစ်၊ ဂုဏ်သရေရှိမိန်းမအဖြစ် ခဏလေးတောင် မဖြစ်စေချင်ဘူးလားဟင်''

''ဘာဆိုင်လဲ မေမေ''

''သမီးသိပါတယ်ကွယ်၊ မိန်းမတစ်ယောက်အဖို့ အလုတွေ ခနတွေ ဘယ်လောက်ပဲပြည့်စုံ ပြည့်စုံ. . . သူများအငယ်အနှောင်းဘဝဆိုတာ ဘယ်မှာဂုဏ်သိက္ခာရှိမလဲ။ မေမေ့တစ်သက်တာမှာ ခဏလေးဖြစ်ဖြစ် ဂုဏ်သရေရှိမိန်းမ ဖြစ်ပါရစေ။ မေမေ့အမည်းရိပ်ကြီး၊ သမီးတို့အပေါ် ထိုးကျနေတဲ့ အရိပ်မည်းကြီးကို မေမေ ဒီလိုတရားဝင်လက်ထပ်တဲ့နည်းနဲ့ သန့်စင်ပေးခဲ့ပါရစေ''

မေမေ့ဖျောင်းဖျချက်ကြောင့် ပေဒါရီ၏နှလုံးသွေးများ ပွင့်လင်းတောက်ပသွားသလို ခံစားလိုက်ရ၏။

''ဒါဖြင့် မေမေ ဒီလူကြီးကိုမချစ်ဘူးပေါ့''

''ဒီမေးခွန်းကို ကန့်ကွက်ပါတယ်။ ကဲ! [illegible]ပေဒါရီ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ကလေးမဟုတ်တော့ဘူး။ အားလုံးကောင်းစေဖို့ ခင်ဗျား ညွှန်ခံပွဲမှာ ပျော်ပျော်ရွှင်ရွှင်နေပေးသင့်တယ်''

အောင်ခေတ်က စမ်းချောင်းလေးတစ်ဖက်မှ တစ်စခန်း ထသည်။ သူမ မျက်စောင်းမထိုးမိခင် မေမေက ဖိတ်ခေါ်၏။

''သွားပါ လိုက်ခဲ့ပါလားကွယ်၊ မင်းညီမနဲ့အတူ မေမေ့ အတွက် ညွှန်ခံပေးပါ။ ကမ္ဘာပေါ်မှာ မေမေ့အတွက် စိတ်ချမ်း သာရတဲ့ရက်ကလေး နည်းနည်းလောက် ဖန်တီးပေးပါကွယ်''

''အိုကေ. . . အိုကေ မေမေ၊ ကဲ. . . ထ၊ မေမေ့ကို မင်းနဲ့ကိုယ် အရန်လုပ်ပြီး လိုက်ပို့လိုက်ကြရအောင်။ ဟိုမှာ ဦး ဘုန်းလွင်ကြီး ခြံဝ ထွက်မျှော်နေရှာပြီ''

အောင်ခေတ်က မေမေ့လက်ယာဘက် လက်မောင်း လေးကို ဝင်တွဲတော့ ဗေဒါရီ လက်ဝဲဘက်သို့ ဝင်ရသည်။

ဟုတ်ပါတယ်လေ. . .

ဘဝဆိုတာ တစ်ခါတစ်ရံ ဒီလိုမျိုးလည်း လျှော်ဖွပ်ဖို့ လိုအပ်တယ်မဟုတ်လား။

မေမေ့ကမ္ဘာ သန့်စင် လင်းလက်ပါစေ. . .



# အခန်း (၁၃)

''ကားပေါ်အဆင်းအတက်တွေမှာ ကိုယ့်ကို ဂရုစိုက်နော်၊ ပြည်မက မိန်းမနောက် လိုက်သာလာရတယ်။ ကိုယ်တော့ ခပ် လန့်လန့်ပဲ။ တော်ကြာ တစ်ခြံကွယ် တစ်မောင်မေ့. . . ဘယ် နေရာကများ အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက် ဘွားခနဲပေါ်လာမလဲလို့''

တောင်ကြီး–ရန်ကုန်ကားပေါ်မှာ အောင်ခေတ် အူမမြူး နိုင်ဘဲ စကားနာထိုးနေမိသည်။ မနေ့ကမှ လက်ထပ်ပြီးခဲ့သည့် အသစ်စက်စက်ချစ်သူနံဘေးမှာ ပြန်တော်ပြန်ခရီးသို့ လိုက်ပါခွင့် ရခဲ့သော်ငြား သူ့ရင်ထဲ ခိုးလို့ခုလုရှိနေ၏။

''အပိုတွေ ပြောမနေနဲ့နော်၊ ကျွန်မသိပ်စိတ်ရှည်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဒီခရီးတွေ ရှင် အခေါက်ခေါက်အခါခါ ရောက်ဖူး ပြီးသားပါနော်။ အနည်းဆုံး တစ်ခေါက်တော့ ရောက်ခဲ့ဖူးတယ်။ ကဲ! ကျွန်မဆီက ယူထားတဲ့ ရွှေနားကပ်လေး ပြန်ပေးတော့''

ဗေဒါရီ့စကားကြောင့် အောင်ခေတ် ကိုယ်လုံးကြီးကြွ တက်သွားသည်။ လူအများနှင့်ခရီးသွားရတာကလည်း ပျော်စရာ တစ်မျိုးပဲ။ ကိုယ့်ကားနှင့်ခရီးသွားရတာဆိုလျှင် တာဝန်ကြီးဦး မည်။ သူတို့၏အိမ်အပြန်ခရီးက ပျားရည်ဆမ်းခရီးလည်း မည် ပါ၏။

''ဘာတွေ လာပြောနေတာလဲ ကလေးမရဲ့။ မင်းရွှေ နားကပ်ကို မောင် ဘယ်တုန်းက ယူထားလို့လဲ''

ခပ်တည်တည်ဖြီးနေသည့်လူကြီးရဲ့လက်ကို ဗေဒါရီ ဆွဲ ယူလိုက်သည်။

''ဒီမှာ. . . ဒီမှာ. . . ဒီလက်ကြီးက မောင်ဟာ လူလိမ် လူလည်ကြီးရယ်လို့ သက်သေခံနေတယ်သိလား''

သူမက အောင်ခေတ်၏ညာဘက်လက်ဝါးပြင်မှ အမာ ရွတ်ကလေးကို ဆိတ်ထည့်လိုက်သည်။

''အားလားလား. . . မြေပြန့်သူတွေဟာ တယ်လည်တာ ပဲနော်။ မောင် မင်းကိုစိတ်မချလို့ အဘိုးကြီးယောင်ဆောင်ပြီး





လိုက်ပို့တာကွ။ မင်း ဘယ်ကတည်းက ရိပ်မိတာလဲ''

''မောင့်ကိုယ်ထဲကို ခြေတွေလက်တွေ ထိုးမထည့်ခင် ကတည်းက သိတယ်။ ဘယ်. . . အဘိုးကြီးရုပ်ဖြင့် မပေါက်ဘဲ နဲ့။ ရုပ်ကိုက ဟစ်ပီလိုလို ဘီတဲ(လ်)လိုလို''

''ဒါနဲ့များကွာ''

အောင်ခေတ် ငြိုးတွားမိ၏။

''ဘာလဲ၊ ဘာတွေ နောင်တရနေသလဲ''

''မဟုတ်ပါဘူး။ အစောကြီးကတည်းက အဆင်ပြေသင့် နေတာလို့ ပြောမလို့ပါ။ မင်းရွှေနားကပ်လေး မောင်ပဲသိမ်းထား ပါရစေ။ စိန်နားကပ် ဝတ်နေရက်သားနဲ့များ မိန်းမရယ်''

''လူတစ်ယောက်လုံး အပိုင်ရနေရက်နဲ့များ နားကပ် သိမ်းထားဦးမတဲ့။ မောင်တို့ယောကျ်ားတွေဟာ အပိုဆာဒါးတွေ တော်တော်လုပ်တတ်ကြတယ်နော်။ ခပ်သည်းသည်းလူမျိုးဟာ ပိုကြောက်စရာအကောင်းဆုံးပဲ''

''ကဲကဲ. . . မင်းပဲပြောတော့ ဗေဒါရီ။ ကောက်ချက် အမျိုးမျိုးကို ပညာရှိဟန်မျိုးနဲ့ ပြောနေတာထက် အချိန်တန်တော့ အဖြေတစ်ခုခုက သက်သေပြပါလိမ့်မယ်။ ကမ္ဘာပေါ်မှာ လူဆိုး တွေချည်းပဲ နေကြတာ မဟုတ်ပါဘူး မိန်းမရယ်။ ကိုယ်က ရွှေး



www.burmeseclassic.com

www.burmeseclassic.com



ချယ်တတ်ဖို့တော့ လိုတာပေါ့"

"မောင်ရော လူဆိုးလား. . . လူကောင်းလား၊ ပြောပြစမ်းပါဦး။ သူများတွေ ပြောစကားထက် မောင့်နှုတ်ထွက်စကားကိုမှ ကျွန်မ ယုံလိုက်မယ်လေ"

"ဒါ အကောင်းဆုံးပေါ့ မိန်းမရယ်။ မင်းဘဝအတွက် မောင်ဟာ အကောင်းဆုံးပဲ့နှင်းကြီးပါပဲ"

ပိုရန်ကောဟူသောအကြည့်ဖြင့် ဗေဒါရီ့အကြည့်မှာ မလှုပ်နိုင်အောင်၊ အောင်ခေတ် ငြိတွယ်သွား၏။ ပိုးစိမ်းကောင်လေးကဲ့သို့ ပိုးသားဝတ်စုံအစိမ်းလေးဖြင့် သူမအသွင်က ကိုယ့်တစ်ဘဝလုံးကို ထိုးကျွေးလိုက်ချင်စရာ။

မှန်လုံကားကြီးကတော့ တောအထပ်ထပ် တောင်စွယ်အထပ်ထပ်ကိုဖြတ်ကျော်ရင်း ပျော်စရာခရီးရှည်ကြီးကို တရွေ့ရွေ့ ချီတက်နေပါလေတော့၏။

ဘဝဆိုတာ ဒီလိုပဲ ဖြတ်သန်းရမည်မဟုတ်လား။



## အခန်း (၁၄)

"မောင်က တော်တော်ရက်စက်တတ်တယ်နော်။ ကြည့်စမ်း! လူလူချင်း ထိုးသတ်ကြတဲ့လက်ဝှေ့ပွဲကိုများ မောင်မို့လို့ အရသာခံပြီး ကြည့်ချင်တယ်"

မြို့ကလေးရဲ့လက်ဝှေ့ပွဲမှာ ဗေဒါရီတို့ ကြည့်ရှုနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် အကွဲအပြဲထိုးသတ်နေကြမှုကို ဗေဒါရီ မကြည့်ရက်။ အောင်ခေတ်ကြောင့်သာ လိုက်လာခဲ့ရသည်။ ရှေးခေတ် ရောမခေတ်က ကျွန်တွေနဲ့ ခြင်္သေ့တွေ၊ ကျွန့်.ကျွန်ချင်း ထိုးသတ်မှုတွေနှင့် ဘာထူးသေးလို့လဲ။ ဗေဒါရီ့အမြင်ကို အောင်ခေတ်က ရှင်းပြသည်။

"ဒါ ရက်စက်တာမဟုတ်ပါဘူးကွာ။ လက်ဝှေ့ပညာဟာလည်း အားကစားတစ်ခုပဲ။ စည်းနဲ့စနစ်နဲ့ ကစားရတဲ့ပညာ။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ရောမခေတ်ကလို အသေအကျေ ကလိမ်ကကျစ် ထိုးသတ်ရတာလည်းမဟုတ်ဘူး။ မင်းမသိဘဲနဲ့ လျှောက်မပြောနဲ့ကွာ။ မင်းမကြည့်ရဲရင် မျက်စိမှိတ်ထား''

''တစ်ရုံလုံးလည်း ယောကျ်ားလေးချည်းပဲ၊ သူများ သွေးထွက်သံယိုဖြစ်တာကို ကြည့်ရက်ကြတယ်။ သတ္တိရှိရင် မောင်တက်ထိုးပါလား''

ဗေဒါရီ တပြစ်တောက်တောက် ဖြစ်နေရာသို့ အောင်ခေတ် ပြုံးကြည့်သည်။

''အပြောတောင် နောက်ကျဦးမယ်၊ မောင် ငယ်ငယ်က အပျော်တမ်းလက်ဝှေ့သမားဗျ။ ရှမ်းပြည်နယ်က ပွဲအတော်များများမှာ လိုက်ထိုးဖူးတယ်။ ခုမှ မိန်းမရလို့ ပိုးပျောက်သွားတာ။ ငြိမ်ငြိမ်နေကွာ. . . မငြိမ်ရင် ဘယ်ဝိုက်လက်သီးတစ်ချက်လောက် ပစ်သွင်းပစ်လိုက်မှာ. . . သိလား''

ဗေဒါရီ့ပခုံးလေးကို ဖိရင်း ဖျစ်ရင်း နှစ်သိမ့်ပြီး၊ အောင်ခေတ် အားပါးတရ အော်ဟစ်အားပေးလိုက်၊ ထရပ်လိုက်ဖြစ်နေသည်။ လက်ဝှေ့ပွဲမှ အားပေးသူများ တက်တက်ကြွကြွ။

''လက်ဝှေ့ကမှ တကယ့်အားကစားကွ။ ကြည့်နေရတဲ့သူတွေမှာ သတ္တိကို ကြွတက်လာတာပဲ''





ဗေဒါရီ ဘာမှဝင်ဆွေးနွေးမနေတော့။ ဝါသနာပါသူကြီးကို လွှတ်ပေးထားလိုက်သည်။ လက်ဝှေ့ပွဲများက တစ်တွဲပြီးတစ်တွဲ၊ နောက်ဆုံးအလံလုပွဲမတိုင်မီ လက်ဝှေ့ပွဲငယ်များ ထိုးကြသည်။ ပရိသတ်ထဲမှလည်း ယှက်ထိုးကြ၏။ အောင်ခေတ် အားပေးနေပုံက ကိုယ်တိုင် စင်ပေါ်တက်တော့မတတ်။

''မောင်နော်. . . လက်ဝှေ့ထိုးတာတော့ ခွင့်မပြုနိုင်ဘူး၊ ပြောထားပါရဲ့။ မောင့်ဝါသနာကြီးကိုမသိလို့ လိုက်ပို့မိတာ''

''အေးပါကွာ. . . အားပေးရုံတော့ အားပေးပါရစေနော်''

ဗေဒါရီ လက်ဝှေ့ပွဲကို ဆက်မကြည့်၊ နေရာမှာပင် မျက်စိမှိတ် ငြိမ်သက်နေမိ၏။

''ဟာ! ဒီတစ်ခါ အတွဲက မမျှပါလား။ ကောင်လေးက ပိန်နွဲ့နွဲ့လေးရယ်. . . တစ်ဖက်က မည်းမည်းတုတ်တုတ်ကြီး။ ဒါပေမဲ့ ကောင်လေးပုံစံက သက်လုံကောင်းပုံရတယ်။ လူချောလေးပဲကွ''

ဘောလုံးပွဲကြေညာသလို ကြေညာနေသည့် အောင်ခေတ်စကားကြောင့် ဗေဒါရီ မျက်လုံးဖွင့်ကြည့်၏။

ဗေဒါရီ လူတစ်ကိုယ်လုံး မြောက်ကြွသွားတော့၏။

''လုပ်ပါဦး. . . လုပ်ပါဦး. . . ကယ်ပါဦး မောင်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မောင်လေး. . . မောင်လေး. . . တေဇာရီ''

ထိုင်နေသည့်ကုလားထိုင်မှ သူမ လူပ်လူပ်ရှားရှားဖြင့် စင်ဆီသို့ သွားဖို့ပြင်သည်။ အောင်ခေတ်မှာ အံ့ဩတကြီး။

''ပျောက်နေတယ်ဆိုတဲ့ မောင်လေးလား''

''ဟုတ်တယ်. . . ဟုတ်တယ်၊ လုပ်ပါဦးမောင်ရဲ့။ မောင်လေး သေတော့မှာပဲ။ မောင်လေး ထပ်ပျောက်သွားဦးမယ်။ စင်ပေါ်သွားပြီး မောင်ဆွဲခေါ်ပေးပါ''

ဗေဒါရီမှာ ထလိုက် ထိုင်လိုက်။ အောင်ခေတ်ကိုလည်း အတင်းဆွဲခေါ်သည်။

''နေဦးကွ. . . ပွဲစတော့မယ်၊ စင်ပေါ် ချက်ချင်းကြီး တက်ခေါ်လို့တော့မဖြစ်ဘူး။ လာ. . . မောင်တို့ စင်နားသွားရအောင်''

သူမတို့ ပွဲအလယ်မှ တိုးထွက်ပြီး စင်ထောင့်သို့ ပတ်သွားကြသည်။ ဗေဒါရီ ကတုန်ကယင်ဖြစ်နေ၏။

ဖြစ်မှုဖြစ်ရလေ မောင်လေးရယ်. . .

လောကအပေါ် မကျေနပ်သမျှ. . .

လက်သီးထဲထည့်ပြီး. . .

အသက်ကို လောင်းကြေးထပ်ပြီး စိန်ခေါ်နေသတဲ့လား။





မောင်လေး ထွက်သွားတာ သုံးနှစ်နီးပါးရှိပြီ။ တွေ့မယ့်တွေ့တော့ စင်ပေါ်မှာ လက်ဝှေ့သမားအဖြစ်နှင့်၊ ဗေဒါရီ့သဘောကတော့ ပွဲမပြီး ပြီးပြီး. . . မောင်လေးကို အန္တရာယ်စည်းဝိုင်းအတွင်းမှ ဖွတ်အတင်းဆွဲခေါ်ချင်လိုက်ပါသည်။

''နေဦး မိန်းမရဲ့၊ အဲလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ မင်းမောင်လေးကလည်း လိုက်မှာမဟုတ်ဘူး။ ပြီးအောင် စောင့်ကြည့်လိုက်''

''မောင်လေး သေသွားရင် ဘယ့်နှယ်လုပ်မလဲရှင့်''

''မသေဘူး. . . စိတ်ချ၊ ဘယ်သူမှ အသေမသတ်ဘူး။ မင်း အသံမပေးနဲ့၊ ကောင်လေး အာရုံတွေပြားသွားလိမ့်မယ်။ မင်းအသံက အားပေးသံမဟုတ်ဘဲ ထိတ်လန့်တဲ့အသံကြီး''

မောင်လေးရယ်. . . အရှုံးပေးလိုက်ပါတော့။

ရေကုန်ရေခန်း အချီချီထိုးသတ်နေကြသည့်ပွဲကို သူမ မျက်ရည်များနှင့် စောင့်ကြည့်နေရသည်။ အောင်ခေတ်ကလည်း အသံမထွက်နိုင်တော့။ ရင်တမမဖြစ်နေကြပေပြီ။

လူ့ဘီလူးကြီးရဲ့လက်မှာ မောင်လေးခမျာ ကစားစရာ အရုပ်ကလေးနှယ်။ ပရိသတ်တွေရဲ့အားပေးသံတွေကလည်း အားရပါးရ။



www.burmeseclassic.com

www.burmeseclassic.com



"မဲလုံးကွ. . . ငါးချိန့်ဖြတ်ပစ်"

"ရွှေမင်းသားကွ၊ ဟုတ်ပြီ. . . ဆော်ပေး"

"အဘိုးကြီး. . . ကိုယ့်သားလောက်လေးအပေါ် မညစ်နဲ့"

"ဟေး. . . မညစ်နဲ့"

ဘာတွေအော်နေကြမှန်းလည်းမသိ။ ပေဒါရီမှာ မျက်စိဖွင့်လိုက် မှိတ်လိုက်။ အောင်ခေတ်က သူမ၏ပခုံးကို သူငယ်ချင်းဖက်ဖက်ပြီး အားပေးရှာပါ၏။

"မောင်လေး နိုင်မှာပါကွာ. . . ကြည့်နေ. . . မောင်လောင်းရဲတယ်။ ဒီပွဲမှာ သူနိုင်မှာပဲ၊ ရွှေယောက်ဖကို တစ်သက်လုံး အိမ်ဦးခန်းတင်ပြီး ကိုးကွယ်ပစ်လိုက်မယ်"

ပေဒါရီ ရသမျှဂါထာပေါင်းစုံရွတ်ရင်း၊ ဘုရားဂုဏ်တော်ကို နာနာဖိရွတ်ရင်း ငရဲခံနေရသည်။ စက္ကန့်တံတချပ်ချပ်က သူမကို တရိရိ ဝါးစားနေကြသည်။

"ဟော့! ရွှေမင်းသားကွ၊ ရွှေမင်းသား နိုင်ပြီ"

ပေဒါရီ အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်သည်။ နိုင်သည်ဆိုသော်ငြား နိုင်သူမှာ သွေးသံရဲရဲ။ မဲလုံးဆိုသူကြီးကတော့ မှောက်လျက် စင်ကို ကုန်းနမ်းနေသည်။





စင်ပေါ်မှာ အားတင်းပြီး လက်ဝှေ့ရေးပြနေသည့် တေဇာရှီ။ စင်အောက်သို့အဆင်းမှာ ပေဒါရီနှင့်အောင်ခေတ် အပြေးသွားဆွဲကြသည်။

"မောင်လေး"

တေဇာရှီ၏သွေးသံရဲရဲများကို သူမ၏လက်ကိုင်ပဝါဖြင့် သုတ်ရင်း ပေဒါရီ မျက်ရည်ပင်လယ်ဝေ၏။

"မမ"

"ဒါ မမရဲ့ခင်ပွန်းလေ။ မောင်လေးကို မေမေ အရမ်းတွေ့ချင်ရှာတယ်"

"တော်ပါဗျာ၊ ဒီဘဝကြီးနဲ့တော့ မေမေ့ကို ဘယ်တော့မှ မမြင်ချင်ဘူး။ မေမေ့ကျေးဇူးတွေ ကြီးမားတာ သိပါတယ်။ ဒါပေမဲ့ မေမေ့ဘဝကိုမကြိုက်ဘူး"

မောင်နှမနှစ်ယောက် အခြေအတင်ဖြစ်နေဆဲ၊ အောင်ခေတ် ကြားဝင်လိုက်သည်။

"ကဲ! လာကွာ. . . ညီ၊ အစ်ကိုတို့ အေးအေးဆေးဆေး စကားပြောရအောင်"

ပွဲခင်းထဲက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်း မေမေ့အခြေအနေကို ပေဒါရီ ပြောပြရသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မေမေ လူရာဝင်သွားပြီပေါ့။ ပွဲလယ်တင့်သွားပြီပေါ့"

ဗေဒါရီ ခေါင်းညိတ်ပြရင်း ရင်ထဲမှာ ကျင်ခနဲ နာရ၏။ ယောကျ်ားတစ်ယောက်ရဲ့အပြုအမူ အဆုံးအဖြတ်ဟာ မိန်းမတစ်ယောက်အပေါ် ဘယ်လောက်တောင် ပြောင်းလဲစေနိုင်သလဲ။

"ဒါဖြင့် ကျွန်တော် မမတို့နဲ့ပြန်လိုက်ခဲ့မယ်။ မေမေ့ဆီမှာတော့ မနေဘူးနော်။ ဦးဘုန်းလွင်ကို မကြည့်ဘူးဗျာ"

"ငါလည်း မကြည့်ပါဘူး၊ ဒါပေမဲ့ မေမေ့ကို စိမ်းစိမ်းကားကားတော့ မဆက်ဆံပါနဲ့ဟယ်။ တစ်ဘဝလုံး မောပန်းလှိုင်းထန်ခဲ့ရတဲ့မေမေ့အပေါ် တို့တွေ နားလည်ပေးကြရအောင်"

ဗေဒါရီ ကြိုလို့တွေးနေမ၏။ သားနှင့်သမီးနှစ်ယောက်လုံးကို တစ်ပြိုင်နက်မြင်တွေ့ရတဲ့အခါ မေမေ့ရုပ်သွင်သည် တိမ်ရိပ်လွတ်သည့် လခြမ်းကလေးနှယ် ကြည်စင်ရွှန်းပသွားမှာပဲ။ လောကရဲ့ပင်လယ်ထဲမှာ ငှက်ကလေးနှစ်ကောင်ကိုတင်ပြီး မေမေ့လှေကလေးခမျာ မမောနိုင်မပန်းနိုင် လော်ခတ် ပြုံးပျော်နေရှာမှာပဲလေ။ ။

ဆက်လက်ကြိုးစားပါဦးမည်။

**ကြယ်စင်မှူးဝေ**

BURMESE CLASSIC .com

# မတ် ၂၀၁၄ တွင်

# ထွက်မည့်ဝတ္ထုများ

| | |
|---|---|
| မမသဒ္ဒါဖောင် | ? |
| ကြယ်စင်မှူးဝေ | လှေကလေးရဲ့ပင်လယ် |
| မယ်ခိုင် | သကြံန်ပိုင်းရပ်စ် |
| မိုးစက်ပွင့် | ချစ်သူရှိရာ ငွေတောင်ပြည် |
| အလင်းသစ် | ကောက်သောမျဉ်းလေး ဖြောင့်ပေးသူ |
| လုံမ | အနမ်းနှစ်သိမ့်ဆု |

www.burmeseclassic.com

www.burmeseclassic.com



ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## လှေကလေးရဲ့ပင်လယ်

graphic design by YuWa

www.burmeseclassic.com